www.burmeseclassic.com



BURMESE CLASSIC .com

# သူရဲဘော ကြောင်ပဲ့ လည်း

မင်းခိုက်စိုးစန်

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

www.burmeseclassic.com

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


စာမူခွင့်ပြုချက်အမှတ်

၅၀၀၄၆ ၂၀၃၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၁၆၆၀၁၂၀၈

**ထုတ်ဝေသူ**

ဦးမောင်မျိုး

ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**

ဦးမောင်မျိုး

ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**

ပထမအကြိမ် ၂၀၀၉ခုနှစ်၊ ဖေဖော်ဝါရီလ

အုပ်ရေ ၁၀၀၀၊တန်ဖိုး ၁၀၀ကျပ်

TWO CATS PUBLICATION

**မောင်မျိုး**

(ကြောင်နှစ်ကောင်စာပေ)

စီစဉ်သည်


www.burmeseclassic.com

www.burmeseclassic.com

# ပရမ်းပတာ

ကျွန်တော်ဆိုတဲ့ကောင်က 'အချစ်' ကို မယုံကြည်ဘူး။ အချစ်အတွက်နဲ့ အသက်ကိုစွန့်တယ် ဆိုတဲ့ သူတွေဟာ ငတုံးတွေလို့ပဲ ထင်တယ်။

နောက်ပြီး... ကျွန်တော်က (သူတို့ကိုယ် သူတို့) အနုပညာရှင်လို့ ထင်နေကြတဲ့ 'နာမည်ကြီးချင်သူ' တွေကိုလည်း အယုံအကြည်မရှိဘူး...။ ပါရမီအခံလေး နည်းနည်းပါးပါးနဲ့ ကံကောင်းနေကြတဲ့ လူညာတွေလို့ပဲ ထင်တယ်။

ကျွန်တော်က 'ကောင်းတာလုပ်ရင် ကိုယ့်အတွက် ကောင်းကျိုးဖြစ်တယ်' ဆိုတဲ့ တရားသေနိယာမကိုလည်း မယုံကြည်ဘူး။ ကိုယ်က စေတနာနဲ့ အကောင်းလုပ်ပေးလိုက်ပေမယ့် ကိုယ့်အတွက် ဆိုးကျိုးတွေပဲ တန်ပြန်ရလာတာ တစ်ပုံကြီး...။ လောကကြီးဟာ ဖြစ်ချင်သလို ဖြစ်ပျက်နေတာပါ။

ကြောင်နှင့်ကောင်စာအုပ်တိုက်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့... 'အပြစ်ဒဏ်' ဆိုတာကိုလည်း ကျွန်တော် အယုံအကြည် မရှိဘူး...။ စဉ်းစားကြည့်လေ... လူ့လောကရဲ့ ဥပဒေဟာ ခိုးတဲ့သူကို အပြစ်ဒဏ်ပေးတာ မဟုတ်ဘူး။ ခိုးတာ မိသွားတဲ့သူကို အပြစ်ဒဏ်ပေးတာပါ...။

အပြစ်ဒဏ်ပေးတာကို အယုံအကြည် မရှိသလိုပဲ 'ဆုပေးခြင်း' ကိုလည်း ကျွန်တော် အယုံအကြည် မရှိပြန်ဘူး။ ဂုဏ်ပြု ချီးမြှင့်တာနဲ့မှ မတူဘဲ။ ဆုယူတဲ့သူက ခေါင်းကြီးငုံ့ပြီး ယူရတယ်။

ရယ်စရာ မကောင်းဘူးလား...။

စိုးရှား





BURMESE CLASSIC .com

# စနစ်တကျ

ကျွန်မကတော့ လောကကြီးဟာ စနစ်တကျ ဖွဲ့စည်းထားတဲ့ လျှို့ဝှက်ချက်ကြီးတစ်ခုပဲလို့ ယုံကြည်တယ်။

ကောင်းကင်ဘုံ ကိန်းဂဏန်းလို့ခေါ်တဲ့ '1.618' ဟာ လောကကြီးတစ်ခုလုံးကို တည်ဆောက်ထားတဲ့ အချိုးအစားပဲ ဆိုတာ သိကြပါသလား။

အဲဒီ '1. 618' ရဲ့တန်ဖိုးကို ဖိ (PH I) လို့ ခေါ်တယ်။ ကမ္ဘာလောကကို ဖန်ဆင်းတဲ့ ဗိသုကာကြီးဟာ သက်ရှိ သက်မဲ့အရာဝတ္ထုတိုင်းကို '1. 618' ဆိုတဲ့ သင်္ချာဂဏန်းနဲ့ အချိုးကျ တည်ဆောက်ခဲ့တယ်။

ကြိုက်တဲ့ ထင်းရှူးသီးတစ်လုံးကို ကောက်ယူလိုက်ပါ။ ထင်းရှူးသီးရဲ့ပတ်ပတ်လည်မှာ အကြေးခွံပုံသဏ္ဌာန် အရွက်တွေ အဆင့်လိုက်အဆင့်လိုက် စက်ဝိုင်းပုံ ရစ်ခွေနေတာ တွေ့ဖူးတယ် မဟုတ်လား။ အပေါ်အရစ်မှာရှိတဲ့ အရွက်အရေအတွက်ကို အောက်အရစ်မှာရှိတဲ့ အရွက်



www.burmeseclassic.com

www.burmeseclassic.com

အရေအတွက်နဲ့ စားရင် 1. 618 ရတယ်။

ခြင်၊ ယင်ကောင်၊ ပုရွက်ဆိတ် စတဲ့ ကြိုက်ရာ အင်းဆက်တစ်ကောင်ရဲ့ ခန္ဓာကိုယ်အချိုးအစားကို တွက်ကြည့်ပါ။ ဦးခေါင်းပိုင်းနဲ့ ရင်အုပ်ပိုင်းကို အချိုးချကြည့်ရင် 1. 618 ရတယ်။ ရင်အုပ်ပိုင်းနဲ့ ဝမ်းဗိုက်ပိုင်းကိုလည်း အချိုးချကြည့်ရင် 1. 618 ပဲ ရတယ်။

နေကြာပွင့်ရဲ့အလယ်က အစေ့တွေဟာ စက်ဝိုင်းပုံ ရစ်ခွေနေကြတယ်။ အဲဒီ စက်ဝိုင်းတွေရဲ့အချင်းကို တိုင်းပြီး အပြင်စက်ဝိုင်းရဲ့အချင်း (Diameter) တန်ဖိုး အတွင်းစက်ဝိုင်းရဲ့ အချင်းတန်ဖိုးနဲ့ စားရင် အဖြေဟာ 1. 618 ရတယ်။

နောက်ဆုံး... စကြဝဠာရဲ့ ဗိသုကာကြီး ဖန်ဆင်းတဲ့ 'လူသား' ရဲ့ ခန္ဓာကိုယ်အချိုးအစားကိုပဲ ကြည့်ဦးလေ...။

လူရဲ့ ဦးခေါင်းထိပ်ဖျားကနေ ကြမ်းပြင်အထိ အမြင့်ကို တည်ဝမ်းဗိုက်အလယ်ဆုံမှတ်ဖြစ်တဲ့ ချက်ရဲ့အပေါ်နားကနေ ကြမ်းပြင်အထိ အမြင့်နဲ့ စားရင် အဖြေဟာ 1. 618 ရတယ်။

ပခုံးကနေ လက်ချောင်းဖျားထိပ်ထိ အလျားကို တည်ပြီး တံတောင်ဆစ်ကနေ လက်ချောင်းဖျားထိပ်အထိ အလျားနဲ့ စားရင်လည်း 1.618 ပဲ ရတယ်။

တင်ပဆုံရိုးကနေ ကြမ်းပြင်အထိ အမြင့်ကိုတည်ပြီး ဒူးခေါင်းကနေ ကြမ်းပြင်ထိ အမြင့်နဲ့ စားရင်လည်း အဖြေဟာ 1. 618 ပါပဲ။

ကျောရိုးဆစ်ကလေးတွေ တစ်ခုနဲ့ တစ်ခု အချိုးချကြည့်ရင်လည်း 1. 618 ပဲလေ...။

ကမ္ဘာကြီးတစ်ခုလုံးဟာ ဘာမှ မဟုတ်ပါဘူး။ 1. 618 ပါ။

❒ ❒ ❒





BURMESE CLASSIC .com

ကဲ... လောကကြီးဟာ စနစ်တကျ ဖွဲ့စည်း တည်ဆောက်ထားတယ်ဆိုတာ ယုံပြီလား...။

**ဆိုဖီယာ လပြည့်ဝန်း**



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ရထားသည် မန္တလေးဘူတာကြီးမှ ပျင်းရိငြီးငွေ့ဖွယ် ဥသြသံပေးလျက် တရွေ့ရွေ့ ထွက်ခွာလာခဲ့ပြီ။

စိုးရှားက သူထိုင်နေသော ထိုင်ခုံကျောမှီကို နောက်ဘက်သို့ လှန်ချရင်း တစ်ချက်အပျင်းဆန့်ကာ သမ်းဝေလိုက်သည်။

ရထားက တစ်ညလုံးခုတ်မောင်းပြီး မနက်မိုးစင်စင်လင်းမှ ရန်ကုန်သို့ရောက်မည် ဖြစ်၏။ ဘယ်လောက်များ ပျင်းဖို့ကောင်းလိုက်သလဲလို့ . . .။

သူက မျက်စိကို စုံမှိတ်ပြီး အတင်းဖျစ်ညှစ်ကာ အိပ်ဖို့ ကြိုးစားကြည့်သည်။ ကံဆိုးချင်တော့ ဘယ်လိုမှ အိပ်လို့မပျော်။ ဒီလို ခရီးရှည်တစ်ခုကို သွားနေရတဲ့အခါမျိုးမှာ ကိုယ့်ရှေ့ မျက်နှာချင်းဆိုင်က ထိုင်ခုံမှာ ကောင်မလေး လှလှပပလေးတစ်ယောက်လောက် ပါလာလျှင် သိပ်ကောင်းမှာပဲဟု တွေးလိုက်၏။

ကြောင်နှပ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

ဒါလည်း သူ ကံဆိုးပြန်သည်။

သူနှင့် မျက်နှာချင်းဆိုင်မှာ ထိုင်နေသူက ဝမ်းဗိုက်ပူပူ လည်ကုပ်တိုတိုနှင့် တိုက်ပုံအင်္ကျီနံ့သာရောင်ကို ဝတ်ထားပြီး ကွမ်းတဗျစ်ဗျစ် စားနေသည့် ပုဂ္ဂိုလ်ကြီးတစ်ယောက်ဖြစ်သည်။

စိုးရှားက သက်ပြင်းတစ်ချက်ကို စိတ်ပျက်လက်ပျက် မှုတ်ထုတ်လိုက်၏။ သူက အဲသည်လို လူကြီးသူကြီးများနှင့် အပြောအဆို အပေါက်အလမ်း သိပ်တည့်လှသူ မဟုတ်ပါ။

ဒီခရီးစဉ်သည် အစကတည်းက သူ့အတွက် "ကောင်းသောခရီး" တစ်ခု မဟုတ်ခဲ့ချေ။

သူ့ကို အိမ်ပေါ်က နှင်ချလိုက်သဖြင့် ရန်ကုန်တွင် ရှိသော ဦးလေးဖြစ်သူထံမှာ သွားရောက်နေထိုင်ဖို့ ထွက်လာခဲ့ခြင်း ဖြစ်သည်။

❒ ❒ ❒

စိုးရှား၏ တစ်ခုတည်းသောအပြစ်မှာ 'ပျင်းရိခြင်း' ဖြစ်သည်။ အလုပ်လုပ်ဖို့ ပျင်းသည်။ စာကျက်ဖို့ ပျင်းသည်။ လူကြီးသူမများကို အရိုအသေပေးဖို့ ပျင်းသည်။ လက်ကလေးပိုက် ခေါင်းကလေးငုံ့ပြီး 'ဟုတ်ကဲ့ပါခင်ဗျာ' ဟု ပြောဆိုတတ်ဖို့ ပျင်းသည်။

အဆိုးဝါးဆုံးကတော့ ဆုံးမသြဝါဒများကို နားထောင်ဖို့ ပျင်းရိခြင်းပင် ဖြစ်၏။

တကယ်ဆိုလျှင် ဒါတွေသည် 'အပျင်းစစ်စစ်' များ မဟုတ်ကြပါ။ သူ့အနေဖြင့် အဲဒါတွေအားလုံးကို 'အယုံအကြည်မရှိခြင်း' သာလျှင် ဖြစ်၏။ စိုးရှားက သူ့ရင်ထဲမှာ နှစ်နှစ်ကာကာ ယုံကြည်ချက်မရှိသော ကိစ္စကို ဘာတစ်ခုမှ မလုပ်ချင်။





ထိုသို့ ဘာမှ မလုပ်ချင်သောအခါ သူ့ကို လူပျင်းတစ်ယောက်ဟု ခေါင်းစဉ်တပ်လိုက်ကြတော့သည်။

စိုးရှားကိုယ်တိုင်ကလည်း အဲဒီလို လုပ်ရိုးလုပ်စဉ်တွေကို အယုံအကြည်မရှိလို့ မလုပ်သည့်အကြောင်း ဘယ်တုန်းကမှ ရှင်းမပြခဲ့။ သူက အကျိုးအကြောင်းရှင်းပြရမည်ကိုပါ ပျင်းရိသူတစ်ယောက် ဖြစ်လေသည်။

❒ ❒ ❒

စိုးရှားမှာ မွေးချင်းညီအစ်ကို မောင်နှမ များများစားစား မရှိ။ အစ်မတစ်ယောက်တည်းသာ ရှိသည်။ (သူ အခုလို အိမ်ပေါ်က ဆင်းရသည့်အကြောင်းကလည်း အစ်မဖြစ်သူနှင့် နည်းနည်းတော့ ပတ်သက်သည်။)

သူ့အစ်မက စာရေးဆရာမ သိပ်ဖြစ်ချင်သည်။ မဂ္ဂဇင်းကြီး မဟုတ်သော ခပ်ပါးပါးစာစောင်ကလေးတွေမှာ စာတိုပေစတွေ ရေးလေ့ ရှိသည်။

ရေးသမျှကလည်း ဘာမှတော့ ပြောင်ပြောင်မြောက်မြောက် မဟုတ်။ အဲသည်လို စာစောင်တွေမှာ ပါနေကျပုံစံဖြစ်သော မိဘမေတ္တာအကြောင်း၊ သားသူက ချမ်းသာသွားပြီး ကောက်ကျစ်သူက ဒုက္ခရောက်သွားကြောင်း၊ ခွေးများ ဝက်များကို ရက်စက်စွာ သတ်ဖြတ်သူတစ်ဦးသည် နောက်ဆုံးတွင် ဝဋ်လည်ပြီး ခွေးလို ဝက်လို အော်ဟစ်ကာ သေရကြောင်း... ဒါတွေချည်းပင် ဖြစ်သည်။

စိုးရှား၏မိဘတွေကတော့ သမီးအကြီးကို ချီးမွမ်း၍ မဆုံးနိုင်ကြ။ "သားအငယ်ကောင်က အပျင်းကြီးသလောက် သမီးကတော့ ထူးချွန်လှပါတယ်" ဟုလည်း ခဏခဏ နှိုင်းယှဉ်ပြောတတ်ကြ၏။

စိုးရှားကတော့ ရယ်ရုံသာ ရယ်နေဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဟိုးတစ်နေ့ကတော့ သူ့အစ်မ၏ ဆောင်းပါးလိုလို ဝတ္ထုလိုလို စာတစ်ပုဒ်ကို အတင်းဖတ်ပြီး ဝေဖန်ခိုင်းသဖြင့် နည်းနည်းပြောမိသည်။

စာထဲမှာ ရေးထားသည်က ထုံးစံအတိုင်း မိဘမေတ္တာအကြောင်းပင် ဖြစ်သည်။ သို့သော် ဒီတစ်ပုဒ်ကတော့ အလွန်အကျွံတွေ လျှောက်ပြီး တဖွဲ့တနွဲ့ရေးထား၏။

အတိုချုပ်ပြောရလျှင်...

မြွေပွေးမကြီးသည် အသက်ကိုပင် အသေခံ၍ သားသမီးများကို မွေးဖွားကြောင်း... ငှက်မသည် မိခင်စိတ်ဓာတ်ဖြင့် ငှက်ပေါက်စလေးများကို အစာခွံ့ကျွေးကြောင်း... လိပ်ဥများသည် ပင်လယ်ထဲမှ မိခင်လိပ်မကြီးက မေတ္တာပို့သဖြင့်သာ အကောင်ပေါက်လာရခြင်း ဖြစ်ကြောင်း... စသည်တို့ကို ကိုယ်လိုရာ ဆွဲတွေးပြီး အစွမ်းကုန် ပေါက်တတ်ကရ ချဲ့ကားရေးဖွဲ့ထား၏။

BURMESE CLASSIC .com

ထို့ကြောင့် စိုးရှားက...

"တိရစ္ဆာန်တွေမှာ တွေးခေါ်ကြံစည်ပြီးမှ လုပ်တဲ့ အသိဉာဏ်မျိုး မဖွံ့ဖြိုးကြပါဘူး မမရာ၊ သူတို့မှာ သဘာဝကပါလာတဲ့ အလိုအလျောက် တုံ့ပြန်မှုတွေနဲ့ပဲ လှုပ်ရှား သွားလာနေကြတာပါ၊ သဘာဝကို သဘာဝလိုပဲထားစမ်းပါ၊ စကားလုံးအကြီးကြီးတွေနဲ့ လျှောက်ပြီး ဖွဲ့နွဲ့မနေစမ်းပါနဲ့..."

သူက ဒါလောက်ပဲ ပြောဖြစ်သည်။ သို့သော် ပြဿနာက ဒီလောက်နဲ့ တင် ပြီးမသွားပါ။ သူ့အစ်မက အဖေနှင့် အမေကို သွားတိုင်ပြောသောအခါ ပိုရှုပ်ကုန်တော့သည်။

"မိဘမေတ္တာကို တိရစ္ဆာန်လောက်တောင် တန်ဖိုးမထားတတ်တဲ့ အကောင်..."





ဟူသော စွဲချက်ဖြင့် နားတွေထူပူလာသည်အထိ အဆူခံရတော့၏။ စိုးရှား၏မိခင်မှာရှိသော အကျင့်တစ်ခုက ဆူစရာ အကြောင်းအရာတစ်ခု ရပြီဆိုလျှင် တစ်ရက်နှင့်လည်း မပြီး နှစ်ရက်နှင့်လည်း မပြီးတော့။

သတိရတိုင်း အဲဒီအကြောင်းကို ပြန်ပြန်ပြီး အစဖော်ကာ ပြောမဆုံးနိုင်အောင် ဖြစ်တတ်သည်။

ကံဆိုးချင်တာလား ကံကောင်းချင်တာလားတော့ မသိ...။

သည်နေ့မနက် အိမ်နောက်ဖေး မီးဖိုခန်းထဲမှာ ဗိုက်ရှိသော ကြောင်မကြီး တစ်ကောင် သားပေါက်ထားသည်ကို တွေ့ရသည်။ ကြောင်ကလေး ငါးကောင်မွေး၏။

စိုးရှားက အငြိမ်မနေ။ သူ့မိခင်နှင့် အစ်မတို့ကို မီးဖိုထဲအထိ တကူးတကနဲ့ သွားခေါ်ပြီး မွေးကင်းစကြောင်ကလေးတွေကို ပြလိုက်သည်။

"ဟိုမှာ တွေ့လား မမ... ကြောင်မကြီးရဲ့ ပါးစပ်ထဲကို ကြည့်စမ်းပါဦး... ဟဲ... ဟဲ... မိဘမေတ္တာတွေပေါ့..."

"အို..."

"အမယ်လေး... ဝေါ့... ရွံစရာကြီး..."

စိုးရှားပြလိုက်သည့်အချိန်တွင် ကြောင်မကြီးက သူမွေးထားသော ကြောင်ပေါက်စလေးတွေကို သူ့ဘာသာသူ ပြန်ပြီးကိုက်စားနေပြီ ဖြစ်သည်။

ကြောင်ပေါက်စကလေးတစ်ကောင်ကား တစ်ကိုယ်လုံး အစားခံထားရပြီးသဖြင့် ဦးခေါင်းပြတ်ကလေးသာ ကျန်တော့သည်။ နောက်တစ်ကောင်ကတော့ သူ့အမေ ကြောင်မကြီး၏ ပါးစပ်ထဲမှာ စားလက်စတွေ လန်း အူတွေပွင့်နေ၏။

အဲဒီမြင်ကွင်းကို ပက်ပင်းတွေ့ပြီး စိုးရှား၏မိခင်ရော အစ်မရော



www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်စလုံး အော့ကြ အန်ကြ ဖြစ်ကုန်သည်။

ဒါ... သဘာဝပါပဲ...။

ကြောင်ကဲ့သို့သော အသားစားမျိုးနွယ်ဝင် သတ္တဝါများသည် (တစ်ချို့ တလေက )သားပေါက်ပြီးကာစမှာ ကိုယ့်သားသမီးကို ကိုယ်ပြန်စားတတ် သောအလေ့အထ ရှိတတ်ကြသည်။ ဘာကြောင့်မှန်းတော့ မသိ။ မေတ္တာ တရားနှင့်လည်း မည်သို့မှ မသက်ဆိုင်ပါ။

ထိုတိရစ္ဆာန်မျိုးနွယ်တို့၏ ဓလေ့စရိုက် သဘာဝအလျောက်ပင် ဖြစ်ပါလိမ့်မည်။

သူတို့မှာ လူမိခင်တွေလို သိခြင်း၊ တွေးခြင်း၊ ချစ်ခြင်း စသော အဆင့်မြင့် အာရုံခံစားမှုမျိုး မရှိရှာကြပါ။ တိရစ္ဆာန်ဘာသာဘာဝအတိုင်း သာ ဖြစ်ပါသည်။ ဒါ... သဘာဝကျသည် မဟုတ်လား...။

သည့်ထက်ပိုပြီး သဘာဝကျသည့်ကိစ္စတစ်ခုက နောက်ဆက်တွဲဖြစ် လာ၏။

မိခင်နှင့် အစ်မဖြစ်သူတို့ကို အရွဲ့တိုက်ရ ကောင်းလားဟူသည့် ခွဲချက်ကြောင့် စိုးရှားတစ်ယောက် အိမ်ပေါ်မှ ဆင်းခဲ့ရခြင်းပင် ဖြစ်လေသည်။

ဒါပါပဲ...။

ကဲ... သဘာဝကျကျ နှုတ်ဆက်လိုက်ရအောင်...

ဝွတ်ဘိုင်...

□





မျက်နှာချင်းဆိုင်ထိုင်ခုံမှ အန်ကယ်ကြီးက သူ့ကို တစ်ချက် တစ်ချက် လှမ်းကြည့် အကဲခတ်နေကတည်းက စိုးရှားတစ်ယောက် မျက်ခုံးတွေ လှုပ်နေသည်။ အန်ကယ်ကြီးရေ... ကိုယ့်ဘာသာကိုယ်နေစမ်းပါဗျာ...။

စိုးရှားကတော့ ခရီးသွားရင်းလာရင်း မိတ်ဆွေလည်း မဖြစ်ချင်ပါ။ ပြဿနာလည်း မတက်ချင်ပါ။ သူက ရထားပြတင်း အပြင်ဘက်သို့ ငေး မောရင်း ရှုခင်းတွေကို ကြည့်နေသလို ဟန်ဆောင်နေလိုက်သည်။

သို့သော် မရပါ။ ရှေ့ခုံမှ အန်ကယ်ကြီးက ချောင်းတစ်ချက် ဟန့် ရင်း...

"ဒီက... ငါ့တူက ဘယ်ကိုသွားမှာလဲ... ရန်ကုန်အထိပဲလား..."

"ဟုတ်... ဟုတ်ကဲ့..."

ဒီပုဂ္ဂိုလ်ကြီးက သူထင်ထားသည်ထက် ပိုပြီး စပ်စုတတ်ပုံ ရလေ သည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါ့တူက ရန်ကုန်ကို ဘာသွားလုပ်မှာလဲ၊ အလည်သက်သက်ပဲ လား... ဒါမှမဟုတ်... အဲ... အလုပ်ကိစ္စနဲ့ သွားတာလား..."

"ကျွန်တော် အိမ်က ဆင်းလာတာပါ..."

"အို... ဖြစ်မှ ဖြစ်ရလေကွာ... ကျွတ်... ကျွတ်... ကျွတ်..."

ဒီအန်ကယ်ကြီးကတော့ အာရုံနှောက်အောင် စပြီး လုပ်လာချေပြီ။ အရွယ်ရောက်ပြီးသူ လူငယ်တစ်ယောက် အိမ်က ဆင်းလာသည်ကိုပဲ သူ့ စိတ်ထဲမှာ မြေမျိုခံရပြီ အောက်မေ့နေလေသလား မသိ။ တကျွတ်ကျွတ်နှင့် စုပ်သပ်ရင်း သနားနေလိုက်သည်မှာ ပြီးကို မပြီးနိုင်တော့။

"ဒါနဲ့... ငါ့တူက ရန်ကုန်မှာကော နေစရာ ထိုင်စရာ ရှိလို့လား..."

ကြည့်လေ... နေစရာမရှိရင် သူ့အိမ်မှာ ပေးနေမှာ ကျနေတာပဲ။ ကိုယ့်ဘာသာကိုယ် သက်သာသလိုနေစမ်းပါ အန်ကယ်ကြီးရာ...။ လမ်းမှာတွေ့ရတဲ့ လူငယ်တစ်ယောက်ကိုခေါ်ပြီး အလုပ်ပေးတဲ့ ဇာတ်လမ်း ဇာတ်ကွက်မျိုးတွေဟာ နှစ်ဆယ်ရာစု အစောပိုင်းက ဝတ္ထုတွေထဲမှာ ကျန် ရစ်ခဲ့ပါပြီဟု... သူ့စိတ်ထဲက ပြောလိုက်သည်။

သို့သော် သူ့နှုတ်ကတော့...

"ရှိပါတယ်၊ ကျွန်တော့်ဦးလေးအိမ် ရှိပါတယ်၊ အဲဒီမှာ သွားနေမှာပါ"

စိုးရှားက သူ့ဦးလေးဖြစ်သူ ဦးစောဝင်း၏အမည်ကို ထည့်မပြောဘဲ ချန်ထားလိုက်သည်။ ဦးလေးဖြစ်သူက 'ရတနာပုံစောဝင်း' ဟူသော နာမည်ဖြင့် ဗီဒီယိုဒါရိုက်တာလုပ်နေသူတစ်ဦး ဖြစ်၏။

ဒါရိုက်တာဆိုသော်လည်း ထွန်းထွန်းပေါက်ပေါက် အောင်အောင် မြင်မြင် ဒါရိုက်တာမျိုးတော့ မဟုတ်။ တစ်နှစ်လုံးနေမှ လူမသိ သူမသိ





ဗီဒီယိုကားလေးငါးကား၊ သီချင်းဗီစီဒီလေး တစ်ခွေ နှစ်ခွေလောက်ရိုက်ရသော ဒါရိုက်တာမျိုးဖြစ်၏။

စိုးရှားက သူ့ဦးလေးကိုလည်း အထင်မကြီး။ ဒါရိုက်တာ ဆိုသော အရည်အချင်းကိုလည်း တစ်စက်မှ အထင်ကြီးသူ မဟုတ်ချေ။ သို့သော် စိုးရှားက ရှေ့ခုံမှ အန်ကယ်ကြီးနှင့် စကားမြန်မြန်ပြတ်သွားစေရန် ရည်ရွယ်ပြီး...

"ကျွန်တော့်ဦးလေးက ကုမ္ပဏီဖွင့်ထားတယ်လေ၊ ငွေရေးကြေးရေးရော... အလုပ်အကိုင်အတွက်ရော ဘာမှ မပူရဘူး၊ အားလုံး အိုကေပါတယ် အန်ကယ်... အဲ... ဒါပါပဲ..."

သူက စကားကို ဖြတ်လိုက်သော်လည်း ရှေ့ခုံမှ အန်ကယ်ကြီးကတော့ ပြတ်မသွားချေ။ ပို၍ပင် လေရှည်လာတော့သည်။

"အဟမ်း... အဟမ်း... ဒါတော့ ဒါပေါ့ကွ၊ မပူရဘူး ဆိုပေမယ့် ငါ့တူရဲ့ ဦးလေးကိုချည်းပဲ အားကိုးနေလို့ မရဘူးနော်၊ ငါ့တူကိုယ်တိုင်ကလည်း ကြိုးစားဖို့လိုတယ်ကွ... အန်ကယ်ဆိုရင် ငယ်ငယ်ကတည်းက ကိုယ့်ဒူးကိုယ်ချွန်လာခဲ့ရတာပေါ့ကွာ..."

သိပ်ချွန်နေရင် သူ့ဒူးခေါင်းကြီး ငါ့ကို လာစူးနေဦးမယ်... ဟု စိုးရှားက တွေးနေလိုက်၏။ အန်ကယ်ကြီးကတော့ လေသံကို လုံးဝ မလျှော့ဘဲ...

"အန်ကယ်ဟာ ဒီလိုဘဝမျိုးကို လွယ်လွယ်နဲ့ရောက်လာတာ မဟုတ်ဘူးနော်... ငါ့တူ... ကြိုးစားပြီးမှ ဖြစ်လာတာ၊ အင်း... အန်ကယ့်ပင်ကိုယ် အရည်အချင်းကိုက တော်တာလည်း ပါတာပေါ့၊ အန်ကယ်ဟာ ဘယ်လောက်တောင် တော်သလဲဆိုရင်..."



www.burmeseclassic.com

www.burmeseclassic.com

အန်ကယ်ကြီးကား သူ့ကိုယ်သူ ချီးမွမ်းသည့်ကိစ္စကို (မရှက်မကြောက်ပင်) မိနစ်နှစ်ဆယ်ခန့် တရစပ်ပြောတော့သည်။

ကွမ်းယာတွေကို တစ်ယာပြီး တစ်ယာဝါးရင်း မရပ်မနားပြောနေသဖြင့် ကွမ်းတံတွေးတွေကလည်း ဖတ်ခနဲ ဖတ်ခနဲစင်ပြီး ထွက်၏။ စိုးရှားကတော့ နားငြီးလွန်းလှသဖြင့် ရထားပေါ်က ခုန်ချပြီး နေခဲ့လျှင်ကောင်းမလားဟုပင် စိတ်ကူးမိသည်။

"အန်ကယ်ဟာ ကျောင်းသားဘဝကတည်းက အင်မတန်မှ ဉာဏ်ကောင်းခဲ့တာပေါ့၊ ဆရာ ဆရာမတွေကတောင် အံ့သြယူရတယ်၊ သိတယ်မဟုတ်လား... အန်ကယ့်အိုင်ကျူကလည်း အရမ်းမြင့်တယ်လေ၊ ဒီတော့ အလုပ်လုပ်တဲ့အခါ သူများထက် ပိုပြီး အကွက်မြင်တာပေါ့..."

စိုးရှားကတော့ နားထောင်နေသလိုလိုဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ရထားပြတင်းပေါက်ကို ဖွင့်လိုက်သည်။

ထိုနောက် ရှပ်အင်္ကျီအိတ်ထဲမှ မှတ်ပုံတင်ကတ်ပြားကို ထုတ်ယူလိုက်သည်။ ပြီးတော့ ခါးကြားမှ ခေါက်ပိုက်ဆံအိတ်ပြားကလေးကို လှန်ကာ မှတ်ပုံတင်ကတ်ပြားကို ထိုးထည့်လိုက်၏။

ရှေ့ခုံမှ အန်ကယ်ကြီးကတော့ စကားကိုလည်း တရစပ်ပြောရင်း စိုးရှားလုပ်သမျှကိုလည်း ကြည့်နေ၏။ စိုးရှားက မှတ်ပုံတင်နှင့် ငွေအထပ်လိုက်ပါသော ပိုက်ဆံအိတ်ကို သူ့ရှပ်အင်္ကျီအိတ်ကပ်ထဲသို့ ထိုးထည့်လိုက်သည်။ ပိုက်ဆံအိတ်က တစ်ဝက်ကျော်ကျော်ခန့် အစွန်းထွက်နေ၏။

"အဲ... အခုထိ အန်ကယ့်သားသမီးတွေကတောင် အန်ကယ် ဉာဏ်ကောင်းတာကို တစ်ဝက်လောက်တောင် မမီကြဘူး... သူတို့က..."

အန်ကယ်ကြီး၏စကားမဆုံးခင် စိုးရှားက တံတွေးထွေးမည့်ဟန်ဖြင့် ရထားပြတင်းပေါက်မှ အပြင်သို့ ခေါင်းပြူထွက်ပြီး ငုံ့ကိုင်းလိုက်ရာ...

"ဟာ... ပိုက်ဆံအိတ်... ပိုက်ဆံအိတ်..."

စိုးရှား၏သားရေပိုက်ဆံအိတ်က အင်္ကျီအိတ်ကပ်ထဲမှ ထွက်ကျသွားသည်ကို အန်ကယ်ကြီး လှမ်းမြင်လိုက်လေသည်။

"ဟာ... သွားပါပြီဗျာ၊ ဒုက္ခပါပဲ..."

စိုးရှားက စိတ်ပျက်လက်ပျက်ဖြင့် ညည်းညူလိုက်သည်။ အန်ကယ်ကြီးကတော့ ရုပ်ရှင်မင်းသားဟောင်းကြီး ဂယ်ရီကူးပါးလို အပြုံးမျိုးဖြင့် မထီတရီပြုံးလိုက်ရင်း...

"ဘာမှမပူနဲ့... အန်ကယ်လုပ်ရင် အဆင်ပြေသွားစေရမယ်"

ပြောပြောဆိုဆိုနှင့် ရထားအရေးပေါ်အချက်ပေးခလုတ် တပ်ထားသည့်မှန်ကို ခွဲပြီး အထဲမှ ခလုတ်ကို ဆွဲလိုက်လေတော့သည်။

ရထားရပ်သွားသည်နှင့် တစ်ပြိုင်နက် တာဝန်ကျသော မီးရထားအရာရှိများက တွဲထဲသို့ ရောက်လာကြသည်။ ထိုနောက်... မေးကြမြန်းကြသည်။

"အရေးပေါ်ခလုတ်ကို ဘယ်သူဆွဲတာလဲ"

ခရီးသည်များက အန်ကယ်ကြီးကို လက်ညှိုးဝိုင်းထိုးကြသည်။ ထိုသည့်အချိန်တွင် စိုးရှားကတော့ မျက်လုံးအစုံကိုမှိတ်ပြီး အိပ်ချင်ယောင်ဆောင်နေပြီ ဖြစ်၏။

မီးရထားအရာရှိက...

"အန်ကယ် အရေးပေါ်ခလုတ်ကို ဘာဖြစ်လို့ ဆွဲတာလဲ၊ အကြောင်းမဲ့သက်သက် ခလုတ်ဆွဲရင် ဒဏ်ငွေဆောင်ရမယ်နော်"

"ဟာ... အကြောင်းမဲ့ မဟုတ်ပါဘူး... ဟောဒီသူငယ်လေးရဲ့

www.burmeseclassic.com

မှတ်ပုံတင်နဲ့ ပိုက်ဆံအိတ် ကျသွားလို့ပါ၊ ဟော့... ဟော့ကောင်... အိပ် မနေနဲ့... ထလေကွာ..."

ထိုအခါကျမှ စိုးရှားက မျက်လုံးကို ပြူးပြူးပြာပြာဖွင့်ကြည့်ရင်း ဘာမှမသိသည့်ဟန်ဖြင့်...

"ဗျာ... ဘာလဲဟင်..."

မီးရထားအရာရှိက...

"ညီလေး ပိုက်ဆံအိတ်ကျသွားလို့ဆို..."

"ဟာ... မဟုတ်ပါဘူး... ကျွန်တော့်ပိုက်ဆံအိတ်က ဒီမှာလေ..."

စိုးရှားက သူ့တင်ပါးအောက်တွင်ဖက်ပြီး ခုထိုင်ထားသော ပိုက်ဆံ အိတ်ကို ဆွဲထုတ်ယူကာ ဖွင့်ပြလိုက်သည်။ အထဲတွင် မှတ်ပုံတင်ကတ်ပြား နှင့် ပိုက်ဆံတစ်ထပ်။

"ဟင်... ဒါ စောစောကကျသွားတာ မဟုတ်လား..."

အန်ကယ်ကြီးက သူ မျက်လှည့်အပြခံလိုက်ရသည်ကို သဘော မပေါက်သေး။ တအံ့တသြမေးနေ၏။ စိုးရှားက...

"ဟာ... မကျပါဘူး... အန်ကယ်ရဲ့... ဇကေ္က အန်ကယ် အိပ်ပျော် အပျက်လွန်ပြီး ကယောင်ကတမ်းတွေ လျှောက်မြင်နေပြီ ထင်တယ် အခုလို ခရီးသွားတဲ့အခါမျိုးမှာ အိပ်ရေးဝဝ အိပ်ပေးရတယ် အန်ကယ်ရဲ့... ကဲ... ကျွန်တော်တော့ အိပ်ပြီဗျို့..."

ပြောပြောဆိုဆိုနှင့် စိုးရှားက မျက်လုံးအစုံကို ပြန်မှိတ်သွားသည်။ မီးရထားအရာရှိကတော့...

"ကဲ... အန်ကယ် ဒဏ်ငွေလေး တဆိတ်လောက် မစပါခင်ဗျာ..."

အန်ကယ်ကြီးက မကျေမနပ်ဖြင့် ပွစိပွစိရေရွတ်ရင်း သူ့အိတ်ထဲ ပါသွားသည့် ငွေစက္ကူအထပ်လိုက်ကို နှမြောတသစွာ ငေးကြည့်ကျန်ရစ် သည်။

ရထား ပြန်လည်ထွက်ခွာသည့်အခါတွင်မှ စိုးရှား၏ မျက်လုံးတစ် ဖက်ပွင့်လာပြီး...

"အန်ကယ်ကြီးက ဉာဏ်ကောင်းတယ်ဆိုလို့ စမ်းကြည့်တာပါ... ဟဲ... ဟဲ... အိပ်တော့မယ်နော်... ဗွတ်နိုက်..."

□ □ □

တကယ်ပင် စိုးရှား နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားသည်။ နောက်တစ်နေ့နံနက် ရန်ကုန်ဘူတာကြီးသို့ ရောက်သည်အထိပင်။

■


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

ဦးစောဝင်းတစ်ယောက် ဈေးခြင်းကို လက်ကဆွဲပြီး ဟင်းချက်စရာ သားငါးနည်းနည်း အသီးအရွက်နည်းနည်း ဝယ်သည်။

ဈေးတန်းထဲမှာ တိုးဝှေ့ဝယ်နေရသည့် ဒုက္ခက မသက်သာလှ။ လူတွေက ရှုပ်ယှက်ခတ်ကာ ကျပ်ညပ်နေ၏။ အသံတွေကလည်း ဆူညံနေသည်။

သားမယားမရှိတော့လည်း သူကိုယ်တိုင်ပင် ဈေးသွား ဝယ်ခြမ်းပြီး ချက်ပြုတ်စားရသည်။ အိမ်ဖော်တွေ ဘာတွေလည်း မထားနိုင်။ သည်တော့ ကိုယ်ပဲ ပင်ပန်းရသည်။

"တစ်နေ့နေ့ ငါ နာမည်ကြီးဒါရိုက်တာ ဖြစ်ရင်တော့လားကွာ..."

ဟု သူ့ရင်ထဲမှ မျှော်လင့်ချက်က ကျိတ်ပြီး ကြုံးဝါးသံပေး၏။ ကြုံးဝါးမယ့်သာ ကြုံးဝါးရသည်။ 'နာမည်ကြီးဒါရိုက်တာဖြစ်ဖို့'


www.burmeseclassic.com

www.burmeseclassic.com

ဆိုသည့် မျှော်လင့်ချက်က သူ့ အသက်နှစ်ဆယ်အရွယ် လူငယ်ဘ၀ ကတည်းက...။

ယခုဆိုလျှင် အသက်ငါးဆယ်သာ ပြည့်တော့မည်။ ဘာမှ ဖြစ် မလာသေး။

ဒါပေမဲ့ ဦးစောဝင်းကတော့ နည်းနည်းလေးမှ မလျှော့။ အိပ်မက် မက်၍ ကောင်းနေဆဲ။

လူထုထုရှိရာအရပ်ကို ရောက်တိုင်း သူ့ပါးစပ်မှ ဂျော့လူးကပ်စ်၊ ဖရန့်စစ်ကော်ပိုလာ၊ ဟစ်ချ်ကော့၊ ပီတာဝိုင်ယာ၊ ကုရိုဆာဝါ၊ ဒေးဗစ်လင်း၊ စပီးဘာ့ဂ်... စသော ကမ္ဘာကျော်ဒါရိုက်တာတို့၏ နာမည်များကို သူနှင့် ငယ်ပေါင်းကြီးဖော်လိုလို ဘာလိုလို တဖွဖွပြောတတ်သည်။

တကယ်ဆိုလျှင် အဲသည် ကမ္ဘာကျော်ဒါရိုက်တာကြီးတွေ ရိုက်ခဲ့ သမျှ ရုပ်ရှင်ကားအတော်များများကိုပင် ကြည့်ဖူးသူ မဟုတ်။ (အဲသည် ဒါရိုက်တာတွေ ရိုက်သမျှ ဇာတ်ကားတိုင်းကလည်း ကောင်းသည်ဟု ပြော၍ မရပါ)

ဦးစောဝင်းကတော့ (ကမ္ဘာကျော်ဒါရိုက်တာ ဆိုသည်နှင့်) သူတို့ ရိုက်သမျှ ကားတိုင်း ရွှေဖြစ်မည်အထင်ဖြင့် စွတ်ပြောတတ်၏။ သူပြော မယ့်သာ ပြောသည်။ ကြည့်ဖူးသည့်ဇာတ်ကား ဆယ့်လေးငါးကားမှာလည်း သူ့ အဓိပ္ပာယ်ကောင်းကောင်း နားမလည်သည်က တစ်ဝက်ကျော်ကျော် လောက်ပါ၏။

သူ့လောကနှင့် သူ့အထာတော့ ဟုတ်နေသည်ချည်းပင်။

ဦးစောဝင်းတစ်ယောက်တည်းကိုချည်းပဲ အပြစ်တင်၍တော့ မရ။ မြန်မာပြည်မှာ ရုပ်ရှင်ပင် ကောင်းကောင်းမကြည့်တတ်သည့် ဒါရိုက်တာတွေ





တစ်ပုံကြီး။ မြန်မာ့ရုပ်ရှင်လောကကသာ သေးငယ်သည်။ ဒါရိုက်တာတွေ ကတော့ များသလား မမေးနှင့်။

လမ်းဘေးဈေးသည်၏ ဗန်းထဲက သရက်သီးအပေါ် လာအုံနေကြ သော ယင်ကောင်တွေထက်တောင် ဗီဒီယိုဒါရိုက်တာ အရေအတွက်က များသေးသည်။ အဲဒီထဲမှာ ဦးစောဝင်းတစ်ယောက်လည်း အပါအဝင်။

သူက အကြံတော့ကြီးသည်။

"ကားများများ မရိုက်ရရင် နေပစေ၊ တစ်ကားဆို ဆိုသလောက် ပေါက်သွားအောင် ရိုက်ပြမယ်"

ဟု ကျိတ်ပြီး ကြံစည်ထား၏။

နိုင်ငံခြားက ဗုဒ္ဓဝင်ဇာတ်ကားတွေ၊ အင်္ဂုလိမာလဇာတ်ကားတွေ ရိုက်ပြီး သတင်းကြီးနေသည့် အခါတုန်းက ဦးစောဝင်းက သူလည်း မြန်မာပြည်မှာ ဗုဒ္ဓဝင်ဇာတ်ကားရိုက်မည်ဟု ကြံစည်ကာ ပရိုဂျူဆာ တစ် ယောက်နှင့် သွားဆွေးနွေးသည်။

ထိုပရိုဂျူဆာက ငွေမထုတ်ပေးဘဲ သူ့ကို ပြန်မေး၏။

"သိဒ္ဓတ္ထမင်းသားနေရာမှာ သရုပ်ဆောင်ဖို့ မြန်မာပြည်မှာ ဘယ် မင်းသားရှိသလဲ"

ဦးစောဝင်းက ပြန်ဖြေသည်။

"ရာဇာနေဝင်း"

အဲသည့်စကားတစ်ခွန်းထဲနှင့်ပင် သူ လက်လျှော့ပြီး နောက်ဆုတ် ခဲ့ရသည်။

လွန်ခဲ့သည့် လေးငါးလကလည်း နေပြည်တော်ရုံမှာ Troy ဇာတ် ကား ရုံတင်သွားသည်။ လူကြိုက်အလွန်များပြီး ဝင်ငွေ အရမ်းကောင်း၏။



www.burmeseclassic.com

www.burmeseclassic.com

ဒါကိုကြည့်ပြီး ဦးစောဝင်း အကြီးအကျယ် စွဲလန်းရူးသွပ်လေတော့သည်။ သူက…

"ကြီးကျယ်ခမ်းနားတဲ့ မြန်မာရာဇဝင် ဇာတ်ကားကြီးတစ်ကား လောက် ရိုက်ကြရအောင်ဗျာ…"

အဲဒါကိုလည်း သူ့ပရိဂျူဆာက လက်မခံဘဲ ခေါင်းခါပြသည်။ ပြီးတော့…

"တော်စမ်းပါ… ကိုစောဝင်းရာ… ဟိုတစ်ခါတုန်းက ခင်ဗျား ရိုက်ခဲ့တဲ့ ပုဂံရာဇဝင် ဗီဒီယိုကားကိုပဲ ပြန်ကြည့်ပါဦး၊ အဲဒီကားထဲမှာ အနော်ရထာမင်းကြီးက လက်ပတ်နာရီကြီး ဝတ်လို့…"

အဲသည်လို သူ့ညွှန်ဖျင်းချက်များကို ထောက်ပြပြီး ငြင်းပယ်ခံရ သော်လည်း ဦးစောဝင်းက စိတ်ဓာတ်ကျမသွား။

သူ့ကိုယ်သူ တဖွဖွအားပေးသည်။

"တစ်နေ့ကျရင် ငါ နာမည်ကြီးဒါရိုက်တာ ဖြစ်ရမယ်"

□ □ □

ဦးစောဝင်းတစ်ယောက် ဈေးခြင်းတောင်းကို လက်ကဆွဲရင်း ဈေး နှင့် မလှမ်းမကမ်းမှာရှိသော ဘတ်စ်ကားမှတ်တိုင်ဆီသို့ ဖြည်းဖြည်းချင်း လျှောက်ခဲ့၏။

သူ့မှာ မရှိမဲ့ ရှိမဲ့ ပိုင်ဆိုင်သော ဆန်နီစူပါဆလွန်းကားကလေးက လည်း ထုံးစံအတိုင်း ပျက်နေသဖြင့် ဝပ်ရှော့မှာ ထိုးထားရသည်။ သည် တော့ ကားမှတ်တိုင် ငါးမှတ်တိုင်ခန့်သာဝေးသော အိမ်နှင့် ဈေးကို ဘတ်စ် ကားဖြင့်သာ သွားနေရသည်။





ဘတ်စ်ကားထိုးဆိုက်လာတော့ ကျပ်ကျပ်တည်းတည်းပင် တိုးဝှေ့ ကာ တက်လိုက်သည်။ နေရာတော့ မရ။ မတ်တတ်သာ စီးရ၏။

သူ့ရှေ့မှာတော့ ရှယ်တူ မိန်းမကြီးတစ်ယောက်က အတက်အဆင်း အပေါက်ဝနားမှာ ရပ်နေ၏။ ဦးစောဝင်းက ထိုမိန်းမကြီး၏နောက်မှာ ကပ်လျက် နေရာယူလိုက်သည်နှင့် တစ်ပြိုင်နက် အမျိုးသမီးကြီးက မသင်္ကာ စွာဖြင့် လှည့်ကြည့်သည်။

မသင်္ကာဖြစ်မည် ဆိုလည်း ဖြစ်စရာပင်။

ဘတ်စ်ကား စထွက်သည်နှင့် တစ်ပြိုင်နက် သူမ၏ ခန္ဓာကိုယ် အောက်ပိုင်းတစ်နေရာကို နောက်ဘက်မှ တစ်စုံတစ်ရာက လာထိသည်။

အမျိုးသမီးကြီးက ဒေါသဖြစ်သွား၏။ သူမကျောဘက်တွင် ရပ်နေ သော ဦးစောဝင်းကို ဆတ်ခနဲ မျက်စောင်းလှည့်ထိုးသည်။

ထိုနောက်… အမျိုးသမီးကြီးက ကျပ်ညပ်နေသည့်ကြားမှ နေရာ ရွှေ့၏။ ဦးစောဝင်းကလည်း နေရာလိုက်ရွှေ့သည်။ သူမ၏နောက်ဘက် တည့်တည့်သို့ပင်။

မကြာပါချေ။ အမျိုးသမီးကြီး၏တစ်ကိုယ်လုံး တွန့်ခနဲ ဖြစ်သွား ပြန်၏။ သူမ၏ခန္ဓာကိုယ်တစ်နေရာကို နောက်ဘက်မှ လုံးဝန်းရှည်လျား သော တစ်စုံတစ်ရာက ခပ်ဖိဖိလာထောက်နေမှန်း ခံစားလိုက်ရသောကြောင့် ဖြစ်သည်။

ဟင်း… တဏှာရူးကြီး…

သူမက စိတ်ထဲမှ ကျိတ်၍ ဆဲရေးလိုက်ရင်း ဒေါသအကြည့်ဖြင့် သမင်လည်ပြန် လှည့်ကြည့်သည်။

ဦးစောဝင်း၏မျက်နှာကို မြင်ခါမှ ထိုအမျိုးသမီးကြီးက ဒေါသပိုထွက်



www.burmeseclassic.com

www.burmeseclassic.com

လာ၏။ အံကို တင်းတင်းကြိတ်လိုက်သည်။ လူသိခံရမှာ ရှက်သောကြောင့် ပါးစပ်ကလည်း ထုတ်မပြော။

သူမ၏ စိတ်ထဲကတော့...

"ရှင့်အသက်အရွယ်မှ အားမနာ... ယုတ်မာလှချည်လား... နမချင်း မစာမနာ အကျင့်ပက်စက်ပြီး အရသာခံနေတယ်"

ဟု တရစပ်ကျိန်ဆဲနေ၏။

ဦးစောဝင်း၏မျက်နှာအမူအရာကတော့ သူ ဘာမှ မလုပ်သလိုပင်။

ဘတ်စ်ကားက ကျပ်လွန်းသောကြောင့် ရှေ့မှ မိန်းမကြီးခမျာလည်း နေရာခဏခဏရွေ့၍ မရ။ သူမကို နောက်ဘက်မှ လာထိနေမှန်း သိသိချည်းနှင့် ကသိကအောင့်ဖြစ်ကာ ရပ်နေရသည်။

ထိုအမျိုးသမီးကြီးက ဆင်းရမည့်မှတ်တိုင်သို့ နီးကပ်လာသောအခါ...

"ငါ့နောက်က တဏှာရူးတော့ သိကြရောပေါ့... ဘတ်စ်ကားပေါ်က ဆင်းတော့မှ ဒင်းကို မှတ်လောက်သားလောက်အောင် ပညာပေးခဲ့ဦးမယ်"

ဟု ဒေါသကို အရှိန်တင်လိုက်သည်။

အမျိုးသမီးကြီး၏သတ္တိက ပြောင်မြောက်လှသည်။

ဘတ်စ်ကားမှတ်တိုင်တွင် ထိုးရပ်လိုက်သည်နှင့် တစ်ပြိုင်နက် သူမက လက်နောက်ပြန်အနေအထားဖြင့် သူမ၏တင်ပါးကို လာထိနေသော ရှည်မျောမျောအရာကို ဆတ်ခနဲ ဖမ်းညှစ်ဆုပ်ကိုင်ပြီး အားကုန်လှန်ချိုး လိုက်လေတော့သည်။

"ကဲဟာ... လူယုတ်မာ... သေပေတော့..."

"ဂျွတ်..."

တစ်စုံတစ်ရာ ကျိုးသွားသံ ထွက်ပေါ်လာသည်။ မိန်းမကြီး မျက်လုံး





ပြူးသွား၏။ ဘုရားရေ... ငါလုပ်လိုက်တာ လက်လွန်သွားပြီလား မသိဘူး... ဟူသော စိုးရိမ်စိတ်ဖြင့် ချာခနဲ လှည့်ကြည့်လိုက်သည်။

ဦးစောဝင်းကတော့ စိတ်ကူးထဲမှာ နှစ်မြော၍ ကောင်းနေဆဲ။

မိန်းမကြီးက သူမ၏လက်ထဲတွင် ကျိုးပဲ့ကာ ပါလာသော ပစ္စည်းကို မရဲတရဲ ငုံ့ကြည့်လိုက်သည်။

သခွားသီးတစ်ပိုင်းပြတ်...။

□ □ □

ဘတ်စ်ကားစီး ခရီးသည်များက အစတွင် ကြောင်ငေးပြီး ကြည့်နေကြသော်လည်း ချက်ချင်းလိုလိုပင် အဖြစ်အပျက်မှန်ကို ခန့်မှန်းသဘောပေါက်သွားကြပြီး တဟားဟား ဝိုင်းရယ်ကြတော့သည်။

ထိုမိန်းမကြီးလည်း ရှက်ကိုးရှက်ကန်းဖြင့် သူမ၏လက်ထဲတွင်ပါလာသော သခွားသီးထက်ပိုင်းကျိုးကို ဦးစောဝင်း၏ ဈေးခြင်းတောင်းထဲသို့ ပစ်ထည့်ခဲ့ပြီး ကားပေါ်မှ အပြေးတစ်ပိုင်း ဆင်းသွားတော့သည်။

အူကြောင်ကြောင်ဖြင့် ကျန်ရစ်ခဲ့သူကတော့ ဦးစောဝင်း...။

ဘာဖြစ်သွားမှန်းလည်း မသိလိုက်။

ဘတ်စ်ကားပေါ်မှ ခရီးသည်တွေက ဘာကြောင့် တဟားဟားရယ်မောနေကြမှန်းလည်း သူ နားမလည်။

အထူးသဖြင့် သူ့ရှေ့က မိန်းမကြီးက သူ့ဈေးခြင်းတောင်းထဲက အစွန်းထွက်နေသော သခွားသီးကို ဘာစိတ်ကူးပေါက်ပြီး ဒေါသတကြီး ထက်ပိုင်းချိုးသွားမှန်းလည်း သူ စဉ်းစား၍ မရပါချေ။

အူကြောင်ကြောင်ဖြစ်နေလျက်နှင့်ပင် သူ လမ်းထိပ်ကားမှတ်တိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com

ဆင်းပြီး အိမ်ဆီသို့ လမ်းလျှောက်ခဲ့တော့သည်။

ခြံဝင်းတံခါးကို ဖွင့်ပြီး ဝင်လိုက်တော့မှ ဦးစောဝင်း မျက်လုံးပြူး သွားရတော့၏။

သူ့အချစ်ဆုံးတူဖြစ်သူ စိုးရှားက ခရီးဆောင်အိတ်ကို ကျောမှီကာ အိမ်ရှေ့လှေကားထစ်ပေါ်တွင် ခွေခွေခေါက်ခေါက် ပျင်းရိပျင်းတွဲ ထိုင်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။

ဦးစောဝင်းက တအံ့တသြဖြင့်...

"ဟာ... ဟေ့ကောင်... စိုးရှား... မင်း... မင်း..."

"ကျွန်တော် အိမ်ပေါ်က ဆင်းလာခဲ့ပြီ၊ အခု ဦးလေးနဲ့ အတူတူ နေမလို့ လာတာ..."

"ဟေ..."

■





# အခန်း (၃)

ဦးလေးဖြစ်သူ၏ အိပ်ခန်းထဲသို့ ဝင်လိုက်မိသည်နှင့် စိုးရှား နည်းနည်းတော့ စိတ်ညစ်သွားရသည်။

လွန်ခဲ့သည့် ဆယ်နှစ်လောက်တုန်းကလိုပင် အခန်း၏နံရံတိုင်းမှာ အဆိုတော်ရုပ်ရှင်မင်းသမီး 'မြနန္ဒီ' ၏ ဓာတ်ပုံတွေ ပိုစတာတွေ အပြည့် ကပ်ထားဆဲ ရှိနေသေးသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။

မြနန္ဒီက အခုအချိန်မှာဆိုလျှင် အသက် (၃၅) နှစ်အရွယ်လောက် ရှိနေရော့မည်ဟု စိုးရှား စိတ်တွက်ဖြင့် တွက်ကြည့်နေမိ၏။ လွန်ခဲ့သည့် ဆယ့်ငါးနှစ်ခန့်ကတော့ သူမသည်လည်း ဂီတလောကနှင့် ရုပ်ရှင်လောကမှာ ဘုရင်မတစ်ပါး ဖြစ်ခဲ့သည်ပဲ။

ယခုထိလည်း သူမ၏အောင်မြင်မှုက သိသိသာသာ လျော့ကျမသွား သေးပါချေ။ မိန်းမတစ်ယောက် အရွယ်ကျချိန်ဟု ဆိုရလောက်သည့်


www.burmeseclassic.com

www.burmeseclassic.com

အသက် (၃၅) နှစ်ကာလမှာပင် သူမကို စွဲစွဲလန်းလန်းတပ်မက်သည့် လူကြီးပိုင်း လူလတ်ပိုင်းပရိသတ်တွေ ထုနှင့် ထည်နှင့် ကျန်နေသေးသည်။

တကယ်လည်း သူမ၏အလှအပတရားတို့က ချွတ်ယွင်း ပျက်စီး မသွားသေးချေ။ မသိသာသော အရေးအကြောင်းတစ်ချို့တို့မှ လွဲလျှင် ပျိုမျစ်နေဆဲ ညို့ငင်နိုင်စွမ်းအား ရှိဆဲပင်။ ဒါကို ရူးသွပ်စွဲလန်းသည့် ယောကျ်ားတွေကို တန်းစီခိုင်းလိုက်လျှင် ထိပ်ဆုံးမှာ ရပ်နေမည့် အရူးသည် ဦးစောဝင်းကလွဲ၍ အခြား မည်သူမှ မဖြစ်နိုင်။

စိုးရှားက သူ့ဦးလေး၏ ရူးသွပ်စွဲလန်းမှုကို ရယ်လည်း ရယ်ချင်သည်။ အမြင်လည်း ကတ်သည်။ ထို့ကြောင့် သူက...

"အင်း... အင်း... ဦးလေးကတော့ ခုထိ ညံ့တုန်းပဲနော်..."

"ဘာလဲကွ... မင်းစကားကြီးက... ငါက ဘာညံ့လို့လဲ..."

"မိန်းမတစ်ယောက်ကို ဆယ်နှစ်ဆယ်မိုး စွဲလန်းတယ်ဆိုတာ ညံ့တာမဟုတ်လို့ ဘာလဲ..."

ရတနာပုံဦးစောဝင်းက တကျွတ်ကျွတ်စုပ်သပ်ရင်း ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလျက် သူ့တူစိုးရှားကို သနားစရာကောင်းသော သတ္တဝါတစ်ကောင်လို လှမ်းကြည့်လိုက်သည်။ ထို့နောက်...

"ကျွတ်... ကျွတ်... မင်း သိပ်သနားစရာကောင်းတယ် ငါ့တူ... အေးလေ... မင်းက အချစ်ကို အယုံအကြည်မရှိတဲ့ကောင် ဆိုတော့လည်း ပြောပြနေလို့ အပိုပါပဲကွာ၊ မင်း သဘောပေါက်မှာ မဟုတ်ပါဘူး... တကယ်တော့ အချစ်ဆိုတာ သိပ်နူးညံ့တဲ့ ရင်ခုန်မှု သိပ်တန်ခိုးကြီးမားတဲ့ အိပ်မက်... အဲ... အဲ... ပြီးတော့..."

သွားပြီ...။ ငါ့ဦးလေးတော့ မြန်မာဗီဒီယိုဇာတ်ကားတွေ အရိုက်





များပြီး ကြောင်တောင်တောင် ပေါတောတောဖြစ်သွားပြီ... ဟု စိုးရှား စိတ်ထဲက အောက်မေ့လိုက်၏။

စိုးရှားကတော့ သူ့ထင်မြင်ချက်ကို ခပ်ကြမ်းကြမ်း ခပ်ရိုင်းရိုင်းပင် တဲ့တိုးပြောသည်။

"ဦးလေးရာ... ပေါက်ကရတွေ လျှောက်ပြောမနေစမ်းပါနဲ့... ယောကျ်ားတွေက မိန်းမတွေကို ဘာဖြစ်လို့ ချစ်ကြတာလဲ သိလား..."

"ဘာဖြစ်လို့လဲ..."

"မိန်းမတစ်ယောက်ရဲ့အချစ်ကို ရပြီဆိုရင် အညံ့ဖျင်းဆုံး ဉာဏ် အတုံးဆုံးယောကျ်ားတောင်မှ သူ့ကိုယ်သူ 'ဟုတ်လှပြီ' လို့ ထင်သွားတယ်၊ 'ငါကွ' ဆိုပြီး ဘဝင်မြင့်သွားတယ်... အဲဒါကြောင့်ပဲ...

မိန်းမတွေဘက်က ပြန်ကြည့်ရင်လည်း ဒီလိုပဲနေမှာပါ ဦးလေးရာ... 'ငါ့ကို ဘဲတွေ ဝိုင်းကြိုက်နေကြပါလား' ဆိုပြီး ပီတိဖြစ်နေမှာပေါ့၊ ဒါပါပဲ... ကိုယ့်ကိုယ်ကိုယ် ပီတိဖြစ်ဖို့အတွက် ယောကျ်ားနဲ့ မိန်းမဟာ တစ်ယောက်ကို တစ်ယောက် အပြန်အလှန် အသုံးချနေကြတာပါ"

ဦးစောဝင်းက ရှူးရှူးရှားရှားဖြစ်သွားပြီး အသည်းအသန်ကန့်ကွက်သည်။

"ဟာ... မင်း အဲဒီလိုကြီးတော့ မပြောပါနဲ့ကွ၊ တခြားလူတွေအတွက်တော့ ဟုတ်ချင်ဟုတ်မယ်၊ ငါနဲ့ မြနန္ဒီအတွက်တော့ လုံးဝ မဟုတ်ဘူးကွာ... လုံးဝပဲ..."

စိုးရှားက အနည်းငယ်ရယ်မောလိုက်ပြီး...

"သေချာလုချည်လား ဦးလေးရဲ့၊ နေစမ်းပါဦး... မြနန္ဒီကော ဦးလေးက သူ့ကို ချစ်နေမှန်း သိသွားပြီလား..."



www.burmeseclassic.com

www.burmeseclassic.com

"အဲ... အင်း... ဘယ်လိုပြောရမလဲဆိုတော့..."

ဦးစောဝင်းက စကားကို တည့်တည့်မတ်မတ်မဖြေဘဲ ယောင်တိယောင်ချာ လုပ်နေ၏။ တကယ်ဆိုလျှင် မြနန္ဒီနှင့် ဦးစောဝင်းတို့သည် ဒီရုပ်ရှင်လောက နယ်ပယ်ကျဉ်းကျဉ်းကလေးထဲမှာ မတွေ့ဖူး မဆုံဖူးသူများလည်း မဟုတ်ကြ။

ရတနာပုံစောဝင်းအမည်ဖြင့် ဒါရိုက်တာ စလုပ်ဖြစ်ကတည်းက သူရိုက်သမျှ ဗီဒီယိုဇာတ်ကားအတော်များများတွင် မြနန္ဒီကို မပါပါအောင်ကြိုးစားကြံဖန်ပြီး ရိုက်ခဲ့မှန်း စိုးရှားရိပ်မိ၏။

သို့သော် နောက်ဆုံးတော့လည်း ဘာမှ ဖြစ်မလာ။

မြနန္ဒီလို ကေရီဘုရင်မတစ်ယောက်အနေဖြင့် သူမ၏အိပ်မက်တွေအားလုံးကို သီးစေပွင့်စေနိုင်နေမှတော့ ဦးစောဝင်းကို ရယ်စရာ ဆော့ကစားစရာ အရုပ်ကြောင်ကြောင် ငနဲကြီးတစ်ယောက်လောက်အဖြစ်သာ သဘောထားပေလိမ့်မည်ဟု စိုးရှားတွေးမိ၏။

ဒါကို အ,လွန်းသောသူ့ဦးလေးက ရိပ်မိပါ့မလား။

ယခုလည်း ဦးစောဝင်းက မေးစေ့ကိုပွတ်ရင်း အတည်ပေါက်ကြီးစဉ်းစားနေသည်။ အတော်ကြာမှ...

"သူ... သူကတော့ ငါချစ်နေတယ်ဆိုတာ မသိသေးဘူးနဲ့ တူတယ်ကွ... ဟိုလေ... ရှေ့လထဲကျရင် သူနဲ့ ဗီဒီယိုတစ်ကားရိုက်ဖို့ ရက်ချိတ်ထားတာ ရှိတယ်၊ အဲ... အဲဒီအခါကျရင်တော့ သူ့ကို... သူ့ကို ငါဖွင့်ပြောလိုက်တော့မယ်လို့ ဆုံးဖြတ်ထားတာပဲ စိုးရှားရာ..."

"ဟာ... ဦးလေးကလည်း မြန်မာကားဆန်လိုက်တာဗျာ..."

"ဟေ... ဘာဖြစ်လို့လဲ..."





စိုးရှားက မျက်နှာကို ရှုံ့မဲ့ပစ်လိုက်ပြီး...

"နိုင်ငံခြားကားတွေမှာ မင်းသားက မင်းသမီးကို 'I love You' ဆိုပြီး ရည်းစားစကားပြောတာ တစ်ခါမှ မတွေ့ဖူးဘူး၊ ရည်းစားစကားကို ရေးကြီးခွင်ကျယ်လုပ်ပြီး အိုက်တင်အပြည့်နဲ့ ပြောတာဆိုလို့ မြန်မာကားတွေမှာပဲ ရှိတယ်"

"ဟာကွာ... မင်းကလည်း။ မပြောဘဲနဲ့ ဟိုက ဘယ်လိုလုပ်ပြီး သိမှာလဲကွ၊ ပြန်ချစ်တာ မချစ်တာက သူ့အပိုင်း၊ ပြောစရာရှိတာကိုတော့ ကိုယ့်ဘက်က ပြောရမှာပဲ..."

"ကဲ... ဒါဆိုလည်း ပြောဗျာ... ပြော..."

စိုးရှားက အရွဲ့တိုက်ပြီး မြှောက်ပေးလိုက်သည်။ သို့သော် ဒါနဲ့တင် ကိစ္စက ပြီးမသွားချေ။ ဦးစောဝင်းက...

"ဟဲ... ဟဲ... ဒါဆိုလည်း ငါ့ကို မင်းဘက်က နည်းနည်းတော့ ကူညီရမယ် ငါ့တူရဲ့..."

"ဗျာ... ဘယ်လိုကူရမှာလဲ..."

စိုးရှား နည်းနည်းတော့ မျက်ခုံးလှုပ်သွားသည်။ သူ့ဦးလေးအကြောင်း သူသိ၏။ တစ်ခါတလေ ပေါက်ကရတွေ စွတ်ပြီး လုပ်လာတတ်သည်။

"အဲဒီဗီဒီယိုကား ရိုက်နေတုန်း ရိုက်ကွင်းပေါ်မှာ ငါနဲ့ လိုက်ပြီး အနီးကပ်နေပေးကွာ၊ ပြီးတော့ အခြေအနေကို နည်းနည်း အကဲခတ်ပေး... ပြောသင့်လား မပြောသင့်လား ဆိုတာပေါ့..."

"ဟာ... အဲဒီလို ရှူတင်ရိုက်ကွင်းပေါ် မလိုက်ချင်ပါဘူးဗျာ၊ မျက်စိရှုပ်... နားရှုပ်နဲ့..."

"လိုက်ခဲ့ပါကွာ... မင်းရှိတော့ ငါ့မှာလည်း ကူဖော်လောင်ဖက်



www.burmeseclassic.com

www.burmeseclassic.com

ရတာပေါ့… ဇာတ်ညွှန်းလေး ဘာလေးလည်း ဝိုင်းကူရေးပေးကွာ၊ ကင်မရာ Angle လေး ဘာလေးလည်း နည်းနည်းပါးပါး ကြည့်ပေးပေါ့၊ အဲဒါတွေ မင်းလုပ်တတ်မှန်း ငါသိပါတယ်ကွာ လုပ်စမ်းပါ…"

"ဟာ… ဦးလေးကလည်းဗျာ… အလုပ်မလုပ်ချင်လို့ ဒီအတိုင်း နေနေပါတယ်ဆိုမှ အလုပ်လာခိုင်းနေတယ်၊ မလုပ်ဘူးဗျာ… လူ့လောက ကြီးမှာ အလုပ်လုပ်မှ ထမင်းစားရမယ်ဆိုရင် ကျွန်တော် ထမင်းမစားတော့ ဘူး၊ ခေါက်ဆွဲကြော်တွေပဲ စားတော့မယ်"

စိုးရှားက ခေါင်းမှ ဆံပင်တွေကို ရှုပ်ပွအောင်ကုတ်ရင်း ပြန်ပြော လိုက်သည်။ ဦးစောဝင်းကတော့…

"အဲဒါကြောင့် ငါ့ညီမက ပြောတာ၊ သူ့သားအငယ်ကောင်ဟာ လူပျင်းတဲ့… အလုပ်မလုပ်ဘဲ လမ်းပေါ်မှာပဲ လျှောက်သွားချင်နေတဲ့ ကလေကချေတဲ့…"

"လမ်းပေါ်လျှောက်သွားတိုင်း ကလေကချေဖြစ်ရရင် စာပို့လုလင်နဲ့ သတင်းစာရောင်းတဲ့လူတွေဟာ ကလေကချေလား…"

ဦးစောဝင်းက မျက်နှာရှုံ့မဲ့သွားသည်။ ထိုနောက်…

"မတူဘူးလေကွာ… သူတို့အလုပ်ကိုက လမ်းပေါ်သွားရတဲ့ အလုပ် ကြီး…"

"အဲဒီလိုပဲပေါ့ ဦးလေးရဲ့… သူ့နေရာနဲ့ သူပေါ့၊ အလုပ်မလုပ် တိုင်းလည်း ပျင်းတယ်လို့ နာမည်တပ်ပြီး ဆုံးမနေတိုင်း မှန်နိုင်မလား…"

သူ့စကားကြောင့် ဦးစောဝင်းက မျက်မှောင်ကုပ်ပြီး ကြည့်သည်။ စိုးရှားက ဆက်ပြီး…

"လူငယ်နဲ့ လူကြီးတွေ နားလည်မှုလွဲနေတာ အဲဒါပဲပေါ့၊ ဆုံးမတယ်





ဆိုတာ ဆေးဝါးတိုက်သလိုပဲ၊ ရောဂါကို သေသေချာချာနားလည်မှ ဆေး တိုက်လို့ ကောင်းတာ…

ဦးလေးပဲ စဉ်းစားကြည့်လေ ဝမ်းနုတ်ဆေးဟာ ဆေးတော့ ဆေး ပါပဲ၊ ဒါပေမဲ့ ဝမ်းလျှောနေတဲ့ လူနာအတွက်တော့ ဝမ်းနုတ်ဆေးဟာ ဆေးမဟုတ်ဘူး…"



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

စိုးရှားမလုပ်ချင်ဆုံး အလုပ်တွေထဲမှာ နံနက်စောစော အိပ်ရာထရသည့်ကိစ္စလည်း တစ်ခုအပါအဝင် ဖြစ်သည်။

မန္တလေးမှာ နေတုန်းကတော့ မနက်ခင်းတိုင်း သူ့အမေနှင့် တကျက်ကျက်ငြင်းခုံခဲ့ရသည်။ သူ့မိခင်ကတော့ ရှေးရိုးစွဲပြောမြဲစကားအတိုင်းပင် စောစောအိပ် စောစောထရမည်ဟု ဆို၏။

"မနက်စောစောထပြီး စာကျက်မှ ဉာဏ်ရွှင်တယ်" ဟုလည်း မကြာခဏပြောလေ့ ရှိသည်။

စိုးရှားဘဝတစ်လျှောက်လုံး ဘယ်တုန်းကမှ မနက်စောစောထပြီး စာမကျက်ခဲ့ဖူးပါ။ လိုအပ်လျှင် ညသန်းခေါင်ကျော် မိုးလင်းပေါက်အောင် ကျက်သည်။ နောက်တစ်နေ့ တစ်မနက်ခင်းလုံး အိပ်သည်။

❒


www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာကျော် ညဏ်ကြီးရှင် သောမတ်အယ်ဒီဆင်တို့ အိုင်စတိုင်းတို့ရော ညစောစောအိပ်ပြီး မနက်စောစောထကာ စာကျက်လေ့ ရှိကြပါသလား... ဟု သူသိချင်နေသည်။

ဟိုးလွန်ခဲ့သည့် နှစ်ပေါင်း ခြောက်ဆယ်ကျော်လောက်တုန်းက လူနေမှုဘဝအတိုင်း ဆိုလျှင်တော့ ဟုတ်ချင် ဟုတ်ပေလိမ့်မည်။

အဲသည်တုန်းက လယ်ထွန်ဖို့ အရုဏ်တက်ကတည်းက လယ်ထဲဆင်းရန် ပြင်ဆင်ရသည် မဟုတ်လား။ နေမြင့်သွားပြီဆိုလျှင် လူရော နွားပါ နေပူဒဏ် မခံနိုင်ကြ။

ထို့ကြောင့် မိုးမလင်းခင် လယ်ထဲ ဆင်းရသည်။ ပြီးတော့ မွန်းမတည့်ခင် အလုပ်သိမ်းရ၏။ ညဘက်ကျတော့လည်း ဘာမှ လုပ်စရာမရှိ။ တီဗီမရှိ၊ ဗီဒီယိုမရှိ၊ ရုပ်ရှင်ရုံမရှိ။ နောက်ဆုံး လျှပ်စစ်မီးပါ မရှိ။ အဲဒီတော့ စောစောအိပ်ရုံက လွဲပြီး ဘာများလုပ်ရပါဦးမည်နည်း။

အဲသည်လို လူနေမှုစနစ်မှာတော့ စောစောအိပ်ခြင်းနှင့် စောစောထခြင်းသည် လိုအပ်စွာ ချိန်သားကိုက် မှန်ကန်နေ၏။

□ □ □

စိုးရှား အသက်နှစ်ဆယ် အရွယ်လောက်တုန်းက သူ့စိတ်ကြိုက် ဖတ်ဖို့ စာအုပ်တွေ တစ်ပုံကြီးရှာဝယ်ရန် ဘန်ကောက်၊ စင်ကာပူမှသည် ဟောင်ကောင်အထိ ခရီးထွက်ခဲ့ဖူး၏။

ဟောင်ကောင်၏ညများသည် လုပနူပျိုလွန်း၏။ ညသန်းခေါင်ကျော် နှစ်နာရီလောက်အထိ လူတွေ စည်ကားပျော်မြူးနေကြဆဲ။

သို့သော်... နံနက်ပိုင်းမှာတော့ မနက် (၉) နာရီလောက်အထိ





ဟောင်ကောင်မြို့လယ်ခေါင် Time Square တစ်ဝိုက်က ဆိုင်တွေ အစုံအလင် မဖွင့်တတ်ကြသေး။

ဟောင်ကောင်သည်လည်း ညအိပ်ရာဝင် နောက်ကျပြီး မနက် စောစောမထသည့်မြို့ ဖြစ်ပါသည်။

အင်း... မေမေပြောသလိုဆိုရင်တော့ ဟောင်ကောင်မှာ နေတဲ့သူတွေ အားလုံးဟာ အကြံတုံး ညဏ်တုံး ငထုံငထိုင်းတွေ ဖြစ်ကုန်ကြတော့မှာပဲ ဟု အဲသည်တုန်းက သူ့ဘာသာသူ တစ်ယောက်တည်းတွေးပြီး ပြုံးမိ၏။

□ □ □

အခုလည်း အိပ်ရာက မထချင်ကာမှ ဦးလေးဖြစ်သူ ရတနာပုံ စောဝင်းက မနက်စောစောစီးစီးထပြီး တစ်အိမ်လုံး ချိုးချိုးချွတ်ချွတ်မြည်အောင် ဘာတွေထလုပ်နေသည် မပြောတတ်။

နောက်ပြီး... အော်ကြီးဟစ်ကျယ်ဖြင့် တယ်လီဖုန်းပြောနေလိုက်သည်မှာ မိနစ်နှစ်ဆယ်ခန့်ကြာသည်။

ပြောသမျှစကားတိုင်းမှာလည်း 'စိတ်ချပါ... ဒီရဲ့' 'ဒီဖြစ်စေချင်တာတွေ အားလုံးဖြစ်ရစေမယ်' 'ကိုယ်အာမခံပါတယ် ဒီ' 'ဘာမှမပူနဲ့နော် ဒီ... ကိုယ်အစွမ်းကုန်ကြိုးစားမယ်' ဟူသော စကားလုံးများက စက္ကန့် သုံးဆယ်တိုင်း တစ်ခါပါ၏။

တဒီဒီနှင့် (ချေးပိုးထိုးကောင်အသံမျိုး) နာမည်ကို အဖျားဆွတ် ခေါ်နေသံကြားကတည်းက မြနဒီနှင့် ဖုန်းပြောနေမှန်း စိုးရှား တွေးကြည့်၍ ရသည်။ ဘာတွေများ ကြိုးစားဖို့ အာမခံနေသလဲတော့ မသိ။

"ဒီလိုစိတ်ဓာတ်နဲ့သာ ငယ်ငယ်တုန်းက စာကြိုးစားခဲ့ရင် အခု



www.burmeseclassic.com

www.burmeseclassic.com

လောက်ဆို ငါ့ဦးလေးတော့ ပါမောက္ခချုပ်လောက် ဖြစ်နေရောပေါ့...”

ဟု စိုးရှား စိတ်အချဉ်ပေါက်ပေါက်ဖြင့် တွေးမိသည်။

□





ဖုန်းချပြီး သိပ်မကြာလိုက်။ သူအိပ်နေသော အခန်းထဲသို့ ဦးဓောင်း ရေးကြီးသုတ်ပျာဝင်လာကာ သူ့ကို အတင်းလှုပ်နှိုးသည်။

“ဟေ့ကောင်... စိုးရှား... ထ... ထ... အရေးကြီးတဲ့စကား ပြောစရာရှိလို့...”

ဆက်ပြီး အိပ်ချင်ယောင်ဆောင်နေလျှင်လည်း မရမက နှိုးနေဦးမှာ သေချာသောကြောင့် စိုးရှား ခုတင်ပေါ်မှာ ထထိုင်လိုက်၏။

“စောစောစီးစီး ဘာဖြစ်ရပြန်တာလဲ ဦးလေးရာ...”

“မြနန္ဒီကွ... မြနန္ဒီ ငါ့ဆီ ဖုန်းဆက်တယ်”

“ဘာတဲ့လဲ... သူက ဦးလေးကို မမြင်ရရင် မနေနိုင်အောင် စွဲလန်းနေမိပြီ ဆိုတဲ့ အကြောင်း လှမ်းပြောတာလား...”

အိပ်ရေးပျက်သဖြင့် စိတ်တိုနေသော စိုးရှားက တမင်ပင် ဘုပြော


www.burmeseclassic.com

www.burmeseclassic.com

လိုက်၏။ ဦးစောဝင်းကတော့…

"ဟာ… အဲဒီလို ပြောမလားကွ၊ အခု သူပြောတဲ့ကိစ္စက အရေးကြီးတယ်၊ HIV ကူးစက်ခံရတဲ့ ကလေးတွေအတွက် ရန်ပုံငွေရှာတဲ့ပွဲ လုပ်မလို့တဲ့…"

"ဘယ်လိုလုပ်မှာလဲ"

"ဈေးရောင်းပွဲတော်ပေါ့ကွာ… ကန်တော်ကြီး မျှော်စင်ကျွန်းက မြေနေရာကို အကူအညီတောင်းပြီး အဲဒီမြေကွက်လပ်မှာ ဆိုင်ခန်းတွေ ဖွဲ့မယ်တဲ့၊ အဲဒီဆိုင်ခန်းတွေမှာ အနုပညာရှင်တွေက မုန့်တွေ ဘာတွေ လုပ်ပြီး လာတဲ့ပရိသတ်ကို ရောင်းမယ်ကွာ၊ ပြီးတော့ အဲဒီက ရသမျှ ပိုက်ဆံတွေအားလုံးကို လှူမှာပေါ့…"

စိုးရှားက အိပ်ချင်စိတ် မပြေသေးသော မျက်လုံးအစုံကို လက်ဖြင့် ပွတ်သပ်ရင်း…

"ကောင်းသားပဲ…"

ဟု ဝတ်ကျေတန်းကျေပြော၏။ ဦးစောဝင်းကတော့ တက်ကြွသော လေသံဖြင့်…

"စိုင်းစိုင်းခမ်းလှိုင်တို့… ကောင်းမြတ်တို့… ဆန်းထွဋ်တို့ကတော့ Game ကစားမယ်တဲ့… တင်ဇာမော်တို့ကတော့ မုန့်ရောင်းမယ်လို့ ပြောတယ်၊ နေမျိုးဆေးကတော့ ပုံတူ ရုပ်ပြောင်ကယ်ရီကေးချား ဆွဲတဲ့ ဆိုင်ခန်း ဖွင့်မယ်ဆိုပဲ၊ အဲဒါ ငါလည်း ဆိုင်ခန်းတစ်ခန်း ယူမယ်လို့ မြနဒီကို ပြောလိုက်တယ်…"

"ဟင်… ဦးလေးက ဘာလုပ်တတ်လို့လဲ…"

"အဲဒါ ခက်နေတာပေါ့၊ ငါက ဘာမှ မလုပ်တတ်ဘူးလေ…"





သူ့ဦးလေး၏အဖြေကြောင့် စိုးရှား စိတ်ပိန်သွားသည်။ ထို့ကြောင့် အိပ်ရာပေါ် ပြန်လှဲချလိုက်ရင်း…

"ဒါနဲ့များဗျာ… ဘာလို့ ဆိုင်ဖွင့်မယ် ပြောလိုက်ရသေးတာလဲ၊ ဖွင့်မနေပါနဲ့တော့ ဦးလေးရာ… အလကား ကိုယ့်ဒုက္ခ ကိုယ်ရှာလို့…"

"ဟာ… ဟော့ကောင်…ပြန်ထစမ်းပါကွ၊ ဒီမှာ မင်းစဉ်းစားကြည့်လေ၊ ဒီပွဲဟာ မြနဒီဦးစီးတဲ့ ပွဲ၊ ဒီလိုပွဲမျိုးမှာ ငါမပါရလို့ ဖြစ်မလား၊ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ငါဟာ သူ့အလှူကို တထောင့်တစ်နေရာကနေပြီး ဝင်ကူညီတယ်ဆိုတာမျိုး ဖြစ်ချင်တယ်ကွာ၊ ဆိုင်ခန်းဖွင့်ပါမယ်… လို့ ကတိပေးပြီးတော့မှ ငါ့ဘက်က နောက်ဆုတ်သွားရင် ဘယ်လောက်သိက္ခာကျမလဲ၊ သူ့အချစ်ကို မရခင်ကတည်းက ငါ ရှုံးပြီးသား ဖြစ်သွားမှာပေါ့…"

စိုးရှားက…

"ဒါဆိုလည်း ရေသန့်ဗူးရောင်းဗျာ… ဒီထက်လွယ်တာတော့ မရှိတော့ဘူး…"

ဦးစောဝင်းက ကွယ်လွန်သူ ရုပ်ရှင်မင်းသားကြီးတစ်ဦး၏ အသံမျိုးဖြင့် ခပ်ညှစ်ညှစ် 'ဟက်… ဟက်… ဟက်' ဟု ရယ်လိုက်၏။ ထို့နောက် စုထွက်နေသော သူ့ဗိုက်ခေါက်ကို ဖွဖွပွတ်သပ်ရင်း…

"ရတနာပုံစောဝင်း ဆိုတဲ့ မင်းဦးလေးဟာ လုပ်ပြီဟော့ဆိုရင် လူတွေစိတ်ဝင်စားသွားအောင် အပြတ်လုပ်ပြတတ်တယ် ဆိုတာ မသိဘူးလား စိုးရှားရာ၊ ရေသန့်ဗူးရောင်းတာလောက်တော့ ဟက်… ဟက်… ဟက်… မလုပ်ဘူးကွ…"

"ဒါဆို ဘာလုပ်မှာလဲဟင်…"

စိုးရှားက ညောင်နာနာလေသံဖြင့် မေးလိုက်သည်။ ဦးစောဝင်းက



www.burmeseclassic.com

www.burmeseclassic.com

အိုက်တင်အပြည့်ဖြင့် စိုးရှား၏မျက်နှာတည့်တည့်ကို လက်ညှိုးထိုးလိုက်ပြီး…

"မင်းကို ရုံသွင်းပြမယ်လို့ စိတ်ကူးထားတယ် စိုးရှား…"

"ဗျာ…"

စိုးရှား သေပစ်လိုက်ချင်စိတ် ပေါက်သွား၏။ သူ့ဦးလေးအကြောင်း သူသိသည်။ တစ်ခါ တစ်ခါ ထင်ရာမြင်ရာ စွတ်လုပ်တတ်၏။

"စဉ်းစဉ်းစားစားလည်း လုပ်ပါ ဦးလေးရာ၊ ကျွန်တော့်ကို ဘယ်လို လုပ်ပြီး ရုံသွင်းပြစားလို့ ရမှာလဲ"

"ငါစဉ်းစားထားပြီးပါပြီကွ… ဆိုင်ခန်းကို အလုံပိတ်… အထဲမှာ မင်းကို ကန့်လန့်ကာနောက်ထဲ ဝှက်ထားပြီး 'မေးခွန်းဆိုင်' ဖွင့်မှာပေါ့"

"မေးခွန်းဆိုင် ဟုတ်လား… ဘယ်လိုမျိုးကြီးလဲ…"

"ပရိသတ်တွေက ကြိုက်ရာမေးခွန်း မေးပစေကွာ၊ မင်းက မှန် အောင်ဖြေပေးပေါ့… မေးခွန်းသုံးခုကို ပိုက်ဆံတစ်ထောင်ဆိုရင် ဘယ့် နှယ်လဲ၊ အရင်းအနှီးလည်း တစ်ပြားမှ မကုန်ဘူး၊ ပရိသတ်လည်း စိတ် ဝင်စားမှာ သေချာတယ်၊ မကောင်းဘူးလား…"

စိုးရှားက ခေါင်းကို ခပ်မြန်မြန် ခါယမ်းပစ်လိုက်သည်။

"မကောင်းဘူး… လုံးဝမကောင်းဘူး… လူတွေက သူတို့ဟာ သူတို့ ထင်ရာမြင်ရာ မေးခွန်းတွေ လျှောက်မေးကြမယ့် ဥစ္စာကို ကျွန်တော် က ဘယ်လိုလုပ်ပြီး မှန်အောင်ဖြေနိုင်မှာလဲ ဦးလေးရ…"

"မင်းက ဉာဏ်ကောင်းပြီးသားပဲ… ငါ့တူရာ… လုပ်ပါကွ… ဖြေနိုင်မှာပါ… မင်း တကယ် စိတ်ပါလက်ပါလုပ်ရင် ဖြစ်ပါတယ်… နော်ကွာ…"

ဦးစောဝင်းကတော့ သူ့တူကို ချော့ကာမြှောက်ကာဖြင့် စည်းရုံး





သည်။ စိုးရှားကတော့ ခေါင်းကိုသာ တွင်တွင်ခါရမ်းရင်း…

"မဖြစ်ပါဘူး… ဦးလေးရာ မလုပ်ပါရစေနဲ့…"

"ငါ့တူရာ ရက်စက်လိုက်တာကွာ၊ မင်းမှ မကူညီရင် မြနန္ဒီကို ငါ ဘယ်လို မျက်နှာပြရတော့မှာလဲ၊ ငါ့နှလုံးသားတွေ တစ်စစီ ကွဲကြေရ တော့မယ် စိုးရှား၊ မြနန္ဒီအတွက် ငါ ဘယ်လောက်တောင် ခံစားခဲ့ရသလဲ ဆိုတာ မင်းသိပါတယ်ကွာ၊ ခုဆို ငါ့မှာ ဟိုကဗျာထဲကလို အချစ်အတွက် ကြောင့် 'အပူရုပ်နှောင်ချည် လူရုပ်တောင် မပီ…' တော့ပါဘူးကွာ…"

စိုးရှားက သူ့ဦးလေးကို စိုက်ကြည့်လိုက်သည်။

လူရုပ်တောင် မပီတော့ဘူး ဆိုသည်မှာ ဟုတ်လောက်သည်ဟု သူ တွေးလိုက်၏။ အစားအသောက်တွေ နင်းကန်စားထားပြီး ဝဖြိုးနေသော သူ့ဦးလေး၏ ခန္ဓာကိုယ်သည် ဝက်တစ်ကောင်နှင့် တူနေလေသည်။

□ □ □

နောက်ဆုံးတော့ စိုးရှား သက်ပြင်းတစ်ချက်ချပြီး သူ့ဦးလေးကို ခေါင်းညိတ်ပြလိုက်ရလေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃)

ဈေးရောင်းပွဲတော်က မှော်လင့်ထားသည်ထက် ပိုပြီးစည်ကားအောင်မြင်နေသည်။ ပရိသတ်တွေက ကျိတ်ကျိတ်တိုးနေ၏။

ရုပ်ရှင် ဗီဒီယိုသရုပ်ဆောင်တွေ၊ အဆိုတော်တွေရှိသော ဆိုင်ခန်းတိုင်းမှာ အော်တိုလက်မှတ်ထိုးခိုင်းသူတွေ၊ အမှတ်တရဓာတ်ပုံတွဲရိုက်ကြသူတွေ၊ ဈေးဝယ်ကြသူတွေနှင့် ပြည့်ကျပ်နေသည်။

သီချင်းသံတွေကလည်း ဆိုင်တိုင်းက အပြိုင်ဖွင့်ထားကြသောကြောင့် ဆူညံလုံးထွေးနေ၏။ စကားပြောလျှင်ပင် သဲသဲကွဲကွဲ မကြားရ။

မြနန္ဒီနှင့် သူ့မိတ်ဆွေတွေကတော့ ဆိုင်ခန်းတိုင်းကို လျှောက်သွားကာ လာရောက်ကူညီသော အနုပညာရှင်များကို ကျေးဇူးတင်ကြောင်းပြောရင်း နှုတ်ဆက်နေသည်။ ရောင်စုံမီးတွေကြားမှာ လူတိုင်းက တောက်ပနေ၏။ ပျော်ရွှင်သောမျက်နှာများကလည်း တဖိတ်ဖိတ်တောက်နေသည်။


www.burmeseclassic.com

www.burmeseclassic.com

အနုပညာရှင်တွေနှင့် ပရိသတ်တွေ လူးလားခေါက်တုံ့ တိုးဝှေ့ ပျော်ရွှင်နေကြသည့် ဆိုင်တန်း၏ အစွန်ဆုံးထောင့်တစ်နေရာတွင် 'မေးခွန်းဆိုင်' ဟု ဆိုင်းဘုတ်တင်ထားသော ဆိုင်ခန်းကလေးတစ်ခု ရှိနေသည်။

ဆိုင်ခန်းအပြင်ဘက်တွင် စားပွဲတစ်လုံးချထားပြီး ဗီဒီယိုဒါရိုက်တာကြီး ရတနာပုံစောဝင်းက ခုံခုံညားညားထိုင်နေသည်။ သူ့ရှေ့ရှိ စားပွဲပေါ်တွင်...

"ကြိုက်ရာမေးခွန်း မေး မဖြေနိုင်လျှင် ငွေပြန်အမ်းမည်။

မေးခွန်း (၃) ခု ၁၀၀၀ိ/ကျပ်

**မှတ်ချက်။** အစားအသောက်များ ယူဆောင်လာခြင်း မပြုရ။

အပြင်မှာ ထားခဲ့ပါ"

ဟု စက္ကူပိုစတာတွင် ရေးပြီး သေသေသပ်သပ် ထောင်ထားသည်။

ဆိုင်ရှေ့ရောက်လာသူတွေက အထဲသို့ လှမ်းကြည့်ကြသော်လည်း ဘာမှ မမြင်ရ။ ဆိုင်၏ဝဲယာ နံရံနှစ်ဖက်တွင် လိုက်ကာအပြည့်ကာထား၏။ ဈေးတန်းဘက်သို့ မျက်နှာမူထားသည့် အတွင်းနံရံကား သုံးထပ်သားပြား ဖြစ်ပြီး ထိုအပေါ်တွင် ဦးစောဝင်း၏ ကာတွန်းရုပ်ပြောင်ပုံတူကို ရေးဆွဲထားသည်။ မျက်စိနေရာမှာ မီးလုံးအနီရောင် တပ်ဆင်ထားသည်။

ရုပ်ပြောင်၏ ပါးစပ်နေရာတွင်တော့ အပေါက်ဖောက်ထား၏။ ထိုကာတွန်းပုံတူ၏ နောက်ဘက် အမှောင်ထဲတွင် ကုလားထိုင်တစ်လုံးဖြင့် ထိုင်နေရသူကတော့ စိုးရှား...။

မေးလာသမျှ မေးခွန်းတွေကို အပေါက်ဖောက်ထားသော ကယ်ရီကေးချားရုပ်ပြောင်၏ ပါးစပ်ပေါက်မှ ပြန်ဖြေပေးနေရ၏။

ပရိသတ်က လူပေါင်းစုံ ဖြစ်သောကြောင့် မေးလာသမျှ မေးခွန်း





တွေကလည်း အမျိုးမျိုး။ တစ်ချို့က တကယ်သိချင်၍ မေးသည်။ တချို့ကျတော့လည်း နောက်ချင် ပြောင်ချင်၍ မေးသည်။ တချို့ကျပြန်တော့လည်း မဖြေနိုင်အောင် တမင်ညစ်ပြီး မေးသည်။

ကောင်မလေးတစ်ယောက်က မေးသည်။

"တိရစ္ဆာန်တွေထဲမှာ အသိဉာဏ်အနည်းဆုံးသတ္တဝါလို့ သိပ္ပံပညာရှင်တွေက သတ်မှတ်ထားတာ ဘာအကောင်လဲ"

ကန့်လန့်ကာနောက်ကွယ်မှ စိုးရှားက...

"ကြက်ဆင်ပါ... မိုးရွာချလို့ တစ်ကောင်လုံး စိုနေရင်တောင် မိုးလွတ်တဲ့နေရာခိုဖို့ ဗီဇအသိဉာဏ် မပါလို့ပါပဲ..."

ဒုတိယမေးခွန်းက ပိုခက်လာသည်။

"လူအတော်များများက ဒီဇင်ဘာ ၂၅ ရက်နေ့ကို သခင်ယေရှုရဲ့ မွေးနေ့လို့ ပြောကြတယ်၊ ဒါပေမဲ့ ဂန္ထဝင်ကျမ်းတစ်အုပ်ထဲမှာ ကျတော့ ယေရှုကို မွေးတာဟာ မေလထဲမှာ ဖြစ်နေတယ်၊ ဘာဖြစ်လို့ အဲဒီလို ကွဲလွဲနေတာလဲ..."

စိုးရှားက...

"အစဉ်အဆက် လက်ဆင့်ကမ်းလာတဲ့ ယဉ်ကျေးမှုတွေ တစ်ခုနဲ့ တစ်ခု ရောနှောပေါင်းစပ်သွားလို့ပါ၊ တကယ်တော့ ဒီဇင်ဘာ ၂၅ ရက်နေ့ဟာ ခရစ်တော်မတိုင်ခင် ကိုးကွယ်ခဲ့ကြတဲ့ 'မစ်သရာ' နတ်ဘုရားရဲ့ မွေးနေ့ပါ၊ မစ်သရာနတ်ဘုရားဟာ ဒီဇင်ဘာ ၂၅ ရက်နေ့မှာ မွေးတယ်၊ သေတော့လည်း ဒီဇင်ဘာ ၂၅ ရက်နေ့မှာပဲ သေတယ်လို့ ယုံကြည်ကြပါတယ်၊ မစ်သရာဟာ သေပြီးတဲ့နောက် ကျောက်ဂူထဲမှာ အလောင်းကို ပိတ်လှောင်ခံထားရပြီး သုံးရက်မြောက်မှာ ရှင်ပြန်ထမြောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးမေးသည့် မေးခွန်းက တမင်ညစ်မှန်း အတော်သိသာ၏။

“ဝေသန္တရာဇာတ်ကို ဗုဒ္ဓဟာ ဘယ်အချိန် ဘယ်နေရာမှာ ဟောခဲ့တာလဲ...”

“ကဆုန်လဆုတ် (၁) ရက်၊ အင်္ဂါနေ့ပါ နေရာကတော့ နိဂြောဓာရုံကျောင်းတိုက်မှာပါ...”

မေးသည့် ပိန်ပိန်ရှည်ရှည် ကောင်မလေးကတော့ အံ့သြအူမြူးပြီး ပြန်ထွက်သွား၏။ ကန့်လန့်ကာနောက်ကွယ်မှ စိုးရှားကတော့ ချွေးပြန်လျက် ကျန်ရစ်သည်။

❒





ဆိုင်ရှေ့မှာ ပိုက်ဆံတွေအထပ်လိုက်သိမ်းရင်း အတည်ပေါက်ကြီး ကောင်းစားနေသူကတော့... ဦးစောဝင်း။

ပေါ့သေးသေးစောဝင်း မဟုတ်... သာမညောင်ည စောဝင်းမဟုတ်...

ရတနာပုံစောဝင်း...

အကြဲကတော့ ကြီးသည်။

“အစားအသောက်များ ယူဆောင်လာခြင်း မပြုရ၊ အပြင်မှာ ထားခဲ့ပါ”

ဟူသော ဆိုင်းဘုတ်ကို အကြောင်းမဲ့ချိတ်ဆွဲထားခြင်း မဟုတ်။ သေသေချာချာ အပိုင်တွက်ပြီးမှ ရေးထားခြင်းဖြစ်၏။

ပွဲဈေးတန်းလျှောက်သူတိုင်းလိုလိုက သူတို့နှင့် သိကျွမ်းပေါ်မိတ်ဆွေတွေ အနုပညာရှင်တွေရောင်းသော ဆိုင်များမှ အသားကင်တွေ မုန့်တွေ



www.burmeseclassic.com

www.burmeseclassic.com

ဝယ်လာခဲ့ကြသူတွေချည်း ဖြစ်သည်။

မေးခွန်းဆိုင်ထဲသို့ ဝင်မည်ဆိုသောအခါ လက်ထဲမှ စားစရာမုန့်သမျှကို ဦးစောဝင်းရှေ့က စားပွဲပေါ်မှာ ထားပစ်ခဲ့ရသည်။ မေးခွန်းသုံးခုမေးပြီး ပြန်ထွက်လာကြသည့်အခါတွင်တော့ တွေဝေအံ့ဩစိတ်တွေ၊ ချီးမွမ်းအူမြူး ပျော်ရွှင်စိတ်တွေဖြင့် စားစရာတွေကို ပြန်ယူဖို့ မေ့သွားကြသည်က များ၏။

အဲသည်လို တမင်အမေ့ခံထားသောမုန့်တွေ အသားကင်တွေကို ဘီယာဖြင့် မြည်းသူကတော့ ပုဂ္ဂိုလ်ကျော်ကြီး... ရတနာပုံစောဝင်း။

❑





'မေးခွန်းဆိုင်'လေး၏ သတင်းက ပွဲဈေးတန်းတစ်လျှောက် တစ်စထက် တစ်စပျံ့နှံ့သွားသည်နှင့်အမျှ ဆိုင်ရှေ့တွင် လူပိုအုံလာ၏။

အထူးသဖြင့် ပိုပြီး ကတ်သီးကတ်သတ်မေးမည့်လူတွေ၊ ပညာစမ်းသည့်လူတွေ အတော်များများ ရောက်လာကြသည်။

တစ်ချို့ကတော့ အငိုက်ဖမ်းသည့် မေးခွန်းတွေ မေးကြ၏။ ဥပမာ

"အိမ်သာကို အင်္ဂလိပ်ဝေါဟာရနဲ့ ဘယ်နှစ်မျိုးလောက် အခေါ်အဝေါ်ရှိသလဲ..."

စိုးရှားက အမြောက်အလီပေါင်း ရွတ်သလို ရွတ်ပြလိုက်သည်။

"လိုက်မှတ်ထားဗျာ...(၁) Toilet(၂) Latrine (၃) Lavatory (၄) bog (၅) necessary house (၆) bathroom (၇) cloakroom (၈) outhouse (၉) powder room (၁၀) privy (၁၁) Urinal



www.burmeseclassic.com

www.burmeseclassic.com

(၁၂) garderobe (၁၃) Sewer (၁၄) public convenience (၁၅) Wash room (၁၆) Water closet (၁၇) Wc (၁၈) Loo (၁၉) smallest room (၂၀) earth closet (၂၁) Netty ဆိုပြီး နှစ်ဆယ့်တစ်မျိုး ရှိတယ် ...”

တစ်ချို့ကျတော့လည်း သမိုင်းထဲက ဝိဝါဒမကွဲသည့် ကိစ္စများကို အပိုင်ချည်တုပ်ပြီး မေးခွန်းထုတ်ကြသည်။

“ဂူပြောက်ကြီးကိုတည်တဲ့ ရာဇကုမာရဟာ ဘယ်သူလဲ”

အဲသည်လိုမေးခွန်းမျိုးကိုတော့ ဆုတ်သာတက်သာအောင် နှစ်ခွ ဖြေရ၏။

“စောလူးမင်းနဲ့ မဏိစန္ဒာတို့ရဲ့သားဖြစ်မယ်လို့ ပညာရှင်တွေက သုံးသပ်ထားကြပါတယ်၊ ပါးစပ်ရာဇဝင်ထဲမှာတော့ ကျန်စစ်သားနဲ့ သမ္ဘူလတို့ရဲ့သား ဖြစ်တယ်လို့ အတော်များများက ယုံကြည်နေကြတုန်းပါပဲ”

ဂမ္ဘီရပညာကို စိတ်ဝင်စားသည့် တစ်ယောက်တလေလောက်က တော့ စိတ်ဝင်စားဖွယ်မေးခွန်းမျိုး မေးတတ်ကြသည်။

“အနောက်တိုင်း လောကီပညာရှင်တွေက (၁၃) ရက် သောကြာနေ့ ကို ကြောက်ရွံ့ကြတာ ဘာဖြစ်လို့လဲ”

“ဆော်လမွန်ဝတ်ကျောင်းတော်ထဲက ယေရှုခရစ်ရဲ့ သိုဝှက်သိမ်း ဆည်းထားတဲ့ ပစ္စည်းတွေနဲ့ လျှို့ဝှက်ချက်တွေကို ကာကွယ်စောင့်ရှောက် တဲ့အဖွဲ့ ရှိပါတယ်၊ သူတို့ကို ဝတ်ကျောင်းတော် မြင်းစီးသူရဲကောင်းများ (Knights Templar) လို့ ခေါ်တယ်။ သူတို့ဟာ ဘုရားကျောင်းပျက်ထဲက မြင်းဇောင်းမှာ အခြေချပြီး မြင့်မြတ်တဲ့မြေကို ကာကွယ်ကြတယ်။ နောက် ပိုင်းမှာ စတုတ္ထမြောက် ဖိလစ်ဘုရင်ဟာ သူတို့ကို သတ်မိန့်ထုတ်ပြန်ပြီး





၁၃၀၇ ခုနှစ်၊ အောက်တိုဘာလ (၁၃) ရက် သောကြာနေ့မှာ တိုက်ခိုက် မီးရှို့ သတ်ဖြတ်ခဲ့တယ်၊ အဲဒီကနေပြီးတော့မှ (၁၃) ရက် သောကြာနေ့ ဟာ ကံမကောင်းဘူး ဆိုတဲ့ အယူအဆ ပေါ်လာတာပါပဲ”

တစ်ချို့ကတော့ ယုံရကောင်းနိုး မယုံရကောင်းနိုး ဖြစ်နေသည့် ကိစ္စများကို သူ့ခိုးသေဖော်ညှိဖို့ မေးခွန်းထုတ်ကြခြင်း ဖြစ်၏။

“အနော်ရထာမင်းလက်ထက်မှာ အရည်းကြီးတွေရဲ့ ပန်းဦးလွှတ်တဲ့ ထုံးစံကို ဖျက်ပြီး ထေရဝါဒ ဗုဒ္ဓဘာသာကို ထူထောင်တယ်လို့ ရုပ်ရှင် ကားတစ်ကားထဲမှာ ကြည့်လိုက်ရတယ်၊ အဲဒါ ဟုတ်သလား”

“အနော်ရထာလက်ထက်မှာ အရည်းကြီး ဆိုတာ မပေါ်ပေါက်သေး ပါဘူး၊ ပုဂံခေတ်နှောင်းကျမှ အရည်းကြီးဆိုတာ ပေါ်တာပါ၊ ပန်းဦးလွှတ် တယ်ဆိုတဲ့ ဓလေ့ဟာလည်း ပါးစပ်ရာဇဝင်ပဲ ရှိပါတယ်၊ အထောက်အထား မတွေ့ပါဘူး၊ ဗုဒ္ဓဘာသာဆိုတဲ့ အသုံးအနှုန်း ဝေါဟာရကလည်း ကုန်း ဘောင်ခေတ် ဘိုးတော်မင်း လက်ထက်ကျမှ ပေါ်တာပါ၊ အဲဒီမင်း မတိုင် ခင်က သမ္မာဒိဋ္ဌိဘာသာလို့ပဲ ခေါ်ပါတယ်”

ကြာလာသည်နှင့်အမျှ မေးခွန်းတွေက ပိုပိုပြီး ခက်လာသည်။ ဗိုးရှားကတော့ ဆိုင်အဝင်ဝမှာ ထိုင်ပြီး လူတွေ တစ်ယောက်ပြီး တစ်ယောက် သွင်းနေသည့် သူ့ဦးလေးဆီပြေးသွားပြီး ‘တော်ပါတော့’ ဟု ကုန်းအော်ပစ် လိုက်ချင်နေသည်။

သူ့ဝဋ်ဒုက္ခကလည်း မသေးလှ။

□ □ □


www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ရှေ့စားပွဲတွင် ထိုင်ရင်း ဘီယာကို တစ်ငုံစုပ်လိုက် အသားကင် တစ်ကိုက်ဖဲ့လိုက် လုပ်နေသော ဦးစောဝင်းကား သူ့ရှေ့တွင် လာရပ်သော မိန်းကလေးတစ်ယောက်ကို မြင်လိုက်ရသောအခါ မျက်လုံးပြူးသွား၏။

ဆိုဖီယာ လပြည့်ဝန်း...။

ဟောသည်ကောင်မလေးက မြနန္ဒီ၏ တူမလေး...။ ဆိုဖီယာ လပြည့်ဝန်းနှင့် အတူပါလာသော ဆံပင်အဖြောင့်နှင့် မိန်းမပျိုလေးကိုတော့ ဦးစောဝင်း မှတ်မိနေသည်။ စောစောကလေးတင် ပိုက်ဆံတစ်ထောင်ဖိုး မေးခွန်းသုံးခုမေးပြီး ပြန်ထွက်သွားခဲ့သည်ပဲ။ (ဇီစီဒီသရုပ်ဆောင်လား မော်ဒယ်လား မသိ။ သူ နာမည်မေ့နေသည်။)

ဆိုဖီယာလပြည့်ဝန်းကိုတော့ ဦးစောဝင်းက ပျာပျာသလဲ နှုတ်ဆက်လိုက်၏။

"သမီး ဆိုင်တွေ လျှောက်ကြည့်နေတာလား..."

"ဟုတ်တယ် ဦး... တခြားဆိုင်တွေကိုတော့ ဝိုင်းကူပေးခဲ့ပြီးပြီ၊ ဦးရဲ့ဆိုင်က စိတ်ဝင်စားဖို့ကောင်းတယ်... ဆိုပြီး ဟောဒီက ဖေရယ်က အတင်းဆွဲခေါ်လာလို့..."

သူမဘေးမှ ပိန်ပိန်သွယ်သွယ် မော်ဒယ်မလေးကို လက်ညှိုးထိုးပြပြီး ဖြေသည်။ ဦးစောဝင်းက ထုံးစံအတိုင်း ဟက်... ဟက်... ဟက်... ဟု ရယ်မောလိုက်ရင်း...

"သမီးရဲ့အန်တီလေးကော မပါဘူးလား..."

အလိုက်ကန်းဆိုးမသိစွာဖြင့် သူ့လိုရင်းကိုသာ အတင်းဇွတ်မေး လေတော့သည်။ ဆိုဖီယာလပြည့်ဝန်းကတော့...

"ပါတယ် ဦးရဲ့... အန်တီလေးက နောက်မှာကျန်ခဲ့လို့... ဟော





ဟိုမှာ လာနေပြီ..."

သူ့ဆိုင်ခန်းရှိရာဆီသို့ လျှောက်လာနေသော မြနန္ဒီကို တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် ဦးစောဝင်းတစ်ယောက် ထရမလို ထိုင်ရမလို လက်သီးလက်မောင်းတန်းပြီး ဟစ်ကြွေးလိုက်ရတော့မလိုလို... ကိုယ့်အသား ကိုယ်ပြန်ကုန်းကိုက်ရတော့မလိုလို... ဘာဖြစ်ချင်မှန်း မသိအောင်ကို ဂနာမငြိမ်ဖြစ်နေလေတော့သည်။

"ဘယ်လိုလဲ... ဒါရိုက်တာကြီး ရန်ပုံငွေတွေ တော်တော်ရနေပြီလား..."

မြနန္ဒီက လေသံချိုမြမြဖြင့် နှုတ်ဆက်လိုက်သည်။ ဦးစောဝင်းက...

"ဟက်... ဟက်... သိပ်အများကြီးတော့ မရသေးဘူး ဒီ၊ သုံးသောင်းနီးနီးလောက်တော့ ရှိနေပြီ၊ အလှူငွေကို အခုတစ်ခါတည်း ဒီ့လက်ထဲကိုပဲ အပ်လိုက်တော့မယ်လေ နော်..."

"ဟင့်အင်း... မယူသွားသေးဘူး... ပွဲပြီးတော့မှပဲ စာရင်းနဲ့ အပ်လေ... ကျွန်မလည်း အဲဒီတော့မှ ဆိုင်ခန်းတစ်ခန်းစီက ဘယ်လောက်ရတယ်ဆိုပြီး တွက်လို့ အဆင်ပြေမှာ..."

"အိုကေ... အိုကေ... ဒီ့သဘောအတိုင်း ဖြစ်စေရမယ်"

ဦးစောဝင်းတစ်ယောက် ပျာလောင်ခတ်နေချိန်တွင် ဆိုဖီယာလပြည့်ဝန်းကတော့ ဆိုင်ခန်းအဝရှိ ဆိုင်းဘုတ်ကိုကြည့်ပြီး မျက်မှောင်ကုပ်နေ၏။

ထိုနောက် သူမ၏သူငယ်ချင်း ဖေရယ်ကို အသာအယာလက်ကုတ်ပြီး တိုးတိုးမေးသည်။

"ဘာလဲဟ... မေးခွန်းသုံးခုကို တစ်ထောင်ကျပ် ဆိုတော့ ဈေးဆရာလား"



www.burmeseclassic.com

www.burmeseclassic.com

ဇပရယ်က…

"ဟာ… မဟုတ်ဘူးဟ… ဟိုဒင်း ငါလည်း ဘယ်လိုရှင်းပြရမလဲ တောင် မပြောတတ်တော့ဘူး၊ နင့်ဘာသာနင်ပဲ ဝင်သွားပြီး ကြိုက်တဲ့ မေးခွန်းသုံးခု မေးကြည့်ပေတော့၊ သူ မဖြေနိုင်လောက်ဘူးထင်တဲ့ဟာတွေ မေးကြည့်ဟာ၊ ဒါတောင်မှ ဖြေနိုင်သေးတယ် ဆိုရင်လည်း တစ်ထောင် ပေးရတာ တန်ပါတယ်၊ သူမဖြေနိုင်ရင်တော့ ကိုယ့်ပိုက်ဆံ ကိုယ်ပြန်ယူပြီး ထွက်လာရုံပေါ့…"

ဆိုဖီယာလပြည့်ဝန်း၏ မျက်ခုံးမွေးနက်နက်တစ်စုံက အလယ်သို့ ပိုပြီးကွေးညွတ် စုဝင်သွားကြ၏။

"မေးခွန်းတွေကို ဖြေပေးနေတာ ဘယ်လိုလူစားလဲ…"

ဟု သူမ သိချင်လာသည်။ ထို့ကြောင့် ဆိုဖီယာလပြည့်ဝန်းက သူမ၏ပိုက်ဆံအိတ်ထဲမှ တစ်ထောင်တန် ငွေစက္ကူတစ်ရွက်ကို ထုတ်ယူကာ အလှူခံပုံးထဲသို့ ထည့်လိုက်၏။

ထိုနောက် သူမ အခန်းထဲသို့ လှမ်းဝင်လိုက်တော့သည်။

□





အခန်းထဲသို့ ဝင်လာသူကို ကာတွန်းရုပ်၏ ပါးစပ်ပေါက်မှတစ်ဆင့် စိုးရှားဘက်ကတော့ လှမ်းမြင်နေရ၏။

သူမ ဘယ်သူလဲ…

သူမ ဘယ်သူလဲ…

စိုးရှား၏ဦးနှောက်ထဲမှာ မေးခွန်းတစ်ခုတည်းသာ ထပ်တလဲလဲ ပေါ်နေသည်။ ဒီလောက် ဆွဲဆောင်မှုကောင်းလွန်းသည့် မိန်းကလေးကို သူ တစ်ခါမှ မမြင်ဖူးပါ။

ဒီတစ်ညတာကာလအတွင်း ပျော်ပွဲဈေးတန်းထဲမှာ ဟော့ဒီဆိုင်ခန်း လေးအတွင်းမှာ ရုပ်ရှင်မင်းသမီးတွေ ဗီဒီယိုမင်းသမီးတွေ မော်ဒယ်တွေ အများကြီး သူ့မျက်စိရှေ့က ဖြတ်သန်းသွားခဲ့ကြပြီးပြီ။

စိုးရှားစိတ်ထဲတွင် ဘယ်လိုမှ မနေ။


www.burmeseclassic.com

www.burmeseclassic.com

မြေတစ်ခဲ သဲတစ်မှုန်စာမျှပင် မတုန်လှုပ်ခဲ့။

အခုဝင်လာသည့် မိန်းကလေးကတော့ (ဘယ်အစိတ်အပိုင်းက စွဲမက်စရာ ကောင်းနေသလဲတော့ မသိ) ထူးထူးခြားခြားဖြစ်နေသည်ကိုတော့ ကျိန်ဆိုပြီး ပြောနိုင်၏။

ဆံပင်တွေက မီးလျှံလို တောက်ပနေသည်။

မျက်နှာကလည်း ကဲ့ကော်ရောင် မီးတောက်မီးလျှံတစ်ခုနှင့် တူနေ၏။ တစ်ကိုယ်လုံး အနက်ရောင်ပွပွ ဖားလျားကို ဖရိုဖရဲဝတ်ပြီး ခါးမှာ အနီရောင်ပိုးကြိုး စည်းထားသည်။ တစ်ချက်မှ ခြေလှမ်းတွန့်မသွားသည့် ခြေထောက်တွေမှာလည်း ဖိနပ်ဦးချွန် အနီရောင်။

သာမန်မိန်းမတစ်ယောက်လိုမျိုး မဟုတ်ဘဲ ဂရိပုံပြင်ထဲက စစ်သူရဲကောင်းမတစ်ယောက်နှင့် တူနေသည်။

(ဒါမှမဟုတ် သူ အလွန်အမြင်ကတ်သည့် ပင်လယ်ဓားပြတစ်ယောက်နှင့် တူနေခြင်းလည်း ဖြစ်နိုင်ပါသည်)

သူမ၏ညာဘက်ပါးပြင်ပေါ်မှာတော့ ထင်ရှားသော အစိမ်းရောင်မှဲ့တစ်လုံး။

သေချာသည်ကတော့ သူမ သိပ်လှသည်။

သူမ၏အခန်းထဲမှာ မီးလောင်၍ မီးသတ်သမား ဝင်ငြိမ်းရလျှင်တောင် သူမကို မြင်လျှင်မြင်ချင်း လောင်နေသည့် မီးကို လုံးဝမေ့လျော့သွားစေနိုင်လောက်အောင် လှသည်။

အဲသည်လောက်ပါပဲ...

မှဲ့စိမ်းရှင်မရယ်...

သိပ်လှသောကောင်မလေးတစ်ယောက်ကို မြင်လိုက်ရသောကြောင့်





စိုးရှား၏နှလုံးခုန်သံတွေ မြန်မသွား။ အေးစက်မြဲ အေးစက်လျက်သာရှိသည်။

စိုးရှား နှုတ်ခမ်းကို တင်းတင်းကိုက်ပြီး ဆိုဖီယာလပြည့်ဝန်းကို မျက်မှောင်ကုပ်ကာ စိုက်ကြည့်နေသည်။

❐



www.burmeseclassic.com

www.burmeseclassic.com

ဆိုဖီယာလပြည့်ဝန်းက ကာတွန်းရုပ်ဆွဲထားရာ နံရံ၏ရှေ့တွင်ရှိသော ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။

ကာတွန်းရုပ်ကြီး၏ ပါးစပ်နေရာတွင်ရှိသော အပေါက်ကနေပြီး အတွင်းမှ တစ်စုံတစ်ယောက်က စိုက်ကြည့်နေမှန်း သူမ အာရုံခံစားသိဖြင့်သိသည်။ သူမက ပြန်ကြည့်သော်လည်း အတွင်းဘက်ပိုင်းမှာ မှောင်မိုက်နေသဖြင့် လူကို သဲသဲကွဲကွဲ မမြင်ရ။

ဆိုဖီယာလပြည့်ဝန်းက ပထမမေးခွန်းကို စမေးလိုက်၏။

"ကြက်ဥထဲက ကြက်ကလေးဟာ ဥမပေါက်ခင်မှာ လေကို ဘယ်လိုရှူသလဲ"

အထဲမှဖြေသံက တုံ့ဆိုင်းခြင်းမရှိဘဲ ချက်ချင်းထွက်ပေါ်လာသည်။

"လေဟာ ဥခွံကို ဖြတ်သန်းပြီး အထဲကို စိမ့်ဝင်ပါတယ်"





အဖြေက မှန်နေသည်။

ဒီလူ ဘယ်လိုလုပ်ပြီး သိတာလဲ။ ရမ်းဖြေလိုက်လို့ တိုက်ဆိုင်သွားတာများလား။

သူမက နှုတ်ခမ်းလွှာကို ဖားသွားလို မာကျောစွာ စေ့လိုက်သည်။ ထိုနောက် ဒုတိယမေးခွန်းကို မေး၏။

"ဓာတ်ကြိုးဆယ်ဘွဲ့မှာပါတဲ့ မဟောသဓော ဘာလူမျိုးလဲ"

သေချာသည်။ ဒီမေးခွန်းကိုတော့ ဖြေနိုင်စရာ အကြောင်းမရှိ။ သူမစိတ်ထဲမှာ ကျိတ်ပြီး ပြုံးလိုက်သည်။

သို့သော်... သူမ၏အပြုံးတစ်ဝက်မှာပင် ကန့်လန့်ကာနံရံနောက်ကွယ်မှ အဖြေစကားသံ ထွက်ပေါ်လာ၏။

"တရုတ်လူမျိုး"

သူမတစ်ကိုယ်လုံး အကြောတွေ တင်းခနဲဖြစ်သွားသည်။ မှန်သွားပြန်ပြီ။ ဒီလူ ဘာဖြစ်လို့ သိနေရတာလဲ... ဒီလူ ဘာဖြစ်လို့ သိနေရတာလဲ...

တတိယမေးခွန်းကို မေးဖို့ သူမ အသေအချာ ပြင်ဆင်ရပြီ။

ရည်ရွယ်မထားပါဘဲနှင့် သူမ၏စိတ်ထဲမှာ စီးချင်းထိုးနေသလိုမျိုး အမည်မသိ လူတစ်ယောက်နှင့် ပြိုင်ဆိုင်နေမိသည်။

□ □ □


www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးမေးခွန်းကို ဆိုဖီယာလပြည့်ဝန်းက မေးလိုက်၏။

"လီယိုနာဒိုဒါဗင်ချီ ဆွဲခဲ့တဲ့ ပန်းချီကားတွေထဲမှာ မိုနာလီဇာ ဆိုတဲ့ ပန်းချီကားဟာ အရမ်းထူးခြားတယ်လို့ နာမည်ကြီးတယ်လေ၊ အဲဒီ ပန်းချီကားကို ပုံတူအဆွဲခံတဲ့ မိုနာလီဇာ ဆိုတဲ့ အမျိုးသမီးဟာ ဘယ်သူလဲ"

ဒီတစ်ခါတော့ ခဏကြာအောင် တိတ်ဆိတ်နေ၏။ နောက်... လေးနက်ပီသသောအသံဖြင့် စကားတစ်လုံးချင်း ဖြည်းဖြည်းမှန်မှန်ဖြေသည်။

"မိုနာလီဇာ ဆိုတာ မိန်းမတစ်ယောက် မဟုတ်ပါဘူး၊ အဲဒီပန်းချီကားဟာ လီယိုနာဒိုဒါဗင်ချီကိုယ်တိုင် သူ့ပုံတူကို သူ မိန်းမအဝတ်အစားဝတ်ပေးပြီး အမျိုးသမီးအသွင်အပြင်ပုံပေါက်အောင် ဆွဲထားတာပါ၊ လီယိုနာဒိုဒါဗင်ချီဟာ တစ်ခါ တစ်ခါ မိန်းမစိတ်ပေါက်နေတဲ့ Homosexual တစ်ယောက်ပဲ..."

"ဘာ... ဒါ မဖြစ်နိုင်ဘူး... လုံးဝမဖြစ်နိုင်ဘူး... ရှင် ဘာအထောက်အထားနဲ့ ပြောတာလဲ..."

အံ့သြတုန်လှုပ်စိတ်ကြောင့် သူမကိုယ် သူမပင် စိတ်မထိန်းလိုက်နိုင်ပဲ ချောက်ချားစွာ အော်ဟစ်လိုက်မိသည်။

ဒီအဖြေသည် လူတွေ အလန့်တကြားဖြစ်သွားနိုင်လောက်သော ပြဿနာအကြီးကြီး ဖြစ်၏။

ထို့ကြောင့် သူမက...

"ဒီ... ဒီအဖြေဟာ တကယ်... တကယ် ဟုတ်လို့လား..."

နံရံနောက်ကွယ်မှ ဘာသံမှ ထွက်ပေါ်လာခြင်း မရှိတော့ချေ။

မေးခွန်းသုံးခု ပြည့်သွားပြီမှန်း သူမ နားလည်လိုက်သည်။

□





အောက်နှုတ်ခမ်းသားကို တင်းတင်းဖိကိုက်ကာ အခန်းထဲမှ ချာခနဲ လှည့်ထွက်ခဲ့တော့သည်။

■


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

စည်ကားနေသော ပွဲတော်ဈေးတန်းတစ်လျှောက် သူမ တစ်လှမ်းချင်း ဖြည်းဖြည်းလျှောက်နေမိသည်။

ဆူညံသော သီချင်းသံတွေကိုလည်း သူမ မကြား။ ကျိတ်ကျိတ်တိုး နေသည့်လူတွေကိုလည်း သူမ မမြင်တော့။

ဆိုဖီယာလပြည့်ဝန်းက သူမတစ်ကိုယ်တည်းကြားသာရဲ့ 'တောက်' တစ်ချက်ကို တိုးတိုးဖွဖွ ခေါက်မိသည်။ ဘာကို အလိုမကျဖြစ်နေမိမှန်း သူမကိုယ် သူမလည်း ဝေခွဲမရ။

လူတစ်ယောက်ဟာ မေးသမျှ မေးခွန်းတွေအားလုံးကို ဖြေနိုင်တယ် ဆိုတာ လုံးဝ ယုတ္တိမရှိဘူး။

သူမ၏ မာနက ခါးခါးသီးသီး ငြင်းပယ်နေ၏။

ဖြစ်နိုင်လျှင် အမည်မသိရသော ထိုသူ့ကို အနိုင်ယူချင်သည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

ထိုသူ လုံးဝမဖြေနိုင်မည့် မေးခွန်းတွေမေးပြီး သူမ၏ ဆာလောင်မွတ်သိပ်နေသော မာနကို အစာကျွေးချင်သည်။

“မသိဘူး…”

ဟု ဖြေလာမည့် ထိုသူ့စကားသံကို နားထောင်ပြီး သူမ နှစ်နှစ်ခြိုက်ခြိုက် ရယ်မောပစ်လိုက်ချင်သည်။

ငါ… သူ့ကို ဘာမေးခွန်းတွေ မေးရမလဲ။

စဉ်းစားစမ်း… ဘယ်လိုမေးခွန်းမျိုးတွေ မေးရင် ကောင်းမလဲ…။

▢





နောက်ထပ် မိနစ်နှစ်ဆယ်ခန့်အကြာတွင် မေးခွန်းဆိုင်လေးရှေ့သို့ ဆိုဖီယာလပြည့်ဝန်း ပြန်ရောက်လာသည်။

ပိုက်ဆံတွေကို ရေတွက်ရင်း ငွေစက္ကူအထပ်လိုက်တွေကို အိပ်ကပ်ထဲ ထိုးထည့်နေသည့် ဦးစောဝင်းက တအံ့တသြမော့ကြည့်ကာ…

“ဟော… သမီး… ဆိုဖီယာ စောစောက တစ်ခေါက်လာသွားသေးတယ် မဟုတ်လား…”

“အင်း… ဟုတ်တယ် ဦးရဲ့… မေးစရာတွေ များလွန်းလို့ အခုနောက်တစ်ခေါက် ထပ်လာတာ…”

“အေး… အေး…”

ဦးစောဝင်းကတော့ ပြောပြီး ခေါင်းငုံ့လျက် ပိုက်ဆံ ဆက်ရေနေသည်။

ဆိုဖီယာလပြည့်ဝန်းက အလှူခံပုံးထဲသို့ ပိုက်ဆံတစ်ထောင်ထည့်ပြီး အခန်းထဲသို့ မာကျောသောခြေလှမ်းများဖြင့် လှမ်းလျှောက်ဝင်ခဲ့တော့သည်။

▢


www.burmeseclassic.com

www.burmeseclassic.com

ကာတွန်းရုပ်ပြောင်၏ ပါးစပ်ပေါက်မှတစ်ဆင့် မဲ့စိမ်းရှင်မကလေးကို လှမ်းမြင်လိုက်ရသောအခါ စိုးရှားစိတ်ထဲတွင် ပျော်ရွှင်ရမလိုလို တစ်စုံတစ်ရာကို စိုးရိမ်ကြောင့်ကြရတော့မလိုလို ဝေဒနာတစ်ခု ခံစားလိုက်ရသည်။

သူမ ဘာဖြစ်လို့ ပြန်လာတာလဲ။

စိုးရှား၏ဦးနှောက်ထဲတွင် အဓ္ဓ ရာယ်သတိပေး ခေါင်းလောင်းသံတွေ ဆူညံစွာ မြည်ဟီးသွားကြသည်။

သူ့ထံမှာ မေးခွန်းသုံးခု မေးသွားသူတွေအားလုံး မည်သူမျှ နောက်တစ်ကျော့ပြန်လာသည့် ထုံးစံမရှိပါ။ အားလုံးက ရယ်ရယ်မောမောနှင့် အပျော်သဘော မေးသွားကြသူတွေသာ ဖြစ်၏။

အခု... ညာဘက်ပါးပြင်ပေါ်က မဲ့ကလေးနှင့် မိန်းမပျိုကတော့ အဲသည်လို ဟုတ်ပုံမရပါ။

ဝင်လာကတည်းက သူမ၏မျက်နှာက တိုက်ပွဲဝင်ဖို့ ပြင်ဆင်လာပုံမျိုးဖြစ်နေ၏။

ဂရိရာဇဝင်ထဲက ဓားလုံ ဒိုင်းမြားကိုင်စွဲထားသော အသီးနား (ATHENA) စစ်နတ်သမီး ဆိုသည်မှာ ဟောသည်ကောင်မလေးလိုမျိုး ဖြစ်မှာပါပဲ... ဟု စိုးရှားတွေးလိုက်မိ၏။

တိုက်ခိုက်ချေမှုန်းခံရတော့မည့် ခံစားချက်မျိုးဖြင့် သူ အသင့်ပြင်ဆင်ထားလိုက်လေတော့သည်။

□



ဆိုဖီယာလပြည့်ဝန်းက သူမ၏စူးရှတောက်ပသော မျက်ဝန်းအစုံဖြင့် ကာတွန်းရုပ်ပြောင်ရေးဆွဲထားသည့် သုံးထပ်သားနံရံနောက်ဘက်ကို ဖောက်ထွင်းသွားမတတ် စိုက်ကြည့်ရင်း ပထမမေးခွန်းကို စမေးလိုက်သည်။

"သုညဟာ 'စုံ' လား 'မ' လား"

စိုးရှား၏စိတ်ထဲတွင် အသက်ရှူကျပ်သလို ခံစားလိုက်ရသည်။ ဒါ သချာမေးခွန်းမဟုတ်မှန်း သူသိနေ၏။

ဒီလိုမေးခွန်းမျိုးကို တာအိုကျမ်းတွေထဲမှာ သူဖတ်ဖူးသည်။ သုညသည် အလုံးစုံသော စကြဝဠာသဘောဖြစ်၏။ အရာရာတိုင်းသည် ဘာမှမရှိသော ဗလာထဲမှ ထွက်ပေါ်လာရခြင်း ဖြစ်သည်။

ဒီမေးခွန်းသည် အဖြေမရှိသောမေးခွန်းမျိုး ဖြစ်သည်။ တရားဉာဏ် အလင်းပွင့်ဖို့ ရည်ရွယ်ပြီးမေးသော မေးခွန်းဖြစ်သည်။ လူ့ပင်ကိုယ်သိစိတ်


www.burmeseclassic.com

www.burmeseclassic.com

ဖြင့် ဖြေစရာစကားလုံး မရှိချေ။

ထို့ကြောင့် စိုးရှားက သက်ပြင်းချရင်း...

"မသိဘူး..."

ထိုအဖြေစကား၏ အဆုံးတွင် ဆိုဖီယာလပြည့်ဝန်း၏ နှုတ်ခမ်းမှ ထွက်ပေါ်လာသည့် အနည်းငယ်ကော့ညွတ်ကာ ပြုံးယောင်ယောင်အရိပ်တစ်ခုဖြတ်သန်းသွား၏။

ထို့နောက် သူမက အထက်စီးရနေသူတစ်ဦး၏ လေသံဖြင့်...

"ဒါဆို ဒုတိယမေးခွန်းကို ဆက်ပြီး မေးမယ်၊ သေသေချာချာ စဉ်းစားပြီး ဖြေပါ..."

စိုးရှားအတွက် ပြောစရာ စကားမရှိ။ ထို့ကြောင့် တိတ်ဆိတ်နေလိုက်သည်။ ဆိုဖီယာလပြည့်ဝန်းက...

"လေဟာ မတိုက်တဲ့အချိန်မှာ ဘာလုပ်နေသလဲ"

ဒါလည်း တာအိုပုစ္ဆာတစ်ပုဒ်ပင် ဖြစ်သည်။ ဒီတစ်ခါတော့ စိုးရှား သက်ပြင်းချမနေတော့။ သူ့စိတ်ကို လျှော့ထားလိုက်ပြီ ဖြစ်၏။ စိုးရှားက

"မသိဘူး..."

ဒီတစ်ကြိမ်မှာတော့ သူမ အနိုင်ရသည့် ဝမ်းမြောက်မှုကို ဟန်ဆောင်ဖုံးကွယ်ခြင်းပင် မရှိတော့။ သိသိသာသာ ပြုံးလိုက်သည်။

စိုးရှားကတော့ သူ့တစ်ကိုယ်လုံးတစ်စစီပဲ့ကြွေကျနေသလို ခံစားရ၏။ ရှုံးနိမ့်ရတဲ့ အရသာဆိုတာ ဒီလိုပဲ အခံရ ဟော်တော်ဆိုးသလား။

ဆိုဖီယာလပြည့်ဝန်းက သူမ၏မျက်နှာကို ပြန်ပြီး တည်လိုက်သည်။ နောက်ဆုံး အမိန့်ချတော့မည့် တရားသူကြီးမတစ်ယောက်၏ ဣန္ဒြေမျိုး။ ဒါမှမဟုတ်လျှင်လည်း...

ကြောင်နှစ်ကောင်စာအုပ်တိုက်


www.burmeseclassic.com

ပွဲသိမ်းစားချက်ကို ခုတ်ပိုင်းချလိုက်ဖို့ ကင်ဒိုဓားကို လက်နှစ်ဖက်ဖြင့် စုံကိုင်ကာ မြှောက်ထားသည့် ဆာမူရိုင်းသူရဲကောင်းတစ်ယောက်၏ သမာဓိမျိုး။

"ကဲ... နောက်ဆုံးမေးခွန်း မေးမယ်..."

သူမ၏အသံက အေးစက်စက် ထွက်ပေါ်လာသည်။ စိုးရှားကတော့ သူမ၏ပွဲသိမ်းဓားချက်အောက်တွင် လည်စင်းပေးလိုက်ဖို့ အသင့်ဖြစ်နေလေပြီ။

ဆိုဖီယာလပြည့်ဝန်းက...

"ကိုယ့်ဖခင်ကို 'သြော် ဒီလူကြီးဟာ ငါ့အဖေပါလား' လို့ ကိုယ့်စိတ်ထဲက ပထမဦးဆုံး စပြီးသိလိုက်တဲ့ နေ့ရက်ကို မှတ်မိသလား"

ရက်စက်လိုက်တဲ့ မိန်းမ... မေးခွန်းရိုးရိုးကလေး သုံးခုတည်းနဲ့ ငါ့ကို အနိုင်ယူသွားတယ်။ နင်ဟာ မကောင်းဆိုးရွားမလေးပဲ။

စိုးရှားက မှောင်ထဲမှာပင် ဦးခေါင်းကို ခါရမ်းလိုက်သည်။ ထို့နောက်

"မသိဘူး..."

ဆိုဖီယာလပြည့်ဝန်းက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။ ထို့နောက်...

"ရှင် ဘယ်သူလဲ"

"ဒါက စတုတ္ထမြောက်မေးခွန်းဖြစ်သွားပါပြီ"

စိုးရှား၏အသံက အေးတိအေးစက်။ သူ့စိတ်ကို ဗလာဖြစ်အောင် ဘာကိုမှ မတွေးမိဘဲနေဖို့ ကြိုးစားနေ၏။

ဆိုဖီယာလပြည့်ဝန်းကတော့ နံရံနောက်ဘက်ဆီ ဖောက်ထွင်းနိုင်လောက်သည့် စူးရှမှုမျိုးဖြင့် တစ်ချက်လှမ်းကြည့်ရင်း ပေါ့ပေါ့ပါးပါးပင် ချာခနဲ လှည့်ထွက်သွားသည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

အခုလိုကျတော့လည်း သူမသည် နွေဦးသီချင်းကို ဆိုသော ငှက်ကလေးတစ်ကောင်နှင့် တူနေလေပြန်တော့သည်။

သူမက ဦးစောဝင်း၏ စားပွဲရှေ့တွင် ရပ်လိုက်ပြီး လက်ဝါးဖြန့်က...

"ကဲ... ပိုက်ဆံပြန်အမ်းတော့..."

ဦးစောဝင်းက သူမ၏ စကားသံကြောင့် တအံ့တသြဖြစ်သွားပြီး အခန်းတွင်းသို့ လှမ်းကြည့်လိုက်သည်။ သူ့ပုံတူ ကာတွန်းရုပ်၏ မျက်လုံးနေရာမှာ အနီရောင်မီးလုံးကလေး လင်းနေသည်ကို တွေ့ရ၏။

အဓိပ္ပာယ်ကတော့ စိုးရှားက မေးခွန်းတွေကို သူ ဖြေဆိုနိုင်ခြင်း မရှိကြောင်း အချက်ပေးလိုက်သည့် သင်္ကေတ။ တစ်နည်းအားဖြင့် ပြောရလျှင် စိုးရှား၏ ရှုံးနိမ့်မှု...။

ဦးစောဝင်းက ဆိုဖီယာလပြည့်ဝန်းကို ထူးဆန်းသည့် သတ္တဝါတစ်ကောင်လို တအံ့တသြ ငေးကြည့်နေမိသည်။ သူ အထင်ကြီးထားသော သူ့တူစိုးရှားကို အနိုင်ယူသွားသည်မှာ ဒီလိုကောင်မလေးတဲ့လား...။

နောက်... ဦးစောဝင်းက သူ့အင်္ကျီအိတ်ကပ်ထဲမှ တစ်ထောင်တန် ငွေစက္ကူနှစ်ရွက်ကို ထုတ်ယူပြီး ဆိုဖီယာလပြည့်ဝန်း၏ ဖြန့်ထားသော လက်ဖဝါးထဲ ထည့်ပေးလိုက်၏။

ဆိုဖီယာလပြည့်ဝန်းက ပြုံးလိုက်သည်၊

ထိုနောက် ပြန်အမ်းပေးသော ပိုက်ဆံအားလုံးကို အလှူခံပုံးထဲသို့ ထည့်လိုက်ပြီး မေးခွန်းဆိုင်လေးကို ကျောခိုင်းကာ လှည့်ထွက်ခဲ့လေတော့သည်။

ခြေလှမ်းတိုင်းသည် ဂီတဆန်နေလေသည်။

▢





စိုးရှားက နံရံနောက်ကွယ်မှ ထွက်လာသည်။

အကြောင်းသား ငေးကြည့်နေသော သူ့ဦးလေးထံသို့ ဖြည်းဖြည်းချင်း လျှောက်လာပြီး အနီးမှာ လာရပ်၏။ ထိုနောက် အပြင်ဘက်ဆီ ရောက်သွားလောက်ပြီဖြစ်သည့် တစ်စုံတစ်ယောက်ကို မျှော်ငေးသလို လှမ်းကြည့်လိုက်ရင်း...

"သွားပြီလား..."

"အင်း..."

ဟု ဦးစောဝင်းက ဖြေလိုက်သည်။ ထိုနောက် ဆက်မေးလာဦးမည့် မေးခွန်းတွေကို ပြောဖို့ တိတ်ဆိတ်စွာပင် စောင့်ဆိုင်းနေလိုက်၏။

ထင်ထားသည့်အတိုင်းပင် စိုးရှားက မေးခွန်းထုတ်လာသည်။

"အဲဒီကောင်မလေးက ဘယ်သူလဲ ဦးလေး..."



www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ... မင်း စိတ်ဝင်စားသွားပြီလား..."

"ကိုယ့်ဘက်က ပိုက်ဆံတတ်နိုင်တဲ့အခါကျရင် အိမ်မှာခေါ်ပြီး မွေးထားချင်တဲ့ တိရစ္ဆာန်လေးတစ်ကောင်ကို နာမည်သိအောင် မေးထားတဲ့ သဘောပါ..."

"အပြောကြီးပုံကတော့ကွာ သောက်မြင်ကတ်စရာ ကောင်းလိုက်တာ၊ အခု မင်းပြောနေတာ ဘယ်သူလဲ သိရဲ့လား၊ အဲဒါ မြနဒီရဲ့တူမကွ၊ သူ့နာမည်က ဆိုဖီယာလပြည့်ဝန်းတဲ့..."

"ဩော်... ဆိုဖီယာလပြည့်ဝန်းတဲ့လား..."

ဆိုဖီယာ (SOPHIA) ဟူသော ဝေါဟာရသည် ဂရိဘာသာစကားဖြင့် အသိဉာဏ်ပညာ (WISDOM) ဟု အဓိပ္ပာယ်ရပါသည်။

သူမနှင့် အလွန်လိုက်ဖက်သော နာမည်ဖြစ်သည်ဟု စိုးရှားစိတ်ထဲမှ ကျိတ်ပြီး အသိအမှတ်ပြုလိုက်၏။

'ဉာဏ်ပညာ' ဆိုသော ဂရိဝေါဟာရကို ကိုယ်စားပြုသည့် နောက်ထပ်စကားလုံးတစ်လုံး ရှိသေးသည်။ ယင်းစကားလုံးမှာ ပန်းသီး (APPLE) ဖြစ်လေသည်။

ကမ္ဘာမြေဆွဲအားကို ရှာဖွေတွေ့ရှိခဲ့သော သိပ္ပံပညာရှင်ကြီး နယူတန်သည် သူ့ဦးခေါင်းပေါ် ပန်းသီးကြွေကျသည်ကို အကြောင်းပြုပြီး ထိုနိယာမကို ဖော်ထုတ်ခဲ့သည်ဟု မှတ်တမ်းတင်ထားကြသည်။ လူပြိန်းတွေကလည်း 'နယူတန်ရဲ့ခေါင်းပေါ် ကြွေကျတာဟာ ပန်းသီးမဟုတ်ဘဲ ဒူးရင်းသီးဖြစ်နေရင် ဒီနိယာမကို တွေ့ခဲ့မှာ မဟုတ်ဘူး' ဟု ခပ်ညံ့ညံ့ပြက်လုံး ထုတ်ကြသည်။ အမှန်မှာတော့ တကယ့်ပန်းသီးအစစ်ကို ဆိုလိုခြင်းမဟုတ်။ နယူတန်၏ဦးခေါင်းပေါ် ကြွေကျခဲ့သော ပန်းသီးသည်





'ဉာဏ်ပညာ' ကို ကိုယ်စားပြုထားသော နိမိတ်ပုံ ဖြစ်ပါသည်။

ကမ္ဘာဦးကျမ်းတွင်လည်း အာဒမ်နှင့် ဧဝတို့သည် တားမြစ်ထားသော ပန်းသီးကို စားမိသောကြောင့် ဧဒင်ဥယျာဉ်ထဲမှ နှင်ထုတ်ခြင်းကို ခံရ၏။ ထိုသစ်သီးသည်လည်း ဉာဏ်ပညာကို ကိုယ်စားပြုထားသော နိမိတ်ပုံဖြစ်သည်။ လူသားသည် မိမိ၏ ကိုယ်ပိုင်အသိဉာဏ်ကို အသုံးချတတ်လာပြီးသောအခါ တစ်ဦးတစ်ယောက်၏ အစေအပါးအဖြစ်မှ လွတ်မြောက်ပြီး ဧဒင်ဥယျာဉ်ကို ကျောခိုင်းထွက်လာခဲ့ကြလေတော့၏။

▢



www.burmeseclassic.com

www.burmeseclassic.com

ဆိုဖီယာ...

သူမသည်လည်း ဉာဏ်ပညာကို ကိုယ်စားပြုသော သစ်သီးလေး တစ်လုံး ဖြစ်ပါသလား။

စိုးရှား တွေးရင်း ပြုံးလိုက်သည်။

သူ့ကို အကဲခတ်နေသော ဦးစောဝင်းက...

"ဘာပဲဖြစ်ဖြစ် မင်းကို အနိုင်ယူသွားတဲ့ မိန်းကလေးကိုတော့ ငါက အမှတ်ပြည့်ပေးရမှာပဲ..."

"အင်း... ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ အဲဒီမိန်းကလေးက ဦးလေးတို့လို အနုပညာအသိုင်းအဝန်းထဲက ဖြစ်နေလို့ ကျွန်တော် အမှတ် ပြန်လျှော့လိုက်တယ်"

သူ့စကားကြောင့် ဦးစောဝင်း ဟက်ဟက်ပက်ပက် ရယ်မောသည်။



ထိုနောက်...

"အေး ပြောထားဦးပေါ့ကွာ၊ အနုပညာအသိုင်းအဝန်းကို အထင်သေးတယ်လို့ပဲ ပြောပြော အချစ်ကို အယုံအကြည်မရှိဘူးပဲ ပြောပြော မင်း ကြိုက်သလို ဘဝင်မြင့်နိုင်ခွင့်ရှိတယ် ငါ့တူ... ဒါပေမဲ့ အဲဒီစကားတွေအတွက် ဆိုဖီယာက မင်းကို တစ်နေ့ ဒဏ်ခတ်လိမ့်မယ်လို့ ငါ့စိတ်ထဲမှာ ကြိုပြီးမြင်ယောင်နေတယ် စိုးရှား..."

စိုးရှားက ခေါင်းကို ခါယမ်းလိုက်သည်။

ကျွန်တော်က အဲသည်လောက် မြန်မာရုပ်ရှင်ကားဆန်မယ့်ကောင် မဟုတ်ဘူး... ဟု ပြန်ပြောချင်သော်လည်း မပြောဖြစ်။

ဂီတသံများ ရောင်စုံမီးအလင်းရောင်များဖြင့် တဖျတ်ဖျတ်တောက်လောင်နေသည့် ညပွဲဈေးတန်းကို သူ ငေးကြည့်နေမိသည်။ သူ့ကို အနိုင်ယူသွားသည့် စစ်သူရဲကောင်းမကတော့ တစ်နေရာရာမှာ အောင်ပွဲခံလျက် မြူးတူးပျော်ပါးနေပေလိမ့်မည်။

သူ ကောင်းကင်ကို မော့ကြည့်လိုက်၏။

ကြယ်တွေပင်လျှင် တိတ်တိတ်ကလေး အိမ်ကို ပြန်ကြပြီ။

ပွဲတော်ညသည် မေးခွန်းပုစ္ဆာတစ်ပုဒ်နှင့် တူနေလေသည်။

■


www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၇)

ရိုက်ကွင်းပေါ်မှာ အရင်ကလို ဒါရိုက်တာဦးစောဝင်း၏ တဟက်ဟက်ရယ်သံကို မကြားရ။

ဦးစောဝင်း၏မျက်လုံးတွေ ရီဝေမှုန်မှိုင်းနေ၏။

ဒီဇာတ်ကား စရိုက်ကတည်းက ယနေ့အထိ သုံးရက်စလုံး အဆင်မပြေသေး။ ဘာကို စိတ်တိုရမည်မှန်းလည်း မဝေခွဲတတ်။ သူ့ စိတ်တိုင်းမကျသည်က အားလုံးလိုလိုပင် ဖြစ်သည်။

ဟိုး အစောကြီးကတည်းက ဇာတ်ညွှန်းခွဲဖို့ ကြိုအပ်ထားသော်လည်း တကယ် စရိုက်သည့်နေ့အထိ ဇာတ်ညွှန်းအပြည့်အစုံ လက်ထဲရောက်မလာ။ ဇာတ်ညွှန်းရေးဆရာက…

"ဒါလေးများဗျာ… ရပါတယ် လုပ်နေကျပဲဥစ္စာ"

ဟု ခပ်ပေါ့ပေါ့ပြောရင်း ရိုက်ကွင်းပေါ်မှာတင် ဇာတ်ညွှန်းကို


www.burmeseclassic.com

www.burmeseclassic.com

လက်တန်းရေးသည်။ တကယ်တမ်းချရေးသောအခါတွင်လည်း သူ သေသေချာချာ ကြိုတင်မှာထားသလို ဖြစ်မလာ။ မင်းသားကလည်း ဇာတ်လမ်းအစအဆုံးကို ယှက်နွယ်ထားသည့် အချိတ်အဆက်များကို အပြည့်အစုံနားမလည်။ ဇာတ်ကောင်စရိုက်ကို ရှေ့နောက်ညီအောင် သဘောမပေါက်ပဲ ဟိုနေရာဝင်ပြင် ဒီနေရာဝင်ဖြည့်စွက်ဖြင့် သူလုပ်ချင်တာများကိုသာ ဇာတ်ညွှန်းထဲ ထည့်ခိုင်းရာ ဇာတ်လမ်းက ပျက်တော့သည်။

ပရိုဂျူဆာကလည်း မင်းသား မင်းသမီး သရုပ်ဆောင်ကြေး ပေးရသည်မှာ များလွန်းသည်ဟု ညည်းညူပြီး ဇာတ်ကားအတွက် ကုန်သင့်ကုန်ထိုက်သော အခြားအသုံးစရိတ်များအတွက် ပိုက်ဆံ မထုတ်ချင်တော့ချေ။

အကုန်အကျမခံနိုင်သောအခါ မူရင်းဝတ္ထုဇာတ်လမ်းအတိုင်း ဖြစ်ရမည့် ဆက်တင်၊ Location တို့ကို ရှာဖွေဖန်တီးပြီး ရိုက်ကူးသည့်ခေတ် မရှိတော့သည်မှာ ကြာပြီ။

ရှူတင်မန်နေဂျာကလည်း…

“ဦးနှောက်စားခံမနေပါနဲ့ ဆရာရယ်၊ ရိုက်နေကျ ရှူတင်အိမ်ကလေးမှာပဲ ဖြစ်အောင် လုပ်လိုက်ကြတာပေါ့…”

သည်တော့လည်း ဒါရိုက်တာဦးစောဝင်းတစ်ယောက် စိတ်လျှော့ရပြန်သည်။ လျှော့ရင်း လျှော့ရင်းဖြင့် နောက်ဆုံး သူ့မှာ ဘာမှ မကျန်ရစ်တော့။

သူ့ရင်ဘတ်သည် အခွံဟောင်းလောင်း။

ထိုစဉ် မင်းသားက သူ့အနီးသို့ ရောက်လာပြီး…

“ကျွန်တော် လစ်လိုက်ဦးမယ် ဆရာသမား… ဒီညနေ ကော်ဖြေလေးတစ်ခုရိုက်ဖို့ ချိတ်ထားတာ ရှိလို့… ဒီနေ့တော့ မင်းသမီးဘက်





အခြမ်းတွေချည်းပဲ ကဒ်တွေကျော်ပြီး ရိုက်ထားလိုက်ပါဗျာ၊ ဖြစ်တယ်မဟုတ်လား…”

ဦးစောဝင်းက ခေါင်းကိုကုတ်သည်။ နောက်…

“အင်း… အဲ… ဖြစ်… ဖြစ်ပါတယ်ဗျာ… ဖြစ်ရမှာပေါ့…”

“အိုကေ… အိုကေ… အဲဒါမျိုးလေးတွေ နားလည်မှုရှိလို့ ဆရာသမားနဲ့ ရိုက်ရတာ အဆင်ပြေတာ၊ ကဲ… ဘိုင့်ဘိုင်…”

မင်းသားက ပြောပြောဆိုဆိုနှင့် သူ့ကားပေါ်တက်ပြီး မောင်းထွက်သွား၏။ ဦးစောဝင်းက သက်ပြင်းကို ချလိုက်သည်။ ထို့နောက် သူ့ကားနောက်ဖုံးထဲတွင် ရေသန့်ဗူးဖြင့်ထည့်ထားသော အရက်ဖြူကို တစ်ငုံစာမော့သောက်လိုက်၏။

ထိုစဉ် ရှူတင်မန်နေဂျာမောင်သက် ရောက်လာသည်။ (ဦးစောဝင်းက သူ့ရှူတင်မန်နေဂျာကို ‘ရှူရှူမန်နေဂျာ’ ဟု ခေါ်၏)

မောင်သက်က ဦးစောဝင်းလက်ထဲမှ ရေသန့်ဗူးကို လှမ်းကြည့်ရင်း…

“ဟာ… ဆရာ ဘာတွေသောက်နေတာလဲ…”

“အာ… ဒါလား ဟိုဒင်းကွာ… ငါ့ကို ဆရာတော်တစ်ပါး သိဒ္ဓိတင်ပေးထားတဲ့ ရေမန်းပါ၊ ရိုက်ကွင်းမှာ အန္တရာယ်ကင်း ဘေးကင်းအောင် ရေမန်း ခဏ ခဏ သောက်ပေးရမယ် ဆိုလို့ ဟဲ… ဟဲ… ဟဲ…”

ဦးစောဝင်းက ပြောင်ညာလိုက်သည်။ ‘ရိုက်ကွင်းပေါ်မှာ အရက်မသောက်ရ’ ဟု သူကိုယ်တိုင် စည်းကမ်းထုတ်ထားခဲ့ဖူးသည်ကို ပြန်သတိရလိုက်မိသောကြောင့် ဖြစ်၏။

မောင်သက်က ဒါရိုက်တာ ခွက်ပုန်းမော့နေမှန်း သိသိကြီးချည်းနှင့် လိမ်ပြောခံရသောကြောင့် သိပ်မကျေနပ်။ သူလည်း သောက်ချင်သည်


www.burmeseclassic.com

www.burmeseclassic.com

မဟုတ်လား။ မောင်သက်က သူ့ခံစားချက်ကို မျိုသိပ်ပြီး...

"ဆရာ မင်းသားတော့ ပြန်သွားပြီ မဟုတ်လား၊ ဘယ်လိုဆက်လုပ်ကြမလဲ..."

"ဘာတတ်နိုင်မှာလဲကွာ... မင်းသမီးတစ်ယောက်တည်း ရိုက်လို့ရတဲ့ Sceneတွေချည်းပဲ ရိုက်ကြတာပေါ့... ကဲ... လုပ်ကွာ... မင်းသမီးကို သီချင်းနောက်ခံနဲ့ MTV ရိုက်မယ်... သွား... သွား... မြနန္ဒီကို သွားပြောလိုက်၊ ဪ... နေဦး... ဇာတ်ညွှန်းရေးတဲ့ အောင်ရဲထွန်းကိုပါ မှာလိုက်၊ သီချင်း MTV ရိုက်ဖို့ စာသားနဲ့လိုက်မယ့် အကွက်တွေ အခုချက်ချင်း ထိုင်ရေးလို့ ကြားလား..."

မောင်သက်က ကုပ်ချောင်းကုပ်ချောင်းဖြင့် ထွက်သွားပြီး မြနန္ဒီကို သွားပြောသည်။ မြနန္ဒီက သူ့ဘက်သို့ လှမ်းပြီး မျက်စောင်းတစ်ချက်ထိုးသည်ကို မြင်ရ၏။ ဦးစောဝင်းက မသိချင်ယောင်ဆောင်နေလိုက်သည်။

နောက်... ဟိုလိုလို ဒီလိုလိုဖြင့် အရက်ဖြူထည့်ထားသော ရေသန့်ဗူးလေးကို ကိုင်ပြီး ခပ်ဝေးဝေးလျှောက်သွားလိုက်၏။ ခဏနေတော့မှ...

"ကဲ... ရိုက်ကြမယ်ဟေ့..."

"စမယ်တဲ့... ဟေ့... လုပ်ကြ... လုပ်ကြ..."

"ကင်မရာ ရယ်ဒီလားဟေ့..."

မင်းသမီး အဝတ်လဲပြီး အသင့်ဖြစ်သောအခါ ရိုက်ကွင်းသည် ပြန်လည်အသက်ဝင်ပြီး စုရုံးစုရုံး ဖြစ်လာကြတော့သည်။ ထိုအချိန်တွင်မှ ဇာတ်ညွှန်းရေးဆရာ အောင်ရဲထွန်း (ထီးချိုင့်) ဆိုသူက စာရွက်သုံးလေးရွက် ကိုင်ကာ ဦးစောဝင်းအနီးသို့ ရောက်လာပြီး...

"ဆရာ... ဆရာ..."





"ဘာလဲကွ..."

"သီချင်းစာသားထဲမှာ 'ချယ်ရီတွေရယ် ညွှံ့ဝတ်မပျက်ပါဘူးကွဲ့ အချစ်ရယ်...' ဆိုတာ ပါနေတယ်၊ ရိုက်ပြစရာ ချယ်ရီပန်းကလည်း မရှိဘူး ဆရာ... ကြိုပြီးတော့လည်း ရှာမထားမိဘူး၊ ဘယ်လိုလုပ်ကြမလဲ ဆရာ..."

"ဟာ... ဒုက္ခပါပဲ အောင်ရဲထွန်းရာ... ဒီအချိန်ကြီးကျမှ ချယ်ရီပန်းကို ဘယ်လိုလုပ်ပြီး လိုက်ရှာရမလဲကွ..."

ဦးစောဝင်းက ခေါင်းကိုသာ တဗျင်းဗျင်းကုတ်ရင်း ညည်းမိတော့သည်။ ဇာတ်ညွှန်းရေးဆရာ အောင်ရဲထွန်း (ထီးချိုင့်) ကလည်း မျက်နှာငယ်ကလေးနှင့်...။ ကြံရာမရဖြစ်နေသည့် အဆုံးတွင်မှ ဦးစောဝင်းက တစ်စုံတစ်ရာကို သတိရသွားပြီး...

"ဟာ... ဟုတ်ပြီ... ငါ တစ်ခု သတိရပြီ..."

"ဟုတ်ကဲ့ ဆရာ..."

"မောချယ်ရီဆိုတဲ့ အဝေးပြေးကားလိုင်းရှိတယ်၊ အဲဒီကားကို နောက်မြီးဘက်က စာတန်းပေါ်အောင်ရိုက်ပြီး ချယ်ရီဆိုတဲ့ စာသားပါမယ့်နေရာမှာ ထည့်လိုက်ကွာ..."

"ပြောင်မြောက်ပါပေတယ် ဆရာရယ်... သီချင်းနဲ့ ဘာမှတော့ မဆိုင်ဘူးနော်..."

"ဆိုင်ဆိုင် မဆိုင်ဆိုင်ကွာ... 'ချယ်ရီ' ပါဖို့ အဓိကပဲ၊ သွား... ငါပြောသလို လုပ်..."

ရှိတာလေးနှင့် ဖြစ်အောင်လုပ်သည့် ပညာမှာတော့ ဦးစောဝင်းကို ဘယ်သူမှ မမီချေ။ တယ်တော်တဲ့ ငါပါလား... ဟု ဦးစောဝင်းက သူ့ကိုယ်သူ ပြန်သုံးသပ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ... ရိုက်မယ်ဟေ့... ကင်မရာ ရယ်ဒီလား..."

"ရပြီ ဆရာ..."

"ရပြီဆိုရင် ရိုက်မယ်၊ အားလုံး ရယ်ဒီ... ဖိုက်... ဖိုး... သရီး... တူး... ဝမ်း... ဂိုး..."

ရိုက်ကွင်းကား တဖြည်းဖြည်း အရှိန်ရလာသည်။ ကင်မရာမှ တစ်ဆင့် မော်နီတာဖန်သားပြင်ပေါ်တွင် ပေါ်နေသော မြနန္ဒီ၏ရုပ်လွှာကို ကြည့်ပြီး ဦးစောဝင်းကလည်း ရင်တွေခုန်နေသည်။

"ဒီနေ့တော့ မြနန္ဒီကို ရည်းစားစကား ပြောဖြစ်အောင် ပြောမယ်"

ဟု သူ စိတ်ပိုင်းဖြတ်လိုက်၏။ ဗီဒီယိုတစ်ကားစာ ရိုက်ရက်က တစ်ပတ်သာ ရသည်။ ဒီအချိန်လေးအတွင်းမှာ မြန်မြန် ရည်းစားစကား ပြောပြီး မြန်မြန် အဖြေတောင်းမှ ဖြစ်တော့မည်။

နောက်ထပ် ဗီဒီယိုကားတစ်ကားရိုက်ဖို့ ဆိုတာက ဘယ်လောက် စောင့်ရဦးမည် မသိ။ ရသည်ပဲ ထားဦး... အဲဒီအတွင်းမှာ မြနန္ဒီကို ရိုက်ဖို့ ရက်ချိန်းရပါဦးမှ...။

မတော်တဆ ရုပ်ရှင်ကားကြီးရိုက်သည့်ရက်နှင့် ဆုံနေပါက မြနန္ဒီက ဗီဒီယိုထက်စာလျှင် ရုပ်ရှင်ကားကြီး ရက်ချိန်းကိုသာ ဦးစားပေးမှာ သေချာသည်။

အဲသည်တော့ ရည်းစားစကားပြောမည်ဆိုလျှင် ဒီရက်ပိုင်းအတွင်း လှုပ်ရှားနိုင်မှ အဆင်ပြေမည်။ ဟင်း... ဘယ်လိုဘဝကြီးလဲ...။ တစိမ့်စိမ့်တောင် ရင်ခုန်ခွင့်မရတဲ့ သုတ်သီးသုတ်ပျာ လောကကြီးပါလား... ဟု ဦးစောဝင်းတွေးရင်း သက်ပြင်းချလိုက်၏။

ထိုသို့ တွေးနေစဉ်မှာပင်...





"ဂိုး... ဂလွမ်..."

"ဟ... ဘာတွေဖြစ်ကုန်တာလဲဟ..."

တစ်စုံတစ်ရာ မှောက်ကျလဲပြိုသံ ကြားရသဖြင့် ဦးစောဝင်းက လှမ်းမေးလိုက်သည်။ နောက်ဘက်ဆီမှ...

"ကန်တော့ပွဲကို ဝင်တိုက်မိလို့ မှောက်ကျတာတဲ့ ဆရာ..."

"ဟာ... မင်းတို့ကလည်းကွာ... သေသေချာချာ လုပ်ကြမှပေါ့..."

ယုံကြည်တာ မယုံကြည်တာ အပထား...။ ရှူတင်ရိုက်ကွင်းတည် ပြီဆိုလျှင် ကန်တော့ပွဲပေးကြသည့်ထုံးစံ ရှိသည်။ ယခု ထိုကန်တော့ပွဲ မှောက်ကျသည် ဆိုတော့ ဦးစောဝင်း မျက်နှာမကောင်း။

ဘယ်သူကများ ဝင်တိုက်လိုက်ပါလိမ့်...။

ရှူတင်မန်နေဂျာမောင်သက်က ပျာရီးပျာယာဖြင့် ရောက်လာပြီး...

"ဆရာ ကန်တော့ပွဲမှောက်သွားလို့ ပြန်ထိုးလိုက်ရင် ကောင်းမယ်၊ ဒီနေရာတွေက မြေကြမ်းတယ်လို့ ပြောတယ် ဆရာရဲ့... အဖျက်အမှောင့်များ ရှိသလား မသိဘူး..."

"အေး... အဲဒါဆိုလည်း မင်းပဲ ကြည့်လုပ်လိုက် မောင်သက်ရာ၊ သွား... သွား..."

"ဒါဆို ဆရာ့သိဒ္ဓိဝင် ရေမန်းနဲ့ ဒီနေရာတစ်ဝိုက် ဖြန်းထားလိုက်မယ်လေ၊ ဆရာ့ရေမန်းပုလင်းလေး ခဏပေးနော်..."

မောင်သက်က ပြောပြောဆိုဆိုနှင့် ဦးစောဝင်း၏ဘေးတွင် ချထားသော ရေသန့်ဗူးကို ဆတ်ခနဲကောက်ယူပြီး သုတ်ချေတင်လေတော့သည်။

"ဟာ... ဟာ... ဟေ့ကောင်... မောင်သက် မယူသွားနဲ့လေကွာ၊ မြန်ထားခဲ့... ဟာ... ဒီကောင်... တောက်..."


www.burmeseclassic.com

www.burmeseclassic.com

ဦးစောဝင်း ဘယ်လောက်အော်ခေါ် အော်ခေါ် မောင်သက်ကား မကြားချင်ယောင်ဆောင်ပြီး လစ်လေတော့သည်။

နောက်… နာရီဝက်ခန့်ကြာမှ မောင်သက် ပြန်ရောက်လာသည်။ ရေချိန်ကိုက်လာပုံ ရသည်။ မျက်နှာကလည်း အနည်းငယ် နီရဲနေ၏။ သူ့လက်ထဲမှာတော့ ဦးစောဝင်းဆီက အလစ်သုတ်သွားသော ရေသန့်ဗူး။

မောင်သက်က စပ်ဖြဲဖြဲမျက်နှာဖြင့်…

"ဆရာ… ဒီမှာ ဆရာ့သိဒ္ဓိရေစင်…"

ဟု ပြောကာ ဦးစောဝင်းထိုင်နေသော ဒါရိုက်တာခုံဘေးတွင် ရေသန့်ဗူးကို ချထားပေးခဲ့ပြီး အဆူခံရမည် စိုးသဖြင့် ခပ်ဝေးဝေးမှာ ယောင်လည်လည် သွားလုပ်နေတော့သည်။

ရေသန့်ဗူးကို ကြည့်လိုက်တော့ လက်တစ်လုံးခန့်သာ လျော့သည်။ တော်ပါသေးရဲ့ဟု တွေးရင်း ဦးစောဝင်းက ရေသန့်ဗူးအဖုံးကို ဖွင့်ကာ မော့သောက်လိုက်၏။

"ဖွီး…"

အားလုံး ရေတွေချည်းသာ ဖြစ်၏။ ဦးစောဝင်းတစ်ယောက် ခံလိုက်ရချေပြီ။ အထဲမှ အရက်တွေအားလုံးကို မောင်သက်က သောက်ပစ်လိုက်ပြီး ရေတွေ ပြန်ဖြည့်ထားခြင်းဖြစ်လေသည်။

❒ ❒ ❒





ညနေ ငါးနာရီကျော်လောက်မှ ရှူတင်ကို လက်စသိမ်းဖြစ်ကြသည်။ အဖွဲ့သားတွေက ကင်မရာတွေ၊ ဘက်ထရီအိုးတွေကို သိမ်းဆည်းပြီး ကားပေါ်သို့ တင်နေကြစဉ်မှာပင် ဦးစောဝင်းက မြနန္ဒီ၏အနီးသို့ လျှောက်သွားလိုက်ပြီး…

"ဒွိ…"

ဦးစောဝင်း၏ ခပ်တိုးတိုးခေါ်သံကြောင့် မြနန္ဒီက မော့ကြည့်သည်။ ဦးစောဝင်းက စကားမပြောခင် ဘေးဘီဝဲယာတွင် လူသူရှိ မရှိ ခပ်မြန်မြန်မျက်လုံးဝေ့ကြည့်ကာ အကဲခတ်လိုက်၏။

ဘယ်သူမှ မရှိ။

မလှမ်းမကမ်းတွင် မြနန္ဒီက လက်တိုလက်တောင်းခိုင်းသော မိန်းကလေးကသာ မြနန္ဒီ၏အသုံးအဆောင် အဝတ်အစားတို့ကို ခရီးဆောင်သေတ္တာထဲ ထည့်ကာ သိမ်းဆည်းပြီး ကားပေါ်တင်နေသည်ကို တွေ့ရသည်။

မြနန္ဒီက ကားကို ကိုယ်တိုင်မောင်းသူ ဖြစ်သဖြင့် ဒရိုင်ဘာလည်း မပါ။ မည်သူမှ ရှိမနေသဖြင့် ဦးစောဝင်းက မြနန္ဒီ၏အနီးသို့ ပိုမို တိုးကပ်လိုက်ပြီး…

"ဟို… ဟိုလေ… ဒီ… ဒွိကို ညစာကျွေးချင်လို့… အဲ… အဲဒါ ဒွိသ အချိန်ရမလားဟင်…"

ဦးစောဝင်း၏လေသံကလည်း ကတုန်ကယင်၊ မျက်စိကလည်း ကြိုးကန်းတောင်းမှောက် ဟိုကြည့် ဒီကြည့်ဖြင့်… သူ့ပုံစံက ဟင်းခိုးစားမည့် ကြောင်ဝဝကြီးတစ်ကောင်နှင့် တူနေလေသည်။

မြနန္ဒီက…

"ဒီညတော့ မအားဘူး ရတနာပုံကြီးရဲ့… ကိုဇော် (အရက်ဦး)နဲ့ ဗီဒီတစ်ပုဒ် ရိုက်ထားတာ၊ Night Scene ရိုက်လက်စ လက်ကျန်လေး


www.burmeseclassic.com

www.burmeseclassic.com

ကို ဒီနေ့ည အပြီးသွားရိုက်ပေးရမယ်"

ဦးစောဝင်းက အဲသည် ကိုဇော် (အရဏ်ဦး) ဆိုသော ဒါရိုက်တာနဲ့ကို စိတ်ထဲက အခွန်းတစ်ရာပြည့်အောင် အသက်အောင့်ပြီး ကျိန်ဆဲလိုက်သည်။ ထိုနောက် သူက...

"ဒါဆို မနက်ဖြန်ညရောဟင်..."

"မနက်ဖြန်ညကျရင် အဆိုတော်စည်သူလွင်မွေးနေ့... ဆီဒိုးနားမှာ ညဘက် ဒင်နာရှိတယ်လေ..."

ဟာ... သေတော့မှာပဲဟု ဦးစောဝင်း စိတ်ထဲက ညည်းတွားမိသည်။ ဒီကောင်လေးကလည်း မွေးနေ့ကို မနက်စောစော ဘုန်းကြီးဆွမ်းကပ်တာတွေ ဘာတွေ လုပ်ပါတော့လား။ ဘာလို့ ညဘက်ကျမှ ဒင်နာလုပ်ရတာလဲ... ဟု မဆီမ[illegible] စိတ်တင်နေမိသည်။

သို့သော် ဦးစောဝင်းက ဖွင့်ကိုတော့ မပြော။ ထပ်မေးသည်။

"သန်ဘက်ခါညဆိုရင်ရော ဟင်..."

"ကျွန်မ Live Show ဆိုထားတာ အသံထပ်ဖို့ ရှိတယ်လေ စတူဒီယိုမှာ ရက်ချိတ်ထားတယ်၊ သန်ဘက်ခါညက စပြီး နောက်တစ်ပတ် သောကြာနေ့အထိ..."

မြနန္ဒီ၏အဖြေစကားကြောင့် ဦးစောဝင်း၏ မျှော်လင့်ချက်တွေ အားလုံး 'ပလုံ' ခနဲ အသံမြည်သွားသည်။

ဘာစကားမှ မဆက်နိုင်တော့ဘဲ သူ့ဝမ်းဗိုက်စူစူကို လက်ဖြင့်ပွတ်ရင်း ငေးငိုင်နေသည့် ဦးစောဝင်းကို မြနန္ဒီက မသက်သာသလိုကြည့်ရင်း...

"နေစမ်းပါဦး ရတနာပုံကြီးက ကျွန်မကို ဘာဖြစ်လို့ ဒီလောက်တောင် အသည်းအသန် ညစာကျွေးချင်နေရတာလဲ"

ဦးစောဝင်းက မျက်လုံးလေးပေကလပ် ပေကလပ်လုပ်ရင်း...

"ဟို... ဟို... ကျွန်တော်... ကျွန်တော်... ဒီကို အရေးကြီးတဲ့စကားတစ်ခွန်းလောက် ပြောစရာရှိလို့ အဲဒါ..."

"ဘာစကားမို့လို့လဲ ရတနာပုံကြီးရဲ့..."

"ဟိုလေ... ကျွန်တော်..."

ပြောချလိုက်တော့မည်ဟု အားယူလိုက်စဉ်မှာပင် သူ့ကျောဘက်ဆီမှ ညှောင်နာနာအသံတစ်ခုက...

"ဒီရေ... အဝတ်အစားတွေ အားလုံးသိမ်းပြီးပြီ သွားကြစို့လေ... နော်..."

အမြင်ကတ်စရာကောင်းလောက်အောင် ချွဲချွဲပစ်ပစ် အသံဆိုးကြီးဖြင့် ကန့်ကလျူပြောရင်း ရောက်လာသူ... မြနန္ဒီကို မိတ်ကပ်လိမ်းပေးသော မိန်းမလျာ 'စိန်လှလှ'။

ဦးစောဝင်းကတော့ အဲဒီမိန်းမလျာကို နီးရာသစ်ပင်မှာ ကြိုးဆွဲချသတ်ပစ်လိုက်ချင်စိတ် ပေါ်သွား၏။

"သွားကြတာပေါ့ အလှရေ... ကဲ... ရတနာပုံကြီး... ဒီ ပြန်လိုက်ဦးမယ်နော်..."

မြနန္ဒီက ဦးစောဝင်းကို နှုတ်ဆက်ပြုံးတစ်ချက်ဖြင့် ကြည့်ပြီး ကားပေါ်တက်ကာ မောင်းထွက်သွား၏။

ဦးစောဝင်းကတော့ ခေါင်းငိုက်စိုက်ဖြင့်သာ သူ့ဆလွန်းကားလေးရှိရာဆီသို့ အိပ်မက်ထဲ ယောင်ပြီး လမ်းလျှောက်ထွက်သူတစ်ယောက်လို ဖြည်းဖြည်းချင်း ရွေ့လျားသွားလေတော့သည်။

ထိုနောက် ကားပေါ်တက်ပြီး စက်နှိုးလိုက်သည်။ ကျင့်သားရနေသော


www.burmeseclassic.com

www.burmeseclassic.com

လက်နှင့် ခြေထောက်တို့က ဂီယာပြောင်းကာ လီဗာကို အသာနင်းလိုက်တော့ ကားက ဖြည်းဖြည်းချင်း စတင်ရွေ့လျားသည်။

သူက ကားကို မောင်းနှင်နေခြင်း မဟုတ်။ ကား၏ခေါ်ဆောင်ရာ နောက်သို့ လိုက်ပါလာရခြင်းသာ ဖြစ်လေသည်။

မည်မျှ အချိန်ကြာကြာ သူ့စိတ်တွေ ပျံ့လွင့်နေမိသည် မသိ။ လမ်းကြောတစ်လျှောက် မော်တော်ယဉ်တွေမျိုးစုံ ရှုပ်ထွေးလာပြီကို သတိထားမိချိန်တွင် ရန်ကုန်မြို့ထဲသို့ ပြန်ဝင်နေပြီ ဖြစ်ပြီး ကမ္ဘာအေးဘုရားလမ်းပေါ် ရောက်နေပြီမှန်း သိလိုက်၏။

ဟိုး... ရှေ့ကို လှမ်းကြည့်လိုက်တော့ မြနန္ဒီ၏ကားကို လှမ်းမြင်နေရဆဲပင် ရှိသေးသည်။

ဘုရားရေ... ငါဟာ တစ်ချိန်လုံး မြနန္ဒီရဲ့ကားနောက်က တကောက်ကောက်လိုက်နေမိခဲ့တာပါလား။

ရှေ့နောက်ကြားမှာ ကားနှစ်စင်းသာ ခြားသည်။ ဘာကြောင့် ဒီလို လိုက်လာမိတာလဲ ဆိုသည်ကိုလည်း သူ့ဘာသာ နားမလည်။ မသိစိတ်က စေခိုင်းမှုကြောင့်ဟု ပြောဖို့ရန်မှာလည်း ငယ်ငယ်ရွယ်ရွယ် ရူးရူးမိုက်မိုက် လူငယ်လေးတစ်ယောက် မဟုတ်။ အသက် (၄၅) နှစ်ကျော်စ ပြုပြီ... သော လူဝဝထိုင်းထိုင်းကြီးတစ်ဦး၏ နူးနူးညံ့ညံ့ သွေးပျက်နေပုံမျိုးသာ ဖြစ်သည်။

သူ့အဖြစ်ကို သူပြန်စဉ်းစားရင်း 'မြနန္ဒီကို ဖွင့်မပြောရရင် ... ရူးများ ရူးသွားမလား မသိဘူး' ဟု သူတွေးကြည့်စ ပြုလာသည်။

ဖွင့်ပြောဖို့ အခြေအနေကလည်း မပေး။ ဟိုးယခင်ခေတ်က ... လျှင်တော့ ကျေးငှက်ကို တမန်စေလွှတ်ပြီး စာဆိုတွေက 'ကျေးစေရ...





တွေ ဘာတွေ ရေးကြလိမ့်မည် ထင်သည်။

အခုခေတ်မှာတော့ သတင်းစကားမှာစရာ လွှတ်စရာ ကျေးငှက်မရှိ။ တယ်လီဖုန်းသာ ရှိတော့သည်။

ထိုသို့ တွေးမိပြီးမှ သူ့လက်ကိုင်ဖုန်းကို သတိရသွား၏။ မြနန္ဒီကို ဖုန်းလှမ်းဆက်ကြည့်ရင် ကောင်းမလား ဟူသော စိတ်ကူးဖြင့် ဖုန်းအကြည့်ရောက်သွားစဉ်...

"တီ... တီ... တီ..."

သူ့လက်ကိုင်ဖုန်းမှ ခေါ်သံ ထွက်ပေါ်လာသဖြင့် လန့်သွားသည်။ ကားမောင်းရင်း တယ်လီဖုန်းကို ကောက်ယူကြည့်လိုက်တော့ ဖန်သားပြင်ပေါ်မှာ 'ဒီ' ဆိုသော အင်္ဂလိပ်အက္ခရာတစ်လုံးကို မြင်လိုက်ရသည်။

သူ့နှလုံးသွေးတွေ တဒိန်းဒိန်း ဆူပွက်လာ၏။

ဒါ... ဒါ... မြနန္ဒီက ငါ့ဆီကို လှမ်းဆက်နေဟာပဲ။ သူ... သူ ဘာပြောချင်လို့ပါလိမ့်။ သူ့ကားနောက်က တကောက်ကောက်လိုက်နေတာကို ရန်တွေ့ချင်လို့များလား...။

ဦးစောဝင်းက တုန်ယင်နေသောလက်ဖြင့် ဖုန်းကို ဖွင့်ပြီး နားထောင်လိုက်သည်။

"ဟဲလို..."

"ဟဲလို... ရတနာပုံကြီးလား..."

မြနန္ဒီ၏ ပြက်ရယ်ပြုသံအနည်းငယ်စွက်သော အမေးစကားက ချိုမြစွာ စီးဝင်လာ၏။ ဦးစောဝင်းက...

"ဟုတ်... ဟုတ်ပါတယ် ဒီ..."

"ဩော်... ရှုံတင်သိမ်းခါနီးတုန်းက ပြောတယ် မဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မကို အရေးကြီးတဲ့စကား ပြောစရာရှိလို့ဆို... အဲဒါ ဘာပြောမလို့လဲဟင်..."

ထိုမေးခွန်းကြောင့် ဦးစောဝင်း၏ မျက်လုံးတွေ မိုက်ခနဲမှောင်သွားသည်။ အဲသည်အချိန်မှာ နံဘေးမှ ကားတွေကလည်း သူ့ကားကို ဗိုးခနဲ ဗိုးခနဲ ပွတ်တိုက်တော့မည့်အလား ကျော်တက်သွားနေကြသည်။ ကားစတီယာရင်ကို သတိထားပြီး ထိန်းနေရ၏။

ဘာစကားလုံး နူးနူးညံ့ညံ့ လှလှပပမှ ရွေးချယ်စဉ်းစားနေချိန် မရ။ ပြောချင်လွန်းနေသော သူ့ပါးစပ်က လွှတ်ခနဲ ထွက်သွား၏။

"ကျွန်တော်... ကျွန်တော် ဒီ့ကိုချစ်တယ်"

"ခစ်... ခစ်... ခစ်..."

ဖုန်းထဲမှ မြနဒီ၏ရယ်သံကို ကြားနေရသည်။ (ရုပ်ရှင် ဗီဒီယိုတွေထဲကလို ဘယ်နည်းနှင့်မှ ကဗျာမဆန်သော ရည်းစားစကားပြောခန်းဖြစ်၏။ အခုအချိန်မှာ အချစ်အတွက် သိပ်ရင်ခုန်နေလို့ မဖြစ်။ ကားတိုက်ပြီး ဆေးရုံရောက်သွားနိုင်သည်)

မြနဒီက...

"ရှင်က ကျွန်မကို ပိုင်ဆိုင်ချင်လို့ ချစ်တာလား..."

ဘုရားရေ... ငါ ဘယ်လို ပြန်ဖြေရမလဲ...

စဉ်းစား... အမြန်စဉ်းစားစမ်း...

ဦးစောဝင်း ခေါင်းတွေ ထူပူလာ၏။ အဲသည်အခိုက်အတန့်မှာပင် မီးပွိုင့်က နီသွားသည်။

ဦးစောဝင်းက ရှေ့ကား၏နောက်မြီးကို ဝင်မတိုက်မိခင် ကမန်းကတန်း ဘရိတ်ကို ဆောင့်နင်းလိုက်ရ၏။





ရပ်တန့်နေကြသော ကားတန်းရှည်ကြီး၏ ရှေ့ဘက်နားတွင် မြနဒီ၏ကားရှိနေပြီးနောက် ငါးစီးအကွာမှာတော့ ဦးစောဝင်း၏ကား ဖြစ်သည်။

ကားရပ်တန့်လိုက်သဖြင့် စက္ကန့်ပိုင်းလောက် ပိုထွက်လာသောအချိန်လေးအတွင်းမှာပင် သူ့စိတ်က ကဗျာတစ်ပုဒ်ကို သတိရသွားလေသည်။

**ကျွန်တော်နဲ့ ယမ်းမီးခြစ်**

**မင်းလက်သန်းလေး ငါးမိနစ်ဆုပ်ထားခွင့် ရရင်ပဲ**

**သံသရာ ခရောင်းတောထဲ ဝံ့စားစွာ ဖြစ်မယ်။**

သူက ဖုန်းထဲသို့ မဆိုင်းမတွပင် ပြောလိုက်သည်။

"ကျွန်တော်က ဒီ့ဘဝတစ်ခုလုံးကို ပိုင်ဆိုင်ခွင့်ရဖို့ မထိုက်တန်ရင်တောင် ဒီ့ရဲ့လက်သန်းလေးတစ်ချောင်းတည်းကို ဆုပ်ကိုင်ခွင့်ရရင် သေပျော်ပါပြီ"

အားပါးပါး... တယ်နူးညံ့တဲ့ ငါပါလား... လက်တစ်ဖက်ကိုတောင်ဆုပ်ကိုင်ခွင့်ရဖို့ မဟုတ်... လက်သန်းလေးတစ်ချောင်းတည်း...

ဖုန်းထဲမှာတော့ မြနဒီ၏ ဟက်ဟက်ပက်ပက် ရယ်မောသံကိုကြားရ၏။ ထိုနောက် သူမက...

"ကောင်းပြီလေ... ဒါဆိုရင် အခု ကျွန်မရဲ့ လက်သန်းလေးတစ်ဖက်ကို ကားပြတင်းကနေ အပြင်ထုတ်ထားပေးမယ်... လာခဲ့လေ..."

ဦးစောဝင်းတစ်ကိုယ်လုံး စကြဝဠာ လေဟာနယ်ထဲ ပြုတ်ကျသွားသလို ခံစားလိုက်ရသည်။

မီးပွိုင့်ကို လှမ်းကြည့်လိုက်တော့ မီးနီနေဆဲ ရှိသေးသည်။ သူဘာကိုမှ မစဉ်းစားတော့။ ကားတံခါးကို ဝုန်းခနဲဖွင့်ပြီး ဆင်းကာ ရှေ့သို့ဟုန်ထိုး ပြေးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကားတန်းရှည်ကြီး အပြည့်အကျပ်ရပ်ထားသော ကမ္ဘာအေးစေတီလမ်းမပေါ်တွင် လူဝဝထိုင်းထိုင်းကြီးတစ်ယောက် စည်ပိုင်းလိမ့်သလိုလုံးလုံး လုံးလုံးဖြင့် ပြေးနေပုံမှာ အကြည့်ရတော့ အတော်ဆိုးသည်။

မြနန္ဒီ၏ကားဘေးတွင် သူရပ်မိချိန်၌ အနက်ရောင်ကားပြတင်းမှန်ချပ်က လျှောခနဲ ညင်သာတိတ်ဆိတ်စွာ ပွင့်သွားသည်။ ထို့နောက် မြနန္ဒီ၏ဖြူညွယ်ဝင်းလှဲ့သော လက်ကလေးတစ်ဖက်က အပြင်သို့ ထွက်လာ၏။

နူးညံ့သော လက်သန်းကလေးကို သူ အသာအယာ ဆုပ်ကိုင်လိုက်သည်။ အိပ်မက်မက်နေသလို ခံစားရ၏။

မြနန္ဒီက ခပ်တိုးတိုး လှောင်ရယ် ရယ်မောရင်း...

"ရှင် ကျွန်မကို တကယ်ချစ်သလား..."

"အင်း..."

"ကျွန်မကို တကယ်ချစ်ရင် မနက်ဖြန်ကျရင် ရှင့်ခေါင်းက ဆံပင်တွေအားလုံးကို ဆံပင်ကောက်ပြီး ရွှေရောင်တောက်တောက် ဆေးဆိုးလာရမယ်၊ ဘယ်လိုလဲ လုပ်နိုင်ပါ့မလား..."

□





မထင်မှတ်ထားသော စကားကြောင့် ဦးစောဝင်းနွတ်က 'ဗျာ' တစ်လုံးတည်းသာ ပြောနိုင်တော့သည်။ ဘယ်လိုတုံ့ပြန်ရမည် မသိ။

အဲဒီအခိုက်အတန့်မှာပင် မီးပွိုင့်က မီးစိမ်းသွား၏။ ရယ်သံဖွဖွနှင့်အတူ မြနန္ဒီက သူမ၏လက်ကို ပြန်ရုပ်သိမ်းပြီး ကားကို ညင်သာစွာမောင်းထွက်သွားလေတော့သည်။

ကားလမ်းမပေါ် ဧေးငိုင်ကျန်ရစ်သူက ဦးစောဝင်းတစ်ယောက်တည်း။

မော်တော်ကားတွေက သူ့ဘေးမှ ပွတ်ကာသီကာ အလုအယက်မောင်းထွက်နေကြသည်။ တံခါးဖွင့်ကာ ရပ်လျက်သား ထားပစ်ခဲ့သော သူ့ကားနောက်မှာ ပိတ်မိနေသည့် ကားတွေကတော့ စိတ်မရှည်စွာဖြင့် အော်ဟစ်ဆဲဆိုရင်း ဟွန်းမတီးရနယ်မြေ ဖြစ်သဖြင့် ကားတံခါးများကို တဝုန်းဝုန်း ထုနေကြပြီ။ မီးပွိုင့်မှ မော်တော်ပီကယ်က တရှိန်ထိုးရာတွတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com

အမြန်ထွက်ရန် လက်ဟန်ဖြင့် ကြိမ်းမောင်းခြင်းကို ခံနေရပြီ။

ဦးစောဝင်းက သူ့ကားဆီသို့ နောက်ကြောင်းပြန် တလိမ့်လိမ့် ပြေးရပြန်သည်။ ကားပေါ်ရောက်တော့ အမောပင် မဖြေအား။ ကမန်းကတန်း စက်နှိုးပြီး မောင်းထွက်လိုက်ရ၏။

ဟင်းခနဲ သက်ပြင်းချသံနှင့် အတူ...

"ငါတော့ အကြီးအကျယ် သောက်ပေါဖြစ်ပြီ..."

ဟု သူ့ဘာသာ တစ်ယောက်တည်း ပြောလိုက်မိ၏။

ဟုတ်လည်း ဟုတ်သည်။

□ □ □





မြန်ဒီ တောင်းဆိုသည့်အတိုင်း မလုပ်ပြန်လျှင်လည်း သူမကို တကယ်ချစ်ပါတယ်ဟု ပြောထားသည့် စကားကြောင့် ငပေါကြီးလုံးလုံး ဖြစ်ရမည်။

သူမတောင်းဆိုသလို ဒီအသက် ဒီအရွယ် ဒီခန္ဓာကိုယ် ပုံပန်းသဏ္ဍာန်ကြီးဖြင့် ဆံပင်တွေကောက်ပြီး ရွှေရောင်ဆိုးပြန်လျှင်လည်း မြင်သူတိုင်းက 'ငပေါကြီး' ဟု ပြောပြီး အဟားခံရဦးမည်။

မည်သည့်ဘက်ကမှ မသက်သာ။

ဦးစောဝင်းက မော်တော်ကားနောက်ကြည့်မှန်ကို ဘေးသို့ အသာ စောင်းလိုက်၏။ မှန်ထဲတွင် သူ့မျက်နှာက ပေါ်လာသည်။

မှန်ထဲတွင် ထင်ဟပ်နေသော သူ့ပုံရိပ်ကို သူ သေသေချာချာ ကြည့်သည်။ မျက်နှာကို ညာဘက် ခပ်စောင်းစောင်းထားပြီး ကြည့်သည်။ နောက် ဘယ်ဘက်သို့ စောင်းငဲ့ပြီး ကြည့်ပြန်သည်။ ပြီးတော့မှ...

"သြော်... သောက်ပေါဆိုတာ ဒီလိုရုပ်ရည် ဒီလိုမျက်ခွက်မျိုး ပါလား..."

ဟု သူ့ဘာသာသူ တစ်ယောက်တည်း ပြောမိလေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

စိုးရှားက ညှော်ခန်းထဲရှိ နှစ်ယောက်ထိုင် ဆိုဖာပေါ်တွင် ပက်လက်လှဲရင်း ဟိုဟိုဒီဒီ လျှောက်စဉ်းစားနေမိသည်။

❐

လူမှန်ရင် တိတ်တိတ်ပုန်းကိစ္စနဲ့ ဘယ်ကင်းမလဲ။

(အနည်းဆုံး တိတ်တိတ်ပုန်းတော့ အပျင်းထူဖူးကြတဲ့ လူတွေချည်းပဲ) ဒါပေမဲ့ လူအတော်များများသည် အဲဒီလိုကိစ္စမျိုးတွေကို ဖုံးဖိထားချင်ကြသည်။ လူရှေ့သူရှေ့ကျလျှင် ခပ်တည်တည်ကြီးတွေ နေပဲနေတတ်လွန်းကြသည်။

တကယ်ဆိုလျှင် လူမှန်လျှင် ကိုယ်တုံးလုံး နေခဲ့ကြဖူးတာချည်းပဲ မဟုတ်လား။ အခုမှ ပြန်ပြောလျှင် ဘာဖြစ်လို့ ရှက်နေရမှာလဲ။

ကြော်ပုံစံကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

စိုးရှားကတော့ လူတွေကို အံ့ပဲ အံ့ဩမိသည်။ ပြီးတော့ တစ်ယောက်တည်း ကျိတ်ပြီး ရယ်မောမိလေသည်။

□

လူတွေဟာ ကိုယ့်ကိုယ်ကိုယ် သိပ်ပြီး ခြောက်ပစ်ကင်း သဲလဲစင်တွေ ဖြစ်ချင်ကြတယ်။ လူကောင်းကလေးတွေ လူတော်ကလေးတွေ သိပ်ဖြစ်ချင်ကြတယ်။ အချီးကျူးခံချင်ကြတယ်။ အရိုအသေပေးခံချင်ကြတယ်။

လောကဓာတ်ခုံပေါ်မှာ ကိုယ့်ကိုယ်ကိုယ်ပဲ ဓာတ်လိုက်လို့ ထင်နေကြတယ်။ ကျန်တဲ့ လူ့အဖွဲ့အစည်းတစ်ခုလုံးကတော့ သူ့ကို လက်ခုပ်တီးပေးဖို့ ပရိတ်သတ်… သူ့ကို ဗဟိုပြုပြီး ရှင်သန်ပေးမယ့် ဓာတ်ပို့ဓာတ်ရံတွေပဲလို့ စိတ်ကူးယဉ်ချင်ကြတယ်။

ကိုယ့်ဘာသာ သတ်မှတ်ပစ်လိုက်တဲ့ နေရာတစ်ခုခုမှာ ကိုယ့်ကိုယ်ကိုယ် အကောင်အကြီးကြီးလို့ ယူဆပစ်လိုက်တတ်ကြတယ်။ နောက်ဆုံးကိုယ်က နိမ့်ကျနေတာကို ငြင်းမရရင်တောင် 'ငါက အမှန်တရားကို မြတ်နိုးဖက်တွယ်နေလို့ မသမာတဲ့ လောကကြီးရဲ့ နင်းပြားဘဝ ရောက်နေတာ' ဆိုတဲ့ တောပြဓာတ်က ခပ်ညံ့ညံ့မင်းသားအိုက်တင်မျိုး လုပ်တတ်ကြသေးတယ်။

လူတွေဟာ အဲဒီလို ပြဓာတ်ကဖို့အတွက်များ ဒီလောက်တောင် ကြိုးစားပမ်းစား အလုပ်လုပ်နေကြတာလား ဟင်…

□





စိုးရှားကတော့ သူ့စိတ်ထဲမှာ တကယ်ကို နှစ်နှစ်ကာကာ လုပ်ချင်စိတ်ရှိသော အလုပ်မျိုးကိုသာ လုပ်မည်ဟု ဆုံးဖြတ်ထား၏။

သူရွေးချယ်သော အလုပ်သည် မြန်မာပြည်မှာ တခြား ဘယ်သူမှ မလုပ်သော အလုပ်လည်း ဖြစ်ချင်ဖြစ်မည်။ ကဲ့ရဲ့လှောင်ပြောင် ရယ်မောစရာ အူကြောင်ကြောင်လည်း ဖြစ်ချင် ဖြစ်နေပေလိမ့်မည်။

သို့သော် သူကတော့ လုံးဝ ဂရုစိုက်လိမ့်မည် မဟုတ်ပါ။ အခုလူတွေအားလုံး အသားတကျ ဖြစ်နေသည့် အလုပ်အကိုင်ဟောင်းတွေအားလုံးသည် ယခင်တုန်းက မည်သူမျှ မလုပ်ရဲသဖြင့် စွန့်ဦးတီထွင်ခဲ့ရသော လုပ်ငန်းအသစ်တွေ ဖြစ်ခဲ့ဖူးသည် မဟုတ်လား။

ထို့ကြောင့် သူ 'ကဗျာဆိုင်' ဖွင့်ဖို့ ဆုံးဖြတ်လိုက်သည်။

မြန်မာပြည်မှာတော့ ဘယ်သူမှ မလုပ်သေး။ သို့သော် သူ လန်ဒန်သို့



www.burmeseclassic.com

www.burmeseclassic.com

ရောက်စဉ်တုန်းကတော့ သိမ်းမြစ်ကမ်းဘေးတွင် ကဗျာဆိုင်လေးတစ်ဆိုင် တွေ့ခဲ့ဖူးသည်။

ကဗျာဆရာက စားပွဲခုံလေးတစ်လုံးမှာ အေးအေးဆေးဆေး စာဖတ်ရင်း စိတ်ကူးရင်း စောင့်နေရုံပင်။ ဝယ်ချင်သူ (များသောအားဖြင့် ကမ္ဘာလှည့်ခရီးသည်တွေက အမှတ်တရ ဝယ်ကြတာ များသည်) မည်သူမဆို တစ်ယောက်ယောက်က ကြိုက်ရာ စကားလုံးတစ်လုံး ရွေးချယ်ကာ ကဗျာဆရာကို ပြောရသည်။

အများအားဖြင့်တော့ Birthday (မွေးနေ့) Lover's Gift (ချစ်သူ့လက်ဆောင်) အစရှိသော စကားတွေကို ရွေးချယ်ကြတာ များသည်ကို တွေ့ရ၏။ ကဗျာဆရာက ဝယ်သူရွေးချယ်သော စကားလုံးနှင့် ပတ်သက်သည့် အကြောင်းအရာကို ကဗျာစပ်ပေးသည်။

အချိန်လည်း သိပ်မကြာ။ စာလုံးရွေးကာ ပေးထားခဲ့ပြီး လည်စရာ ပတ်စရာနေရာများကို သွားရောက်ကြည့်ရှုရင်း တစ်နာရီခန့်ကြာပြီးနောက် ပြန်လာသည့်အခါ (တစ်ကမ္ဘာလုံးတွင် မိတ္တူမရှိသော) မိမိအတွက် သီးသန့် တစ်ပုဒ်တည်းဖြစ်သည့် အမှတ်တရ ကဗျာတစ်ပုဒ်ကို ရနိုင်မည် ဖြစ်သည်။

စိုးရှားက အဲသည်စိတ်ကူးလေးကို သဘောကျသည်။ အဲသည်လို မျိုး လုပ်ကြည့်မည်ဟု စိတ်ကူးပြီး နေရာရွေးသောအခါ သူ့ဦးလေး ဦးစောဝင်း၏ သူငယ်ချင်းဖြစ်သူ ကိုနေမျိုး၏ မစ္စတာဂစ်တာ ကဖေးဆိုင်ကို မျက်စိထဲပေါ်လာ၏။

ထို့ကြောင့် သူ့ဦးလေးကို ပြောခိုင်းသောအခါ ဦးစောဝင်းက...

"ဟာ... မင်းဟာက အဓိပ္ပာယ်မရှိပါဘူးကွာ... ကဗျာဆိုတာ သိပ်မြင့်မြတ်နက်ရှိုင်းတဲ့ အနုပညာကွ၊ ဒါကို လမ်းဘေးမှာ ချရောင်းလို့





ရမလား... ဝယ်တဲ့သူက အပ်တိုင်း ရေးလို့ ရင်ထဲက ထွက်မတဲ့လား... ပေါက်ကရကွာ..."

စိုးရှားက ပြုံးလိုက်သည်။ ထို့နောက်...

"ဦးလေးပြောသလိုပဲ တစ်ချို့လူတွေကလည်း ပြောကြပါတယ်၊ အနုပညာကို ကိုးကွယ်စရာ ရုပ်တုတစ်ခုလို ဖြစ်အောင် လုပ်နေကြတဲ့ လူတွေပေါ့၊ အဲဒီလိုပြောတဲ့ထဲက တစ်ချို့ကျတော့လည်း အနုပညာရှင်ဆိုတဲ့ ခေါင်းစဉ်တပ်ပြီး အကိုးကွယ်ခံပုဂ္ဂိုလ်ကြီးတွေ ဖြစ်ချင်ကြတာကိုး၊ ရိုးရိုးပဲတွေးပြီး ရိုးရိုးပဲနေစမ်းပါ ဦးလေးရာ... ကဲ ဦးလေးပြောသလို အနုပညာမဟုတ်တော့ရော ဘာဖြစ်သေးလဲ... အမှတ်တရပစ္စည်းတစ်ခုခု လုပ်ရောင်းတယ်လို့ပဲ သဘောထားပေါ့... မဟုတ်ဘူးလား..."

"ပြီးရောကွာ... ပြီးရော... မင်းသဘောပဲ..."

နောက်ဆုံး ဦးစောဝင်းက လက်လျှော့ပြီး မစ္စတာဂစ်တာဆိုင် ပိုင်ရှင်နှင့် ညှိနှိုင်းပေးသည်။ အဆင်ပြေသွား၏။ အစပိုင်းမှာတော့ လူတွေက သူ့ကို အထူးအဆန်းတစ်ခုလို ကြည့်ကြသည်။ ငပေါငကြောင် တစ်ယောက်လို ထင်မြင်ချက်ပေးကြသည်။

သို့သော် စိုးရှားကတော့ လုံးဝဂရုမစိုက်။

လူဆိုသည်မှာ နာမည်ကြီးဖို့ မလို။ လူအထင်ကြီးခံရသော ဂုဏ် [illegible]ပ်များ၊ ရာထူး အလုပ်အကိုင်များလည်း ရှိဖို့ မလိုပါ။

လူဆိုတာ ရိုးရိုးကလေး အသက်ရှင်သန်နေခွင့်လည်း ရှိသည် [illegible]ဟုတ်လား...။

❒



www.burmeseclassic.com

www.burmeseclassic.com

စိုးရှားက ဆိုဖာပေါ် လဲလျောင်းရင်း စဉ်းစားနေရာမှ ဧည့်ခန်းထဲသို့ တစ်စုံတစ်ယောက်ဝင်လာသံ ကြားရသဖြင့် ဆတ်ခနဲထကာ ခေါင်းထောင် ကြည့်လိုက်သည်။

သူ အံ့သြသွား၏။

ဝင်လာသူက အသက်လေးဆယ်ကျော်ခန့် ပိန်ပိန်ပါးပါးနှင့် ကိုယ် ခန္ဓာသေးသေးသွယ်သွယ် လူတစ်ယောက်ဖြစ်သည်။

အသားဖြူပုံကလည်း တစ်ကိုယ်လုံး သွေးတစ်စက်မှ မရှိဟု မှတ်ရ ထင်ရလောက်အောင် ဖြူဖပ်ဖြူရော်ဖြစ်နေ၏။ (သို့သော် သွေးပြန်ကြော စိမ်းစိမ်းတွေကတော့ လက်နှစ်ဖက်စလုံးမှာ ထင်းထင်းပေါ်နေသည်)

နှုတ်ခမ်းနှင့် ပါးပြင်တစ်ဝိုက်မှာ မရိတ်မညှပ်ဘဲ ဖြစ်သလို ထား သော နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးအစအနတွေ ထိုးထိုးထောင်ထောင်နှင့်





ဆံပင်တွေကလည်း တွန့်လိမ်ကောက်ကွေးကာ ရှည်လျားပြီး ရှုပ်ပွနေ၏။

ပါးရိုးတွေ ငေါထွက်နေလောက်အောင် ပိန်ချုံးနေသော ထိုသူ၏ မျက်နှာပေါ်မှာ ထင်ရှားသည့်အရာနှစ်ခုသာ ရှိသည်။ တစ်ခုက ပါဝါထူထဲ လှသော မျက်မှန်အောက်က ရီဝေသည့် မျက်လုံးများဖြစ်ပြီး နောက်တစ်ခုက နီရဲပြီး ရှည်လျားသည့် နှုတ်ခမ်းများဖြစ်သည်။

ထိုသူကား အဆိုတော် သျှပ်မှူးအိမ်။

ကက်ဆက်ခွေ ပိုစတာများ ဆိုင်းဘုတ်များနှင့် မဂ္ဂဇင်းစာမျက်နှာ တွေပေါ်မှာ ခဏခဏ မြင်ဖူးနေသဖြင့် စိုးရှား ချက်ချင်းသိလိုက်သည်။ သူ လဲလျောင်းနေရာမှ ကမန်းကတန်းထဖြစ်၏။

ကိုသျှပ်မှူးအိမ်က...

"ကိုစောဝင်း ရှိလား"

လေသံတိုးတိုးဖြင့် မေးသည်။ မျက်လုံးတွေကလည်း စိုးရှားကို ကြည့်မနေသလိုပင်။ အမူအရာကလည်း မထုံတက်တေးဟန်မျိုး။

စိုးရှားက...

"ရှိပါတယ် အစ်ကို... နေ့လည်ကတည်းက ပြန်လာပြီး အခန်းထဲမှာ အိပ်နေတယ်"

ဟု တရိုတသေ ပြန်ဖြေလိုက်မိ၏။

ဘာကြောင့် ရိုရိုကျိုးကျိုးဖြစ်နေမိသလဲ ဆိုသည်ကိုတော့ စိုးရှား ကိုယ်တိုင် သူ့ဘာသာသူ မသိ။

တစ်ခုတော့ရှိသည်။ အနုပညာ ဆိုသည်ကို အယုံအကြည်မရှိသော စိုးရှား၏ ရင်ထဲမှာ နှစ်သက်ကြည်ညိုသည့် အနုပညာရှင် ဟူ၍ မြန်မာ ပြည်တွင် လက်ဆယ်ချောင်းစာပင် မပြည့်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအထဲကမှ ထူးထူးခြားခြားတစ်ယောက်က အဆိုတော် သျှပ်မှူးအိမ်။

အခု ထိုသူ့ကို မထင်မှတ်ထားဘဲ ဘွားခနဲ တွေ့လိုက်ရခြင်းကြောင့် အလိုလို ရင်ထဲက ညွတ်ကျသွားခြင်း ဖြစ်နိုင်သည်။

နောက်တစ်ချက်က ထိုသူ၏ ရိုးစင်းလွန်းသော စတိုင်ကြောင့်လည်း ဖြစ်သည်။ နာမည်ကြီးအဆိုတော်တစ်ယောက်နှင့် လုံးဝမတူ။ အရောင်အသွေး လွင့်နေသော ချည်လုံချည်နွမ်းနွမ်းကလေးနှင့် အပြာရောင်လွင့်ပြယ်နေသော ဂျင်းဂျာကင်တစ်ထည်ကို တံတောင်ဆစ်အထိရောက်အောင် လက်ခေါက်ပြီး ဝတ်ထား၏။

ဒါပဲဖြစ်သည်။

သူသီဆိုခဲ့သော သီချင်းထဲမှ ဗင်းဆင့်ဗန်ဂိုး၏ ဝိညာဉ်ကို သူ့မျက်မှန် ထူထူအောက်က မျက်ဝန်းညိုညိုတွေထဲမှာ တွေ့လိုက်ရသလို အောက်မေ့မိလေသည်။

□ □ □

ကိုသျှပ်မှူးအိမ်က ဦးစောဝင်း၏အိပ်ခန်းထဲသို့ ဝင်သွားလိုက်သည်။ ခုတင်ပေါ်တွင် စောင်ကို ခေါင်းမြီးခြုံပြီး အိပ်နေသော ရတနာပုံစောင်းကို တွေ့လိုက်ရ၏။

ထို့ကြောင့် ကိုသျှပ်မှူးအိမ်က

"ဟော့လူ... ဒါရိုက်တာ ထဗျာ... နေ့ခင်းကြောင်တောင်ကြီး ဘာဖြစ်လို့ အိပ်နေတာလဲ..."

စောင်ခြုံအောက်မှ ဦးစောဝင်းက လေသံမပွင့်တပွင့်ဖြင့်...





"ဟင်... ကိုသျှပ်လား..."

"အင်း... ခင်ဗျားဆီက အနှစ်နှစ်ဆယ်ငယ်တဲ့ဆေး သောက်ချင်လို့ လာတာ၊ ဟော့လူ... ထလေဗျာ... ဘာလို့ စောင်ကြီး ခေါင်းမြီးခြုံထားရတာလဲ..."

ကိုသျှပ်မှူးအိမ်က ပြောပြောဆိုဆိုဖြင့် ဦးစောဝင်း၏ ခေါင်းပိုင်းကို အုပ်လွှမ်းထားသည့်စောင်ကို အတင်းဆွဲခွာလိုက်ရာ...

"ဟင်..."

စောင်ခြုံအောက်မှ ဦးစောဝင်း၏ဦးခေါင်းက ဘွားခနဲပေါ်လာ၏။

ဘယ်လိုမှ မြင်ရက်စရာ မရှိ။

ဦးစောဝင်း၏ခေါင်းမှ တိုနံ့နံ့ဆံပင်တွေအားလုံးသည် ကပ္ပလီလို အကြည့်ရဆိုးစွာ ကောက်ကွေးတွန့်လိမ်နေကြ၏။ ဒါတင်မကသေး... အလွန်တောက်ပသော ရွှေရောင်ဆိုးထားသဖြင့် ပြောင်လက်လက် ကြောင်စီစီ ဖြစ်နေလေသည်။

အသက်ငါးဆယ်ခန့် ဝမ်းဗိုက်စူစူ အသားမည်းမည်း လူကြီးတစ်ယောက်အဖို့ကား ဒီလိုတိုနံ့နံ့ ရွှေရောင်ဆံပင် ကောက်တိကောက်လိမ်ကြောင့် ကပ္ပလီအရူးမကြီးတစ်ယောက်နှင့် တူနေလေသည်။

ကိုသျှပ်မှူးအိမ်က...

"ဟော့... ဒါရိုက်တာ ခင်ဗျား ဘာစိတ်ကူးပေါက်ပြီး လျှောက်လုပ်ထားတာလဲ၊ ကျက်သရေမရှိလိုက်တာဗျာ..."

ဟု သုန်သုန်မှုန်မှုန်ဖြင့် ပြော၏။ ဦးစောဝင်းက လင်ငယ်နှင့် အမိခံရသော မိန်းမကဲ့သို့ မဝံ့မရဲအသံလေးဖြင့် မြနဒီအကြောင်း ပြောပြရှာ၏။

အဲသည်တော့မှ ပိုပြီး အဆဲခံရတော့သည်။ ကိုသျှပ်မှူးအိမ်က



www.burmeseclassic.com

www.burmeseclassic.com

ပျစ်ပျစ်နှစ်နှစ် ဆူပူကြိမ်းမောင်းရင်း…

"မိန်းမတစ်ယောက်ကြပ်ပေးတိုင်း မစဉ်းမစား လျှောက်လုပ်ရအောင် ခင်ဗျားမှာ အသိဉာဏ် တစ်စက်ကလေးမှ မရှိတော့ဘူးလားဟင်…"

"မဟုတ်… မဟုတ်ဘူးလေ… ကိုသျှပ်ရဲ့… ဟိုဒင်း အချစ်စိတ်က အဲ…"

"ဘာ… အချစ်လဲ… ဒါ အချစ်မဟုတ်ဘူးဗျ… မွန်းတာ… အရူးထတာ…"

ဦးစောဝင်းကတော့ မျက်လုံးလေးပြာလတွတ် ပြာလတွတ် စကားထစ်တီးထစ်အနှင့် ဘာပြန်ပြောရမည်မှန်း မသိ။ နောက်ဆုံး အဆူခံရတာ သက်သာလို သက်သာငြား ရေခဲသေတ္တာသွားဖွင့်ပြီး ဖေယျဝတီစက်ရုံထုတ် ဘီအီးဒီစီ အရက်ဖြူစစ်စစ်တစ်ပုလင်း ထုတ်လာကာ…

"ဟဲ… ဟဲ… ဒီမှာ ကိုသျှပ်အတွက် အနှစ်နှစ်ဆယ်ငယ်တဲ့ဆေး…"

ကိုသျှပ်မှုုးအိမ်က နိုင်ငံခြားဖြစ် ဝီစကီတွေထက် အရက်ဖြူစစ်စစ်ကို ပိုပြီးသဘောကျပုံရ၏။ သူ အသက်နှစ်ဆယ်အရွယ်လောက်တုန်းက စပြီး မြည်းစမ်းနှစ်လိုခဲ့ဖူးသော ယမကာအမျိုးအစား ဖြစ်သောကြောင့် ဖေယျဝတီစက်ရုံထုတ် အရက်ဖြူစစ်စစ်ကို ပြန်တွေ့တိုင်း အသက်နှစ်ဆယ်ခန့် ပြန်ငယ်သွားသလို ခံစားရသည့်ဆေးဟု လွမ်းဆွတ်တသစွာ အမည်တပ်ထားခြင်း ဖြစ်သည်။

ဦးစောဝင်းက စိုးရှားကို လှမ်းခေါ်ရင်း ကိုသျှပ်မှုုးအိမ်နှင့် မိတ်ဆက်ပေးသည်။

"ကိုသျှပ် ဒါ ကျွန်တော့်တူလေ… မန္တလေးမှာနေတဲ့ ကျွန်တော့်အစ်မရဲ့သားပေါ့… ဒီကောင် အိမ်ပေါ်ကဆင်းလာပြီး ကျွန်တော်နဲ့ လာနေနေတာ…"





"သြော်… သြော်…"

ကိုသျှပ်မှုုးအိမ်က စိုးရှားကို ကြည့်သည်ဆိုရုံ တစ်ချက်မျှ ဖျတ်ခနဲ လှမ်းကြည့်ပြီး 'သြော်… သြော်' ဟုသာ မပွင့်တပွင့် ရေရွတ်သည်။ ဘာမှ မပြော။ တစ်စုံတစ်ရာကို တွေးနေသလိုမျိုး ငြိမ်သက်နေ၏။

ဦးစောဝင်းက…

"ဒီကောင် အခု မစ္စတာဂစ်တာမှာ 'ကဗျာဆိုင်' ဆိုပြီး ဖွင့်နေတယ်လေ…"

ကိုသျှပ်မှုုးအိမ်ကတော့ ဘာစကားမှ မပြော။ ကြည့်လည်း မကြည့်။ ဦးစောဝင်းကသာ ဆက်ပြီး…

"ကျွန်တော့်တူက စာတော့ အတော်ဖတ်တာဗျ… ဉာဏ်လည်း ကောင်းတယ်၊ ဒါပေမဲ့ ဘာအလုပ်မှ ဖြစ်ဖြစ်မြောက်မြောက် မလုပ်ဘူး၊ ဒီကောင် ငပျင်းဗျ…"

ကိုသျှပ်မှုုးအိမ်ကတော့ စောစောကလိုပင် တုံဏှိဘာဝေ။ နှုတ်ဆိတ်လျက်သား တစ်စုံတစ်ရာကို တွေးနေဟန်ရှိ၏။ ဦးစောဝင်းက…

"ကျွန်တော် ဒီကောင့်ကို ခဏခဏပြောတယ်… ကိုသျှပ်ရဲ့… ကျွန်တော့်အကူအညီ အဆက်အသွယ်တွေလည်း ရှိတာပဲဥစ္စာ၊ ရုပ်ရှင်လောကထဲဖြစ်ဖြစ် စာပေနယ်ထဲဖြစ်ဖြစ် တစ်နေရာရာမှာ ဖြစ်ထွန်းအောင် လုပ်ပါလားဆိုတော့လည်း မဟုတ်ဘူး၊ ဒါလည်း မလုပ်ချင်ပြန်ဘူးတဲ့…"

ဦးစောဝင်း၏ စကားအဆုံးတွင် ကိုသျှပ်မှုုးအိမ်က သူ့လက်ထဲမှ တစ်ဝက်တစ်ပျက် ငြိမ်းသတ်ထားသော စီးကရက်တိုကို မီးညှိဖွာရှိုက်လိုက်သည်။

မီးခိုးငွေ့တွေက လွင့်လွင့်မျောမျော ဝေ့ဝဲသွားကြ၏။


www.burmeseclassic.com

www.burmeseclassic.com

အချိန်များစွာ ကုန်ဆုံးလောင်ကျွမ်းသွားသည်အထိ ဟိုးအဝေးကြီးကို ကိုသျှပ်မှုးအိမ် ငေးကြည့်နေသည်။ ပြီးတော့မှ သူ၏သီချင်းဆိုသံလို စွဲမက်ဖွယ်ကောင်းသော တိုးတိုးရှရှ အသံဖြင့်...

"ကိုယ်လုပ်ချင်တာကို လုပ်နေရတဲ့သူဟာ သခင်ပဲ၊ ပိုက်ဆံလိုချင်လို့ ကိုယ်မလုပ်ချင်ပဲ လုပ်နေရတယ် ဆိုရင်တော့ ကျွန်ပဲ..."

ထိုစကားပြောပြီးတော့ မဆုံးသေးသလို ခဏရပ်ထားသည်။ ပြီးတော့မှ သူ ဆက်ပြောသည်။

"အနုပညာလောကထဲမှာလည်း ကျွန်လူတန်းစား ရှိတာပဲ..."

▢





စိုးရှားအတွက်တော့ ကိုသျှပ်မှုးအိမ်ထံမှ လေးလေးနင့်နင့် ပြောစကားကို ကြားရသည်မှာ အဲသည်တစ်ကြိမ်သည် ပထမဦးဆုံးနှင့် နောက်ဆုံးအကြိမ်ပင်ဖြစ်သည်။ (နောက်ပိုင်းတွင် အနုပညာအကြောင်းနှင့် ပတ်သက်လျှင် သူ သိပ်ပြီး နက်နက်မပြောတော့ပါ)

ကိုသျှပ်က စကားများများပြောတတ်သူ မဟုတ်။ သူ တွေးနေမည်။ သူ လွင့်မျောနေမည်။ သို့မဟုတ် သူ နားထောင်မည်။ ဒါပဲဖြစ်သည်။

ခင်မင်သွားကြပြီးသည့် နောက်ပိုင်းတွင် နေ့လည်နေ့ခင်း အားနေသည့်အခါများ၌ ကိုသျှပ်နှင့်အတူ မဂ္ဂဇင်းတိုက်များသို့ စိုးရှား လိုက်သွားလေ့ရှိသည်။ အများဆုံး သွားတတ်ကြသည်က လမ်း (၃၀) တွင်ရှိသော သရဖူမဂ္ဂဇင်းတိုက်သို့ ဖြစ်၏။

အဲဒီမဂ္ဂဇင်းတိုက်တွင် ဆရာဇော်ဇော်အောင်၊ သစ္စာနီ၊ မောင်မောင်



www.burmeseclassic.com

www.burmeseclassic.com

ဧယေျ၊ ငြိမ်းအေးအိမ်တို့လို စာရေးဆရာတွေက ကြမ်းပြင်ပေါ် ဝိုင်းဖွဲ့ ထိုင်လျက် မော်ဒန်၊ ပို့စ်မော်ဒန် အနုပညာအကြောင်း နာရီပေါင်းများစွာ ကြာအောင် ပြောတတ်ကြသည်။

အဲသည်လိုအခါတွင်လည်း ကိုသျှပ်ကတော့ ထောင့်တစ်ထောင့်တွင် နံရံကို ခွေခေါက်မှီကာ ငြိမ်သက်စွာထိုင်ပြီး စာရေးဆရာတွေ ပြောသမျှကို အာရုံစူးစိုက်ကာ နားထောင်နေတတ်၏။ ရံဖန်ရံခါ ကဗျာဆရာ သီချင်းရေးဆရာ ကိုမြင့်မိုးအောင်လည်း လာတတ်၏။ (သူကလည်း ကိုသျှပ်လိုပင် အသားဖြူဖြူ ခန္ဓာကိုယ်သေးသေးနှင့် ဝါးပင်လို သွယ်သွယ်ကိုင်းကိုင်း ဖြစ်၏) ကိုမြင့်မိုးအောင်ကမှ စကားဝင်ပြောသေးသည်။ ကိုသျှပ်ကတော့ နားထောင်သူသက်သက်။

တစ်ခါတလေ သရဖူမဂ္ဂဇင်းတိုက်ကို ရောက်သည်နှင့် ကိုသျှပ်က ရေချိုးခန်းထဲသို့ တန်းဝင်သွားတတ်သည်။ နောက် အတော်ကြာမှ ပြန်ထွက်လာပြီး ထပ်ခိုးပေါ်တက်ကာ ဇော်ဦးတို့၊ ကိုကြွက်နီတို့ ကွန်ပျူတာစာစီသည့်ဘေး၊ ရှုပ်ပွနေသည့် စာအုပ်ပုံကြားမှာ မဂ္ဂဇင်းသုံးလေးအုပ်ကို ခေါင်းအုံးပြီး ကွေးကွေးကလေး အိပ်ချင် အိပ်နေတတ်လေသည်။

သူ၏အာရုံငါးပါး အပြင်ပတွင်ရှိသော နယ်မြေသစ်ထဲမှာတော့ သူ သီဆိုချင်သော သီချင်းတွေ၊ သူဖွဲ့ချင်သော ကဗျာတွေကို ဖန်တီးနေပေလိမ့်မည်။

“အနုပညာသမားဆိုတာ ဘာလဲ”

စိုးရှား အဲသည်မေးခွန်းကို ခဏခဏ တွေးကြည့်ဖြစ်သည်။ အဲသည်မေးခွန်းကို မေးပြီးတိုင်းလည်း ကိုသျှပ်မှူးအိမ်၏ မျက်နှာကသာ စိတ်ထဲမှာ ဖျတ်ခနဲပေါ်လာတတ်၏။





“အနုပညာသမား ဆိုသည်မှာ ‘လူ’ သာ ဖြစ်သည်”

သူတကာထက် ပိုပြီး ဘုန်းတန်ခိုးကြီးမားနေသူများလည်း မဟုတ်။ လူသတ္တဝါတွေကို ကယ်တင်နေကြသူများလည်း မဟုတ်။

ကမ္ဘာကြီးတစ်ခုလုံးကို သူတို့ကချည်း ထမ်းပိုးသယ်မထားရသလို အိုက်တင်မျိုးဖြင့် သူတို့ကိုယ် သူတို့ တန်ဖိုးကြီးသယောင် ပဲများနေကြသူတွေ မဟုတ်။

“ပရိသတ်တွေကို ပေးဆပ်ရမယ်… ပေးဆပ်ရမယ်…”

ဟု ဘယာကြော်ကုလား ဈေးရောင်းသလို တစာစာအော်ဟစ်ပြီး ကိုယ့်ဘာသာကိုယ် ‘ကျေးဇူးရှင်ကြီး’ ဖြစ်အောင် ဖွတ်လုပ်နေသူများလည်း မဟုတ်။

သျှပ်မှူးအိမ်ကို အနုပညာသမားတစ်ယောက်အဖြစ် သူ စတင် ထိတွေ့ခဲ့ရသည်။ သို့သော် သည့်နောက်မှာတော့…

‘လူသားပီသသော လူသားတစ်ယောက်’ အဖြစ် သူ လေးစားခဲ့ရခြင်း ဖြစ်လေသည်။

□ □ □

မိုးချုပ်ကာစ တစ်ညကို သူ မှတ်မိသေးသည်။

(၃၃) လမ်းထဲရှိ စတိုင်သစ်မဂ္ဂဇင်းတိုက် ညှော်ခန်းကျဉ်းကျဉ်းလေးထဲတွင် ဖြစ်သည်။ အဲသည်ညက ကိုသျှပ်နှင့် စကားဝိုင်းဖွဲ့နေသူတွေက စတိုင်သစ်မဂ္ဂဇင်း အယ်ဒီတာချုပ် အောင်စိုးသူနှင့် ပို့စ်မော်ဒန် စာရေးဆရာဆိုသူ အသားမည်းမည်း လူငယ်တစ်ယောက်တို့ ဖြစ်ကြသည်။

ကိုသျှပ်က စီးကရက်ဖွာရင်း တွေတွေငေးငေးဖြင့်…



www.burmeseclassic.com

www.burmeseclassic.com

"ပို့စ်မော်ဒန် စာရေးဆရာတွေနဲ့ Realism ဘက်က စာရေးဆရာတွေကို မျက်နှာချင်းဆိုင်ပြီး အေးအေးဆေးဆေး အချိန်ယူ ဆွေးနွေးလို့ရအောင် စီစဉ်ပေးလို့ရရင် ကောင်းမယ်၊ ကျွန်တော် ဘာပဲလုပ်ပေးရ လုပ်ပေးရ…"

အခန်းထဲမှာ လျှပ်စစ်မီးရောင် မရှိ။ ဖယောင်းတိုင်တစ်တိုင်တည်းကိုသာ ထွန်းညှိထားသဖြင့် အလင်းရောင်က ဝါကျင့်ကျင့် မှုန်ဝါးနေသည်။

စကားသံတွေက ပြန်လည်တိတ်ဆိတ်သွား၏။

ကိုသျှပ်၏မျက်လုံးတွေက ဝေရီနေသည်။ သူ့အတွေးစတွေကလည်း အနက်ရောင်ပင်လယ်ထဲမှာ တစ်စစီကွဲကြေ လွင့်ပျံ့မျောနေပုံရ၏။

အချိန်ကြာမြင့်စွာ တိတ်ဆိတ်နေကြပြီးမှ ကိုသျှပ်က ရုတ်တရက် ဘာစိတ်ကူးပေါက်သွားသည် မသိ။ သူ့ဂျင်းဂျာကင်အိတ်ထဲမှ ဓာတ်ပုံတစ်ပုံကို ဖျတ်ခနဲ ဆွဲထုတ်လိုက်ပြီး စိုက်ကြည့်သည်။ ထို့နောက် စားပွဲပေါ်သို့ ဓာတ်ပုံကို ချပြရင်း…

"ကြည့်ပါဦးဗျာ… ချစ်စရာမကောင်းဘူးလား၊ ဒါ ကျွန်တော့်သမီးလေးလေ…"

ဓာတ်ပုံထဲမှ ကလေးလေး ပြုံးရယ်နေသလိုမျိုး ကိုသျှပ်၏မျက်နှာကလည်း ကြည်နူးရီဝေသော အပြုံးတစ်ခုနှင့်…။

အဲဒါကိုကြည့်ပြီး စိုးရှား၏ရင်ထဲတွင် အမျိုးအမည်မသိသော ဆွတ်ပျံ့မှုတစ်ခုကို ခံစားရလေသည်။

❒ ❒ ❒





စာရေးဆရာကြီးမြသန်းတင့် ကွယ်လွန်ပြီး အသုဘချသည့်နေ့က ကိုသျှပ်၏ဆလွန်းကားအဖြူလေးဖြင့် စိုးရှား အသုဘလိုက်ပို့ဖြစ်သည်။

ကားပေါ်တွင် သူနှင့် ကိုသျှပ် နှစ်ယောက်တည်း။ တစ်လမ်းလုံး တစ်ယောက်နှင့် တစ်ယောက် စကားလည်း တစ်ခွန်းမှ မပြောဖြစ်ကြ။

ရေဝေးသုသာန်ရောက်တော့ အသုဘရှုဖို့ ပြင်ဆင်ထားပြီးနေပြီ။ လူတွေက ရုပ်ယုက်ခတ်နေကြသည်။ အလုပ်များနေကြသည်။ ဆူညံပွက်နေကြသည်။ ယောက်ယက်ခတ်နေကြသည်။

ကိုသျှပ်ကတော့ ခပ်ဝေးဝေးကနေ၍သာ ဆရာမြသန်းတင့်၏ ရုပ်ကလာပ်ကို ငြိမ်ငြိမ်ဆိတ်ဆိတ် လှမ်းကြည့်နေ၏။ ဘာမှလည်း မပြော။ ဘယ်သူ့ကိုမှလည်း နှုတ်မဆက်။ စိုးရှားကလည်း ကိုသျှပ်ရပ်နေသည့်နေရာအေးတွင်သာ ရပ်နေလိုက်သည်။

ရုပ်ကလာပ်ကို မီးသဂြိုဟ်စက်ထဲပို့ရန် အချိန်ကျတော့ ပုံတူပန်းချီကားကိုသယ်သူက သယ်၊ ပန်းခွေသယ်သူက သယ်နှင့် လူစုလူဝေးကြီး စီတန်းရွေ့လျားသွားကြသည်။

ကိုသျှပ်ကတော့ နေရာမှ မရွေ့၊ ရပ်မြဲ ရပ်လျက်သားပင်။ သူ့အကြည့်တွေကတော့ အသုဘခေါင်းရွေ့လျားသွားရာဆီသို့ မျှော်ငေးလျက်။

ကိုသျှပ် ဘာတွေတွေးနေသည် မသိ။

နောက်ဆုံး စိုးရှားက…

"ပြန်ကြစို့လေ ကိုသျှပ်…"

ဟု သတိပေးမှ သူ ပြန်လည်အသက်ဝင်လာသည်။ ပြီးတော့ စကားတစ်ခွန်းကို တီးတိုးပြော၏။

"ဒီအဘိုးကြီး သေသွားတာ ကျွန်တော် နမြောလိုက်တာဗျာ…"


www.burmeseclassic.com

www.burmeseclassic.com

ဘာအတွက်ကြောင့်မှ တစ်သက်နှင့် တစ်ကိုယ် ဝမ်းမနည်းခဲ့ဖူးသော စိုးရှားသည် ကိုသျှပ်၏စကားကြောင့် ရင်ထဲမှာ ဆို့ဆို့နင့်နင့်ဖြစ်သွားသလို ခံစားလိုက်ရ၏။

အကယ်၍

အကယ်၍သာ

နောက် သိပ်မကြာတော့သော ကာလတစ်ခုတွင် အဆိုတော် သျှပ်သျှပ်မှူးအိမ်ဆိုသောသူ့ကို ဒီနေရာမှာပင် ဒီလိုမျိုး ဈာပနအခမ်းအနားဖြင့် ကြေကွဲစွာ လိုက်ပါပို့ဆောင် သင်္ဂြိုဟ်ရဦးမည် ဆိုသည်ကို…

အဲဒီကတည်းက ကြိုသိခဲ့လျှင်ကား…

■

## အခန်း (၉)

နှင်းဆီပန်း၏ လှပသောအနီရောင်ကို မြင်ဖူးပါသလား။ ရက်စက်ကြမ်းကြုတ်သော ကျားသစ်တစ်ကောင် ပါးစပ်ဖြဲထားသောအခါတွင် ကျားသစ်၏အာခေါင်သည် နှင်းဆီတစ်ပွင့်လို ရဲရဲနီနေသည်ကို မြင်ရလိမ့်မည်။

အနီရောင်သည် လှပခြင်းနှင့် အတူ ရက်စက်ခြင်း၏နိမိတ်ပုံကိုပါ ခေါ်ဆောင်လာသည်ဟု ထင်ရ၏။

မစ္စတာဂစ်တာကဖေးဆိုင်၏ သီချင်းညတစ်ညတွင် အနီရောင်စူးစူးရဲရဲဝတ်စုံကို ဝတ်ဆင်လာသော ဆိုဖီယာလပြည့်ဝန်းကို မြင်လိုက်ရသောအခါ စိုးရှားသည် ကျားသစ်တစ်ကောင်၏ ပါးစပ်ကို မြင်လိုက်ရသည်ဟု စိတ်ထဲက အောက်မေ့မိလေသည်။

□


www.burmeseclassic.com

www.burmeseclassic.com

အဲသည်ညက…

ကဖေးဆိုင်ထဲမှ ဟောလိုဂစ်တာဖြင့် တီးခတ်နေသော ကန်းထရီးသီချင်းသံကို ခပ်တိုးတိုးကြားနေရသည်။ အပြင်ဘက်မှာတော့ စားပွဲတစ်လုံးဖြင့် ကဗျာရေးနေသော စိုးရှားသည် ပျင်းရိငြီးငွေ့စွာ သမ်းဝေနေလေသည်။

ဝါကျင့်ကျင့် လျှပ်စစ်မီးရောင် မှိန်ပျပျလေး ထွန်းညှိထားသည့် အုတ်လှေကားအဆင်းလမ်းကလေးပေါ်တွင် အနီရောင် နတ်သမီးတစ်ပါး ဘွားခနဲ ပေါ်လာသည်။

နှင်းဆီပွင့်နှင့်တူသော အလှတရား…

ကျားသစ်တစ်ကောင်၏ ခံတွင်းနှင့်တူသော အလှတရား…

အဲဒီနှစ်မျိုးစလုံးကို ပိုင်ဆိုင်ထားသော ဆိုဖီယာလပြည့်ဝန်းကို စိုးရှား မြင်လိုက်ရ၏။

ဆိုဖီယာလပြည့်ဝန်း၏ နံဘေးတွင် မိန်းကလေးသူငယ်ချင်း အဖော်တစ်ယောက်ပါသည်။ စိုးရှားက သူတို့ကို ကြာကြာစိုက်မကြည့်ဘဲ မျက်လုံးလွှဲပစ်လိုက်၏။

ဆိုဖီယာလပြည့်ဝန်းက စိုးရှား၏စားပွဲကို ဖြတ်ကျော်ကာ ဆိုင်ထဲဝင်သွားတော့မလို လုပ်ပြီးမှ ခြေလှမ်းကို တုံ့ခနဲရပ်တန့်လိုက်သည်။ ထိုနောက် 'ကဗျာဆိုင်' ဆိုသော ဆိုင်းဘုတ်ကို အသေအချာစိုက်ကြည့်ရင်း စားပွဲရှေ့တွင် ခြေစုံရပ်ပြီး…

"ကဗျာတစ်ပုဒ် ဘယ်လောက်လဲ"

စိုးရှားက မော့မကြည့်ဘဲ…

"တစ်ပုဒ် သုံးထောင်"

"ကျွန်မ တစ်ပုဒ်လောက်ဝယ်ချင်တယ် ဘယ်လိုဝယ်ရမလဲ"

"ကြိုက်တဲ့ စကားလုံးတစ်လုံး ရွေးပါ၊ အဲဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး ကဗျာရေးပေးမယ်"

သူမက ခေါင်းကို အနည်းငယ်မော့ကာ စဉ်းစားဟန်ဖြင့် တွေဝေနေသည်။ နောက်…

"အင်း… ဘာစကားလုံးမှလည်း အာရုံထဲမှာ ပေါ်မလာဘူး၊ ဒီလိုလုပ်လေ… ကျွန်မနာမည် ဆိုဖီယာ… အဲဒီနာမည်ကိုပဲ ကဗျာတစ်ပုဒ်ရေးပေး၊ ရှင့်အတွက် သိပ်များ ခက်ခဲနေမလား မသိဘူး…"

စိုးရှားက နှုတ်ခမ်းဖျားအစုံကိုမဲ့ကာ ပြုံးလိုက်၏။ စိန်ခေါ်မှုတွေကို သိပ်ပြီးနှစ်ခြိုက်တတ်တဲ့ မိန်းမပဲ။ ဒါ ကဗျာဝယ်နေတာ မဟုတ်ဘူး။ စိန်ခေါ်မှုတစ်ခုကို အလောင်းအစားလုပ်နေတာပဲ။

"ရပါတယ်… နောက် နာရီဝက်လောက်နေရင် လာယူပါ…"

"အင်း… ဒီမှာ ပိုက်ဆံသုံးထောင် ထားခဲ့ပြီနော်…"

သူမက တစ်ထောင်တန် ငွေစက္ကူသုံးရွက်ကို စားပွဲပေါ် ချပေးခဲ့ပြီး သွက်လက်ပေါ့ပါးစွာဖြင့် ကဖေးဆိုင်ထဲသို့ ဝင်သွားသည်။

စိုးရှားက အစိမ်းနုရောင်စာရွက်တစ်ရွက်ကို ဆွဲထုတ်ယူကာ စားပွဲပေါ်ဖြန့်ရင်း တွေတွေငေးငေး စဉ်းစားရင်း ကျန်ခဲ့၏။

ဆိုဖီယာ…

ဆိုဖီယာ…

ငါ ဘာအကြောင်းရေးရပါ့မလဲ။

ကဗျာအငွေ့အသက်သန်းသော စကားလုံးတစ်လုံးတစ်လေမျှပင် သူ့အာရုံထဲ၌ မပေါ်လာ။ ကျားသစ်ခံတွင်းနှင့်တူသော သူမ၏အလှတရား


www.burmeseclassic.com

www.burmeseclassic.com

အကြောင်း ရေးရမလား။ အသီးနား (ATHENA) စစ်နတ်သမီးလို စိန်ခေါ်တိုက်ခိုက်မှု ဖြင့် သွေးဆူနေတတ်သည့် သူမ၏နှလုံးသားအကြောင်း ရေးရမလား။

စိုးရှား ငိုင်နေမိသည်။

သည်တစ်ခါလည်း ငါပဲ ရှုံးနိမ့်ဦးမယ် ထင်ပါရဲ့....။

▢





နာရီဝက်ကို စက္ကန့်အနည်းငယ်မျှသာ စွန်းသောအချိန်၌ စိုးရှား၏ စားပွဲရှေ့သို့ ဆိုဖီယာလပြည့်ဝန်း ပြန်ရောက်လာသည်။ သူမက...

"ကျွန်မအတွက် ကဗျာရပြီလား..."

စိုးရှားက ဘာမှ ပြန်မပြောဘဲ သေသပ်စွာခေါက်ထားသည့် အစိမ်းနုရောင်စာရွက်ကလေးကို သူမဆီသို့ လက်ကမ်းပေးလိုက်သည်။

ဆိုဖီယာလပြည့်ဝန်းက ချက်ချင်းပင် စာရွက်ကိုဖြန့်ပြီး ဖတ်လိုက်သည်။

စာရွက်ပေါ်တွင် စာသားတစ်လုံးမှ ရေးမထား။ သင်္ချာအက္ခရာ ဂဏန်းလေးလုံးတည်းသာ။

"1.618"

သူမက စိုးရှား၏မျက်နှာကို ဖျတ်ခနဲလှမ်းကြည့်ပြီး...


www.burmeseclassic.com

www.burmeseclassic.com

"ဒါ ကောင်းကင်ဘုံဂဏန်းလို့ခေါ်တဲ့ Divine Proportion ပဲ ဥစ္စာ၊ ဒါကို ကဗျာလို့ ခေါ်သလား"

ဆိုဖီယာလပြည့်ဝန်း၏ မေးခွန်းကြောင့် စိုးရှားက လက်ချောင်းမှ အဆစ်လေးများကို တဖျစ်ဖျစ်မြည်အောင်ချိုးရင်း အဖြေကိုဖြေနေရာမှ...

"မင်းရဲ့နာမည် ဆိုဖီယာထဲမှာပါတဲ့ ဖီ (PHI) ဆိုတဲ့ စကားလုံးဟာ ကောင်းကင်ဘုံဂဏန်းကို ကိုယ်စားပြုထားတဲ့ အခေါ်အဝေါ်ပဲ၊ မင်းနာမည်ကို ဒီထက်ပိုပြီး ခမ်းနားအောင် ဖွဲ့နိုင်မယ့် စကားလုံး မရှိတော့ဘူးဆိုရင် မင်းလက်ခံမှာပါ... ဟုတ်တယ်မဟုတ်လား..."

ဆိုဖီယာလပြည့်ဝန်းက ပြုံးသည်ဆိုရုံမျှ သဲ့သဲ့ကလေး ပြုံးသည်။ ထို့နောက်...

"ရှင် ဘယ်သူလဲ..."

"မင်း ဒီမေးခွန်းကိုမေးတာ နှစ်ကြိမ်ရှိသွားပြီ..."

သူ့တုံ့ပြန်စကားကြောင့် ဆိုဖီယာလပြည့်ဝန်းတစ်ကိုယ်လုံး မြွေဟောက်တစ်ကောင်၏ ပေါက်ခါနီးဆဲဆဲ အမူအရာမျိုး တောင့်ခနဲဖြစ်သွားသည်။ ထို့နောက် သူ့ကို စူးစူးရဲရဲစိုက်ကြည့်ရင်း တစ်စုံတစ်ခုကို ပြန်သတိရသွားဟန်ဖြင့်...

"ဈေးရောင်းပွဲတော်မှာတုန်းက မေးခွန်းတွေကို ဖြေပေးတာ ရှင်ပဲလား..."

"ဟုတ်တယ်... ကိုယ့်နာမည် စိုးရှား..."

သူမ၏နှုတ်ခမ်းလွှာတို့ ယောင်ယောင်ကလေး ပွင့်ဟသွားပြီး 'သြော်...' ဟူသည့် စကားသံကို အမှတ်မဲ့ရေရွတ်သည်။ ထို့နောက်...

"အဲဒီညက ရှင်ဖြေသွားခဲ့တာတွေက အမှန်ပဲလား၊ မိုနာလီဇာ





ပန်းချီကားဟာ လီယိုနာဒို ဒါဗင်ချီရဲ့ မိန်းမလိုဝတ်ထားတဲ့ ပုံတူ ဆိုတာလေ..."

"ကိုယ် မလိမ်တတ်ပါဘူး... မယုံရင် မင်းကိုယ်တိုင် အဲဒီပုံနှစ်ပုံကို ကွန်ပျူတာပေါ်တင်ပြီး တစ်ခုပေါ် တစ်ခု ထပ်ကြည့်ပါလား..."

သူမက နားလည်လက်ခံရ ခက်နေဟန်ဖြင့် အသက်ပြင်းပြင်းရှိုက်သွင်းကာ ခေါင်းကို မသိမသာခါရမ်းရင်း...

"ကျွန်မက ငယ်ငယ်လေးကတည်းက ပန်းချီကို ဝါသနာပါလို့ တတ်နိုင်သလောက် ပန်းချီကားတွေ ဝယ်စုတယ်၊ ပန်းချီနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေ တော်တော်များများလည်း လေ့လာထားပါတယ်၊ ဒါပေမဲ့ ရှင်ပြောတဲ့ကိစ္စကိုတော့ အခုမှ ကြားဖူးတာဆိုတော့ ယုံရခက်ခက်ပဲ၊ ကျွန်မဖတ်ဖူးသလောက် ပြောရရင်တော့ မိုနာလီဇာဟာ မြို့စားကတော်တစ်ယောက်ဆို..."

"မင်းဆိုလိုချင်တာက ဖရန်ဆက်စကို ဂျီယိုကွန်ဒါ ဆိုတဲ့ ကုန်သည်ကြီးရဲ့ဇနီးလို့ ပြောတာ မဟုတ်လား၊ ကိုယ်လည်း ဖတ်ဖူးပါတယ်၊ အဲဒီမှတ်ချက်ကို ပေးသွားခဲ့တဲ့သူကိုရော မင်းသိလား... အဲဒီဝေဖန်ရေးဆရာရဲ့ နာမည်က Vasari တဲ့..."

"အဲဒီတော့ ရှင်ပြောချင်တာက..."

"အဲဒီဝေဖန်ရေးဆရာ Vasari ဆိုတဲ့လူဟာ သူ့ဘဝတစ်သက်တာလုံးမှာ မိုနာလီဇာပန်းချီကားကို တစ်ခါမှ မြင်သွားခဲ့ဖူးတဲ့လူ မဟုတ်ဘူးလို့ ကိုယ်ပြောရင် မင်းအံ့သြမှာလား..."

"ရှင်..."

အံ့သြဟန်ဖြင့် နှုတ်ခမ်းဝိုင်းဝိုင်းကလေး မဟတဟဖြစ်သွားပုံက



www.burmeseclassic.com

www.burmeseclassic.com

စွဲမက်စရာကောင်းလောက်အောင် လှပနေသည်။ သူမ၏ညာဘက်ပါးပြင်ပေါ်က မှဲ့စိမ်းစိမ်းကလေးကို စိုးရှား အမှတ်တမဲ့ပင် ငေးစိုက်ကြည့်နေမိ၏။

နောက်မှ ဖျတ်ခနဲ သတိပြန်ဝင်လာကာ အကြည့်လွှဲရင်း...

"မင်းလေ့လာဖူးတဲ့ ပန်းချီအကြောင်းတွေထဲမှာတော့ ပါမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒါတွေဟာ ပန်းချီနဲ့ ပတ်သက်တဲ့ ကိစ္စတွေမှ မဟုတ်ဘဲ... ခရစ်တော်မပေါ်ခင် ခေတ်လောက်က ကိုးကွယ်တဲ့ ဘာသာရေး အယူအဆဟောင်းတွေပဲ..."

"ဘာကို ကိုးကွယ်တဲ့ဘာသာလဲ..."

"အီဂျစ်နတ်ဘုရား AMON ဆိုတာ ကြားဖူးလား၊ ဆိတ်ဦးခေါင်းနဲ့ ချိုနှစ်ခုနဲ့ ယောကျ်ားပုံလေ၊ အဲဒီနတ်က 'အဖို' ကို ကိုယ်စားပြုတာ၊ သူနဲ့တွဲဖက် 'အမ' ကို ကိုယ်စားပြုတဲ့ အီဂျစ်နတ်ဘုရားမ ရှိသေးတယ်၊ ရှေးခေတ်စာလုံးပေါင်းနဲ့တော့ L'ISA လို့ ခေါ်တယ်၊ အဖိုကို ကိုယ်စားပြုတဲ့ AMON နဲ့ အမကို ကိုယ်စားပြုတဲ့ L'ISA ကို နှစ်ခုပေါင်းလိုက်ပြီး A ဆိုတဲ့ စာလုံးကို MON နောက်ကို ပို့လိုက်တော့ MONALISA ဖြစ်လာတယ်လေ၊ အဲဒါ မိုနာလီဇာ ဆိုတဲ့ ပန်းချီကားနာမည်ပေါ့..."

"ရှင်ဆိုလိုတာက မိုနာလီဇာပန်းချီကားနာမည်ဟာ အဖိုနဲ့ အမ ရောနှောထားတာရဲ့ သင်္ကေတပေါ့ ဟုတ်လား..."

"နာမည်တင် မကဘူးလေ... ပန်းချီကားရဲ့ ပုံတူကိုယ်တိုင်က လည်း ယောကျ်ားကို မိန်းမပုံဖြစ်အောင် ဆွဲထားတာပါလို့ ကိုယ်ပြောခဲ့ပြီးပြီပဲ..."

စိုးရှား၏စကားကြောင့် သူမ မျက်မှောင်ကုပ်သွားသည်။ နောက် သိမ်မွေ့ပြီး စူးရှတင်းမာသောအပြုံးတစ်ခုကို ပြုံးရင်း...





"ရှင်ပြောတာတွေကတော့ သိပ်ပြီး နားထောင်လို့ကောင်းပါတယ်၊ ဒါပေမဲ့ ဝမ်းနည်းပါတယ်၊ ကျွန်မ လုံးဝမယုံကြည်ဘူး"

ဆိုဖီယာလပြည့်ဝန်း၏ အငြင်းစကားကြောင့် စိုးရှား၏ရင်ထဲတွင် မာနတရားက ထောင်းခနဲ ထသွား၏။

သူ့အသိပညာကို စော်ကားခံရသလို ဖြစ်သွားသည့်အတွက် တစ်စုံ တစ်ရာတုံ့ပြန်ချင်သည်။ သို့သော် ရုတ်တရက်မို့ ဘာပြန်ပြောရမည်မှန်း မသိ။

ကိစ္စတစ်ခုခုကို တမဟုတ်ချင်းတုံ့ပြန်ရသည့် နေရာမျိုးတွင် မိန်းမ တွေကသာ ယောကျ်ားတွေထက် ပိုပြီး ထူးချွန်တတ်သည် မဟုတ်လား။

စိုးရှားက နှုတ်ခမ်းကို အသာဖိကိုက်ရင်း တွေဝေနေသည်။

အဲဒီအခိုက်အတန့်မှာပင် စိုးရှားနှင့် ဆိုဖီယာလပြည့်ဝန်းတို့ကြားသို့ လူတစ်ယောက် ဖျတ်ခနဲ ဝင်ရပ်၏။

ထိုသူ့မျက်နှာက ပုဂံရှိ နံရံဆေးရေးပန်းချီကားထဲမှ ရုပ်ပုံမျိုး။ ပြူးတိပြူးကြောင်၊ အူတူတူ။ အသားမည်းရသည့်အထဲ လိမ္မော်ရောင် တောက်တောက်ပပ တီရှပ်ပွပွကြီးကို ဝတ်ထားကာ သိုးမွေးခေါင်းစွပ်ကို လည်း စွပ်ထားသေး၏။ (ငရဲပြည်က လာသလား မသိ။ မပူတတ် မအိုက်တတ်သည့်ပုံစံ)

ထိုင်နေက ဆိုဖီယာ၏မျက်နှာကို လျှာဖြင့် ပြေးယက်တော့မည့် အတိုင်း အငမ်းမရကြည့်ရင်း...

"ဒီ... ဒီက ညီမလေးက ဆိုဖီယာလပြည့်ဝန်း မဟုတ်လား..."

"ဟုတ်ပါတယ် ဘာကိစ္စများလဲရှင်..."

ဆိုဖီယာက ထိုသူ့ကို အကဲခတ်ရင်း လေသံခပ်မှန်မှန်ဖြင့် ပြန်ဖြေ



www.burmeseclassic.com

www.burmeseclassic.com

သည်။ စိုးရှားကတော့ ထိုသူ့ကို စမြင်ကတည်းက မသိမသာ မျက်နှာလွှဲထားလိုက်၏။ အဲဒီငနဲက သူ့ဦးလေးဖြစ်သူ ဦးစောဝင်းထံတွင် တွဲဖက်ဒါရိုက်တာလိုလို၊ ဇာတ်ညွှန်းရေးသူလိုလို၊ အနုပညာအကြံပေးလိုလို ယောင်ခြောက်ဆယ်လုပ်ရင်း အိမ်ကို တစ်ခါလာဖူးသဖြင့် စိုးရှားက မှတ်မိနေ၏။ သူကတော့ မှတ်မိမည် မထင်။

သူ့ကလောင်နာမည်က အောင်ရဲထွန်း (ထီးချိုင့်) စစ်ကိုင်းတိုင်းဘက်မှလာသူ ဖြစ်ပုံရသည်။ ထီးချိုင့်မြို့အမည်ကို ထည့်သွင်းထား၏။

အခုလည်း ထိုငနဲက

"ဆိုဖီယာက ကိုယ့်ကို မမှတ်မိဘူးထင်တယ်၊ မြနန္ဒီရဲ့ ရှူတင်ကို ဆိုဖီယာလိုက်လာတုန်းက ကိုယ်နဲ့ တစ်ခါဆုံဖူးတယ်လေ၊ မေ့သွားပြီလား... ကိုယ့်နာမည်က အောင်ရဲထွန်း (ထီးချိုင့်) လေကွာ..."

"သြော်... ရှင်က ထီးတို့ ထမင်းချိုင့်တို့ရောင်းတဲ့လူကိုး..."

ဆိုဖီယာက ခပ်တည်တည်ဖြင့် ရိသည်။ ထိုငနဲ၏မျက်နှာတစ်ခုလုံး ခရမ်းသီးမီးဖုတ်လို မည်းပုပ်ရှုံ့တွသွား၏။ ဒါလည်း အမှတ်မရှိ ထပ်ပြောသည်။

"မဟုတ်ဘူးလေကွာ... အောင်ရဲထွန်း (ထီးချိုင့်) ဆိုတာက ဟိုဘာခေါ်မလဲ... အဲ... ကိုယ့်ရဲ့ကလောင်နာမည်ပေါ့၊ အခု မြနန္ဒီရိုက်နေတဲ့ကားမှာ ကိုယ်က အနုပညာအကြံပေးလုပ်တယ်လေ..."

"သြော်... ဟုတ်ပြီ... ဟုတ်ပြီ... မှတ်မိပြီ... မြင်ဖူးတယ်လေ... ဟိုတစ်ခေါက်တုန်းက..."

"ဟဲ... ဟဲ... ဟုတ်ကဲ့... ဟဲ... ဟဲ..."

"အဲဒီတုန်းက အနုပညာရှင်တွေကျန်ခဲ့တဲ့ ရေသန့်ဗူးတို့ မီးခြစ်





တို့ကို လိုက်လိုက်ပြီးပေးရတာ ရှင်ပဲ မဟုတ်လား..."

"ဟာ... မဟုတ်ဘူး... မဟုတ်ဘူး... အနုပညာအကြံပေးဆိုတာ အဲဒီလို အနုပညာရှင်တွေကျန်တဲ့ ပစ္စည်းတွေ လိုက်ပေးရတာမျိုး မဟုတ်ဘူး..."

အောင်ရဲထွန်း (ထီးချိုင့်) တစ်ယောက်တော့ အူလည်ချာလည်လိုက်နေ၏။ ဒီလို မအူမလည်ငနဲတစ်ယောက်ကို ရှုးသွပ်ထွက်သွားအောင်လုပ်ဖို့ဆိုလျှင် ဆိုဖီယာလပြည့်ဝန်းလို မိန်းမက လက်ဖျောက်တစ်ချက်တီးရုံလောက်သာ လိုပါသည်။

ဆိုဖီယာက စကားဖြတ်ချင်ဟန်ဖြင့် လက်မှနာရီကို ငုံ့ကြည့်ရင်း...

"ဆောရီးပါရှင်... ကျွန်မက မသိလို့ပါ... သြော် ဒါနဲ့ ဆိုင်ထဲမှာ ကျွန်မသူငယ်ချင်းတွေ စောင့်နေတာ ကြာသွားပြီထင်တယ်၊ သွားလိုက်ပါဦးမယ် ကိုအောင်ရဲထွန်း..."

"ဟုတ်... ဟုတ်ကဲ့..."

သူမက ပြောပြောဆိုဆိုဖြင့် ဆိုင်ထဲသို့ဝင်ရန် ခြေလှမ်းပြင်သည်။ တစ်လှမ်းနှစ်လှမ်း လျှောက်သွားပြီးမှ ရုတ်တရက် တစ်စုံတစ်ရာကို သတိရသလိုမျိုး ကိုယ်ကို ဖျတ်ခနဲလှည့်၏။

ထိုနောက် သူမက စိုးရှားကို ကြည့်ပြီး...

"ကျွန်မ ရှင်နဲ့ အများကြီးထပ်ပြီး ဆွေးနွေးချင်ပါသေးတယ်၊ ကိုယ်ကို ဆက်သွယ်လို့ရမလဲ..."

"ဒါရိုက်တာဦးစောဝင်းရဲ့ဖုန်းကို ဆက်လိုက်ရင် ရပါတယ်၊ ကိုယ်က သူ့ရဲ့တူ တော်ပါတယ်"

"ဟုတ်လား... ဘယ်ဘက်က တော်တာလဲ..."



www.burmeseclassic.com

www.burmeseclassic.com

အဖေဘက်က တော်စပ်တာလား အမေဘက်က တော်စပ်တာလားဟု မေးမှန်း သိသည်။ သို့သော် စိုးရှားက သူ၏အကျင့်အတိုင်း တမင် အကြောင်းရိုက်၍ ပြန်ဖြေလိုက်၏။

"ဟုတ်ကဲ့... ညာဘက်က တော်တာပါ၊ ဘယ်ဘက်ကတော့ နည်းနည်းချောင်တယ်"

စိုးရှား၏အဖြေကြောင့် ဆိုဖီယာ တစ်ချက်ပြုံးပြီး လှည့်ထွက်သွား၏။

■





# အခန်း (၁၀)

ည (၁၂) နာရီ။

တယ်လီဖုန်းမြည်သံ ကြားရသည်။

စာဖတ်နေရင်းမှ စိုးရှားက တယ်လီဖုန်းကို ကောက်ကိုင်လိုက်၏။ ဆိုဖီယာဆီမှလာသော တယ်လီဖုန်းဖြစ်မည် ဆိုသည်ကို ရင်ထဲက အလိုလို သိနေသည်။

"ဟဲလို..."

ဖုန်းကို ထူးလိုက်တဲ့ ငါ့အသံက ပုံမှန်အတိုင်း တည်တည်ငြိမ်ငြိမ်မှ ရှိရဲ့လားဟု သူ့ကိုယ်သူ သံသယပြန်ဖြစ်မိ၏။

"ဟဲလို... ကျွန်မ ဆိုဖီယာလပြည့်ဝန်းပါ... အခုပြောနေတာ အန်ကယ်ဦးစောဝင်းလားဟင်..."

"မဟုတ်ပါဘူး... ဆိုဖီယာ... ကျွန်တော် စိုးရှားပါ..."


www.burmeseclassic.com

www.burmeseclassic.com

ခဏမျှ တိတ်ဆိတ်သွား၏။ ပြီးမှ...

"ကျွန်မ အခု ကွန်ပျူတာရှေ့မှာ ထိုင်နေရင်းက လှမ်းဆက်လိုက်တာပါ"

"မိုနာလီဇာရဲ့ပုံနဲ့ လီယိုနာဒို ဒါဗင်ချီရဲ့ပုံကို ထပ်တူကျ မကျ ကွန်ပျူတာပေါ်မှာ ထပ်ကြည့်နေတာ ဆိုပါတော့... ကျွန်တော်ပြောသလို အဲဒီပန်းချီကားနှစ်ချပ်ဟာ လူတစ်ယောက်တည်းရဲ့ပုံ ဆိုတာ လက်ခံပြီလား..."

ဝန်ခံဖို့ တုံ့ဆိုင်းနေ၏။ ခဏကြာမှ...

"အင်း..."

သူမ၏မာနကို နည်းနည်းတော့ပြစ်ဖြစ် ထိခိုက်အောင် လုပ်လိုက်နိုင်သည့်အတွက် စိုးရှား ကျိတ်ပြီး ကျေနပ်သလို ခံစားလိုက်ရသည်။ သူက...

"အဲဒါဆို မင်းကို ကိုယ်ထပ်ပြီး အကြံတစ်ခုပေးချင်တယ်၊ နောက်ဆုံးညစာ (The Last Supper) ဆိုတဲ့ကားရဲ့ ပုံတူရှိလား"

"ရှိတာပေါ့... ဒါဗင်ချီရဲ့ နာမည်ကြီးလက်ရာပဲဥစ္စာ၊ ယေရှုခရစ်နဲ့ သူ့ရဲ့သာဝကဆယ့်နှစ်ယောက်ရဲ့ နောက်ဆုံးညစာစားပွဲကို ဆွဲထားတဲ့ ပန်းချီ ကား မဟုတ်လား..."

စိုးရှားက ထင်မှတ်မထားသော မေးခွန်းတစ်ခု မေးလိုက်သည်။

"ယေရှုရဲ့သာဝကတွေထဲမှာ အမျိုးသမီးဘယ်နှစ်ယောက် ပါသလဲ"

"အို... ဘယ်လိုလုပ်ပြီး အမျိုးသမီးပုံ ပါမှာလဲ၊ သူ့ရဲ့လက်ရင်းတပည့် ဆယ့်နှစ်ယောက်စလုံးက ယောကျာ်းတွေချည်းပဲလေ၊ နေဦး... နေဦး... ကျွန်မစားပွဲအံဆွဲထဲမှာ အဲဒီပန်းချီကားပုံပါတဲ့ စာအုပ်ရှိတယ်





ယူလိုက်ဦးမယ်နော် ခဏစောင့်..."

တယ်လီဖုန်းခွက်ကို ဘေးသို့ ခဏချထားလိုက်ပုံ ရသည်။ အံဆွဲဖွင့်သံ စာအုပ်လှန်သံများကို ကြားရ၏။ စာရွက် တဖျတ်ဖျတ်လှန်သံများ အဆုံးတွင်မှ ဆိုဖီယာက...

"တွေ့ပြီ... ဒီမှာ ယေရှုက စားပွဲရဲ့အလယ်မှာ ထိုင်နေတယ်၊ သာဝကတွေက ညာဘက်ခြောက်ယောက် ဘယ်ဘက်ခြောက်ယောက် ထိုင်နေကြတာ၊ ဘယ်မှာ အမျိုးသမီးပါလို့လဲ"

သိပ်ကို သေချာလွန်းနေသော သူမ၏လေသံကြောင့် စိုးရှား ပြုံးလိုက်သည်။ ထို့နောက် စိုးရှားက...

"အိုကေ... ဒါဆိုရင် ယေရှုရဲ့ညာဘက်မှာ ထိုင်နေတဲ့သူကို သေသေချာချာ ကြည့်လိုက်စမ်းပါ ဆိုဖီယာ..."

အတော်ကြာကြာ တိတ်ဆိတ်သွားသည်။ ချောက်ချားဖွယ်ကောင်းသော တိတ်ဆိတ်မှုဟုပင် မှတ်ရ ထင်ရသည်။

ထို့နောက် အံ့သြတုန်လှုပ်သော ဆိုဖီယာ၏ အာမေဋိတ်သံကို ကြားလိုက်ရလေသည်။

"အလို... ဘုရားရေ... ဒါ... ဒါဟာ တကယ်ပဲ မိန်းမတစ်ယောက်ပါလား၊ ယေရှုခရစ်တော်ရဲ့ သာဝကတွေထဲမှာ ဘယ်လိုလုပ်ပြီး မိန်းမတစ်ယောက် ပါနေရတာလဲ"

"ဒါကတော့ လျှို့ဝှက်ချက်တစ်ခုပဲ ဆိုဖီယာ..."

စိုးရှားက အေးတိအေးစက် ပြောလိုက်၏။ ဒီညအဖို့တော့ သူ ကောင်းကောင်းအိပ်လို့ပျော်မှာ သေချာပြီ။

ရုပ်တည်ကြီးနှင့် နေတတ်လွန်းသော မိန်းမတစ်ယောက်ကို ဟာခနဲ



www.burmeseclassic.com

www.burmeseclassic.com

ဟင်ခနဲ တအံ့တသြဖြစ်သွားအောင် လုပ်ရသည်မှာ သိပ်ကို အရသာရှိသည့်အကြောင်း လူအတော်များများ မသိကြ။

ဒါပဲ...။

စိုးရှားဆိုတာ အဲဒါပဲ...။

မင်းကိုယ်မင်း သိပ်တော်လှပြီ ထင်နေတဲ့ ပင်လယ်ဓားပြမလေးရေ... သိချင်စိတ်နဲ့ ငါးတစ်ကောင်လို ဖျပ်ဖျပ်လူးပေရော့...။

ဆိုဖီယာက...

"နေဦး... နေဦး... အဲဒါက ဘယ်လိုဖြစ်ရတာလဲ၊ လီယိုနာဒိုဒါဗင်ချီဟာ ဘာသဘောနဲ့ သာဝကဆယ့်နှစ်ယောက်ထဲမှာ မိန်းမတစ်ယောက်ရဲ့ပုံကို ထည့်ဆွဲခဲ့တာလဲ..."

စိုးရှားမျှော်လင့်ထားသည့်အတိုင်း အငမ်းမရလေသံဖြင့် မေး၏။ စိုးရှားကတော့ ပျင်းရိငြီးငွေ့စွာ တစ်ချက်သမ်းဝေလိုက်ရင်း...

"ဒီအကြောင်းကို ရှင်းပြရမှာက အရှည်ကြီးပဲကွ၊ တစ်ထိုင်တည်းနဲ့ ပြည့်စုံအောင် မင်းကို ဘယ်လိုလုပ်ပြီး ပြောနိုင်မှာလဲ..."

"ကျွတ်..."

မကျေမနပ်ဖြင့် စုပ်သပ်သံတစ်ချက် ခပ်တိုးတိုး ကြားရ၏။ သူ့တမင်အိုက်တင်ခံနေမှန်း ဆိုဖီယာကလည်း သိနေလိမ့်မည် ဖြစ်သည်။ သူမက...

"ဒါဆိုရင် မနက်ဖြန်ကျရင် အန်တီလေးတို့ရှုံတင်ကို ရှင် လာခဲ့ပါလား၊ အန်ကယ်ဦးစောဝင်းနဲ့ လိုက်လာခဲ့ပေါ့... ကျွန်မလည်း အဲဒီမှာ ရှိနေမယ်လေ၊ ဘယ်လိုလဲ မကောင်းဘူးလား..."

စိုးရှားတစ်ယောက်တည်း ကျိတ်ပြီးပြုံးလိုက်သည်။ ထို့နောက်...





"မင်းက ကိုယ့်ကို အချိန်ပြည့်အားလပ်နေတယ်လို့ ယူဆထားလို့လား ဆိုဖီယာ..."

"အို... ဆောရီးပါရှင်... အဲဒီလိုမဟုတ်ပါဘူး၊ ရှင့်အနေနဲ့ အချိန်ပေးနိုင်မယ်ဆိုရင် လာခဲ့ဖို့ ဖိတ်ချင်တာပါ၊ ဒါဆိုရင်ရော... ရှင် ကျေနပ်နိုင်မလား..."

ဆိုဖီယာ၏အသံက မခံချင်စိတ်ကို မျိုသိပ်ထားရသည့် အသံမှန်း သိသာနေ၏။ စိုးရှား ပိုပြီး ပျော်ရွှင်သွားသည်။

(သူတစ်ပါးကို မခံချိ မခံသာဖြစ်အောင် လုပ်ခြင်းဖြင့် ပျော်ရွှင်မှုကို ရှာဖွေတတ်သော သူ့အကျင့်က မကောင်းမှန်း သိတော့ သိသည်။ ဒါပေမဲ့ အရသာရှိလွန်းသောကြောင့် သူ မစွန့်လွှတ်နိုင်ပါ)

စိုးရှားက တမင် အထက်စီးလေသံဖြင့် ခပ်မြူးမြူးပြောလိုက်၏။

"အိုကေ... မင်းကို ရှင်းပြဖို့ ကိုယ်လာခဲ့ပါ့မယ်၊ မေတ္တာရှေ့ထားပြီး လာရမှာပေါ့လေ..."

"ရှင့်မေတ္တာကိုတော့ ရှေ့မှာ မထားပါနဲ့ရှင်၊ မတော်တဆ သူများမျက်နှာတွေကို ထိုးမိပါဦးမယ်... ဒါပဲ..."

ဆိုဖီယာက ခပ်ရွဲ့ရွဲ့ပြောပြီး ဖုန်းကို ဂွပ်ခနဲမြည်အောင် ချသွား၏။ တော်တော် ကို့ရို့ကားရားစကားလုံးတွေ ပြောတတ်တဲ့ ကောင်မလေးပဲဟု တွေးရင်း စိုးရှား ပြုံးနေမိလေသည်။

ညသန်းခေါင်ယံ၏ ဂီတကို အနက်ရောင်နတ်သမီးက ဖန်ဆင်းသည်ဟု အဲသည်ညက သူ အိပ်မက်မက်သည်။

■


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

ဗီဒီယိုရိုက်ကွင်းသည် သူနှင့် စိမ်းနေသောကြောင့်လား မသိ။ သူ့မျက်စိထဲတွင် အရာရာတိုင်းသည် အသစ်အဆန်းဖြစ်ကာ ရှုပ်ယှက်ခတ်နေလေသည်။

သူ့ဦးလေးဖြစ်သူ ရတနာပုံစောဝင်းကလည်း ဒါရိုက်တာမှန်း မသိသိအောင် တမင်စတိုင်လုပ်နေသလားဟုပင် ထင်ရ၏။ စပီကာတပ်ထားသော အော်လံအငယ်စားလေးတစ်ခုကို လက်က မချစတမ်းကိုင်ကာ ကောင်အော်မြောက်အော်ဖြင့် 'ကင်မရာကို ဟိုဘက်က ချိန်၊ ဒီဘက်က ...' စသဖြင့် စွတ်ပြောနေသည်။

တကယ်တော့ စပီကာဖြင့် အဲသည်လောက် အော်ပြောနေစရာလို။ လက်လှမ်းတို့ပြီး ပြောလျှင်ပင် ရနိုင်လောက်အောင် နီးကပ်နေသည် ဟုတ်လား။

ကြောင်နှင့်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

စိုးရှား မျက်စိအနောက်ဆုံးပုဂ္ဂိုလ်ကတော့ ရုပ်ရှင်မင်းသမီးမြနန္ဒာကို မိတ်ကပ်လိမ်းပေးသော အခြောက် 'စိန်လှလှ' ဖြစ်၏။ တစ်ချိန်လုံး သူ့ကိုယ်သူ 'အလှကလေ အလှကလေ...' ဟု အသံတစာစာဖြင့် ကြက်မလို ကတော်ကတော်တွန်ရင်း ရှူတင်တစ်ခုလုံးအနှံ့ ယောက်ယက်ခတ်နေသည်။

စိုးရှားကတော့ အဲဒီ 'အလှ' ဆိုသည့် မိန်းမလျာက သူ့အနီးသို့ ရောက်လာတိုင်း ဝင်းဦး၏ သီချင်းဖြစ်သော...

"တကယ်မမောပန်းစေရန်ကိုကွယ်... ပြော... ပြောပြမယ်...

ကိုယ့်ဌာနေဝန်းကျင်မှာကွယ် တကယ်ကို 'အလှ' ရှိတယ်..."

ဟူသည့် စာသားကို အော်ဟစ်ပြီး ဆိုပစ်လိုက်ချင်စိတ် ပေါ်လာ၏။

ဒါရိုက်တာဦးစောဝင်းက ရှူတင်မန်နေဂျာကို အော်ဟစ်ကြိမ်းမောင်းနေသေးသည်။

"ဟေ့ကောင်... မောင်သက်... နေ့လည်ကျရင် ရိုက်မယ့် Scene မှာ မင်းသမီးနဲ့ အတွဲပါရမယ့် ကောင်မလေးကို ရှာထားပြီးပြီလား..."

"ဗျာ... ဆရာ ဘယ်ကောင်မလေး ပါလို့လဲ..."

"ဟာ... မင်းတို့ အဲဒါ ခက်တာပဲ၊ မိခင်ဆိုတဲ့ ကောင်မလေးလေကွာ၊ ရော့... ဒီမှာ ဇာတ်ညွှန်းထဲမှာ ကြည့်ဦး... 'မိခင်နှင့် မြနန္ဒာ အပြန်အလှန်စကားပြော...' တဲ့... တွေ့လား..."

ရှူတင်မန်နေဂျာ မောင်သက်က ဇာတ်ညွှန်းစာရွက်ကို ယူကာ ပါဝင်ရမည့် သရုပ်ဆောင်စာရင်းကို ကြည့်ပြီး ခေါင်းကုတ်ရင်း...

"ဟာဗျာ... ဆရာကလည်း မိခင်ဆိုတာ လူနာမည် မဟုတ်ဘူးဗျ အမေ... အမေကိုပြောတာ၊ ဘယ်က ကောင်မလေးမှ သွားရှာစရာ မလိုဘူး၊ မင်းသမီးအမေနေရာက သရုပ်ဆောင်တဲ့ အန်တီစန်းနဲ့ ရိုက်ရမှာ..."





ဦးစောဝင်းက သူ့အမှားကြောင့် ရှက်သွားဟန်တူ၏။ ဒေါသတကြီး တောက်ခေါက်လိုက်ပြီး...

"တောက်... ဇာတ်ညွှန်းရေးဆရာကလည်းကွာ ရှည်ကို ရှည်တယ်၊ အမေဆိုရင်လည်း အမေလို့ရေးတာ မဟုတ်ဘူး၊ မိခင်တွေ ဘာတွေနဲ့... ငါ့ကို အာရုံနောက်အောင် သိပ်ရေးတဲ့လူ... ဟိုတစ်ခါကလည်း ဘုန်းကြီးလူထွက်ကို ရိုးရိုးမရေးဘဲ 'လူပြန်တော်' ဆိုပြီး ရေးလို့... ငါ့မှာ လူပျိုတော် ပတ္တမြားသွေးဆေးတွေ မှားပြီး ဝယ်ခဲ့ရပြီးပြီ..."

ဒါရိုက်တာဦးစောဝင်းက ရှက်ရမ်းရမ်းပြီး ဇာတ်ညွှန်းရေးဆရာကိုသာ အပြစ်ပုံချကာ တတွတ်တွတ် ဆဲဆိုနေ၏။

စိုးရှားကတော့ ဗီဒီယိုရိုက်ကွင်းကို ကြည့်ရင်း စိတ်လည်းရှုပ်သည်။ ရယ်လည်း ရယ်ချင်၏။ တစ်ခါတစ်ရံတော့ ဦးစောဝင်း၏...

"မင်းသမီးကို ခါးလောက်ဖြတ်ပြီး ရိုက်"

ဟူသော အသံကိုလည်း ကြားရသည်။

ကင်မရာမြင်ကွင်းအကျဉ်းအကျယ်ကို ရည်ညွှန်းပြီး ပြောသောစကားဖြစ်သော်လည်း အေးကလူအဖို့ ကြားရသည်မှာ တစ်မျိုးကြီးဖြစ်နေ၏။

မင်းသမီးကို ခါးကဖြတ်ပြီး ရိုက်ရင် ခါးရိုးကျိုးပြီး ဒုက္ခိတဖြစ်သွားမှာပေါ့... ဟုလည်း သူ ရောက်တတ်ရာရာတွေ လျှောက်တွေးနေဖြစ်သည်။

တကယ်တော့ ဒီနေရာသည် သူနှင့် အစိမ်းသက်သက်။ ဟို... ပင်လယ်ဓားပြနှင့်တူသော ကောင်မလေးကြောင့်သာ မဟုတ်လျှင် ဒီနေရာတွင် သူ အခုလို ယောင်ချာချာဖြစ်နေစရာ အကြောင်းမရှိ။

အခုတော့ ငါ့မှာ သက်သက်မဲ့...။

သူ့ကိုယ်သူ မကျေနပ်သလို တွေးနေမိစဉ်မှာပင် နီညိုရောင် Surf



www.burmeseclassic.com

www.burmeseclassic.com

ကားတစ်စီး ဝင်လာသည်။

ဟော... လာပါပြီ... သေချင်းဆိုးမလေး...

ဆိုဖီယာလပြည့်ဝန်းက ကားပေါ်မှ ဆင်းလာပြီး သူမ၏အဒေါ်ဖြစ်သူ မြနန္ဒီကို အရင်သွားနှုတ်ဆက်သည်။ ထိုနောက် သူထိုင်နေသောနေရာဆီသို့ တန်းတန်းမတ်မတ်လျှောက်လာပြီး...

"ရှင် ရောက်နေတာ ကြာပြီလား..."

"ရှုတင်စကတည်းကပဲ..."

အနည်းငယ် မာဆတ်ဆတ်ဖြစ်ကောင်း ဖြစ်နေမည့် လေသံဖြင့် စိုးရှားက ပြန်ပြောလိုက်၏။

ဆိုဖီယာက တစ်ချက်ပြုံးသည်။ စိုးရှားစိတ်ကသိကအောက်ဖြစ်အောင် တမင်နောက်ကျပြီးမှ လာခဲ့ခြင်းအတွက် ကျေနပ်ပျော်ရွှင်သောအပြုံး။

ပြီးမှ သူမက မျက်နှာကို ချက်ချင်း ပြန်တည်ပစ်လိုက်ပြီး...

"ဆောရီးပဲရှင်... မနေ့ညက ရှင်ပြောတဲ့အကြောင်းတွေကို စဉ်းစားရင်း အိပ်လို့ကို မပျော်တာနဲ့ ဒီနေ့မနက် အိပ်ရာထ နောက်ကျသွားတယ်"

သူမပြောသော ဆင်ခြေက အပြစ်တင်ရ ခက်သော အကြောင်းပြချက်ဖြစ်နေ၏။ စိုးရှားကြောင့်ပဲ ဖြစ်ရတာလိုလို...။

ဆိုဖီယာ၏ပါးနပ်မှုကို စိုးရှား အသိအမှတ်မပြုဘဲ နေ၍ မရ။ မိန်းမဉာဏ်ဆိုတာ ဒါမျိုးပဲ ထင်ပါရဲ့... ဟု သူ ကျိတ်ပြီး တွေးမိသည်။

စိုးရှားက...

"ထားလိုက်ပါတော့လေ... ကဲ... အခု ကျွန်တော်တို့ ဘယ်မှာသွားပြီး စကားပြောကြမလဲ၊ ဒီရိုက်ကွင်းပေါ်မှာတော့ စကားပြောလို့ရမှာ မဟုတ်ဘူးထင်တယ်၊ သူတို့ အသံဖမ်းတဲ့အထဲမှာ ကျွန်တော်တို့စကားပြောသံတွေကြောင့် အနှောင့်အယှက်ဖြစ်နေဦးမယ်"

"ရှင် လက်ဖက်ရည်ကြိုက်တတ်လား၊ ကျွန်မကတော့ လက်ဖက်ရည်ကျဆိမ့်ကို ကြိုက်တယ်၊ ဟိုဘက်နားက လက်ဖက်ရည်ဆိုင်မှာ သွားထိုင်ရအောင်လေ..."

အအေးဆိုင်သွားရအောင် ခေါ်လိမ့်မည်ဟု စိုးရှားက မျှော်လင့်ထားသော်လည်း တခြားစီဖြစ်သွား၏။ စိုးရှားက ခေါင်းညိတ်ပြရင်း...

"ကောင်းသားပဲ ကျွန်တော်လည်း လက်ဖက်ရည်ကြိုက်ပါတယ်"

ပြောပြောဆိုဆိုဖြင့် ရိုက်ကွင်းနှင့် အတော်အလှမ်းဝေးသော လက်ဖက်ရည်ဆိုင်ဆီသို့ ဦးတည်လိုက်သည်။

သူတို့နှစ်ဦးသား လျှောက်လာခဲ့ကြသည်မှာ ခြေလှမ်း ဆယ့်လေးငါးလှမ်းမှပင် မပြည့်သေးခင် နောက်ဘက်ဆီမှ လှမ်းခေါ်သံ ကြားရ၏။

လှည့်ကြည့်လိုက်တော့ ဦးစောဝင်း...။ သူ့အသံပြဲကြီးဖြင့်...

"ဟေ့... အဲဒီနှစ်ယောက်က ဘယ်ကို တိတ်တိတ်လေး လစ်သွားကြမလို့လဲ..."

"လက်ဖက်ရည်သွားသောက်မလို့... ဦးလေး..."

"ဟာ... မင်းတို့ကလည်းကွာ... ထမင်းစားခါနီးကျမှ လက်ဖက်ရည်သွားသောက်ဦးမလို့လား၊ နေကြပါဦးကွ... ခဏနေရင် ရှုတင် ခဏနားပြီး ထမင်းစားကြတော့မှာ..."

ဟာ... ပြဿနာပဲ... ဟု စိုးရှားနှုတ်မှ ခပ်တိုးတိုး ညည်းလိုက်မိသည်။ အတင်းကြီးငြင်းဆန်ပြီး ဖွတ်ထွက်သွားဖို့ကျတော့လည်း မကောင်းပြန်။




www.burmeseclassic.com

www.burmeseclassic.com

ဒီကြားထဲ မြနဒီကပါ...

"လာပါ... ဆိုဖီယာရော... ဟိုမောင်လေးပါ ရှုတင်ထမင်း ဟင်းလေး စားဖူးတယ် ရှိတာပေါ့..."

ဟု ရယ်ရယ်မောမောဖြင့် လှမ်းပြောနေသဖြင့် သူတို့နှစ်ယောက်သား ပြန်လှည့်ခဲ့ရပြန်သည်။

ခဏနေတော့ ရိုက်ကူးရေးကို ခေတ္တနားပြီး ထမင်းစားဖို့ ပြင်ကြဆင်ကြသည်။ ဦးစောဝင်းနှင့် စိုးရှားထိုင်နေသော စားပွဲဆီသို့ မြနဒီက လာပြီး သူမ၏ထမင်းချိုင့်ထဲမှ ဟင်းများကို ခွဲထည့်ပေး၏။

ထိုစဉ် နံဘေးသို့ အဖြူရောင် ဆလွန်းကားတစ်စီး ထိုးရပ်ပြီး တီ... တီ... ဟု ဟွန်းတီးလိုက်သဖြင့် ဦးစောဝင်းက လှမ်းကြည့်၏။

"ဟာ... ကိုသျှပ်..."

ကားပေါ်မှ ဆင်းလာသူက သျှပ်မှူးအိမ်။ အင်္ကျီလက်ရှည် အစိမ်းရောင်ဖျော့ဖျော့ကို လက်ခေါက်တင်ကာ ဝတ်ထားပြီး ကချင်ပုဆိုးကွက်နှင့်။ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးထိုးထိုးထောင်ထောင်နှင့် ကောက်ကွေးလိမ်ခေါက်ပြီး ရှည်လျားနေသော ဆံပင်ဖရိုဖရဲကတော့ ထုံးစံအတိုင်းပင်။

ကိုသျှပ်က...

"ကိုငြိမ်းအေးအိမ်ဆီ ဖုန်းလှမ်းဆက်ကြည့်လိုက်တော့ ခင်ဗျား ရိုက်ကွင်း ဒီမှာရှိတယ် ပြောလို့ ဝင်လာတာ..."

"လာဗျာ... ကိုသျှပ် ထမင်းစားသွား..."

ကိုသျှပ်က စားပွဲဝိုင်းတွင် ဝင်ထိုင်၏။ ထိုနောက် ဟင်းခွက်များကို ငုံ့ကြည့်ပြီး...

"ဘာဟင်းတွေလဲဗျ..."





"ဟောဒီက ပုစွန်ကတော့ မင်းသမီးထမင်းချိုင့်ထဲက... ရှုတင်ထမင်းဟင်းကတော့ ဒီလိုပဲပေါ့ဗျာ... ဒီမှာ ကြက်သားနဲ့ ပဲကြီးဆူးပုပ်ဟင်းချိုနဲ့ မန်ကျည်းရွက်သုပ်..."

ကိုသျှပ်က သူ့ပင်ကိုယ်ဟန်အတိုင်း ရယ်လိုက်ရင်း...

"ဟာ... မန်ကျည်းရွက်နုသုပ်နဲ့ ပဲကြီးဆူးပုပ်ဟင်းချိုက သိပ်လိုက်တယ်ဗျ... ဝက်သရက်သီးနုပ်နဲ့ဆို ပိုတောင် ကောင်းဦးမယ်..."

အဲသည်လိုစကားမျိုး ပြောချိန်တွင် ကိုသျှပ်၏မျက်နှာသည် အပြစ်ကင်းစင်သော ကလေးတစ်ယောက်နှင့် တူနေ၏။

ဦးစောဝင်းက...

"ဘယ့်နှယ်ပြောလိုက်တာလဲ ကိုသျှပ်ရာ... အခုတောင် စားချင်လာပြီ..."

"ခင်ဗျား တကယ်စားမှာလား... မနက်က ကျွန်တော့်အမေဆီ ဖုန်းဆက်တော့ အိမ်မှာ ဝက်သရက်သီးနုပ် ချက်တယ်လို့ ပြောတယ်၊ မကျည်းရွက်နုသုပ်တာတို့ ဘာတို့က အိမ်ကျမှလုပ်ရင် ဖြစ်တာပဲ"

ဟင်းကောင်းကောင်းကြိုက်တတ်သော ဦးစောဝင်း၏ မျက်လုံးတွေက အရောင်တောက်ပလာပြီး...

"ဟာ... ကိုသျှပ်အမေရဲ့ လက်ရာဆို ကောင်းမှာဗျ စားမယ်ဗျာ..."

"တကယ်စားမယ်ဆိုရင် လာဗျာ... ကျွန်တော့်ကားပေါ်တက် အခုသွားရအောင်..."

ကိုသျှပ်က ပြောပြောဆိုဆိုနှင့် ထရပ်ပြီး ကားတံခါးဖွင့်သည်။ စိုးရှားရော ဦးစောဝင်းပါ မနေသာတော့ဘဲ စားလက်စ ထမင်းပန်းကန်ကို ဒီအတိုင်းထားကာ ကိုသျှပ်၏ကားပေါ် တက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးစောဝင်းက မြနဒီကို လှမ်းပြီး...

"ခဏလေးနော် ဒီ... ကိုသျှပ်အိမ်ကို လိုက်သွားလိုက်ဦးမယ်"

စိုးရှားကလည်း ဆိုဖီယာလပြည့်ဝန်းရှိရာဆီသို့ တစ်ချက်လှမ်းကြည့်သည်။ သူမကလည်း ကြည့်နေသည်နှင့် မျက်ဝန်းချင်းဆုံ၏။

အကြည့်သက်သက်ဖြင့်ပင် 'ခဏစောင့်နော်...' ဟု အဓိပ္ပာယ်ပါအောင် မျက်လုံးက နှုတ်ဆက်လိုက်သည်။

သူမက မျက်တောင်တစ်ချက်ကို သိသာအောင် ခတ်ပြ၏။

မျက်ဝန်းချင်း နှုတ်ဆက်၍ မဆုံးခင်မှာပင် ကိုသျှပ်က သူ့ကားကို ပြည်လမ်းမဆီသို့ ဦးတည်မောင်းထွက်လိုက်လေသည်။

▢





ကားပေါ်တွင် ကိုသျှပ်က သူနောက်ထုတ်မည့် စီးရီးအတွက် ရွေးထားသည့် သီချင်းအကြမ်းများကို ဖွင့်ပြသည်။

စိုးရှားနှင့် ဦးစောဝင်းကတော့ တောင်ပြော မြောက်ပြောတွေပြောလိုက် စိတ်ကူးတည့်ရာ အကြံပေးလိုက်နှင့် ရယ်ကာမောကာ စကားကောင်းလာကြသည်။

သတိထားမိတော့ ကားက လှည်းကူးကိုပင် ကျော်လွန်လာစပြုပြီ။ ပဲခူးသို့ပင် ရောက်တော့မည်။

သည်တော့မှ ဦးစောဝင်းက အထိတ်တလန့်ဖြင့်...

"ဟေ့လူ ကိုသျှပ်... ဘယ်ကိုမောင်းနေတာလဲ၊ ပဲခူးတောင်ရောက် တော့မယ်..."

"ကျွန်တော့်အမေအိမ်ကိုလေ... ခင်ဗျားပဲ အိမ်ကိုလိုက်ပြီး ထမင်း



www.burmeseclassic.com

www.burmeseclassic.com

စားမယ်ဆို…"

"ဟုတ်… ဟုတ်တော့ ဟုတ်တယ်လေ… ကိုသျှပ်ရဲ့… အခု မောင်း နေတာက…"

"မော်လမြိုင်မှာရှိတဲ့ ကျွန်တော့်အမေအိမ်ကို သွားနေတာလေ…"

"သေပြီဗျာ…"

ဦးစောဝင်းက ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ကိုသျှပ်ကတော့ အေးအေးဆေးဆေးပင်။ ကားကို မောင်းမြဲ မောင်းနေသည်။ သူ ဘာတစ်ခုမှ အမှားအယွင်းမလုပ်ခဲ့သည့် အတိုင်း။

ပြူးတူးပြဲတဲဖြစ်နေရသူကတော့ ဦးစောဝင်း…

"မဖြစ်… မဖြစ်ဘူးထင်တယ် ကိုသျှပ်ရဲ့… ကျွန်တော့်မှာ ရိုက် လက်စ ရှူတင်ကို တန်းလန်းကြီး ထားပစ်ခဲ့ရတာ…"

ကိုသျှပ်က ဘာမှ မသိနားမလည်သူတစ်ယောက်လို အပြစ်ကင်းစင် သော မျက်နှာအမူအရာဖြင့် ဦးစောဝင်းကို လှည့်ကြည့်ရင်း…

"ဒါနဲ့ ခင်ဗျားပြောတော့ ထမင်းလိုက်စားချင်တယ်ဆို…"

သူ့စကားကြောင့် ဦးစောဝင်းက ခေါင်းကိုကုတ်ရင်း စိတ်ကျဉ်းကျပ် စွာဖြင့်…

"အဲ… ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ ဟို…"

အ,တီးအ,ထစ်ဖြင့် ဘာပြောရမည်မှန်းမသိ ဖြစ်နေ၏။ ကိုသျှပ်က တော့ လီဗာကို နင်းကာ ကားကို အရှိန်မြှင့်လိုက်ရင်း…

"ကဲ… ထမင်းလိုက်မစားတော့ဘူးဆိုရင်လည်း ကားပေါ်ကသာ ခန့်ချပြီး နေရစ်ခဲ့ဗျာ…"

ဝေါခနဲပြေးနေသည့် ကားအဖြူရောင်လေးက ရန်ကုန်–ပဲခူး ကား





လမ်းမပေါ်တွင် တရိပ်ရိပ်…

ဦးစောဝင်းကတော့ ဝက်ဝံအိုကြီးတစ်ကောင်လို ငူငူငိုင်ငိုင်။

နောက်ဆုံး ပဲခူးသို့ ရောက်သောအခါတွင်မှ (အဲသည်တုန်းက ပဲခူးတွင် GSM ဖုန်းလိုင်း မမိသေးသောကြောင့်) ကိုသျှပ်ကို တောင်းပန် ကာ လမ်းဘေးဖုန်းမှ နေပြီး ရန်ကုန်မှာ ကျန်နေရစ်ခဲ့သည့် ရိုက်ကူးရေး အဖွဲ့ကို ရှူတင်ဖျက်ကြောင်း ပြောလိုက်ရလေတော့သည်။

ဆိုဗီယာလပြည့်ဝန်းတစ်ယောက်တော့ ဘယ်လောက်တောင် ဒေါ ကန်နေမလဲ မသိ။

❐


www.burmeseclassic.com

မော်လမြိုင်ကို ခရီးဆက်ဖို့ ကားပေါ်ပြန်တက်ကာ မောင်းထွက်လာကြတော့ ဦးစောဝင်းက ကားထဲမှ ကက်ဆက်ထဲသို့ သီချင်းခွေတစ်ခွေ ထည့်ပြီး ဖွင့်လိုက်သည်။ သီချင်းသံထဲမှ စကားလုံးတွေက အဝေးပြေးကားလမ်းမ မျက်နှာပြင်ပေါ် ပြန့်ကျဲသွား၏။

မွန်းကျပ်တဲ့ မြို့ပြလူနေမှုစနစ်မှာ စီးမျောရင်းလေ x x x

မပြီးသေးတဲ့ ခရီးတစ်ခု x x x အဆုံးအထိရောက်ဖို့ ကြိုးစားနေသူမှာ x x x

ရိုးသားတဲ့ကျေးလက်က အမေ့အိမ်လေးအကြောင်း တွေးမိနေလို့ x x

မြင်ယောင်ကာ အိပ်မက်ရင်း x x x အလိုလိုငိုချင်တယ် x x x

အိမ်ပြန်ချင်တယ် x x x ဟူး x x x ဟူး x x x

■





# အခန်း (၁၂)

မော်လမြိုင်မြို့...

အရိပ်အာဝါသငြိမ်းချမ်းသည့် 'အမေ့အိမ်' ကလေး...။ ဒီအတွေ့အကြုံကိုတော့ စိုးရှား ဒီတစ်သက် မေ့ပျောက်နိုင်တော့မည် မထင်။

တစ်ချိန်က သူနာပြုဆရာမကြီးတစ်ဦး ဖြစ်ခဲ့သော ကိုသျှပ်၏ မိခင်ကြီး ဒေါ်မြရင်သည် သားဖြစ်သူ တေလေငှက်ကလေး အသိုက်အမြုံဆီ ပြန်လာသည်ကို အပြုံးဖြင့် ကြိုဆိုနေခဲ့လေသည်။

ကိုသျှပ်သည် အမေ၏ရှေ့မှောက်တွင် ကလေးငယ်လေးတစ်ယောက် ဖြစ်သွား၏။ ရေလောင်းပေါင်းသင်ပေးဖို့ လိုအပ်နေသော သစ်ပင်ငယ်ကလေးတစ်ပင် ဖြစ်သွားသည်။ မိခင်ကြောင်မကြီး၏ ဝမ်းဗိုက်အောက်၌ ဦးခေါင်းဖြင့် ပွတ်သပ်နေသော ကြောင်ကလေးတစ်ကောင်လို ဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုသျှပ်၏ ရှည်လျားသော ကောက်တိကောက်ကွေး ဆံပင်တွေကို သူ့မိခင်က တယုတယကိုင်တွယ်ပြီး ခေါင်းလျှော်ပေးနေသည့် မြင်ကွင်းကို စိုးရှား ဆွတ်ပျံ့စွာ ငေးကြည့်နေခဲ့မိ၏။

ရှေးရိုးဟန် မိခင်တစ်ယောက်၏ အကြင်နာလက်များဖြင့် မြန်မာဆန်ဆန် တရော်ကင်ပွန်းသီးတို့ကို မွှေစပ်ပြီး သားဖြစ်သူ၏ ဆံပင်ရှည်ရှည်တွေကြားထဲ လက်ချောင်းကလေးများကို ထိုးဖွဆုပ်နယ်ပေးနေရင်း...

"သားကြီးရယ် မမိုက်နဲ့တော့ကွယ်... မင်းညီလေးကလည်း အိမ်မှာ ရှိတာ မဟုတ်ဘူး၊ တစ်ခုခု အကြောင်းရှိပြီဆို အမေတို့က သားကြီးကိုပဲ ပြေးသတိရတာ..."

ကိုသျှပ်လို နိုင်ငံကျော် အဆိုတော်ဂီတပညာရှင်ကြီးတစ်ယောက်ကို သူ့မိခင်ဖြစ်သူက ကလေးငယ်လေးတစ်ယောက်လို တတွတ်တွတ်ပြောဆိုဆုံးမနေသည်ကို ကြည့်ရင်း စိုးရှားရင်ထဲမှာ တစ်စုံတစ်ရာကို ကြေကွဲတသမိ၏။

စိုးရှားကိုယ်တိုင်က မိဘမေတ္တာဆိုသည်ကို အလွန်အကျွံ ဖွဲ့နွဲ့ချဲ့ကားနေစရာ မလိုဘဲ သဘာဝ၏စည်းဘောင်ထဲမှာသာ ရှိသင့်သည် ဟူသော ခံယူချက်ဖြင့် အမေ့ရင်ခွင်ကို ခွဲခွာကာ အိမ်ပေါ်မှ ဆင်းလာခဲ့သူ မဟုတ်လား။

ကိုသျှပ်ကတော့ သူ့အမေပြောသမျှကို တအင်းအင်းလိုက်နေရင်း ခေါင်းလျှော်ပေးသည်ကို ငြိမ်ခံနေ၏။

အခုတော့လည်း အမေ့ရဲ့ဒုက္ခအိုးလေးသည် သစ်ရွက်ပေါ်တင်သော နှင်းရည်စက်လေးတစ်စက်လို အေးမြ ငြိမ်းချမ်းနေလေသည်။

အခုအချိန်... ကိုသျှပ်ရဲ့ရင်ဘတ်ထဲမှာ ဘာတွေများ ရှိနေလေမလဲ။

စိုးရှား ငိုင်တွေစွာ စဉ်းစားနေမိ၏။

□





BURMESE CLASSIC .com

မြစ်ရေတွေက တသွင်သွင် စီးဆင်းနေသည်။

တောင်ရိုးတန်းလေးပေါ်ရှိ ကျိုက်သလွံ့ဘုရားရင်ပြင်ပေါ်မှ နေ၍ သူနှင့် ကိုသျှပ်တို့ သံလွင်မြစ်၊ အတ္ထရံမြစ်နှင့် ဂျိုင်းမြစ်တို့ မြစ်သုံးစင်းဆုံရာ ရေပြင်ဆီ လှမ်းကြည့်နေမိကြ၏။

လေပြည်လေညင်း၏ရနံ့ကြားထဲတွင် ဆည်းလည်းခတ်သံကို သဲ့သဲ့ကြားရလေသည်။

စိုးရှားက သူ့ဦးခေါင်းထဲတွင် အဆက်အစပ်မရှိ ပေါ်လာသော မေးခွန်းတစ်ခုကို မေးလိုက်၏။

"ကိုသျှပ် ဂီတလောကမှာ အခုပေါ်နေတဲ့ Rap... တို့၊ Hip Hop... တို့ကို ဘယ်လိုမြင်သလဲ"

ကိုသျှပ်က ခဏမျှငြိမ်သက်နေသည်။ နောက်... ညင်သာသိမ်မွေ့သောအသံဖြင့်...



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်သဘောကတော့ အသံဆိုတဲ့နေရာမှာ သာမန်အသံရယ်... အနုပညာမြောက်တဲ့အသံရယ်... အနုပညာမဖြစ်တဲ့ အသံရယ်... ဆိုပြီး သုံးမျိုး ရှိတယ်လို့ ထင်တယ်ဗျာ... သာမန်သံ ဆိုတာကတော့ သဘာဝအတိုင်းရှိနေတဲ့ အသံမျိုး၊ စကားပြောတဲ့ အသံမျိုးပေါ့... အဲဒီအသံတွေကို အနုပညာမြောက်အောင် ဖန်တီးလို့ ရပါတယ်၊ သာမန်အသံလည်း မဟုတ်၊ အနုပညာလည်းမမြောက်တဲ့ အသံမျိုး ဆိုရင်တော့ နားထောင်ရတာ တော်တော်ဒုက္ခရောက်တယ်..."

"ဒါဆိုရင်... အနုပညာမြောက်အောင် မဖန်တီးနိုင်ဘဲနဲ့ အနုပညာရှင်ဆိုပြီး နာမည်ကြီးအောင်မြင်နေတဲ့ လူတွေကိုကျတော့ ကိုသျှပ် ဘာပြောမလဲ..."

စိုးရှား၏ အမေးစကားက သရော်ရွတ်ချသံ၊ မနာလိုသံ ပါသွား၏။ ကိုသျှပ်ကတော့ ခပ်တိုးတိုး ရယ်လိုက်ပြီး...

"အောင်မြင်မှုဆိုတာ မီးခိုးလိုပဲဗျ... မီးရှိ့မှ မီးခိုးထွက်တာ၊ အောင်မြင်လောက်တဲ့ အကြောင်းရင်းခံ မီးတောက် ရှိလို့ပေါ့ဗျာ... ဒါပေမဲ့ အဲဒီမီးတောက်ကလေး ကြာရှည်တောက်လောင်နေဖို့ကျတော့ မီးစာထည့်ပေးနေဖို့ လိုတယ်ဗျ... အဲဒါကတော့ အနုပညာဝမ်းစာပဲ..."

ပြာလဲ့သော ကောင်းကင်တွင် တိမ်တွေ ရွေ့လျားနေကြသည်။ ရွေ့လျားကြတာချင်းအတူတူ မြစ်ရေတွေက ခရီးအဆုံးသတ် ပင်လယ်ရှိပြီး တိမ်တွေကတော့ ဦးတည်ရာမဲ့...။

ရည်ရွယ်ရာရှိတဲ့ မြစ်ရေတွေလည်း အငွေ့ပျံတဲ့အခါ တိမ်တိုက်ဖြစ်ပြီး မျောချင်ရာ မျောလွင့်ရသေးတာပဲ မဟုတ်လား။ ဦးတည်ရာမဲ့တဲ့ တိမ်တွေဟာလည်း ငွေ့ရည်ဖွဲ့ပြီး မိုးရွာချတဲ့အခါ မြစ်ရေဖြစ်ပြီး ပင်လယ်





ဆီကို စီးဆင်းရတာပဲလေ...။

လူ့ဘဝဆိုတာ...

တစ်ခါတစ်ခါ တိမ်တိုက်ဖြစ်လိုက်... တစ်ခါတစ်ခါ မြစ်တစ်စင်းဖြစ်လိုက်ပေါ့...

ငါကရော ဘာလဲ ?

ဦးတည်ချက်ရှိတဲ့ မြစ်တစ်စင်းလား...

လွင့်ချင်ရာ လွင့်မျောနေတဲ့ တိမ်တိုက်လား...

ငေးငိုင်နေသောစိုးရှားကို ကြည့်ပြီး ကိုသျှပ်က...

"ထားလိုက်စမ်းပါဗျာ အရေးမပါတာတွေ... စိတ်အေး လက်အေး ရှိတုန်း ပေါ့ပေါ့ပါးပါးစကားတွေပဲ ပြောရအောင်ပါ..."

ကိုသျှပ်က ပြောလက်စ အကြောင်းအရာကို ပြောင်းပစ်ဖို့ တိုက်တွန်းသော်လည်း တကယ်တမ်းတွင် ဘာစကားမှ မဆက်ဖြစ်ကြ။

ကြာမြင့်စွာ ငေးမောနေကြပြီးမှ ဘုရားပေါ်မှ ဆင်းလာခဲ့ကြသည်။

မြစ်ရေပြင်ကို ဖြတ်သန်း တိုက်ခတ်လာသော လေပြည်ထဲတွင် ဆည်းလည်းခတ်သံကို ကြားရသည်။

အသံမှာလည်း ရနံ့ရှိသည်ဟု သူခံစားရ၏။

❐


www.burmeseclassic.com

www.burmeseclassic.com

တောင်ကုန်းပေါ်မှ စီးကြည့်လျှင် မြင်နေရသော မြို့ကလေးသည် ဆည်းဆာနေရောင်ခြည်အောက်တွင် ကြောင်ဝါလေးတစ်ကောင်လို ခွေခွေလေး အိပ်နေ၏။

အဝေးရှိ သစ်ပင်များကို ငေးကြည့်ရင်း စိုးရှားက သူသိချင်လွန်းနေသော မေးခွန်းတစ်ခုကို မေးလိုက်သည်။

"ဒီမှာ ကိုသျှပ်... ကျွန်တော်က အနုပညာကိုလည်း အယုံအကြည်မရှိဘူး... ချစ်ခြင်းမေတ္တာကိုလည်း အယုံအကြည်မရှိဘူး... နာမည်ကြီးတာကိုလည်း အယုံအကြည်မရှိဘူး... ကုန်ကုန်ပြောရရင်... ဘာသာတရားကိုလည်း အယုံအကြည်မရှိဘူး... အဲဒီတော့ ကျွန်တော်ဟာ ဘာလဲ... ဘာလဲဗျာ... တိမ်လို ဦးတည်ရာမဲ့ လွင့်မျောနေတဲ့ လူလား... မြစ်လို ခရီးပန်းတိုင်တစ်ခုဆီ စီးဆင်းနေတဲ့ လူလား... ကိုသျှပ်စိတ်ထဲ ထင်တာကို



ပြောစမ်းပါဗျာ..."

ကိုသျှပ်က စိုးရှား၏မျက်နှာကို တည့်တည့်စိုက်ကြည့်သည်။ ကိုသျှပ်က ဘယ်သူ့ကိုမှ အားမနာဘဲ စိတ်ထဲရှိသည့်အတိုင်း ပိုးစိုးပက်စက်ပြောတတ်သည့်လူစားမျိုး ဖြစ်၏။ ထို့ကြောင့်လည်း စိုးရှားက ဘယ်သူ့ကိုမှ ဒီလိုမျိုး မမေးဘဲ ကိုသျှပ်၏ဝေဖန်စကားကိုမှ တမင်တောင်းယူခြင်း ဖြစ်သည်။

ထင်ထားသည့်အတိုင်း ကိုသျှပ်က ပွင့်ပွင့်လင်းလင်းပင်...

"တိမ်လည်း မဟုတ်ဘူး... မြစ်လည်း မဟုတ်ဘူး... ခင်ဗျားက ကျောက်တုံးပဲဗျ..."

"ဗျာ..."

"တခြားလူတွေအားလုံးက သူတို့မှာ ရှိနိုင်သလောက် ယုံကြည်မှုလေးနဲ့ သူတို့တတ်နိုင်သလောက် အနုပညာ အတတ်ပညာလေးတွေနဲ့ ရွေ့သွားနေကြတာချည်းပဲ၊ တိမ်လိုပဲ...ဖြစ်ဖြစ်... မြစ်လိုပဲ ဖြစ်ဖြစ်ပေါ့... အနည်းဆုံးတော့ သူတို့ဟာ ရွေ့လျားနေကြတာချည်းပဲ၊ ခင်ဗျားကတော့ ဘယ်နေရာမှာမှ သောက်သုံးမကျဘူး... ဘာရွေ့လျားမှုမှ မရှိတဲ့ ကျောက်တုံးပဲ..."

အဲသည်စကားလုံးများသည် သူနှင့် ကိုသျှပ်တို့ အချိန်တွေ ကြာမြင့်စွာ နောက်ဆုံးပြောဖြစ်ခဲ့သည့် စကားများ ဖြစ်သည်။

နောက်တစ်ကြိမ် သူနှင့် ဒီလို အေးအေးဆေးဆေး စကားပြောခွင့်တော့မှာ မဟုတ်ဘူး ဆိုသည်ကို သေမင်း၏တမန်တော်ထံမှ စောစောစီးစီး ကြိုတင်ပြီး သိခွင့်ရခဲ့မည် ဆိုလျှင်တော့ ကိုသျှပ်ဆီက တန်ဖိုးရှိသော စကားတွေ (ဒါမှမဟုတ် ချစ်ခင်နှစ်လိုဖွယ်ကောင်းသော ဆဲရေးစကားတွေ)



www.burmeseclassic.com

www.burmeseclassic.com

ကြားရဖို့ နောက်ထပ် မိနစ်အနည်းငယ်ဖြစ်ဖြစ် အချိန်တွေကို ခိုးဖဲ့ယူခဲ့မိမှာ သေချာပါသည်။

■

## အခန်း (၁၃)

မော်လမြိုင်မှ ပြန်ရောက်ရောက်ချင်း ရတနာပုံဦးစောဝင်းတစ်ယောက် ပထမဦးဆုံးလုပ်သည့် အလုပ်ကတော့ မြနန္ဒီဆီသို့ အပြေးအလွှား အခစားဝင်ဖို့ ပြင်ဆင်ရခြင်းပင် ဖြစ်သည်။ (သူ့မွေးသမိခင် အရင်းခေါက်ခေါက် သေခါနီးဆဲဆဲ ဖြစ်တုန်းကပင်လျှင် အသက်မီလိုမီငြား ကမန်းကတန်း သွားဖို့ ဒီလောက် စိတ်အားထက်သန်ခဲ့ဖူးသည်ဟု မထင်)

ဦးစောဝင်းက...

"ဟော့ကောင်... စိုးရှား... မင်းပါ လိုက်ခဲ့ကွာ၊ ကိုယ့်လုပ်က အတင်း ခေါ်သွားလို့ပါ ဆိုတာကို မြနန္ဒီက မယုံရင် မင်းပါ ဝင်ပြီး ရှင်းပြပေးနိုင်မှ ကောင်းမယ်ကွ၊ သူက ရိုက်ရက်ပေးထားတာကို ငါက ဂရုမစိုက်ပဲ ပစ်ထားပြီး ခရီးထွက်သွားတဲ့ ပြဿနာဟာ ပေါ့သေးသေးတော့ မဟုတ်ဘူး..."


www.burmeseclassic.com

www.burmeseclassic.com

"မလိုက်ချင်ပါဘူး ဦးလေးရာ... ဦးလေးဘာသာ ဦးလေး ရအောင် ချော့ပေါ့..."

"ဟာ... ငါ မျက်ခုံးတွေ လှုပ်တယ်ကွ..."

"ဒါဆို လေဖြတ်ချင်လို့ ဖြစ်မယ်ထင်တယ် ဦးလေးရဲ့..."

စိုးရှားက တမင်ရိတိတိ ပြောလိုက်သောကြောင့် ဦးစောဝင်း နဖူး ကြောရှုံ့သွား၏။ ပြီးမှ ကလေးကို မုန့်ကျွေးဖို့ မြူသည့် လေသံမျိုးဖြင့်...

"လိုက်ခဲ့ပါကွ... ဟိုရောက်ရင် ဆိုဖီယာနဲ့လည်း တွေ့ရမှာပဲဥစ္စာ၊ ဆိုဖီယာက သူ့အန်တီလေးနဲ့ အတူတူနေတာကွ ငယ်ငယ်လေးကတည်း ကပဲ..."

"ဆိုဖီယာက မိဘတွေ မရှိတော့ဘူးလား..."

စိုးရှားက စိတ်ဝင်တစား ပြန်မေးလိုက်သည်။ ဦးစောဝင်းက...

"ဆိုဖီယာ့အမေကတော့ ရှိသေးတာပေါ့ကွ... ဒေါ်မြထွေးတဲ့... မြနဒီရဲ့အစ်မအကြီးဆုံး ဆိုပါတော့၊ အဲဒီဘွားတော်ကြီးကတော့ အူတူတူပါ၊ အဲ... ဆိုဖီယာကို ငယ်ငယ်ကတည်းက ထိန်းကျောင်းပြုစုလာခဲ့ရတာက တော့ မြနဒီပဲ၊ ဆိုဖီယာ့အဖေ မျက်နှာလွှဲသွားပြီးခဲ့ကတည်းက ဆိုပါ တော့ကွာ..."

"သြော်... သြော်... ဆိုဖီယာ့အဖေက မျက်နှာတည့်တည့်ကို ရှုရှု နဲ့ အပန်းခံရသေးတာကိုး..."

"ငါ့လခွေး... မျက်နှာလွှဲသွားတယ်ဆိုတာ သေသွားတယ်လို့ ပြော တာဟ..."

ဦးစောဝင်းက စိတ်ပေါက်ပေါက်ဖြင့် ဆဲရေးသဖြင့် စိုးရှားက ရယ်မောနေလိုက်၏။ ထို့နောက် ဦးစောဝင်းကပင် ဆက်၍...





"အေး... ဆိုဖီယာ့အမေကြီး ဒေါ်မြထွေးနဲ့ တွေ့ရင်တော့ နည်း နည်းသတိထား... အဘွားကြီးက ဂဏှိဂကျောင်ကျတတ်တယ်၊ သူ့ကို ဂရု စိုက် အလေးပေးပြီး ဆက်ဆံမှ ကြိုက်တာကွ၊ အရှိအသေကလည်း ခံချင် ပါဘိသနဲ့၊ မင်းက လူကြီးသူမဆိုရင် ကိုးလိုးကန့်လန့် လုပ်တတ်လွန်းလို့ ကြိုမှာထားရတာ၊ ကိုင်း... မြန်မြန် အဝတ်အစားသွားလဲတော့ကွာ၊ ငါ့ စိတ်ထဲမှာ ကတုန်ကယင်ဖြစ်နေလို့ ကားကို မင်းပဲ မောင်းပေးကွာ... နော်..."

အတင်း တိုက်တိုက်တွန်းတွန်း ပြောနေသောကြောင့် စိုးရှားက အဝတ်အစားလဲရန် အခန်းထဲသို့ ဝင်ခဲ့သည်။

အဝတ်လဲနေရင်းကပင် သူ့ကိုယ်သူ မေးခွန်း ပြန်ထုတ်မိ၏။

'ဆိုဖီယာ့ဆီကို ငါ အရမ်းကြီးသွားချင်စိတ် ဖြစ်နေသလား...' ဟု။

ဟင့်အင်း... မသွားချင်ပါ...။

ဒါပေမဲ့ သူမကိုတော့ တွေ့ချင်သည်။

အဲ့ဒါ ဘာလဲဟင်... သံယောဇဉ်လား... တွယ်တာမှုလား... အလွမ်းလား... ပုဂ္ဂိုလ်စွဲတွေ့ချင်နေမှု တစ်ခုပဲလား...။

ငါ့ရဲ့ ပင်လယ်ဓားပြမလေးရေ...

မင်းက ငါ့အရိပ်ကို ကောက်ရခဲ့တာလား... ငါက မင်းအရိပ်ကို ကောက်ရခဲ့တာလား...

အမှားကတော့ဖြင့် နှစ်ကိုယ်ခွဲခဲ့ပြီ ထင်ပါရဲ့...

□


www.burmeseclassic.com

www.burmeseclassic.com

မြနဒီ၏ခြံဝင်းအတွင်းသို့ ဝင်မိပြီး ကားကို ဆင်ဝင်ရှေ့၌ အရှိန်သတ်လိုက်သည်နှင့် တစ်ပြိုင်နက် ရတနာပုံဦးစောဝင်းကား ဆယ့်ငါးနှစ်သားလေးတစ်ယောက်၏ လျင်မြန်ဖျတ်လတ်မှုမျိုးဖြင့် ကားပေါ်မှ သုတ်ခနဲ ဆင်းကာ တိုက်ထဲသို့ အပြေးတစ်ပိုင်း ဝင်သွားတော့သည်။

စိုးရှားကတော့ သူ့ဦးလေး၏ ဆလွန်းကားအစုတ်ကလေးကို တယုတယသော့ပိတ် တံခါးမှန်တွေ လှည့်တင်ဖြင့် တစ်ခုချင်း လုပ်နေရသောကြောင့် ကျန်နေရစ်ခဲ့သည်။

ပြီးတော့ အိမ်ထဲသို့ ချက်ချင်းမဝင်သေးဘဲ ကျယ်ဝန်းလှသော ခြံဝင်းကြီးကို ဟိုဟိုဒီဒီ ကြည့်ဖြစ်သည်။ ခြံထဲမှာ သစ်ပင်တွေက မျိုးစုံလှ၏။ အရိပ်ကောင်းသော သစ်ပင်ကြီးတွေတင်သာမက ယိမ်းနွဲ့ပျို့နွယ်သော ဝါးရုံပင်စုစုကလေးတွေကိုပါ တွေ့ရသည်။





ခြံထောင့်ရှိ ကုက္ကိုပင်ကြီးကား လူကြီးလက်နှစ်ဖက်စာမျှ ရှိအောင် ကြီးမားလှ၏။ အဲဒီ ကုက္ကိုပင်ကြီးပေါ်ရှိ အကိုင်းကြားတွင်တော့ တာဇံကာတွန်းရုပ်ရှင်ကားထဲကလို လင့်စင်ထိုးထားသည့် သစ်လုံးအိမ်ငယ်ကလေး။

ဆိုဖီယာ ငယ်စဉ်ကလေးဘဝတုန်းကတော့ အဲဒီလင့်စင်အိမ်ကလေးပေါ်တက်ပြီး ကစားကောင်း ကစားခဲ့ပေလိမ့်မည်ဟု စိုးရှား တွေးလိုက်၏။

ဒါပေမဲ့ သစ်ပင်က မြင့်မားလွန်းအားကြီးသည်။ ကလေးတစ်ယောက်တက်ဖို့ ဆိုတာ ဘယ်လိုနည်းနှင့်မှ မဖြစ်နိုင်။

သေသေချာချာ သတိထား ကြည့်လိုက်တော့မှ အိမ်၏အပေါ်ထပ်ခေါင်မိုးပေါ်ရှိ လသာဆောင်မှ နေ၍ သစ်ပင်ဆီသို့ သွယ်တန်းထားသောကြိုးတံတားလေးတစ်ခုကို တွေ့လိုက်ရလေသည်။

မြေပြင်မှ ပေ (၃၀) ခန့်မြင့်သော အဲသည် ကြိုးတံတားလေးကို စိုးရှား မော့ကြည့်နေမိသည်။

တံတားကို ခင်းထားသော သစ်သားပျဉ်ချပ်တွေက အတော်ပင် ဆိုးဆွေးနေကြပုံ ရ၏။ အချို့နေရာများတွင် ပျဉ်ချပ်တွေ ပြုတ်ထွက်ကာ ဟောင်းလောင်းဖြစ်နေသည်ကို မြင်ရသည်။

အနည်းငယ် လေတိုက်ခတ်ရုံမျှဖြင့် ကြိုးတံတားက သိသိသာသာ လွှဲယမ်းသွားသည်ကိုလည်း မြင်ရ၏။

စိုးရှားက အပေါ်ကို မော့ကြည့်နေရာမှ မျက်လုံးကို လွှဲဖယ်ရပ်သိမ်းကာ အိမ်အဝင်ပေါက်ဆီသို့ ဖြုန်းခနဲ လှမ်းဝင်လိုက်ရာ...

"အိုး..."

"အောင်မလေး သေပါပြီတော့..."

မိန်းမကြီးတစ်ယောက်၏ ပူပူဝဝ ဝမ်းဗိုက်စူကြီးကို ဝင်တိုက်မိပြီး



www.burmeseclassic.com

www.burmeseclassic.com

ရော်ဘာတုံးက တွန်းကန်သလို နောက်သို့ ပြန်လန်ထွက်လာ၏။

ထိုမိန်းမကြီးကလည်း မျက်နှာရှုံ့မဲ့ကာ ဝမ်းဗိုက်ရှုရှုဖောင်းဖောင်းကြီးကို ပွတ်သပ်ရင်း...

"ကျွတ်... ကျွတ်... နာလိုက်တာတော်၊ နင်က မွန်ပြည်နယ်နေ့အခမ်းအနားမှာ ရိုးရာလက်ဝှေ့သွားထိုးမယ့် လူလား... ဒီမှာ ဘာလုပ်နေတာလဲ..."

"ဟောဗျာ... ကျွန်တော်က အခု ဒေါ်ဒေါ်ရှေ့မှာ မတ်တတ်ရပ်နေတယ်လေ၊ လက်စသတ်တော့ ဒေါ်ဒေါ်က ကြောင်တောင်ကန်းကိုး... မသိလို့ပါ ဒေါ်ဒေါ်ရယ်၊ ကျွန်တော်က ဒေါ်ဒေါ်မြင်တယ် မှတ်လို့ပါ..."

ဘွားတော်ကြီးက ဆွေ့ဆွေ့ခုန်သွားပြီး...

"ငါ မကန်းဘူး... မြင်တယ်ဟဲ့... မြင်တယ်... နင့်ကို ဘယ်သူလဲလို့ မေးနေတာ..."

"ကျွန်တော် စိုးရှား... မြန်မာလူမျိုး... ဗုဒ္ဓဘာသာ မှတ်ပုံတင်နံပါတ်က..."

"အလိုတော်... လျှာရှည်လိုက်တဲ့ မိကျောင်းသားရယ်... လိုရင်းကိုပြောစမ်းပါ၊ နင့်ကိုယ်ရေးရာဇဝင်ကို ငါ စောင့်ပြီး နားထောင်မနေနိုင်ဘူး။ ငါ့မှာ ကိစ္စရှိသေးတယ်..."

စိုးရှားက ခေါင်းကို ကုတ်လိုက်ပြီး...

"ကျွန်တော် စစ်ကိုင်းတိုင်း အထက်ပိုင်းဘက် ရောက်ဖူးတုန်းကတော့ ပင်လယ်ဘူးမှာဆိုရင် 'အသုဘ' ရှိတာကို 'ကိစ္စရှိတယ်' လို့ ပြောတာ ကြားဖူးတာပဲ၊ အခု ဒေါ်ဒေါ်က..."

"အမယ်လေး... ဖွဟဲ့... လွဲပါစေ... ဖယ်ပါစေ... ငါ့ကိုများတော်





ပြောပုံက... ဆိုစမ်းပါဦး... မင်းက ဒီအိမ်ကို ဘာလာလုပ်တာလဲ..."

"တိုတိုပြောရရင်တော့... ကျွန်တော့်ဦးလေးက မြနှဒီဆီကို လာတာပါ၊ ကျွန်တော်က ဆိုဖီယာ့ဆီ လာတာပါ..."

သူ့စကားကြောင့် အဘွားကြီး၏ နှုတ်ခမ်းထူလပျစ် မည်းမည်းကြီးက ကုလားအော် ငရုတ်သီးစိမ်းဆယ်တောင့်လောက်ဖြင့် အပွတ်ခံလိုက်ရသလို အပြင်သို့ လက်သုံးလုံးခန့် စူထော်ကာ ထွက်လာပြီး...

"အလိုတော်... ငါ့သမီးဆီကို လာတာ... ငါ့ကိုတော့ဖြင့် မခန့်လေးစားပြောလား ပြောရဲ့... ငါ့ဗိုက်ကိုလည်း ခေါင်းနဲ့ ဝှေ့လား ဝှေ့ရဲ့... နင် ဘယ်လိုကောင်တုန်း... ငါ ဘယ်သူဆိုတာ မသိဘူးလားဟဲ့..."

အဘွားကြီးပြောသော စကားထဲတွင် 'ငါ့သမီး' ဆိုသော စကားလုံးကို ကြားလိုက်ရသောကြောင့် စိုးရှား၏သိစိတ်ထဲတွင် လင်းခနဲ ပွင့်လက်သွား၏။

အဲဒီအချိန်မှာပင် ဦးစောဝင်းကလည်း သူ့တူတော့ ပြဿနာတစ်ခုခုတက်နေပြီဟု ရိပ်မိကာ ဧည့်ခန်းတွင် ထိုင်နေရာမှ ကမန်းကတန်း ထလာသည်။

စိုးရှားက ဦးစောဝင်းလာနေသည်ကို မြင်လိုက်သည်နှင့် အတူ သူ့ဦးလေးဖြစ်သူက သတိပေးထားသော စကားကို ဖျတ်ခနဲ ပြန်သတိရလိုက်၏။ ထို့ကြောင့် အဘွားကြီးကို ကမန်းကတန်း မျက်နှာချိုသွေးကာ...

"ဟာ... သိတာပေါ့ ဒေါ်ဒေါ်ရယ်... ဒေါ်ဒေါ့်ကို မသိဘဲ နေပါ့မလား... ဟို... အဲ... ကျွန်တော်က ဒေါ်ဒေါ့်ကို ရိုသေသမှု ပြုချင်လွန်းတဲ့စိတ်တွေ လောကြီးပြီး စကားတွေ မှားကုန်တာပါ၊ ဟိုပြစ္စာလေ... ဒေါ်ဒေါ်က ဆိုဖီယာ့အမေ ဒေါ်... ဒေါ်မြ... ဟိုဒင်း... မဟုတ်လား..."


www.burmeseclassic.com

www.burmeseclassic.com

ခွကျပြီ။ အရေးထဲကျကာမှ အဘွားကြီး၏နာမည်ကို မေ့သွား၏။ အဘွားကြီးက မျက်မှောင်ကုပ်ကာ…

"ဘယ့်နှယ်ကွယ်… ငါ့နာမည်က ဒေါ်မြ ဟိုဒင်းရယ်လို့… ကြုံကြုံဖန်ဖန်…"

ထိုစဉ် မှန်တံခါးအကွယ်မှ ဦးစောဝင်းက စိုးရှားတစ်ယောက် 'ဒေါ်မြထွေး' ဆိုသည့် အမည်ကို မှတ်မိအောင် တံတွေးထွေးသည့် အမူအယာ လုပ်ပြ၏။

စိုးရှားမျက်နှာက ဝင်းခနဲလက်သွားပြီး…

"သြော်… ဟုတ်ပြီ… ဟုတ်ပြီ… ဒေါ်ဒေါ့်နာမည်က ဒေါ်မြတွီထွမ်… ဟုတ်ပေါင်… ဒေါ်မြရွှံ… အဲ… ဒါလည်း မဟုတ်သေးဘူး…"

ဦးစောဝင်းက လေထဲတွင် လက်ညှိုးဖြင့် စာရေးကာ စာလုံးပေါင်းပြ၏။ စိုးရှားက ဖျတ်ခနဲ ခိုးကြည့်ရင်း…

"သိပြီ… သိပြီ… ဒေါ်ဒေါ့်နာမည်က ဒေါ်မြထဆင်ထုး ဝဆွဲ… သြော်… ဒေါ်မြထွေး… လေ…"

"မင်းနှယ်ကွယ်… ဒါလေးပြောမယ့်အရေး… ရှည်လျားလိုက်တာကဲ… ကွ… ကွ… အိမ်ထဲဝင်တော်မူ…"

အဘွားကြီးက နှုတ်ခမ်းစူစူဆောင့်ဆောင့်ဖြင့် ပြောရင်း ထွက်သွားတော့မှ စိုးရှားလည်း မှန်တံခါးကို တွန်းဖွင့်ကာ ဧည့်ခန်းထဲသို့ ဝင်လိုက်ရလေတော့သည်။

မြနဒီက ဆက်တီပေါ်တွင် ထိုင်နေရာမှ လှမ်းပြုံးပြရင်း…

"ဘယ့်နှယ်လဲ… မမထွေးနဲ့တွေ့လို့ ချွေးပြန်သွားပြီလား… လာ… လာ… ထိုင်ဦး…"





စိုးရှားက ဆက်တီတွင် ဝင်ထိုင်လိုက်သည်။ မြနဒီက အိမ်ဖော်ကောင်မလေးကို အအေးတစ်ခွက်ယူလာဖို့ ခိုင်းလိုက်၏။ တစ်ဆက်တည်းမှာပင်…

"မိစန်း… နင့်မမလေးကိုလည်း သွားပြောလိုက်ဦး၊ ဒီမှာ ဧည့်သည်ရောက်နေတယ်လို့…"

"ဟုတ်ကဲ့ မမကြီး…"

ပြောပုံဆိုပုံအရ ဆိုဖီယာကို သွားခေါ်ခိုင်းလိုက်ခြင်း ဖြစ်မည်ဟု စိုးရှားတွက်မိ၏။ သူ ဘာမှ ဝင်မပြော။ တိတ်တဆိတ်သာ ငြိမ်နေလိုက်သည်။

လူကသာ ငြိမ်ငြိမ်နေသော်လည်း အကြားအာရုံကတော့ ငြိမ်မနေ၍မရ။ သူ့ဦးလေး ဦးစောဝင်းက မြနဒီကို ပလီစီချောက်ချက်တွေ ပြောနေသမျှ အားလုံး နားမချမ်းသာစရာ ကြားနေရ၏။

မြနဒီကတော့ ပြုံးသလိုလို တည်သလိုလိုနှင့်သာ။ (စိုးရှားတစ်ယောက်တည်း၏အမြင်နှင့် ပြောရမည် ဆိုလျှင်တော့ အဲဒီအမူအရာသည် နိုင်ငံကျော်မင်းသမီးတစ်ယောက်၏ အိုက်တင်ပီသလွန်းနေသည်ဟု ထင်၏)

ဒါကတော့ မတတ်နိုင်။ သူတို့စရိုက် သူတို့သဘာဝသာ ဖြစ်သည်ဟု နားလည်ပေးရတော့မည်။ တစ်သက်လုံး ကင်မရာရှေ့မှာ သရုပ်ဆောင်ရင်း ဘဝ၏အချိန်တွေကို ကုန်လွန်စေခဲ့တော့လည်း အလိုလိုနေရင်းကပင် (ယာမန် သူလို ငါလို နေရမည့် အချိန်တွေမှာပါ) သူတို့ကိုယ် သူတို့ သရုပ်ဆောင်နေတာလား တကယ့်လူလို နေနေတာလား ကွဲပြားတော့ပုံမရချေ။

ရုပ်ရှင်က ဘဝနှင့်တူအောင် တုပရမည့်အစား (သူတို့အတွက်ကတော့) ဘဝကို ရုပ်ရှင်နှင့် မတူတူအောင် ကြိုးစားနေကြပုံ ရလေသည်။

❒



www.burmeseclassic.com

www.burmeseclassic.com

မြနန္ဒီက ဦးစောဝင်းကို မျက်စောင်းတစ်ချက်ဝင့်ကာ ကြည့်လိုက်ရင်း…

"ဒါနဲ့ ရတနာပုံကြီးကို ပြောရဦးမယ် သိလား…"

"ဘာများလဲ ဒီ…"

"ဒီတို့ရိုက်ကွင်းကို လိုက်လိုက်လာတဲ့ ပိန်ပိန်ရှည်ရှည်နဲ့ သစ်ကုန်သည်သူဌေးလေ… ဝင်းမောင်မောင်ကျော် ဆိုတာ…"

"သြော်… သိပြီ… သိပြီ… ဟိုတလောက နိုင်ငံခြားက ပြန်လာလို့ ဆိုပြီး ဒီ့ကို လက်ဆောင်တွေ အတင်းလာပေးတာ၊ အင်း… ဆိုစမ်းပါဦး… အခု အဲဒီလူ ဘာဖြစ်သွားပြီလဲ… ထောင်ကျသွားပြီလား… တစ်ကိုယ်လုံး နူသွားပြီလား… ဒါမှမဟုတ် ချီးကားကြိတ်လို့ သေပြီလား…"

ဦးစောဝင်း၏လေသံက မနာလိုခြင်းကြီးစွာ ဟိန်းထွက်လာ၏။





မြနန္ဒီက တခစ်ခစ်ရယ်မောရင်း…

"မဟုတ်ဘူး… ဟိုနေ့က အဲဒီလူက ဖုန်းဆက်ပြီး ဒီ့ကို ရည်းစားစကားပြောတယ်…"

"ဟင်…"

"ရည်းစားစကားပြောတာမှ သူပြောပုံက ရိုးရိုးပြောတာ မဟုတ်ဘူး ရတနာပုံကြီးရဲ့…"

"ဘာ… ဒီကောင်က ရည်းစားစကားကို ပါဠိလို ပြောသလား… တောက်… မိုက်ရိုင်းလိုက်တာကွာ…"

ဒေါသတကြီးဖြစ်နေသော ဦးစောဝင်းကို မြနန္ဒီက မျက်စောင်း တစ်ချက်ထိုးလိုက်ရင်း…

"အို… မဟုတ်ပါဘူး… သူပြောတာက ဒီလို။ သူက အရမ်းချမ်းသာတယ်ဆိုတော့… တဲ့… သူ့နားကိုကပ်ချင်တဲ့ မော်ဒယ်ဂဲလ်ပေါက်စလေးတွေဆိုတာ ဝိုင်းဝိုင်းလည်နေတာပဲ… တဲ့… ဒါပေမဲ့ သူက နန္ဒီကိုမှ တကယ်ချစ်တာပါ… ဆိုပဲ… ကဲ… ပြောပုံက ဘယ်လောက်မိုက်ရိုင်း စော်ကားသလဲ… လို့…"

"ဟုတ်တယ်… ဒီတစ်ယောက်တည်းကိုတင် စော်ကားတာ မဟုတ်ဘူး၊ သရုပ်ဆောင်ဝါသနာပါတဲ့ ကလေးမလေးတွေရဲ့ သိက္ခာကိုပါ အပုပ်ချတာ၊ အဲဒီစကားမျိုး သူတို့မိဘတွေကြားရင် ရင်ကျိုးမှာပဲ…"

မြနန္ဒီက သက်ပြင်းချလိုက်ရင်း…

"ခက်တော့… ခက်တယ်… ရတနာပုံကြီးရယ်… သရုပ်ဆောင်ဘဝ… နာမည်ကျော်ဘဝဆိုတာ တစ်ဖက်မှာ ပရိသတ်က ချစ်သလောက် တစ်ဖက်က ယုတ်မာတဲ့လူတွေရဲ့ ပါးစပ်ဖျားမှာ ကျတော့ မှိုချိုး မျှစ်ချိုး



www.burmeseclassic.com

www.burmeseclassic.com

အပြောခံရတယ်၊ ဒီလည်း ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူရမှာလား ... ဖမ်း နည်းရမှာလားတောင် မပြောတတ်တော့ပါဘူး..."

သူမ၏စကားသံက တိုးတိုးဖျော့ဖျော့... ဦးစောဝင်းက သူမ၏စကားကို နားထောင်ရင်း မျက်နှာ အိုမင်းသွား၏။

သူ့မျက်နှာကြီးက သေခါနီး ဖားပြုတ်အိုကြီး ဝမ်းလျှော့ပြီး ဖုတ်လိုက်ဖုတ်လိုက် ဖြစ်နေသလိုလို မျက်ခွံတစ်ဝက်တွဲကျပြီး ပါးစပ်လေး ဟစိဟစိဖြင့်...

ပြီးတော့မှ ဦးစောဝင်းက...

"ဟုတ်တယ် ဒီ... အနုပညာသမားတွေကို ငွေနဲ့ပေါက်ပြီး စော်ကားလို့ မရဘူးဆိုတာ ပ႑ဳသတ်ကို တင်ပြရမယ်..."

"ဟာ... ဦးေပေးကလည်း သူက မိန်းကလေးဆိုတော့ တင်ပြလို့ဘယ်ကောင်းမလဲ၊ ဦးလေးဘာသာ တင်ပြရုံမကလို့ ခါးအထိရောက်အောင်ပဲ လှန်ချင် လှန်... ကွင်းလုံးပဲ ချွတ်ချင် ချွတ်ပေါ့..."

စိုးရှား၏ ခပ်တိုးတိုးကပ်ပြောသော စကားကြောင့် ဦးစောဝင်းက အံကြိတ်ပြီး မျက်လုံးပြူးပြ၏။ မြနန္ဒီကတော့ ပြတင်းပေါက်အပြင်ဆီ ငေးကြည့်ရင်း...

"မင်းသမီး ဆိုတာကတော့ လူမုန်းခံလို့မဖြစ်တဲ့ ဘဝ ဆိုတော့ ဘယ်သူ့ကိုမဆို မကောင်းမုန်းသိလည်း အပြုံးနဲ့ ဖော်ဖော်ရွေရွေ ဆက်ဆံနေရတာပဲ၊ အဲဒီလိုမှ မဆက်ဆံပြန်ရင်လည်း မာနကြီးတယ် အောက်ခြေလွတ်တယ်လို့ အကဲ့ရဲ့ခံရဦးမယ်၊ အင်း... တကယ်တော့ နာမည်ကြီးတယ်ဆိုတာ ကိုယ့်ဘဝ လွတ်လပ်မှုကို အဆုံးရှုံးခံပြီး လဲယူထားရသလိုပါပဲ လေ..."





သူမ ရေရွတ်နေပုံက ဟိုးအဝေးမှာရှိသော တစ်စုံတစ်ရာဆီ တိုင်တည်ပြောဆိုနေပုံမျိုးနှင့် တူနေ၏။

စိုးရှားကတော့ ခေါင်းကိုသာ မသိမသာ ခါယမ်းနေမိသည်။

**ကိုယ့်ဘဝ ကိုယ်အဆုံးရှုံးခံရဖို့ ကြိုးစားပမ်းစား နာမည်ကြီးအောင် လုပ်ယူရတာ ဘဝရဲ့ အမိုက်မှားယိတဲ့လား...။**

အားလုံးကို လှောင်ရယ် ရယ်ချင်လာ၏။

... ... ... ... ...

အဲသည်အချိန်မှာပင် သူ့ဘေးနားသို့ တစ်စုံတစ်ယောက် လာရပ်သည်ကို သတိထားမိသဖြင့် မော့ကြည့်လိုက်သည်။

ဆိုဖီယာလပြည့်ဝန်း...

သူမက...

"လာလေ ကိုစိုးရှား... အန်တီလေးတို့ ဆွေးနွေးနေတာ အနှောင့်အယှက်ဖြစ်နေပါဦးမယ်၊ ကျွန်မတို့ ခြံထဲဆင်းပြီး စကားပြောရအောင်"

အမိန့်ပေးသံ မဟုတ်သော်လည်း သူမ၏စကားအဆုံးတွင် သူ့အလိုအလျောက်ပင် မတ်တတ်ရပ်ပြီးသား ဖြစ်နေ၏။

(ဒါကို ပြန်တွေးမိတော့ သူ့ကိုယ်သူ ဒေါသဖြစ်မိသလို ခံစားရသည်။ ကိုယ့်စိတ်ကို ကိုယ်မနိုင်ခြင်းသည် ကိုယ့်အတွက် အကြီးမားဆုံး ရန်သူဖြစ်သည် ဆိုခြင်းကို ရိပ်စားမိသလိုလို ဖြစ်လာ၏)

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

"ဘယ်လိုလဲ မော်လမြိုင်ကို သွားလည်ရတာ တော်တော်မှ ပျော်ခဲ့ရဲ့လား…"

ဆိုဖီယာ၏အမေးစကားသံက လေပြည်လေညင်းတို့၏ ဂီတနှင့်တူနေ၏။ သူတို့နှစ်ယောက်သား အိမ်ဘေး ခြံကွက်လပ်အစွန်တွင် ရှိသော ဒန်းကလေးဆီသို့ ခြေလှမ်းကို ဦးတည်လိုက်ကြသည်။ စိုးရှားက

"ကိုယ်ကတော့ ဘယ်လိုခရီးကိုပဲ သွားရ သွားရ ပျော်စရာကို ရှာကြံပြီး တွေ့တတ်ပါတယ် ဆိုဖီယာ… လမ်းတစ်လျှောက်လုံး အမြီးအမောက်မတည့်တဲ့ လူတွေကို ကြည့်ပြီး တစ်ချိန်လုံး ရယ်နေရတာပဲ…"

"ဆိုစမ်းပါဦး ဘာတွေ တွေ့ခဲ့လို့လဲ…"

"အဝေးပြေး ကားလမ်းမဘေးမှာ ကနားဖျင်းတဲ့ထိုင်ပြီး အလှူခံနေကြတာလေ၊ အသက် (၄၀) လောက်ရှိတဲ့ မိန်းမကြီးတစ်ယောက်က

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

ဖလားကြီးပိုက်လို့ လမ်းဘေးမှာ ရပ်ပြီးတော့ ကားတွေ ဖြတ်ဖြတ်သွား တိုင်း ဘယ်လိုအော်တယ် မှတ်လဲ…"

"ဟင်… သူက ဘယ်လိုအော်လို့လဲ…"

"ချသွားကြပါ… ရှင်… ချသွားကြပါ… လမ်းပေါ်မှာတင် ချ သွားလည်း ရပါတယ်ရှင်… တဲ့…"

သူ့စကားကြောင့် ဆိုဖီယာက အတွေးတစ်မျိုးပေါက်ကာ ရယ်သည်။ ပြီးမှ မျက်နှာကို ပြန်တည်ပြီး…

"သူက ပိုက်ဆံပစ်ချခဲ့ဖို့ ပြောတဲ့ဥစ္စာ၊ ရှင်ကိုက အတွေးခေါင် တာပါ…"

"ဟုတ်ပါလိမ့်မယ်လေ…"

"ပေါက်တတ်ကရတွေ တော်စမ်းပါ… ဒါနဲ့ ရှင့် ပန်းချီကား အကြောင်းကိုရော မရှင်းပြတော့ဘူးလား…"

"ဆိုဖီယာ နားထောင်မယ် ဆိုရင်တော့… ကျွန်တော့်ဘက်က ပြောပြဖို့ အသင့်ပါပဲ…"

သူတို့နှစ်ယောက်သား ပန်းခြံတန်းလေး နံဘေးရှိ ဒန်းပေါ်တွင် အတူထိုင်လိုက်ကြသည်။

မလှမ်းမကမ်းရှိ ပိတောက်ပင်ကြီး၏ ပင်စည်အပေါ်ပိုင်း မကျတကျ တွင် မြားပစ်သော ပစ်မှတ်စက်ဝိုင်းတစ်ခု ချိတ်ဆွဲထားသည်ကို တွေ့ရ၏။ သည်လိုဆိုလျှင် ဒီအိမ်တွင် လေးပစ်ဝါသနာပါသူ တစ်ယောက်ယောက် တော့ ရှိမှာ သေချာသည်။

အဲသည်လူကလည်း ဆိုဖီယာက လွဲလို့ တခြား ဘယ်သူမှ မဖြစ် နိုင်မှန်း စိုးရှား တွက်ဆမိ၏။





ပင်လယ်စားပြနှင့် တူသော ကောင်မလေးတစ်ယောက်က လေးညှို့ ကိုတင်ကာ မာန်ပါပါဖြင့် မြားပစ်နေမည့်ပုံကို စိတ်ကူးထဲတွင် မြင်ယောင် ကြည့်ရင်း စိုးရှား ရင်ခုန်လာလေသည်။

ဆိုဖီယာကတော့ သူ့အတွေးကို ရိပ်မိပုံ မရ။ သူမက မျက်မှောင်ကို အနည်းငယ်ကုပ်ရင်း…

"ရှင် ခရီးသွားနေတုန်း အဲဒီပန်းချီကားနဲ့ ပတ်သက်တဲ့ စာအုပ်တွေ ကျွန်မ ရှာပြီး ဖတ်ကြည့်ထားသေးတယ်၊ တစ်ချို့စာအုပ်တွေထဲမှာကျ တော့ ယေရှုရဲ့ဘေးက အမျိုးသမီးရဲ့နာမည်က မေရီမက်ဒါလင် တဲ့… သူတို့နှစ်ယောက်ကြားမှာ ဘာပတ်သက်မှုရှိလို့ အဲဒီလို ပြောကြတာလဲ"

"မဟုတ်ပါဘူး… ကျွန်တော့်အယူအဆကို ပြောရရင်တော့ ဘာ ပတ်သက်မှုကိုမှ ရည်ညွှန်းတယ်လို့ မထင်ဘူး… မေရီမက်ဒါလင်ရဲ့ပုံ လို့လည်း မယုံကြည်ဘူး… ဘာသာရေးဆိုင်ရာ စော်ကားမှုတစ်ခုလည်း မဟုတ်ပါဘူး ဆိုဖီယာ… ဒါဟာ အနုပညာသင်္ကေတသဘော သက်သက် ပါပဲ…"

"ဘာသင်္ကေတလဲ…"

"ခရစ်တော်မတိုင်ခင် နှစ်ပေါင်း လေးထောင်လောက်တုန်းကတည်း က ရှိခဲ့တဲ့ စကြဝဠာရဲ့ အခြေခံသဘောတရားပဲလေ၊ လောကဆိုတာ အဖို အမ… အလင်းအမှောင်… အပူအအေး ဆိုတဲ့ ဆန့်ကျင်ဘက်အစုံ ဒွန်တွဲ နေတယ်… ဆိုတဲ့ ပင်မ နိယာမပေါ့…"

သူ့စကားကြောင့် ဆိုဖီယာက တွေတွေကလေး ငေးစိုက်ကြည့် နေ၏။ စိုးရှားက…

"အဲဒီ ပန်းချီကားထဲမှာ ယေရှုရဲ့အဝတ်အစားကို ကြည့်လိုက်…


www.burmeseclassic.com

www.burmeseclassic.com

အင်္ကျီက အနီရောင်နဲ့ အပေါ်က ဝတ်ရုံအပြာရောင် ခြုံထားတယ်၊ သူ့သားက အမျိုးသမီးကျတော့ အင်္ကျီအပြာရောင်ပေါ်မှာ ဝတ်ရုံအနီခြုံထားတယ်၊ အဓိပ္ပာယ်ကတော့ 'ယင်-ယန်' လို့ ခေါ်တဲ့ ဆန့်ကျင်ဘက် ပေါင်းစည်းမှုပဲ ဆိုဖီယာ…"

"ရှင်ပြောပုံက သေချာလှချည်လား…"

စိုးရားက ပခုံးကို တွန့်ပြလိုက်ပြီး…

"မယုံလည်း မတတ်နိုင်ဘူး၊ မင်း Iron Cross တီးဝိုင်းက သုံးတဲ့ ကြက်ခြေခတ် Logo ကို တွေ့ဖူးတယ် မဟုတ်လား၊ ခရစ်ယာန်လက်ဝါးကပ်တိုင်လိုမျိုး အရှည်တစ်ချောင်း အတိုတစ်ချောင်း မဟုတ်ဘူးလေ… ကန့်လန့်ဖြတ်နှစ်ခုစလုံး အရှည်အတို ညီနေတာ၊ အဲဒါကို Square Cross လို့ ခေါ်တယ်…"

"အဓိပ္ပာယ်က…"

"ဒေါင်လိုက်မျဉ်းကြောင်းက အဖိုဓာတ်၊ ရှင်သန်မှုနဲ့ နာမ်တရားကို ကိုယ်စားပြုတယ်၊ ကန့်လန့်ဖြတ်မျဉ်းကြောင်းက အမဓာတ်၊ သေဆုံးခြင်းနဲ့ ရုပ်တရားကို ကိုယ်စားပြုထားတာ၊ အဲဒီတံဆိပ်က ခရစ်တော်မပေါ်ခင် နှစ်ပေါင်း ၁၅၀၀ လောက်ကတည်းက သုံးခဲ့တာပေါ့…"

ဆိုဖီယာ၏မျက်နှာထားက ခပ်တည်တည်ဖြစ်သွားပြီး…

"ရှင်က အတွေးအခေါ်တွေအားလုံးကို ဒီဇာစ်မြစ်တစ်ခုတည်းဆီကိုပဲ ဆွဲယူနေတာကိုး…"

"မဟုတ်ဘူး… မင်းပြောတာ ပြောင်းပြန်ဖြစ်နေပြီ၊ အားလုံးက အဲဒီ ပင်မဇာစ်မြစ် တစ်ခုတည်းကမှ ခေါင်းစဉ်အမျိုးမျိုးကွဲပြီး ခွဲဖြာထွက်လာကြတာပါ… ဆိုဖီယာ… ဒီမှာကြည့် အဖိုဓာတ်ကို Blade လို့ ခေါ်






တယ်။ သူ့ရဲ့သင်္ကေတက အပေါ်ကို ချွန်နေတဲ့ တြိဂံပုံ…"

စိုးရားက ပြောပြောဆိုဆိုဖြင့် မြေကြီးပေါ်တွင် တုတ်တစ်ချောင်းဖြင့် ရေးခြစ်ကာ တြိဂံတစ်ခု၏ပုံကို ဆွဲပြလိုက်သည်။




ထို့နောက် သူက ဆက်ပြီး…

"အမဓာတ်ကိုတော့ Chalice လို့ ခေါ်တယ်၊ သူ့ရဲ့သင်္ကေတကတော့ အောက်ကိုစိုက်နေတဲ့ တြိဂံမှောက်ထိုးပုံပေါ့…"



စိုးရားက ပုံဆွဲနေရာမှ သူမ၏မျက်နှာကို ဖျတ်ခနဲ အကဲခတ်ကြည့်လိုက်ပြီး…

"ဒီတော့… အဖိုနဲ့ အမ ပေါင်းစည်းလိုက်တဲ့အခါ၊ ရုပ်နဲ့ နာမ် ပေါင်းစည်းလိုက်တဲ့အခါ ဒီသင်္ကေတ ဖြစ်လာတော့တာပဲ"



ဆိုဖီယာက မြေပြင်ပေါ်မှ ပုံကို စိုက်ကြည့်ရင်း…

"ဒါ… ဂျူးတွေရဲ့ ခြောက်မြှောင့်ကြယ် (David Star) ပဲ…"

"အင်း… ဒါနဲ့ စကားစပ်မိလို့ ပြောပြရဦးမယ်၊ ဘာရေဗျူက ဆူဖီ



www.burmeseclassic.com

www.burmeseclassic.com

ဂန္ဓာရီပညာမှာ Abjab ဆိုတဲ့ လျှို့ဝှက်သင်္ကေတရှိတယ်၊ သူတို့က (၁) ကို အလစ်လို့ ခေါ်တယ်၊ (၂) ကို ဂျက်၊ (၃) ကို ဂျင်၊ (၄) ကို ဒါလ်... လို့ ခေါ်တယ်၊ သူတို့မှာ အပေါ်ထောင်နေတဲ့ တြိဂံက (၇)၊ အောက်စိုက်နေတဲ့တြိဂံက (၈)၊ ဒေါင့်အားလုံးက (၆)၊ ပေါင်းလိုက်ရင် ၇၈၆ ဖြစ်လာတယ်၊ ဒါဟာ စကြဝဠာအတွေးအခေါ်ရဲ့ အခြေခံဂဏန်းပဲ... ဆိုဖီယာ..."

သူမက အနည်းငယ်ရယ်သွမ်းသွေးချင်ဟန် အကြည့်ဖြင့် တစ်ချက်အကဲခတ်ရင်း...

"ရှင်က တော်တော်တော့ လေ့လာထားပုံပဲ၊ ဒါပေမဲ့ ရှင့်အသိက 'စာသိ' လောက်ပဲ ဖြစ်မယ်ထင်တယ်၊ ရှင့်ရင်ထဲက အစစ်အမှန် ထွက်လာတဲ့ 'ငါသိ' တော့ ရှိပုံ မပေါ်ဘူး..."

သူမ၏စကားကြောင့် စိုးရှား အောင့်သက်သက် ဖြစ်သွား၏။ ဗလာချီ စော်ကားခံလိုက်ရသည်ဟုလည်း ထင်သည်။ ထို့ကြောင့်...

"ဘာဖြစ်လို့ ပြောတာလဲ..."

"ရှင့်မှာ 'ယုံကြည်မှု' ဆိုတာမှ မရှိပဲ၊ စိတ်မှာ 'ယုံ' တယ်ဆိုတဲ့ သဒ္ဓါတရားလေးရှိမှ နှလုံးသားက 'ကြည်' လင်းသွားတာ၊ သဘောပေါက်ရဲ့လား...'

"ကိုယ်မယုံတာက ကျမ်းစာအုပ်တွေထဲက စကားလုံးတွေကိုပါ... ဒီကျမ်းစာအုပ်ထဲမှာကျတော့ ဒီလိုလုပ်ရင် ငရဲကျမယ်... တဲ့... ဟိုတစ်မျိုးမှာကျတော့ ဟိုလုပ်လုပ်ရင် ငရဲကျမယ်... တဲ့...

"ဒီတစ်ခုကို ယုံတဲ့သူအဖို့ကျတော့လည်း ဟိုဘက်က အမြင်နဲ့ ကြည့်ရင် ငရဲကျမှာပဲ၊ ဟိုဘက်ကဟာကို ယုံတဲ့ သူအဖို့ကျတော့လည်း





ဒီဘက်က အမြင်နဲ့ ကြည့်ရင် ငရဲကျမှာပဲ...

"ပြီးတော့... ငရဲကလည်း အမျိုးမျိုး... တစ်ချို့က ပြောတော့ မီးလျှံတွေ ပူကျက်နေတယ်... တဲ့... သံအိုးကင်းနဲ့ ကြော်သတဲ့... ဒါက အပူကိုကြောက်တဲ့ ဒေသက လူတွေရဲ့ အစွဲလေ...

"အအေးကိုကြောက်တဲ့ ဒေသက တိဗက်ကျမ်းစာတွေထဲမှာကျတော့ ငရဲမှာ ထာဝရအေးခဲနေသတဲ့... ကိုယ်က အပူကို ကြောက်တယ်၊ အအေးတော့ ခံနိုင်သား... အဲဒါကြောင့် သေခါနီးရင် တိဗက်ကို ပြောင်းနေရရင် ကောင်းမလားတောင် စဉ်းစားမိသေးတယ်..."

ဆိုဖီယာက တခစ်ခစ်ရယ်မောရင်း...

"ရှင်ကလည်း ကတ်သီးကတ်သတ်..."

"ဟုတ်တယ်... တကယ်ပြောတာ... ဟိုဘာသာဝင်အတွက် ငရဲတစ်မျိုး... ဒီဘာသာဝင်အတွက် ငရဲတစ်မျိုး... ဆိုပြီး နေရာအမျိုးမျိုးခွဲထားဖို့ကျတော့လည်း... ငရဲပြည်မှာ Immigration(လူဝင်မှုကြီးကြပ်ရေး) ထားရမလိုဖြစ်နေပြီ၊ တော်ကြာ ဗီဇာမရလို့ ပြန်ပို့ခံရတာတို့... ဘာတို့နဲ့ဆိုရင် ရှုပ်ယှက်ခတ်ကုန်လိမ့်မယ်..."

"တော်စမ်းပါ... ပေါက်ကရတွေ... ဘာလဲ... ရှင်က 'ကုသိုလ်' နဲ့ 'အကုသိုလ်' ဆိုတာကို မယုံဘူးလား..."

စိုးရှားက သူမ၏မျက်ဝန်းအတွင်းပိုင်းအထိ နက်နက်ရှိုင်းရှိုင်း ထိုးဖောက်ကြည့်လိုက်သည်။ ထို့နောက်...

"ကိုယ်သတ်မှတ်ထားတဲ့ အကုသိုလ်က ဟိုဟာ မလုပ်ရ... ဒီဟာ လုပ်ရတွေ အများကြီးမပါဘူး... တစ်ခုတည်းပဲ... အဲဒါက ဘာလဲဆိုတော့ 'လူလူချင်း ယုတ်မာတာဟာ အကုသိုလ်ဖြစ်တယ်' ဆိုတာပဲ...



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ့်ဘဝမှာ တခြား ဘယ်သူ့အပေါ်မှာမှ မယုတ်မာခဲ့ဖူးဘူး၊ အဲဒီအကုသိုလ် ကင်းစင်တာလေး တစ်ချက်တည်းနဲ့ပဲ ဘယ်ငရဲကိုမှ မကြောက်ဘဲ ကိုယ်သေရဲတယ် ဆိုဖီယာ… ခြင်ကိုက်လို့မှ မရိုက်သတ်ရဲ၊ အိပ်မပျော်လို့မှ ဝီစကီတစ်ခွက် မသောက်ရဲတဲ့ အကုသိုလ်ရှောင်နည်းမျိုးတော့ မဟုတ်ဘူး…"

သူ့စကားကို နားထောင်ပြီး ဆိုဖီယာက ဦးခေါင်းကို ညင်ညင်သာသာခါရမ်းသည်။ သူမ၏မျက်ဝန်းများက မီးခိုးရောင် ရီဝေနေ၏။

ဆိုဖီယာ၏အကြည့်တွေက သနားကရုဏာသက်နေပုံမျိုးနှင့် ခပ်ဆင်ဆင်တူသည်ဟု ခံစားရသည်။

ဆိုဖီယာက…

"ရှင့်ရဲ့အစွဲကိုတော့ ကျွန်မချွတ်မှ ကျွတ်တော့မှာပဲ…"

"ဘာ… ဘယ်လိုပြောလိုက်တယ်…"

စိုးရှားက စိတ်ဆိုးရမည့်အစား သူမ၏စကားကြောင့် ရယ်ချင်သွား၏။ ဘယ်လိုလဲ ကောင်မလေးရယ်… မင်းကိုယ်မင်း အထင်ကြီးလှချည်လား…။

ဘယ်လိုမှ ဖြစ်နိုင်စရာ အကြောင်းမရှိ…

သို့သော် ဆိုဖီယာ၏မျက်နှာက သူမကိုယ် သူမ ယုံကြည်မှုအပြည့်…

စိုးရှားက လှောင်ပြုံးပြုံးလိုက်ရင်း…

"ငါ့အတွေးအခေါ်ကို မင်းက ဘယ်လိုလုပ်ပြီးတော့များ ပြောင်းပစ်နိုင်မှာမို့လို့လဲ ဆိုဖီယာ…"

ဆိုဖီယာက လေးနက်သော လေသံဖြင့်…

"ကျွန်မ ရှင့်ကို ပုစ္ဆာသုံးခု မေးမယ်၊ သုံးခုစလုံး ရှင်မဖြေနိုင်ရင်ပဲ





ဖြစ်ဖြစ်… သုံးပွဲမှာ ကျွန်မက နှစ်ပွဲနိုင်ရင်ပဲ ဖြစ်ဖြစ်… ရှင့်ရဲ့အတွေးအခေါ်ကို စွန့်လွှတ်ရမယ်၊ ဘယ့်နှယ်လဲ… လောင်းရဲပါ့မလား…"

"အိုကေ… ကိုယ့်ဘက်ကတော့ အဆင်သင့်ပဲ… တစ်ခုတော့ ကြိုပြောထားမယ်နော်၊ အဲဒါကတော့ မင်း ကိုယ့်ကို မနိုင်နိုင်ဘူး ဆိုတာပဲ…"

သူ့စကားကြောင့် ဆိုဖီယာ ပြုံးသည်။ ထိုအပြုံးကြောင့် သူမသည် သစ်တော်သီးပင်လေးတစ်ပင်နှင့် တူသွားလေသည်။

ဘဝတစ်ခုလုံးကို လောင်းကြေးထပ်ရဲသည်အထိ ညှို့ယူနိုင်သော မိန်းမတစ်ယောက်ကို သူ ဘာကြောင့်များ စိတ်ဝင်စားနေမိပါလိမ့်…။

တကယ်တော့ မိန်းမဆိုသည်မှာ ပြင်းထန်လွန်းသော အဆိပ်တစ်မျိုးပင် ဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၅)

၁၃. ၈. ၂၀၀၄

အဲသည်နေ့သည် (၁၃) ရက်နေ့ကျသည်သာမက သောကြာနေ့လည်း ဖြစ်လေသည်။

❐


www.burmeseclassic.com

www.burmeseclassic.com

ရတနာပုံဦးစောဝင်း၏ အင်စတော်လေးရှင်း အနုပညာ (Installation Art) ပြပွဲကို ၃၂ လမ်း အပေါ်ဘလောက်ရှိ အဇ္ဇာပန်းချီပြခန်းတွင် ကျင်းပသည်။

ကြွရောက်လာသော ပရိသတ်ကတော့ ဦးစောဝင်းကို သိပ်အမြင်မကတ်သူများ (လောလောဆယ်အချိန်အထိ အမြင်မကတ်သေးသူများ)၊ ဂျာနယ်အတော်များများမှ သတင်းထောက်များ၊ မလွဲမရှောင်သာသဖြင့် စိတ်မပါဘဲ လာကြသူများ၊ ထမင်းဆီဆမ်း ဆတ်သားခြောက်မီးဖုတ်ဖြင့် ဧည့်ခံမည်ဟု သတင်းကြားသောကြောင့် စိတ်ပါလက်ပါ လာကြသူများ၊ Installation Art (တပ်ဆင်ခြင်း အနုပညာ) ဆိုသည်ကို ဘာမှန်း မသိသေးသောကြောင့် အထူးအဆန်း တွေ့ရ မြင်ရမည်ထင်ပြီး လာရောက်စပ်စုကြသူများသာ ဖြစ်၏။

ပြခန်းထဲသို့ ဝင်ဝင်ချင်း တံခါးပေါက်ဝတွင် တွေ့လိုက်ရသည်ကတော့ အုန်းလက်ကြီးနှစ်လက်ကို ဟိုဘက်ဒီဘက်ကိုင်းပြီး ဖဲကြိုးဖြင့် ချည်ထားခြင်း ဖြစ်သည်။ ထိုလက်ရာကို 'ဇနီးမောင်နှံ' ဟု အမည်ပေးထား၏။

လူတွေကတော့ အုန်းလက်ကြီးနှစ်လက်ကို ပေစောင်းပေစောင်းဖြင့် ကြည့်ကြ၏။ ဘာဖြစ်လို့ ဒါကြီးကို 'ဇနီးမောင်နှံ' ဟု နာမည်ပေးထားမှန်းလည်း သဘောမပေါက်ကြ။ ဂျာနယ်အယ်ဒီတာချုပ် ဦးမြတ်ခိုင် ဆိုသူကတော့ တစိမ့်စိမ့်ကြည့်ကာ နက်နက်နဲနဲ စဉ်းစားရင်း ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး...

"ဟုတ်ပြီ... ဟုတ်ပြီ... ကျုပ် သဘောပေါက်ပြီ၊ ဒါ ပုဇွန်တောင်မှာနေတဲ့ ကျုပ်မိတ်ဆွေ ကိုအုန်းနဲ့ မအုန်းရွှေတို့ လင်မယားကို သရုပ်ဖော်





ထားတာပဲ၊ ဟုတ်တယ် မဟုတ်လား ကိုစောဝင်း..."

ဦးမြတ်ခိုင်၏ အမေးစကားအဆုံးတွင် ရတနာပုံစောဝင်း၏ မျက်နှာသည် မိုးမိထားသောသားရေဖိနပ်လို နွမ်းရော်ညိုးချုံးကျသွား၏။ ဘာမှ ပြန်မဖြေနိုင်ရှာ။ ဒီနေ့အဖို့ သူ့ဦးလေး ဦးစောဝင်း တော်တော်ကံဆိုးနေသည်ဟု စိုးရှား ပြုံးစိစိလုပ်ရင်း တွေးနေမိသည်။

တကယ်တော့ ပွဲမစခင်ကတည်းက Installation လက်ရာတစ်ခုက ပျက်စီးသွားလုနီးနီး ဖြစ်ခဲ့ရပြီးပြီ။ ဦးစောဝင်းပြသမည့် လက်ရာများထဲတွင် 'ဧရာဝတီအတွက် ရင်ကွဲနာကျသူများ' ဟူသည့် အမည်ဖြင့် တပ်ဆင်မှုတစ်ခု ပါသည်။

ထိုလက်ရာကား အခြားမဟုတ်။ သုံးထပ်သားပြားတစ်ချပ်ပေါ်တွင် ငါးရံ့ခြောက်ပြားများကို သံဖြင့်ရိုက်ကာ ချိတ်ဆွဲပြသထားခြင်း ဖြစ်သည်။

မနေ့ညက ဦးစောဝင်းကိုယ်တိုင် ငါးရံ့ခြောက် အချပ် (၃၀) ကို သံဖြင့် အသေအချာ ရိုက်သွားခဲ့သည်။ ဒီနေ့ ပြပွဲစခါနီးတွင် ကြည့်လိုက်တော့ ငါးရံ့ခြောက်တစ်ကောင် လိုနေ၏။ (၂၉) ခုသာ ရှိတော့သည်။

အဲသည်မှာတင် ရတနာပုံစောဝင်း၏ အနုပညာမာန၊ အနုပညာဒေါသတို့သည် ရွာမှ ဘုန်းကြီးပျံ လောင်တိုက်သွင်းသလို ဝုန်းခနဲ ဒိုင်းခနဲ ပေါက်ကွဲလေတော့သည်။

"ဒါ... ဒါ... ဘယ်ကောင်လုပ်သွားတာလဲ၊ တောက်... စော်ကားလိုက်တာကွာ၊ ဒါ... ငါ့အနုပညာကို ဖျက်ဆီးတာ၊ ငါ့ရဲ့ အင်စတော်လေးရှင်း အနုပညာပြပွဲကြီး အောင်မြင်မှာကို မနာလို မရှုစိမ့်တဲ့ကောင်တွေက ငါးရံ့ခြောက်တစ်ပြားကို ခိုးဖြုတ်ပြီး မီးဖုတ်စားလိုက်တာပဲ ဖြစ်ရမယ်၊ ထွီ... ရိုင်းလိုက်ကြတာကွာ..."



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါ့မလား ဦးလေးရယ်... မနေ့ညက ကျွန်တော်တို့ပဲ သေသေချာချာသော့ခတ်ပြီး ထွက်လာကြတဲ့ဥစ္စာ၊ ဘယ်သူမှ မဝင်နိုင်ပါဘူး၊ ကြောင်တွေ ဘာတွေဝင်ပြီး စားသွားတာပဲ ဖြစ်မှာပါ..."

စိုးရှားက ဖျောင်းဖျောင်းဖျဖျ ပြောသော်လည်း ဦးစောဝင်းက လုံးဝလက်မခံ။

"မဟုတ်ဘူး... မဟုတ်ဘူး... ငါသိတယ်၊ ဒါ... ဟိုကောင်တွေလုပ်တာ၊ ငါ့ရဲ့ ဆန်းသစ်တီထွင်တဲ့ အနုပညာအောင်မြင်မှုကို မနာလိုလို့ တမင် အကျင့်ယုတ်ပြီး Installation လုပ်ထားတဲ့ ငါးခြောက်ဖုတ်ကို အရက်နဲ့ မြည်း ပစ်ကြတာ၊ ခွေးမသားတွေ..."

"ဟာဗျာ... ဦးလေးကလည်း ပူညံ ပူညံ လုပ်မနေပါနဲ့တော့၊ ပြပွဲမစခင် နောက်ထပ် ငါးရံ့ခြောက်တစ်ပြား ပြေးဝယ်ပြီး ချိတ်ထားလိုက်ပေါ့... အဲဒါဆို ပြီးရော မဟုတ်လား..."

"မဖြစ်ဘူးကွ... မဖြစ်ဘူး... အနုပညာဆိုတာ တစ်ခါပဲ လုပ်လို့ရတယ်... နောက်တစ်ခါ ထပ်လုပ်ရင် မူရင်းအစစ် မဟုတ်တော့ဘူး၊ ဒါတွေ မင်းနားမလည်ပါဘူး စိုးရှားရာ..."

နားမလည်ဘူးပဲပြောပြော ဘာပဲပြောပြော လောလောဆယ်မှာ နားညည်းနေသည့်ဒုက္ခကိုတော့ စိုးရှား သည်းမခံနိုင်ပါ။

သည်တော့ သူ့ဘာသာသူပင် ဈေးသို့ အမြန်ပြေးကာ ငါးရံ့ခြောက်တစ်ချပ် ရှာဝယ်လာပြီး လွတ်သွားသည့်နေရာတွင် သံဖြင့် ပြန်ရိုက်ကာ ချိတ်ပေးလိုက်ရ၏။ ပြပွဲစတင်မည့်အချိန်ကို မီရုံသာ ရှိသည်။

ဖိတ်စာတွေ အတော်များများ ဝေထားသဖြင့် ရောက်လာသည့် ဧည့်သည်များမှာ တဖွဲဖွဲနှင့် ပြခန်းတစ်ခုလုံး ပြည့်သွား၏။





"ဟာ... ဒါက ဘာကြီးလဲဟ..."

အူတူတူနိုင်ပုံရသော ပြပွဲလာကြည့်သူတစ်ယောက်က နံရံပေါ်တွင် ချိတ်ဆွဲထားသော ဦးစောဝင်း၏လက်ရာကို ကြည့်ပြီး လွတ်ခနဲ တအံ့တသြရေရွတ်လိုက်၏။

ထိုလက်ရာမှာ အခြားမဟုတ်။ စက္ကူစုတ်များ၊ ဖွန်းခက်ရင်းများ၊ ဖိနပ်စုတ်တစ်ရံ၊ နို့ဆီဗူးခွံဟောင်း သုံးလေးလုံးနှင့် ဆေးလိပ်အတိုအစများကို ရောမွှေကာ ဟိုနားမှာကပ် ဒီနားမှာကပ် လုပ်ထားခြင်းသာ ဖြစ်၏။ ပြီးတော့ ပန်းချီဆွဲသည့် Acryllic ဆေးရောင်စုံများကိုလည်း ဗရပွ ပေကျံနေအောင် ပက်ထားသည်။

ဦးစောဝင်းက သူ့လက်ရာကို ငေးမောကာ တအံ့တသြဖြစ်နေသော သူအား ကြည့်ရင်း တစိမ့်စိမ့်အရသာခံကာ ပီတိဖြစ်နေ၏။ ထိုနောက် ထိုသူ၏ပခုံးကို ပုတ်လိုက်ပြီး ဦးစောဝင်းက...

"ဒီမယ် ကိုယ့်လူ... ဒါ ဘာကြီးလဲဆိုပြီး ရင်သပ်ရှုမော ဖြစ်မနေနဲ့... အင်စတော်လေးရှင်း ဆိုတာ ဒါပဲ... ဒါ... အနုပညာဗျ... ဟား... ဟား... အနုပညာမမြောက်တဲ့ပစ္စည်းတွေကို ဟိုတစ်ခု ဒီတစ်ခု ပေါင်းစပ်ပြီး အနုပညာမြောက်အောင် လုပ်တာ အင်စတော်လေးရှင်း (Installation) လို့ ခေါ်တယ်... မှတ်ထား... ကိုယ့်လူ..."

ဦးစောဝင်း၏ ဂုဏ်ယူဝင့်ကြွားသော ပြောစကားကြောင့် ထိုအူကြောင်ကြောင်လူမှာ ပါးစပ်အဟောင်းသားဖြင့် ကြည်ညိုလေးစားစွာ ထောင်ရင်း...

"သြော်... ဟုတ်ပြီ... ရှင်းသွားပြီဗျာ၊ ဟိုတစ်ခု ဒီတစ်ခု ပေါင်းစပ်တာ Installation ဆိုရင် ကျုပ်တို့အိမ်နားက ကွမ်းယာရောင်းတဲ့


www.burmeseclassic.com

www.burmeseclassic.com

ကုလားမာမွတ်ဟာ တကယ့် အင်စတော်လေးရှင်း... ပညာရှင်ကြီးပဲ... တောက်... သူ့ကို ကျုပ် မလေးမစား ဆက်ဆံခဲ့မိတာ သိပ်မှားတယ်ဗျာ၊ ဒီက ပြန်သွားမှ တောင်းပန်ရဦးမယ်..."

ထိုစကားကြောင့် ဦးစောဝင်းကား သူ့ဦးခေါင်းမှ ဆံပင်များကို သူ့ဘာသာသူ ဆွဲဆွဲဆောင့်မိတော့သည်။

ပြခန်း၏အဝင်ပေါက်နှင့် တည့်တည့်ရှိ နံရံပေါ်တွင်ကား ပန်းချီကားချပ်လို ကင်းဗတ်ပိတ်စကို သစ်သားဘောင်ကွပ်ထားသော လက်ရာတစ်ခု ရှိသည်။

ထိုပန်းချီကား ပိတ်စပေါ်တွင် ငါးမူးလုံးအရွယ်အစားခန့်ရှိမည့် ကြိုးတစ်ချောင်းကို စူပါဂလူးကော်ဖြင့် ကပ်ထား၏။ ထိုကြိုး၏ အလယ်ခေါင်တည့်တည့်ကိုတော့ ဓားဖြင့် လှီးထားသလား၊ လွှဖြင့် တိုက်ထားသလား မသိ။ ပြတ်လုတည်းတည်း အနေအထားတွင် အစအနများ ဖွာလန်ကျဲထားပြီး ကြိုးမျှင်သေးသေးလေးတစ်ချောင်းသာ ချန်ထားသည်။

ထိုပန်းချီကားကို 'သံယောဇဉ်' ဟု အမည်ပေးထား၏။

အဲဒီလက်ရာကို မျက်တောင်မခတ် စူးစိုက်ကြည့်ကာ ခံစားနေသည့် ထိပ်ပြောင်ပြောင် လူတစ်ယောက်က အလွန်နှစ်ခြိုက် သဘောကျဟန်ဖြင့်...

"ကျွန်တော် ဒီဟာကို အရမ်းသဘောကျတယ်ဗျာ၊ ကျွန်တော် ဝယ်ချင်တယ်... ဘယ်လောက်လဲ..."

ရတနာပုံဦးစောဝင်းက မာန်တက်နေသည့် အသံဖြင့် ခပ်တင်းတင်းပင် ပြန်ဖြေသည်။

"တစ်သိန်း"

ခေါ်ဈေးကြောင့် ထိပ်ပြောင်ပြောင်နှင့် လူကြီးမှာ ကွက်ခနဲ မျက်နှာ





ပျက်သွား၏။ ထိုနောက် သူ့သားရေပိုက်ဆံအိတ်ကို ယောင်ယမ်းကာ လက်ဖြင့်စမ်းကြည့်ရင်း တောင်းပန်တိုးလျှိုးသော လေသံဖြင့်

"ခုက္ခပါပဲဗျာ... ကျွန်တော့်မှာပါတဲ့ ပိုက်ဆံကလည်း ခြောက်သောင်းတောင် ပြည့်ပါ့မလား မသိဘူး၊ ဈေးလျှော့လို့ ရရင် လျှော့ပေးပါဗျာ..."

ထိုစကားကို ကြားရသောအခါ ဦးစောဝင်းက နှုတ်ခမ်းတစ်ဖက်ကို မဲ့ရွဲ့ပြီး ခေါင်းကို သုံးလေးကြိမ် ခါယမ်းပစ်လိုက်သည်။ ထိုနောက်...

"ဒီမှာ ကိုယ့်လူ... ဒါ ဟင်းသီးဟင်းရွက်ရောင်းနေတာ မဟုတ်ဘူးဗျ... ခင်ဗျား အနုပညာတန်ဖိုးကို နားမလည်ဘူးလား၊ ဈေးလာမဆစ်နဲ့ လုံးဝ မလျှော့နိုင်ဘူး..."

ဦးစောဝင်း၏ တင်းမာသောစကားကြောင့် ထိပ်ပြောင်ပြောင်နှင့် လူမှာ ဝမ်းနည်းပက်လက်ဖြစ်ကာ ငိုင်တွေသွားသည်။ ထိုစဉ် သူ့ဇနီးဖြစ်ဟန်တူသော မိန်းမဝဝကြီးတစ်ယောက် ပြန်းဆို အနီးသို့ရောက်လာကာ ထိုသူ့ကျောပြင်ကို 'ဖုန်း' ခနဲမြည်အောင် ရိုက်လိုက်ရင်း...

"ဒါကို ပိုက်ဆံပေးဝယ်ရအောင် ရှင် ရူးများ ရူးနေသလား... ကြိုးကို ဓားနဲ့ ဖြတ်ထားတာများ ကျုပ်တောင် လုပ်တတ်သေးတယ်၊ ရှင်ဒါမျိုး လိုချင်တယ်ဆိုရင် စောစောက ပြောရောပေါ့... လာစမ်းပါ... အိမ်ကျရင် ကျုပ်လုပ်ပေးမယ်... လာ သွားရအောင်..."

ပြောပြောဆိုဆိုဖြင့် ထိုမိန်းမကြီးက သူ့ယောကျ်ားကို တရွတ်တိုက်ဆွဲခေါ်သွားတော့သည်။ ဦးစောဝင်းက ပျာပျာသလဲဖြင့်...

"ဟာ... ဟေ့လူ နေပါဦးဗျ... ခင်ဗျားလိုချင်တယ်ဆိုရင် ဈေးလျှော့ပေးပါ့မယ်၊ ငါးသောင်း... ငါးသောင်းနဲ့ပဲ ယူဗျာ..."


www.burmeseclassic.com

www.burmeseclassic.com

အတင်းလိုက်ဆွဲသော်လည်း မရတော့။ ထိပ်ပြောင်ပြောင်နှင့် လူက သူ့မိန်းမ ဆွဲခေါ်ရာနောက်သို့ ရှိ့ရှိ့ကုပ်ကုပ်ကလေး လိုက်ပါသွားရင်း အသံတိမ်တိမ်ဖြင့်...

"နေပါစေတော့ဗျာ... ကျုပ်မိန်းမက သူလုပ်ပေးမယ်တဲ့..."

ဟု ပြန်ဖြေရင်း လှည့်မကြည့်ဘဲ တစ်ချိုးတည်း လစ်သွားလေတော့သည်။

ဦးစောဝင်းကတော့ ခေါင်းကုတ်ရင်း သက်ပြင်းရှည်ကြီးချကာ ကျန်ရစ်ခဲ့တော့၏။ ထိုအချိန်တွင် သူ့ GSM ဖုန်းမှ ခေါ်သံမြည်လာ၏။

"ဟူး... စိတ်မောရတဲ့အထဲ ဘယ်သူဆက်တဲ့ ဖုန်းပါလိမ့်..."

ဟု တွေးရင်း ခါးပတ်တွင် ချိတ်ထားသော အိတ်ထဲမှ ဖုန်းကို ထုတ်ပြီး ကြည့်လိုက်သည်။

ကဗျာဆရာ တေးရေးမြင့်မိုးအောင်ထံမှ ဖုန်း ဖြစ်နေသည်။

ဒီတော့မှ ဦးစောဝင်းက ပျာပျာသလဲ ဖုန်းကို ကိုင်ရင်း...

"ဟဲလို... ကိုမြင့်မိုးလား... ဆိုပါဦး... ဘာကိစ္စတုန်းဗျ..."

တစ်ဖက်မှ ဘာလှမ်းပြောလိုက်သည် မသိ။ ဦးစောဝင်းတစ်ကိုယ်လုံး တောင့်တင်းပြီး ကျောက်ရုပ်လို အသက်ကင်းမဲ့သွားသည်။

မျက်လုံးတွေ သေသွား၏။ မျက်နှာကလည်း သွေးဆုတ်ကာ ဖြူဖပ်ဖြူရော် ဖြစ်သွားလေတော့သည်။

တစ်ဖက်မှ ကိုမြင့်မိုးအောင် ပြောနေသမျှကို အသက်ရှူဖို့ မေ့လျော့စွာ ငြိမ်သက်နားထောင်နေပြီး ခဏကြာမှ...

"ဟုတ်ကဲ့... ကိုမြင့်မိုး ဟုတ်ကဲ့..."

ဟု ပြောကာ ဖုန်းကို ပြန်ချလိုက်တော့သည်။





သူ့ဦးလေးအမူအရာကို မလှမ်းမကမ်းမှ အကဲခတ်နေသော စိုးရှားက အနီးသို့ တိုးကပ်သွားပြီး မေးလိုက်၏။

"ဦးလေး ဘာဖြစ်လို့လဲ..."

ဦးစောဝင်းက မျက်စိပျက် မျက်နှာပျက်ဖြစ်ကာ အသံတွေတုန်ရင်လျက်...

"ကိုသျှပ်... ကိုသျှပ်... ကျန်းမာရေးအခြေအနေ တော်တော်ဆိုးလာလို့ အခုပဲ ဆေးရုံတင်လိုက်ရတယ်... တဲ့..."

ထိုစကားကြောင့် စိုးရှား၏နှလုံးအိမ်ထဲတွင် ဝုန်းခနဲ မြည်သွား၏။

ပြက္ခဒိန်ကို လှမ်းကြည့်လိုက်တော့ (၁၃) ရက် သောကြာနေ့...။

လွန်ခဲ့သည့်နှစ်ပေါင်း ၇၀၀ ခန့်က ဒီလိုနေ့မျိုးမှာပင် ဝတ်ကျောင်းတော် မြင်းစီးသူရဲကောင်းများ (Knights Templar) သည် ဖိလစ်ဘုရင်၏အမိန့်ဖြင့် မီးရှို့ သတ်ဖြတ်ခံခဲ့ရသည် မဟုတ်ပါလား။

သောကြာနေ့ (၁၃) ရက်သည် ကံဆိုးစေတတ်သည်ဟု အယူရှိ၏။

❒



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ နေ့လည် ၁၁ နာရီ ၄၀ မိနစ်တွင်…

ကိုသျှပ် ကွယ်လွန်သည်။

'လင်းလက် တောက်ပဆဲမှာပဲ…

ရတ်တရက် ကွဲကြေသွားပြန်တယ်…

အို… ညနေကြယ်'

၁၄. ၈. ၂၀၀၄

နိုင်ငံကျော်အဆိုတော် သျှပ်မှူးအိမ်တစ်ယောက် သူချစ်သော သီချင်းသံစဉ်တွေကို စွန့်ခွာထားရစ်ခဲ့ပြီ။ သူ့ကိုချစ်သော ဂီတပရိသတ်များစွာကို စွန့်ခွာထားရစ်ခဲ့ပြီ။ ရာဇဝင်များရဲ့ သတို့သမီးကို သူ ကျောခိုင်းလျက်ဟိုး… အဝေးဆုံးသို့ ခရီးထွက်သွားခဲ့လေပြီ။

ဧရာဝတီက တငြိမ့်ငြိမ့်စီးဆင်းမြဲ…။

သူ… ဘယ်တော့မှ ပြန်လာတော့မည် မဟုတ်တော့…။

■



# အခန်း (၁၆)

မိုးစက်တွေ ကျလာတော့မည်။

ရေဝေးသုသာန်ရှိ အသုဘရှုရာ ခန်းမ (၂) ထဲတွင် မျက်ရည်စက်တွေ… လူတွေ… ပန်းပွင့်တွေ ပြည့်ကျပ်နေ၏။

သျှပ်မှူးအိမ်ကိုချစ်သော ပရိသတ်တွေ… ချောင်းထဲမှာ ဗေဒါပင်တွေ အရွက်ချင်းထပ်ကာ ပြည့်ကျပ်နေပုံမျိုး… ပခုံးချင်းထပ်၊ ရင်ဘတ်ချင်း ကျောချင်းကပ်ကာ ထပ်နေ ပြည့်နေကြသည်။ မျက်စိတစ်ဆုံး ကျယ်ပြန့်ထူထပ် သိပ်သည်းသော ကြေကွဲခြင်းပင်လယ်တစ်ခုလို…။

မတိုးကြပါနဲ့… မတိုးကြပါနဲ့… နောက်ဆုတ်ပေးကြပါဗျာ… ဟု တနယ်ဇင်းဆရာတစ်ဦးက အော်ဟစ်ရင်း ပရိသတ်ကို မေတ္တာရပ်ခံနေသည်။ ခဏကြာတော့ ထိုသူ အသံဝင်သွားပုံရ၏။ လူတွေကလည်း ခြေတစ်ဖက်ရွှေ့စရာ နေရာပင် မရှိလောက်အောင် ကျပ်ညပ်ပြည့်သိပ်နေသဖြင့်


www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုတ်ဖို့လည်း မဖြစ်နိုင်တော့။

“ခဏနေရင် ရင်ခွဲရုံထဲကနေ အလောင်းကို ခန်းမထဲ သယ်ထုတ်လာတော့မယ်၊ ခန်းမထဲ အဝင်လမ်းကို နည်းနည်း ရှင်းပေးထားကြပါ” ဟု တစ်စုံတစ်ယောက်က ပြောနေ၏။

ဂီတလောကထဲမှ မိတ်ဆွေများက တစ်ယောက်နှင့် တစ်ယောက် လက်ချင်းချိတ်ဆက်ကာ စီတန်းပြီး ဟိုဘက် ဒီဘက် နေရာယူလိုက်ကြသည်။ ကြားထဲတွင် လူသုံးလေးဦးလျှောက်သာရုံ လမ်းကလေး ဖြစ်လာ၏။

ဒါလည်း ကြာကြာမခံ။ လက်ချင်းချိတ်ထားသော အနုပညာရှင်များ၏ နောက်ကျောများဆီသို့ ပရိသတ်က ပြုံကျလာ၏။ လက်တွဲတွေ ပြုတ်ထွက်ကုန်သည်။ ဖိနပ်တွေ တစ်ဖက်စီ လွင့်ထွက်ကုန်၏။

လူသံတွေက လှိုင်းသံလို တဝုန်းဝုန်းထနေသည်။ လူတွေသည် ပင်လယ်... ကြေကွဲခြင်းသည် မုန်တိုင်း... ယိုင်လဲသူတွေ ယိုင်လဲသွားကြသည်။ ဖယ်ကြပါဦး... နောက်ဆုတ်ပေးကြပါ... စည်းကမ်းရှိပါဗျာ... ဟု တစ်ချို့က အော်ဟစ် သတိပေးနေကြသည်။ အလောင်းသယ်လာရမည့် လမ်းကလည်း ကျပ်ညပ်ပိတ်ဆို့နေလေပြီ။

သျှပ်မှူးအိမ်၏ ဇနီးဖြစ်သူကတော့ အသံမထွက်ဘဲ နူးညံ့မာကျောစွာ ငိုကြွေးနေ၏။ ဟိုး... ခပ်ဝေးဝေးမှာတော့ သူမ၏ချစ်လှစွာသော ခင်ပွန်းအတွက် နောက်ဆုံးနှုတ်ဆက်သည့် အလွမ်းပန်းခြင်းကလေးထဲမှာ နှင်းဆီဖြူဖြူတွေ...။

ပြီးတော့... ကိုသျှပ်၏(၈)နှစ်အရွယ် သမီးငယ်လေး မိကောင်းညံ...။ ကိုသျှပ်သိပ်ချစ်သည့် သူ့ရင်သွေးကလေးကို သူ ထားရစ် ခဲ့ပါပြီကော...။

နေရစ်လေဦးတော့... သမီးငယ်ရေ...

ကြောင်နှစ်ကောင်စာအုပ်တိုက်



စိုးရှား အံကို မသိမသာကျိတ်ရင်း ပင့်သက်ကို နှမ်းနယ်စွာ ရှိုက်သွင်းလိုက်သည်။

ခဏနေတော့ ကိုသျှပ်၏မိခင်ဖြစ်သူကို ဦးစောဝင်းက တွဲကာ ခန်းမ (၂) ထဲသို့ ဖေးမခေါ်လာ၏။ ကိုသျှပ်မိခင်၏ အသွင်သဏ္ဍာန်သည် မော်လမြိုင်မှာ သူတွေ့ခဲ့ရစဉ်ကထက် ပိုမိုပါးလျား ပိန်ဖျော့သွားမှန်း စိုးရှား အကဲခတ်မိသည်။

အမေ့ရဲ့ဒုက္ခအိုးကလေးကတော့ ကွဲကြေသွားခဲ့ပြီပေါ့ အမေရယ်...

အဲသည်အခိုက်အတန့် တဒင်္ဂလေးမှာပင် ‘အမေ’ ဆိုသော နာမ၏ နက်ရှိုင်းမှုသည် စိုးရှား၏နှလုံးသားထဲသို့ ဆွတ်ပျံ့တိုးဝှေ့ ဝင်လာလေတော့သည်။ မန္တလေးမှာ ကျန်ရစ်ခဲ့သော အမေ့ကို စိုးရှား ဖျတ်ခနဲ မြင်မြင်ယောင်ယောင်ဖြစ်လိုက်မိသည်။

ဆူညံနေသော လူသံသူသံတွေ အဝေးသို့ လွင့်စင်သွားသလို ခံစားလိုက်ရ၏။

အသုဘအခမ်းအနားများတွင် ရတတ်လေ့ရှိသော အမွှေးနံ့ ငြိမ့်စိစိတစ်မျိုးသာ လေထုထဲတွင် ဝေ့ကာ ကျန်ရစ်သည်။

သူ သတိထားမိလိုက်ချိန်တွင် သူတို့ တိုင်ပင်ကာ အစီအစဉ် ပြောင်းလိုက်ကြပြီ ဖြစ်သည်။ ကိုသျှပ်၏မိခင်ကြီးကို ရင်ခွဲရုံအထိ ခေါ်သွားပြီး ကိုသျှပ်၏ရုပ်အလောင်းကို အေးအေးဆေးဆေးကြည့်ခွင့်ရအောင် စီမံကြခြင်း ဖြစ်ပုံရ၏။

ဟုတ်တော့လည်း ဟုတ်သည်။ ရုပ်အလောင်းကို ခန်းမထဲအထိ သယ်လာမည်ဆိုလျှင် များပြားလွန်းသော ပရိသတ်များကြောင့် ကိုသျှပ်၏ မိသားစုအဖို့ သူ့နောက်ဆုံးအချိန်ကို စိတ်အေးလက်အေး ကြည့်ခွင့်ရမည်

ကြောင်နှစ်ကောင်စာအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com



မဟုတ် ကြေကွဲခွင့်ရမည် မဟုတ်။

ခဏအကြာတွင် ဦးစောဝင်းက ကိုသျှပ်၏မိခင်ကြီးကို ပွေ့ချီပြီး အလောင်းထားသည့် ရင်ခွဲရုံရှိရာဆီသို့ ခေါ်ဆောင်သွားလေသည်။

ကိုသျှပ်အတွက် သုသာန်မြေမှာ ကြေကွဲခြင်းတွေ ကြိတ်ကြိတ်တိုး နေကြသည်။ အလောင်းချစရာ နေရာမရှိတော့လောက်အောင် ပြည့်ကျပ် နေသည့် လူပင်လယ်ပြင်ကြီးကို ကြည့်ရင်း စိုးရှား တစ်စစီ ပြိုပျက် ပြန့်ကျဲ လွင့်စင်သွားသလို ခံစားလိုက်ရလေသည်။

အဲဒါပါပဲကွယ်...

အနုပညာရှင် ဆိုတာ သေတော့မှပဲ ကိုယ့်ဘဝကို ကိုယ် ပိုင်ဆိုင် ခွင့်ရတာမျိုးပါ...

❐

ဟော... လာပြီ သယ်လာပြီ... ဟူသော စကားသံများနှင့် အတူ ကျပ်ညပ်သိပ်သည်းနေသည့်လူတွေ လှုပ်လှုပ်ရှားရှား တွန်းထိုး ရွေ့လျား သွားကြသည်။

ကိုသျှပ်၏ရုပ်ကလပ်ကို ထည့်သွင်းထားသော ကျွန်းတလားသေတ္တာ ကြီးကို သယ်ဆောင်လာပြီး ခန်းမ (၂) ထဲတွင် ခဏမျှသာ ချခွင့်ရလိုက် ၏။ ကိုသျှပ်၏ဇနီးဖြစ်သူ ကြည့်ဖို့ ခေါင်းတလားအဖုံးကို မိနစ်အနည်း ငယ်ကြာ ဖွင့်ပြနိုင်သည် ဆိုရုံလေးပင် ဖြစ်သည်။

ကျွန်းသားခေါင်းတလားထဲတွင် ပကတိ ငြိမ်းချမ်းစွာ အိပ်မော ကျနေသူက ကိုသျှပ်...

ဆံပင်ကောက်တိ ကောက်ကွေး... မျက်မှန်ထူထူ နှာတံပင်းစင်းနှင့် အလျားရှည်သော နှုတ်ခမ်းတစ်စုံ။





www.burmeseclassic.com

www.burmeseclassic.com

သူ့မျက်နှာဘေး ခေါင်းအုံးပေါ်တွင်တော့ တရားစာအုပ်လေး...

လက်ထဲမှာတော့ ပန်းစည်းတစ်စည်း...

ကြည့်စမ်း... ပန်းပွင့်... တရားဓမ္မနှင့် သေခြင်းတရား...

ဒါဟာ ကွယ်လွန်သူတစ်ယောက်ရဲ့ အတ္ထုပ္ပတ္တိပါပဲ... ကဲ... ခေါင်းအဖုံးကို ပိတ်လိုက်ကြပေတော့... ဗွတ်ဘိုင်... ကိုသျှပ်...

"သွားကြစို့..."

တစ်စုံတစ်ယောက်၏ နှိုးဆော်သံကို မသဲမကွဲကြားရသည်။ ကိုသျှပ်ကို ထည့်ထားသော ခေါင်းတလားကို ခန်းမအပြင်ဘက်သို့ ထမ်းထုတ်ယူသွားပြီး ကားပေါ်သို့ တင်လိုက်ကြ၏။

ပြီးတော့ ဂူသွင်းမြှုပ်နှံမည့် နေရာဆီသို့ ဦးတည်လိုက်ကြသည်။

ကတ္တရာလမ်းကျဉ်းကျဉ်းလေးပေါ်မှာ ကားတွေ... လူတွေ... လွမ်းသူ့ပန်းခွေတွေ... မျက်ရည်စတွေ... ကြေကွဲနှမြောတသခြင်းတွေ... ဖြည်းဖြည်းနှေးနှေး ရွေ့လျားနေကြသည်။

အဲဒီအချိန်မှာပဲ...

မိုးက ဖွဲဖွဲကလေး စတင် ရွာသွန်းလာတော့သည်။

▢

ကိုသျှပ်ရေ...

ကျွန်တော်တို့ရဲ့ခေတ်တစ်ခုကို ခင်ဗျားပေးခဲ့တာတွေ အများကြီးပါ...

အခုတော့...

ခင်ဗျားအတွက် ခေတ်ကြီးတစ်ခေတ်လုံး ဝမ်းနည်းလွန်းလို့ တဆတ်ဆတ်တုန်ယင်နေလေရဲ့...

▢


www.burmeseclassic.com

www.burmeseclassic.com

ဂီတသင်္ကေတတွေ ကြေးပြားထွင်းကပ်ထားသည့် အုတ်ဂူကျဉ်းကျဉ်း ကလေးထဲတွင် သူ့ကို ထားရစ်ခဲ့ကြပြီ...

သူချစ်သော သီချင်းတွေ၏ခေါ်ဆောင်ရာနောက်ကို လိုက်ပါရင်း ဒုက္ခအဖြစ်ဆိုးနှင့် ကြုံတွေ့ရကာ အသက်ကိုပါ ပေးခဲ့...

လူဖြစ်လာရတာဟာ ဒီလို နိဂုံးချုပ်ဖို့အတွက်တဲ့လား...

စိုးရှား တွေးရင်း တွေးရင်း ဘာကို မကျေနပ်မှန်း သူ့ကိုယ်သူ မသိဘဲ ဒေါသတွေထွက်လာသည်။

အုတ်ဂူရှေ့မှ လှည့်ထွက်ဖို့ ခြေလှမ်းပြင်လိုက်တော့ သူ့ဦးလေးနှင့် မျက်နှာချင်းဆိုင်မိကြ၏။

ဦးစောဝင်း၏ပါးပြင်ပေါ်မှာ မျက်ရည်စက်နှင့် မိုးစက်တွေ စိုရွှဲ နေလေသည်။ မျက်ဝန်းတွေကတော့ ကိုသျှပ် ငြိမ်သက်လဲလျောင်းရာ အုတ်ဂူလေးကို စိုက်ကြည့်လျက်...





စိုးရှား၏ဒေါသက (မရည်ရွယ်ထားပါဘဲနှင့်) သူ့ဦးလေးပေါ်သို့ ပုံကျသွားပြီး...

"ဒီမှာ ဦးလေး သူ့လို အနုပညာခေါ်ရာနောက်ကို သေမင်းရှိမှန်း သိသိချည်းနဲ့ လိုက်ရဲလား... မညာနဲ့... ဦးလေး မညာနဲ့... အနုပညာကို တကယ်ချစ်ရင် မညာရဘူးဗျ... သိရဲ့လား..."

သူ၏ ရှိုသဲ့သဲ့စကားသံက ကျယ်လောင်နေမည်လား မသိ။ သူ့ကို တွေတွေကြီး ပြန်စိုက်ကြည့်နေသော ဦးစောဝင်း၏ မျက်ဝန်းအဓိပ္ပာယ်ကို လည်း မသိ။

ဒီနေရာမှာတင်...

လူတစ်ယောက်၏ဘဝ အပြောင်းအလဲ ဖြစ်သွားစေပြီ ဆိုသည်ကို လည်း သူ မသိခဲ့ပါချေ။

သြဂုတ်လ၏ မိုးရေစက်တွေကြားမှာပင်...

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

နောက်တစ်နေ့မနက်တွင်...

ကော်ဖီသောက်ဖို့ သူ ထမင်းစားခန်းထဲသို့ ဝင်လာသောအခါ တစ်စုံတစ်ရာကို ငိုင်တွေစဉ်းစားရင်း ထိုင်နေသည့် သူ့ဦးလေး ဦးစောဝင်းကို တွေ့လိုက်ရသည်။

စိုးရှားက ကြက်ဥပဟပ်ဖရိုက်နှင့် ပေါင်မုန့်ကို ကော်ဖီနှင့် ဖြည်းဖြည်းချင်း မျှောချနေစဉ်မှာပင် ဦးစောဝင်းက စကားတစ်ခွန်းကို အဆက်အစပ်မရှိ ပြောချလိုက်၏။

"စိုးရှား ငါ ရုပ်ရှင်ကားကြီးတစ်ကားရိုက်ဖို့ ဆုံးဖြတ်လိုက်ပြီ..."

"ဦးလေးကို ဘယ်ပရိုဂျူဆာက ပိုက်ဆံ ထုတ်ပေးမှာမို့လို့လဲ..."

သူ့အမေးကို ဦးစောဝင်းက ခေါင်းခါပြသည်။ ထို့နောက်...


www.burmeseclassic.com

www.burmeseclassic.com

"ငါ့ပိုက်ဆံနဲ့ ငါထုတ်ရိုက်မှာ၊ ငါစီးနေတဲ့ ကားနဲ့ ဟောဒီအိမ်ကို ပေါင်လို့ရတဲ့ ပိုက်ဆံနဲ့ ရိုက်မယ်"

"ဗျာ… အိမ်နဲ့ ကားကို ပေါင်မယ် ဟုတ်လား… ဦးလေး…"

ဒီတစ်ခါတော့ စိုးရှား တော်တော်အံ့သြသွား၏။ ဦးစောဝင်းက ဖျော့တော့လေးလံစွာ ပြုံးလိုက်ရင်း…

"ဘာလဲ… ဒီတစ်ခါလည်း ငါ့ကို အရှုံးထပြန်ပြီ… လို့ မင်းပြောချင်လို့လား စိုးရှား…"

"မပြောပါဘူး ဦးလေးရာ… ဦးလေးရိုက်မယ့် ဇာတ်ကားမှာ မင်းသမီးက မြနန္ဒာပဲလား… လို့ မေးချင်တာ တစ်ခုပါပဲ…"

ရိသဲ့သဲ့မေးသော စိုးရှား၏ စကားကြောင့် ဦးစောဝင်း၏ မျက်နှာက ရုတ်တရက် လေးလေးနက်နက် တည်သွား၏။ ခဏကြာအောင် စဉ်းစားချင့်ချိန်နေပြီးမှ ဦးစောဝင်းက…

"ဟုတ်တယ် မြနန္ဒာပဲ၊ ဒါပေမဲ့ မင်းထင်သလိုမျိုးတော့ မဟုတ်ဘူး၊ အရင်တုန်းက မြနန္ဒာကို ငါ့ဇာတ်ကားတွေမှာ ထည့်ရိုက်ခဲ့တာဟာ ကိုယ်ရေးကိုယ်တာခံစားချက်ကြောင့် ဆိုတာ ငါ ဝန်ခံပါတယ်၊ ဒါပေမဲ့ ဒီတစ်ခါမှာတော့ အဲဒီလို မဟုတ်ဘူး… စိုးရှား…"

"အင်း… ယုံတော့ ယုံချင်ပါတယ် ဦးလေးရာ… ဒါပေမဲ့… ကျွန်တော်က ဘာကိုမှ ယုံကြည်မှုမရှိတဲ့လူ… ဆိုတော့ ခက်တယ်…"

ဦးစောဝင်းက စားပွဲမှထကာ ထမင်းစားခန်းအပြင်ဘက်သို့ ခြေလှမ်းထွက်သည်။ တံခါးဝအရောက်တွင် နောက်ပြန်လှည့်ကာ စကားတစ်ခွန်း လှမ်းပြော၏။

"အေးပေါ့ကွာ… ယုံကြည်မှုဆိုတာ ဘဝကိုပေးပြီး ရင်းရတာမျိုး





ကွ… မနေ့က အသုဘမှာ မင်းပြောခဲ့သလိုမျိုးပေါ့… ဘယ်လို အဖြစ်ဆိုးမျိုးနဲ့ပဲ ကြုံရ ကြုံရ… ကိုယ့်ယုံကြည်မှုရဲ့ ခေါ်ရာနောက်ကို ရေဆုံးမြေဆုံး လိုက်ဖို့ ငါ့မှာ သတ္တိအပြည့်ရှိတယ် စိုးရှား…"

ထိုစကားကြောင့် တုန်လှုပ်ချောက်ချားရမလိုလို ဝမ်းသာအံ့သြရမလိုလို သူ ခံစားလိုက်ရသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၈)

ဆိုဖီယာလပြည့်ဝန်း၏အိမ်သို့ သူ နောက်တစ်ကြိမ် ထပ်ရောက်ဖြစ်သည်။ ဆိုဖီယာ့အမေကြီးနှင့် မဆုံမိပါစေနှင့်ဟု သူ တဖွဖွဆုတောင်းလာခဲ့သော်လည်း သူ့ဆုတောင်း မပြည့်။

အဘွားကြီးက အိမ်ပေါက်ဝမှာပင် ခါးကြီးထောက်ပြီး ရပ်နေသည်။ အစိမ်းရောင်နုနု ပါတိတ်ဝမ်းဆက် ဝတ်ဆင်ထားသော အဘွားကြီးကို ကြည့်ရင်း စိုးရှား မပြုံးမရယ်မိအောင် မနည်းမျိုသိပ်ထားရ၏။

စိုးရှားက ပါတိတ်ဝမ်းဆက်ဝတ်သော မိန်းမကြီးတွေကို မြင်လျှင် ဘောက်တဲ့ကြီးတွေနှင့် တူသည်ဟု စိတ်ထဲမှာ (ဘာကြောင့်မှန်း မသိ) ထင်မိ၏။

ထိုအဘွားကြီးနှင့် မျက်နှာချင်းဆိုင် ရပ်မိသောအခါ မျိုသိပ်ကြိတ်မှိတ်ထားသည့်ကြားကပင် သူ မနေနိုင်တော့ဘဲ လှစ်ခနဲ တစ်ချက် စပ်


www.burmeseclassic.com

www.burmeseclassic.com

ဖြီးဖြီး ဖြစ်သွားမိလေသည်။

ဒေါ်မြထွေးက ပြုံးဖြဲဖြဲဖြစ်နေသော စိုးရှားကို မျက်မှောင်ကုပ်ကာ ကြည့်လိုက်ရင်း...

"နေစမ်းပါဦး... မောင်ရင်က ဘာကိစ္စ ပြုံးရတာတုန်း..."

"ဟုတ်ကဲ့..."

"မင်းကို ငါက မေးနေတာကွယ့်... ဟုတ်ကဲ့လို့ မပြောစမ်းပါနဲ့..."

"တင်ပါ့ဘုရား..."

ဒေါ်မြထွေး မျက်နှာရှုံ့မဲ့သွား၏။ ထို့နောက် ပျာပျာသလဲဖြင့်...

"ဟဲ့... ဘယ်နှယ်ပြောလိုက်တာတုန်း၊ တင်ပါ့ဘုရား... ဆိုတာ ဘုန်းကြီးတွေကိုမှ ပြောရတာဟဲ့..."

"ဟင်... မသိဘူးလေ ဒေါ်ဒေါ်ပဲ 'ဟုတ်ကဲ့' လို့ မပြောနဲ့ဆို..."

"ဩော်... ခက်တော့နေပါပြီ... ငါမေးတဲ့ မေးခွန်းကို မင်းက ဟုတ်ကဲ့လို့ ပြန်ဖြေတာ ဘာမှ အဓိပ္ပာယ်မရှိလို့ ပြောတာဟဲ့... ကဲ... ဆိုစမ်းပါဦး၊ မင်းက ဘာကိစ္စနဲ့ ငါ့အိမ်ပေါက်ဝမှာရပ်ပြီး ပြုံးချင်သလိုလို ရယ်ချင်သလိုလို ဟိုမရောက် ဒီမရောက် မျက်နှာပေးမျိုး လာလုပ်ပြနေရတာလဲ..."

"ဩော်... ဒီလိုပါ... ကျွန်တော်က ဒေါ်ဒေါ်ကို အရိုအသေပေးတဲ့ အနေနဲ့ ပြုံးစိစိလုပ်ပြတာပါ..."

"မင်းနယ်ကွယ်... ကြဲကြဲဖန်ဖန်... မင်းပြောသလိုဆို ရုပ်ရှင်ရုံထဲမှာ ဟာသကားကြည့်တဲ့လူတွေက ရုပ်ရှင်ပိတ်ကားကို တစ်ချိန်လုံး အရိုအသေပေးနေရသလိုကြီး ဖြစ်နေမှာပေါ့..."

ကိုယ့်ထက်ပိုပြီး စကားကို လက်ပေါက်ကပ်အောင် ပြောတတ်သည့်





အဘွားကြီးနှင့် တိုးနေရသောကြောင့် စိုးရှား ခေါင်းကိုသာ ကုတ်နေမိတော့သည်။

"အဲ... အဲဒီလိုလည်း မဟုတ်ပါဘူး... ဒေါ်ဒေါ်..."

"အေး... မဟုတ်ရင် ပြီးတာပဲ... နောက်ကို ငါ့ရှေ့မှာ စပ်ဖြဲဖြဲ လာမလုပ်နဲ့ ငါမကြိုက်ဘူး..."

ထိုစကားအဆုံးတွင် စိုးရှားက အဘွားကြီးအကြိုက်ဖြစ်အောင် လေသံကို တင်းလိုက်ပြီး...

"ဒါဆိုလည်း ပြီးရောဗျာ..."

ဟု ပြောကာ မျက်နှာကို ချက်ချင်း ပြန်တည်လိုက်၏။ ဒါကိုပင် အဘွားကြီးက သေသေချာချာ ထပ်ကြည့်ပြီး...

"ဟင်း... ရုပ်ကိုက တလောကလုံး မင်းလုပ်စာ ထိုင်စားနေရတဲ့ ပုံမျိုး... မာရေကြောရေနဲ့..."

ထိုစကားကြောင့် စိုးရှားက သူ့မျက်နှာကို သိပ်လည်းမတည် သိပ်လည်းမပြုံးသည့်အနေအထားရောက်အောင် ပြန်လျှော့ချလိုက်သည်။ အဘွားကြီးက...

"ဟော... ဒီမျက်ခွက်ကျတော့လည်း မချိုမချဉ်နဲ့... ငါ့ကိုများ ဆယ့်ခြောက်နှစ်သမီးလေး အောက်မေ့လို့ မြူနေတာလား..."

စိုးရှားက စိတ်ကို ဒုန်းဒုန်းလျှော့ချလိုက်ရတော့သည်။ နောက်ဆုံးတွင် သူက သက်ပြင်းကို မှုတ်ထုတ်လိုက်ပြီး...

"ဒေါ်ဒေါ်က... ကျွန်တော့်မျက်နှာကို ဘယ်လိုဖြစ်စေချင်တာလဲ ဟင်..."

"ဘယ်လိုမှ ဖြစ်စေချင်လို့ မဟုတ်ဘူးဟေ့... ငါ့သမီးဆီ လာလာ


www.burmeseclassic.com

www.burmeseclassic.com

နေတာကို အမြင်ကတ်လို့ တမင်ပြောလွှတ်နေတာ၊ အမယ်လေး တည့်တည့်ပြောမှ သိမယ့်အစားထဲကပဲ… 'အ' ပါပေ့ မောင်ရင်ရယ်…"

အဘွားကြီး၏ မဲ့မဲ့ရွဲ့ရွဲ့ပြောစကားကြောင့် စိုးရှားက အံ့ဩသည့် အမူအရာကို တမင်ပင် ပိုပိုသာသာ လုပ်ပြလိုက်ပြီး…

"ဗျာ… ဘာဖြစ်လို့လဲ ဒေါ်ဒေါ်… ဒေါ်ဒေါ့်သမီးကို ကျွန်တော်က ဘာလုပ်မိလို့လဲ…"

"မင်း ငါ့သမီးကိုကြိုက်လို့ လာပိုးနေတာ မဟုတ်လား…"

"ဟာ… ကြံကြံဖန်ဖန်ရာ ဒေါ်ဒေါ်ရယ်… မဟုတ်တာ…"

စိုးရှားက ရုပ်ရှင်ထဲမှ လူကြမ်းအိုက်တင်လိုမျိုး မျက်နှာကို ရေစိုထားသည့် သားရေဖိနပ်အစုတ် နေလှန်းခံရသလို ရှုံ့ခေါက်တွန့်လိမ်ပစ်လိုက်ရင်း…

"ဒေါ်ဒေါ့်သမီးနဲ့ ချစ်သူဖြစ်ချင်တဲ့ ယောကျ်ားလေးတွေ အများကြီး ရှိကောင်း ရှိပါလိမ့်မယ်၊ ဒါပေမဲ့ အဲဒီလူစားမျိုးထဲမှာ ကျွန်တော်ကတော့ လုံးဝ မပါဘူး…"

"ဘယ်လို မင်း တကယ်ပြောတာလား…"

အဘွားကြီးက တအံ့တဩ ပြန်မေးသည်။ စိုးရှားက တစ်ချက်ပြုံးလိုက်ရင်း…

"ကျွန်တော်လာနေတဲ့အကြောင်းက ဒေါ်ဒေါ့်သမီး မေးခွန်းထုတ်တတ်တဲ့ ပဟေဠိတွေကို စိတ်ဝင်စားလို့ လာတာပါ၊ ရှင်းရှင်းပြောရရင် ဆိုဖီယာ့ကို ပဟေဠိ ပုစ္ဆာတစ်ပုဒ်လောက်တောင် ကျွန်တော် စိတ်မဝင်စားဘူး…"

ထိုစကားကို ပြောလိုက်စဉ်မှာပင် အိမ်တံခါးဝမှာ ဘွားခနဲလာရပ်





သော ဆိုဖီယာလပြည့်ဝန်းကို သူ တွေ့လိုက်ရ၏။

သူ့စကား တော်တော်လွန်သွားမှန်း သူသိလိုက်သည်။ သူပြောလိုက်သည့်စကားကို ဆိုဖီယာ ကြားသွားပြီမှန်းလည်း သူ သိလိုက်၏။

သို့သော် စကားကျွံပြီးမှ ပြန်နှုတ်၍ မရနိုင်တော့ချေ။

ထိုစဉ်…

"အေး… စိတ်မဝင်စားဘူးဆိုလည်း ပြီးတာပဲ၊ ကဲ… ကဲ… အိမ်ထဲကို ကြွတော်မူ…"

အဘွားကြီးက ဆောင့်ဆောင့်အောင့်အောင့်ဖြင့် ပြောပြီး ခြံထဲဆင်းသွားသည်။ စိုးရှားက အိမ်ထဲသို့မဝင်ခင် တံခါးဝမှာ ရပ်နေသော ဆိုဖီယာလပြည့်ဝန်းကို လှမ်းကြည့်လိုက်၏။

ထူးထူးခြားခြား တည်ငြိမ်အေးစက်လွန်းနေသော ဆိုဖီယာ့ကို တွေ့လိုက်ရသည်။

စစ်ပွဲလေးတစ်ပွဲ တိုက်ခိုက်ရတော့မည်ဟု သူနားလည်လိုက်၏။

❐



www.burmeseclassic.com

ဆောရီးပဲ... ဒါပေမဲ့ ကိုယ်က အချစ်ဆိုတာကို အယုံအကြည်မရှိဘူး၊ တကယ်တော့ လူတွေဟာ တစ်ယောက်နဲ့ တစ်ယောက် ချစ်ကြတာ မဟုတ်ပါဘူး၊ တစ်ယောက်ကို တစ်ယောက် ခုတုံးလုပ်ပြီး ကိုယ့်အတ္တကို ကိုယ် တည်ဆောက်ကြတာပါ..."

"ရှင့်စကားတွေကို ရှင်ကိုယ်တိုင် သေချာလို့လား..."

**"လူတွေဟာ 'ချစ်တယ်' ဆိုတဲ့ စကားလုံးကို သုံးပြီး တစ်ယောက်ကို တစ်ယောက် ချုပ်ချယ်ဖို့ ကြိုးစားနေကြတာပါ၊ 'ချစ်သူတွေဖြစ်ကြတယ်' ဆိုတဲ့ အခြေအနေကို အကြောင်းပြပြီး အပြန်အလှန်တောင်းဆိုမှုတွေနဲ့ အကျပ်ကိုင်ကြတာပါ၊ ကိုယ့်ကို ဂရုစိုက်ဖို့ တောင်းဆိုမယ်... ကိုယ့်ကို အချိန်ပေးဖို့ တောင်းဆိုမယ်... လက်ထပ်ဖို့ တောင်းဆိုမယ်... 'ချစ်တယ်' ဆိုတာ လူတစ်ဦးချင်းစီရဲ့ လွတ်လပ်စွာ ရှင်သန်နေထိုင် ဆုံးဖြတ်နိုင်မှုကို ဝေါဟာရလှလှသုံးပြီး ဓားပြတိုက် လုယူလိုက်တာပဲ"**

ဆိုဖီယာက သူမ၏ဦးခေါင်းမှ ဆံနွယ်တွေ ယိမ်းနွဲ့သွားသည်အထိ လှုပ်စွာ ခါရမ်းလိုက်ရင်း...

"တကယ်တော့ ရှင်ဟာ အချစ်ကို အယုံအကြည် မရှိတာ မဟုတ်ဘူး... ကြောက်နေတာပါ..."

"ကိုယ် ဘာကိုမှ မကြောက်တတ်ဘူး... ဆိုဖီယာ"

"ဘာလို့ မကြောက်ရမှာလဲ၊ တာဝန်ယူရမှာကို ရှင် ကြောက်နေတာပါ"

"ဟင့်အင်း... ကိုယ်က ကိုယ့်လွတ်လပ်မှုကို မြတ်နိုးတာပါ ဆိုဖီယာ..."

စိုးရှား၏စကားကြောင့် ဆိုဖီယာက ပြုံးလိုက်ရင်း...

ဧည့်ခန်းထဲတွင် သူထိုင်မိလျှင် ထိုင်မိချင်းမှာပင် ဆိုဖီယာက လေသံအေးအေးဖြင့် မေးသည်။

"ရှင်... စောစောက မေမေ့ကို ပြောနေတာတွေက တကယ်ပဲလား..."

ဗျာ... ဘာကိုပြောတာလဲ... ဘာလဲ... စသဖြင့် အူသလို ကြောင်သလို အိုက်တင်တွေ လုပ်ပြဖို့ စိတ်ကူးလိုက်သေးသည်။ သို့သော် ချက်ချင်းပင် ထိုစိတ်ကူးကို စွန့်လွှတ်လိုက်၏။

ဆိုဖီယာသည် တော်ရုံတန်ရုံလောက်မက ပါးနပ်သော မိန်းကလေး တစ်ယောက် မဟုတ်ပါ။

ထို့ကြောင့် စိုးရှားက...

"ဆိုဖီယာရဲ့ မိန်းမမာနကို စော်ကားသလို ဖြစ်သွားရင်တော့



www.burmeseclassic.com

www.burmeseclassic.com

"ကဲပါလေ... ရှင်ကြောက်တတ်သလား မကြောက်တတ်သလား ဝန်ခံရအောင် ကျွန်မမေးမယ့် ပဟေဠိသုံးခုကို ဖြေကြည့်မယ် မဟုတ်လား..."


"ကိုယ် ကြိုးစားကြည့်မယ်လေ ဆိုဖီယာ လုပ်စမ်းပါဦး ပထမ ပုစ္ဆာက ဘာလဲ..."

ဆိုဖီယာက စာရွက်အဖြူလွတ်တစ်ရွက်ကို ယူကာ ဘောပင်ဖြင့် ဇယားကွက်တစ်ကွက် ရေးဆွဲလိုက်၏။



သူမက


"ဟောဒီဇယားကွက် (၃၃) ကွက်ထဲကို 'ကကြီး' ကနေ 'အ' အထိ ဗျည်းသုံးဆယ့်သုံးလုံးနဲ့ ဖြည့်ရမယ် ကိုစိုးရှား ကြိုက်တဲ့ အကွက်တစ်ကွက်ကနေ စပြီး 'ကကြီး' ကို ရေးဖြည့်လိုက်၊ 'ကကြီး' ရောက်နေတဲ့ နေရာကနေ စစ်တုရင်မှာ မြင်းခုန်တဲ့အကွက်အတိုင်း ရွှေ့ပြီး ကျရာ အကွက်တွေထဲက တစ်ခုမှာ 'ခခွေး' ကို ထည့်ရမယ် ဥပမာ ဒီလိုပေါ့..."








"အဲဒီလိုနည်းနဲ့ ဖြည့်လိုက်ရင် ဥပမာ ဟောဒီအကွက်မှာ ကကြီးကို ဖြည့်ထားတယ် ဆိုပါစို့... သူ့နောက်မှာ ခခွေးကို ဖြည့်ဖို့ ဖြစ်နိုင်ချေရှိတဲ့အကွက်က (၇) ကွက် ရှိတယ်၊ ဟောဒီမှာ တွေ့လား... အဲဒီ (၇) ကွက်ထဲကမှ ကြိုက်ရာတစ်ကွက်မှာ ဖြည့် 'ခခွေး' ဖြည့်ပြီးရင် 'ဂငယ်' ကိုလည်း အဲဒီနည်းအတိုင်း ဆက်ဖြည့်ရမှာ..."




"ကိုယ်... စစ်တုရင် ထိုးတတ်ပါတယ် ဆိုဖီယာ ဒီလောက်ထိ ပုံတွေဘာတွေ ဆွဲပြနေဖို့ မလိုပါဘူး၊ မြင်းကွက်ခုန်တဲ့အတိုင်းလို့ ပြောလိုက်ရုံနဲ့ နှစ်ကွက်ရွှေ့ပြီး တစ်ကွက်ချိုးရမယ် ဆိုတာ နားလည်ပါတယ်"

"ဆောရီး... ဆောရီး... ကျွန်မက ပိုပြီး ရှင်းအောင်လို့ပါ၊ အဲဒီ ရွှေ့ကွက်အတိုင်းပဲ... ဂငယ်ပြီးရင် 'ဂငယ်' ရဲ့နေရာကနေ မြင်းခုန်တဲ့ အကွက်အတိုင်း ထပ်ရွှေ့ပြီး တစ်ကွက်ကွက်မှာ 'ဃကြီး' ကို နေရာချ 'ဃကြီး' ကနေ တစ်ခါထပ်ပြီး မြင်းခုန် 'င' ကို ဖြည့် အဲဒီနည်းနဲ့ပဲ 'ကကြီး' ကနေ 'အ' အထိ အားလုံးကုန်အောင် အစဉ်လိုက် ဖြည့်သွင်းရမယ်"



www.burmeseclassic.com

www.burmeseclassic.com

သူမက စကားကို အဆုံးသတ်သည်အထိ ဆက်မပြောသေးဘဲ ခဏမျှ ဆိုင်းငံ့ထား၏။ စိုးရှားက သူမ၏မျက်နှာကို အကဲခတ်ရင်း စိုက်ကြည့်နေသည်။

ဆိုဖီယာက မသိမသာ ခိုးခိုးဝှက်ဝှက်ပြုံးရင်း...

"ရှင် ဖြေရှင်းရမယ့် ဉာဏ်စမ်းပုစ္ဆာက ရိုးရိုးလေးပါ၊ ကြိုက်ရာ အကွက်ကနေ ကကြီးကို စထည့်ပါ... နောက်ဆုံးမှာ 'အ' ဆိုတဲ့ ဗျည်းဟာ အလယ်တည့်တည့်က အကွက်ထဲကို ရောက်ရမယ်၊ ကဲ... ဘယ့်နှယ်လဲ... ရှင် တတ်နိုင်ပါ့မလား..."

□





သူမ၏စကားသံက သိသိသာသာ သရော်ဟန် ဆန်နေသည်။ စိုးရှားက မျက်လုံးများဖြင့်သာ ရယ်ပြလိုက်၏။

ဆိုဖီယာက...

"ဒီဉာဏ်စမ်းကို ဖြေဖို့... ရှင် အချိန် ဘယ်လောက်ယူမှာလဲ၊ တစ်ရက်လား... တစ်လလား... တစ်နှစ်လား..."

သည်တစ်ခါမှာတော့ စိုးရှား အောင့်မထားနိုင်တော့ဘဲ အသံထွက်အောင်ပင် ခပ်ရိုင်းရိုင်း ရယ်မောလိုက်ပြီး...

"ခွင့်လွှတ်ပါ... ကိုယ်က ဒီလိုပဲ နည်းနည်းတော့ ရိုင်းတတ်တယ်... ဟင်း... ဟင်း... ကဲ... ဒီဉာဏ်စမ်းကို ခဏထားပါဦး၊ ဒုတိယပုစ္ဆာလေးလည်း ကြားပါရစေဦး ဆိုဖီယာ..."

သူ့အချိုးကို ဆိုဖီယာ နည်းနည်းတော့ တင်းသွားပုံရ သိလိုက်၏။



www.burmeseclassic.com


www.burmeseclassic.com

သို့သော် ဆိုဖီယာက လုံး၀ မျက်နှာအမူအရာ မပျက်ဘဲ…

"ရှင် အီဂျစ်စာ ဖတ်တတ်သလား…"

"ကျူနီဖောင်းလို့ ခေါ်တဲ့ ရှေးဟောင်း အီဂျစ် အရုပ်စာရေးနည်းကို နည်းနည်းပါးပါးတော့ သင်ဖူးပါတယ်၊ ပိရမစ်တွေမှာ တွေ့ရတတ်တဲ့ အီဂျစ် ဂူသချိုင်းကျောက်စာတွေကိုလည်း ဖတ်ဖူးပါတယ်…"

စိုးရှားက မယုတ်မလွန်ဖြစ်အောင် စကားကို ထိန်း၍ ဖြေရင်း အီဂျစ်အရုပ်စာတွင် သုံးသော အက္ခရာများနှင့် အသံထွက်များကို ချရေး ပြလိုက်၏။




ဆိုဖီယာက သူရေးပြသမျှကို ကြည့်ကာ ခေါင်းတစ်ချက်ညိတ်ရင်း…

"အခု ကျွန်မမေးမယ့် ဉာဏ်စမ်းက အီဂျစ်ဘာသာနဲ့ ရေးထားတဲ့ ရှေးဟောင်းပုရပိုဒ်ထဲက စာတစ်ပိုဒ်ကို ဘာသာပြန်ပြဖို့ပဲ၊ ဒီပုရပိုဒ်က ခရစ်တော်လက်ထက်ကတည်းက ယုဒထောမတ်စ် (Judas Thomas) ဆိုတဲ့ သာဝကတစ်ယောက် မှတ်တမ်းတင်ခဲ့တဲ့ ထောမတ်စ်ဖတ်စာ (Gospel of Thomas) ပေါ့… သမ္မာကျမ်းစာသစ်ထဲမှာ မထည့်ပဲ တိမ်မြုပ်ထိန်ချန်ခံထားရတဲ့ ပုရပိုဒ်ပဲ… ဒီအကြောင်း ရှင် ကြားဖူးသလား…"

"ကျွန်တော်က ဘာသာရေးနဲ့ ပတ်သက်တာတွေကို သိပ် စိတ် မဝင်စားခဲ့မိဘူး ဆိုဖီယာ…"





"အဲဒီကျမ်းစာကို အီဂျစ်ပြည် အထက်ပိုင်းမှာရှိတဲ့ နာဂျ်ဟမ္မဒီ အနားက တောင်တန်းရဲ့ လိုဏ်ဂူပေါင်း ၁၅၀ လောက်ထဲက ဂူတစ်ခုထဲမှာ ဝှက်ထားရာကနေ ပြန်ရှာတွေ့ခဲ့တာပဲ၊ ၁၉၄၅ ခုနှစ်ကျမှ တွေ့ရတာ၊ ဒါကို ကမ္ဘာက သိအောင် တရားဝင်ကြေညာခဲ့တဲ့သူက ပရော်ဖက်ဆာ ဂီးလက်ကွစ်ပဲလ် (Prof; Gilles Quispel) တဲ့… အခု ကျွန်မပြမယ့် ကျမ်းစာရဲ့မူရင်းဟာ အီဂျစ် ပြည် ကိုင်ရိုမြို့က ကော့ပတစ်ပြတိုက်ထဲမှာ ရှိတယ်…"

သူမက စာအုပ်စင်တွင်ရှိသော ဖိုင်တွဲတစ်ခုကို သွားယူလာပြီး စိုးရှား၏ရှေ့တွင် ဖွင့်ပြလိုက်၏။ အီဂျစ် အရုပ်စာများ ရေးသားထားသော စာမျက်နှာတစ်ခုကို ဓာတ်ပုံရိုက်ထားသည့် မိတ္တူဖြစ်မှန်း တွေ့လိုက်ရသည်။

ဆိုဖီယာက…

"အဲဒီစာပိုဒ်ဟာ ခရစ်တော်ကိုယ်တိုင် ပြောခဲ့တဲ့ နှုတ်ထွက်စကားကို မှတ်တမ်းတင်ထားတာပဲ… ရှင် ဘာသာပြန်နိုင်ပါ့မလား…"

စိုးရှားက ထိုစာပိုဒ်ကို အပြန်ပြန် အလှန်လှန် လေးငါးခေါက်မျှ ဖတ်ကြည့်လိုက်၏။ ထိုနောက် သူက ဘောပင်နှင့် စာရွက်ဖြူ အလွတ် တစ်ရွက် တောင်းလိုက်ပြီး…

"ဒီမေးခွန်းကိုတော့… ကိုယ် အခု တစ်ထိုင်တည်းပဲ ဖြေပေးခဲ့ပါ့မယ်"

ထိုနောက် သူက အီဂျစ်အရုပ်စာများကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုလိုက်သည်။

"If you bring forth what is within you, what you bring forth will save you. If you do not bring forth what is within



www.burmeseclassic.com

www.burmeseclassic.com

you, what you do not bring forth will destroy you."

စိုးရှားက ထိုစာပိုဒ်ကိုပင် မြန်မာဘာသာဖြင့်...

"သင့်ကိုယ်တွင်းမှာရှိသော အရာကို မွေးဖွား ဖော်ထုတ်လော့... ထိုအရာက သင့်အား ကယ်တင်သမှု ပြုလိမ့်မည်၊ သင့်ကိုယ်တွင်းမှာ ရှိသော အရာကို မွေးဖွားဖော်ထုတ်ခြင်း မပြုက ထိုအရာက သင့်အား ဖျက်ဆီးလိမ့်မည်..."

ဆိုဖီယာလပြည့်ဝန်းက ဘာသာပြန်စာပိုဒ်ကို ကြည့်ပြီး ပြုံးလိုက်သည်။ ထို့နောက်...

"ဘာသာပြန်တာကတော့ ဟုတ်ပါပြီ... အဓိပ္ပာယ်ကိုကော နက်နက်ရှိုင်းရှိုင်း နားလည်ရဲ့လား..."

"မင်းပေးတဲ့ ပုစ္ဆာရဲ့ခေါင်းစဉ်က 'ဘာသာပြန်နိုင်မလား' ဆိုတဲ့ အထိပဲ ပါတယ်လေ၊ နားလည်သလား... သဘောပေါက်ရဲ့လား... လို့ မေးခဲ့တာမှ မဟုတ်တာ..."

စိုးရှား၏စကားကြောင့် သူမက မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။ ထို့နောက်...

"ထားလိုက်ပါတော့... မေးခွန်းထုတ်တဲ့ ကျွန်မဘက်က ချွတ်ယွင်းချက်ပဲ၊ ဒီပဟေဠိမှာတော့ ကျွန်မကပဲ အရှုံးပေးလိုက်ပါတယ်..."

"ဒီပဟေဠိတစ်ပုဒ်ထဲ ရှုံးတယ် ထင်လို့လား..."

"ရှင်..."

"ဒီလိုလေ... ပုစ္ဆာက သုံးခု မဟုတ်လား၊ ပထမပုစ္ဆာနဲ့ ဒုတိယပုစ္ဆာကို ဖြေနိုင်ပြီ ဆိုတာနဲ့ ကိုယ်နိုင်ပြီလေ... နောက်ဆုံးပုစ္ဆာကို ဖြေစရာ မလိုတော့ဘဲ ပွဲက ပြီးသွားမှာပေါ့...





"ကိုယ်က အဲဒီလိုကြီးလည်း အပြတ်အသတ် မရှုမလှ အနိုင်မယူချင်ပါဘူး၊ ဒါကြောင့် မင်း စောစောကပြောခဲ့တဲ့ ကကြိုး ခကွေးပုစ္ဆာကို မဖြေတော့ဘူး၊ အလျှော့ပေးလိုက်မယ်... ရှင်းရဲ့လား... ဒါဆို ကိုယ်တို့ တစ်ယောက် တစ်မှတ်စီ သရေပဲ..."

ခပ်ရိရိ ခပ်ကြောကြောပြောလိုက်သော သူ့စကားကြောင့် တင်းမာပြီး အရောင်တောက်ပလာသည့် ဆိုဖီယာ၏မျက်ဝန်းများကို စိုးရှားက အရသာခံကာ ကြည့်နေလိုက်သည်။ ပြီးတော့မှ...

"ကဲ... ဆက်ပါဦး... မင်းရဲ့ တတိယမြောက်ပုစ္ဆာကို..."

"တတိယမြောက်ပုစ္ဆာကတော့ ကျွန်မကို နိုင်အောင် လေးပစ်ပြိုင်ဖို့ပဲ၊ ဘယ့်နှယ်လဲ... ရှင် ပြိုင်ရဲရဲ့လား..."

□

www.burmeseclassic.com

www.burmeseclassic.com

သေချင်းဆိုးမလေး… ဟု စိုးရှားစိတ်ထဲမှ တိတ်တဆိတ် ဆဲရေးလိုက်၏။ ဒါကတော့ သက်သက်ညစ်တာပဲ ဖြစ်သည်။

သူမက ငယ်ငယ်ကတည်းက လေးမြားအပစ်အခတ်ကို ကျွမ်းကျွမ်းကျင်ကျင် လေ့ကျင့်လာခဲ့သူ…။ ကိုယ်က တစ်ဘဝလုံးမှာ လေးနှင့် မြားကို အနီးကပ်ပင် သေသေချာချာကြည့်ဖူးသူ မဟုတ်…။

ဒီကိစ္စက အခုမှ ထပြီး လေ့ကျင့်ရုံနှင့်လည်း ပစ်မှတ်ကို မလွဲတမ်း မှန်အောင် ပစ်နိုင်မည် မဟုတ်။ လေ့ကျင့်လျှင်ကော ဘယ်လောက်ထိ အချိန်ယူရဦးမည်နည်း။

တစ်လလား… နှစ်လလား… တစ်နှစ်လား…

မသေချာ…

ထို့ကြောင့် စိုးရှားက…





"ဒါကတော့ မင်း သက်သက်ညစ်တာပဲ၊ မင်းက မြားပစ်တဲ့နေရာမှာ ကျွမ်းကျင်ပြီးသား ကိုယ်က လုံးဝ မပစ်တတ်တဲ့သူ ခေါင်းနဲ့ ပန်းနှစ်ဖက်စလုံးမှာ 'အရှုံး' လို့ ရေးထားတဲ့ ပိုက်ဆံပြားနဲ့တော့ ခေါင်းပန်းလှန်တမ်း မကစားချင်ဘူး ဆိုဗီယာ…"

"ရှင့်ကို အခုချက်ချင်း ပြိုင်ရမယ်လို့ တောင်းဆိုနေတာမှ မဟုတ်တာ၊ ရှင် ကျွမ်းကျင်လာတဲ့အချိန်အထိ လေ့ကျင့်ခွင့်ရှိတယ်၊ လေ့ကျင့်ဖို့ အချိန်ကာလကိုလည်း ရှင်ကြိုက်သလောက် ယူပါ၊ ကျွန်မ စောင့်နိုင်ပါတယ်၊ ရှင့်ကိုယ်ရှင် သေချာပေါက်နိုင်မယ်လို့ ယုံကြည်တဲ့နေ့မှာ လာပြီး စိန်ခေါ်ပါ၊ အဲဒီအခါကျမှ အပြီးသတ် အနိုင်အရှုံးကို ဆုံးဖြတ်ကြတာပေါ့…"

မတရားဘူး… ဟု ပြောရမှာတော့ ခက်နေ၏။ ဒါသည် အချစ်လား… စစ်ပွဲလား… ခွဲခြားမရသောကြောင့် ဖြစ်မည် ထင်သည်။

အင်း… အချစ်နဲ့ စစ်မှာသာ မတရားတာ မရှိသည် မဟုတ်။ ယုံကြည်ချက်နှင့် မာနတရားမှာလည်း မတရားတာ မရှိ… ဟု ကမ္ဘည်းအသစ် ရေးထိုးချင်ပါသည်။

အိမ်ပြန်ဖို့ ခြေလှမ်းများဖြင့် ထိုင်နေရာမှ စိုးရှား ထလိုက်သည်။

□


www.burmeseclassic.com

www.burmeseclassic.com

ခြံဝင်းထဲသို့ရောက်တော့ ဟိုးအဝေး ခြံစည်းရိုးအုတ်နံရံမှာ ထောင်ထားသော (ဆိုဖီယာ မြားပစ်လေ့ကျင့်သည့်) စက်ဝိုင်းပုံ ပစ်ကွင်းကို လှမ်းမြင်ရသည်။

ကျောခိုင်းနှုတ်ဆက်ခါနီးတွင် ဆိုဖီယာလပြည့်ဝန်းက စကားတစ်ခွန်း ဆို၏။

"ပြိုင်ပွဲတစ်ခုကို နိုင်ဖို့ကိစ္စမှာ အတတ်ပညာက အမြဲတမ်း အဓိကကျတာ မဟုတ်ဘူး ကိုစိုးရှား…"

■





# အခန်း (၁၉)

အသည်းအသန်ကြိုးစားဖို့ လိုအပ်လာသည့်အချိန်တိုင်း 'လှိုင်းကြီးလေ့အောက်' ဆိုသော စကားကို လူတွေ ပြောတတ်ကြသည်။

တကယ်တော့ 'လှိုင်းကြီးလေ့အောက်' ဖြစ်ဖို့ဆိုလျှင် လေ့၏ ပင်ကိုယ်အရွယ်အစားကြီးမားဖို့နှင့် ခံနိုင်ရည်ရှိဖို့သာ အဓိကဖြစ်သည် မဟုတ်လား။ (ကြိုးစားတာ မကြိုးစားတာနှင့် သိပ်မဆိုင်ပါ)

လေ့၏အရွယ်အစားက ခပ်သေးသေးဆိုလျှင် သင် ဘယ်လောက်ကြိုးစားကြိုးစား လှိုင်းကြီးလျှင် လေ့မှောက်မှာ သေချာပါသည်။

အခုခေတ်တွင် ကြိုးစားတာ မကြိုးစားတာက သိပ်အရေးမပါတော့ပါ။ သင့်မိဘများကိုသာ လေ့ကြီးကြီးဝယ်ပေးဖို့ ပူဆာပါလေ။

▢



www.burmeseclassic.com

www.burmeseclassic.com

စိုးရှားကတော့ လေးနှင့် မြားတစ်စုံကို ဝယ်လိုက်ပြီး မြားပစ်နည်းပြ ဆရာတစ်ယောက်ကို ငှားရမ်းကာ နေ့တိုင်း မြားပစ်လေ့ကျင့်တော့သည်။

သူ့ဦးလေး ဦးစောဝင်းကလည်း ရုပ်ရှင်ကားကြီးတစ်ကားကို သူ့စိတ်ကြိုက် ဇာတ်ညွှန်းရေးပြီး အစွမ်းကုန် ကြိုးစားရိုက်ကူးနေသဖြင့် နေ့မအိပ် ညမအိပ်ဖြစ်ကာ အတော်ပင် ပိန်ချုံးကျသွားသည်။

မင်းသားရော မင်းသမီးကပါ ရိုက်ကူးရက်ကို ရက်ပေါင်း (၂၀) သာပေးသဖြင့် သူဖြစ်စေချင်တာတွေ အားလုံး လုပ်ပြခွင့်ရဖို့ သေလုမျောပါး ကြိုးစားရသည်။

ရုပ်ရှင်ကားတစ်ကား အောင်အောင်မြင်မြင် ပြီးမြောက်ဖို့ ဆိုသည်မှာ စိတ်ရောလူရော ပင်ပန်းရသည့်ကြားထဲ အားစိုက်လျှင် အားစိုက်သလောက် အိပ်ချိန်မမှန် စားချိန်မမှန်ဖြစ်ကာ ချုံးချုံးကျသွားတတ်သည်။

စိုးရှားကလည်း သူ့အရှုပ်ထုပ်နှင့် သူမို့ ဦးလေးကို မကူညီနိုင်။ (အစတုန်းက သူ့ဦးလေး ဒီလောက်လုပ်လိမ့်မည်ဟု အထင်ကြီးမထားတာကြောင့်လည်း ဖြစ်သည်)

(၆) လကျော်ကျော်ကြာသော မြားပစ်လေ့ကျင့်ရေးသင်တန်း ပြီးဆုံးသည့်အချိန်တွင် ဦးစောဝင်းကတော့ သူ့ရုပ်ရှင် ဖလင်ကားဆက်ပြီး ဆင်ဆာသို့ပင် တင်လိုက်နိုင်သည့် အခြေအနေသို့ ရောက်နေပြီ ဖြစ်၏။

ဦးစောဝင်းကိုယ်တိုင်ကတော့ အိပ်ရာထဲတွင် ဘုန်းဘုန်းလဲတော့သည်။

ဦးစောဝင်းကို ပြုစုမည့်သူ ဟူ၍လည်း စိုးရှားတစ်ယောက်တည်းသာ ရှိသည်။ ဦးစောဝင်း၏ ရုပ်ရှင်နယ်ပယ်မှ မိတ်ဆွေအပေါင်းအသင်းများကလည်း ရံဖန်ရံခါ ဖုန်းဖြင့် သတင်းလှမ်းမေးတတ်သည်က လွဲ၍





တစ်ယောက်မှ ပေါ်မလာ။

စိုးရှားကပင် ခပ်ရိရိ ပြောတတ်သေးသည်။

“ဘယ်လိုလဲ... ဦးလေးရဲ့... တခြားလူမပြောနဲ့ ဦးလေးရဲ့ ရွှေမင်းသမီး မြနန္ဒီကတောင် သတင်းလေး ဘာလေး လာမေးဖော် မရပါလား...”

ဦးစောဝင်းကတော့ သူတို့ရုပ်ရှင်လောကသားတွေ၏ ဖိအားများသော လူနေမှုဘဝအကြောင်း နားလည်ထားသည်။ ရုပ်ရှင်လောကသားတွေအဖို့ ပိတ်ရက်မရှိ။ အနားယူချိန် မရှိ။ မိနစ်တိုင်း နာရီတိုင်း နေ့ရက်တိုင်းသည် ‘အလုပ်’ ဖြစ်သည်။ ဝင်ငွေဖြစ်သည်။

သူတို့လောကသည် အချိန်ကို ရောင်းစားနေရသည်။ လှုပ်ရှားမှုကို ရောင်းစားနေရသည်။ စန်းပွင့်သော အခြေအနေ ကာလအပိုင်းအခြားတစ်ခုကို ရောင်းစားနေရသည်။

ထို့ကြောင့် သူတို့အတွက် သာမန်လူတွေလို လူမှုရေးကို ခရီးသွားဟန်လွှဲလုပ်၍ မရ။ အချိန်ရှားပါးသည်။ ဘောင်ကန့်သတ်ခံထားရသောဘဝမှာ ရှင်သန်နေထိုင်နေရသည်။ သူတို့မှာလည်း သူတို့အခက်အခဲနှင့် သူတို့ပင်။

ဒါကိုနားလည်သော ဦးစောဝင်းက သူ့လောကသားတွေကို အပြစ်မတင်။ သက်ပြင်းကို ချရင်းကသာ...

“ဒါတွေက အရေးမကြီးပါဘူးကွာ၊ ငါ အကောင်းဆုံး ကြိုးစားထားတဲ့ ရုပ်ရှင်ကားကိုသာ ငါ ကျန်းမာရေး အရမ်းမဆိုးသွားခင် ကြည့်သွားချင်တာပါပဲ...”

ဦးလေးကတော့ ယောက်ျားကြီးတန်မယ့် ပတ်ချွဲနှပ်ချွဲတွေ ပြော


www.burmeseclassic.com

www.burmeseclassic.com

နေပြန်ပြီဟု စိုးရှားက တွေးလိုက်၏။

ဦးစိုးဝင်းကို နှစ်ရက်တစ်ခါ သုံးရက်တစ်ခါလောက် သတင်း လာမေးလေ့ရှိသော ဓာတ်ညွှန်းရေးဆရာ အောင်ရဲထွန်း (ထီးချိုင့်) ကတော့ ထိုသို့ညည်းတွားသံကို ကြားရတိုင်း ပျာပျာသလဲဖြင့်...

"ဟာ... ဆရာကလည်း နမိတ်မရှိ နမာမရှိ ဘာတွေပြောနေတာလဲ၊ ဆရာ့ကျန်းမာရေးက ဒီလောက်ကြီး ဆိုးတာမှ မဟုတ်တာ၊ အေးအေးဆေးဆေး အနားယူလိုက်ရင် ပြန်ကောင်းလာမှာပါ ဆရာရယ်..."

စိုးရှားကတော့ သူတို့ ဆရာတပည့်နှစ်ယောက် အပြန်အလှန် ပြောဆိုကြသည်ကို နားထောင်ပြီး ပခုံးကိုသာ တွန့်မိသည်။

သူတို့လောကသားချင်းကတော့ ဟုတ်နေတာပဲ... ဟု တွေးမိ၏။ ဒါရိုက်တာက ပတ်ချွဲနပ်ချွဲပြောလိုက်... ဓာတ်ညွှန်းရေးဆရာက ချော့လိုက်ဖြင့် အတော်ကို ဓာတ်ဆန်နေကြသည်။

စိုးရှားကတော့ အမြင်ကတ်ကတ်ဖြင့်...

"တစ်ခုတော့ စိတ်ချရတယ် ဦးလေးရဲ့... ဦးလေးသေပြီဆိုရင် အသုဘချတဲ့နေ့မှာ အားလုံးစုပြုံပြီး ရောက်လာကြမယ်၊ အကယ်ဒမီရှုံးလောက်အောင် မျက်ရည်လေးစမ်းစမ်း စမ်းစမ်း လုပ်ကြမယ်၊ ဦးလေးရဲ့ အသုဘခေါင်းကို မထမ်းလိုက်ရရင် လူဖြစ်ရကျိုး မနပ်တော့မယ့်အတိုင်း အလုအယက် ဝိုင်းထမ်းကြမယ်၊ ပြီးရင် ဝမ်းနည်းကြေကွဲ စကားတွေကို ဂျာနယ်စာမျက်နှာပေါ်မှာ လှိုင်လှိုင်ကြီးပြောကြမယ်... ဒါပါပဲ..."

"ဟာ... ကိုစိုးရှားကလည်း မဦးမချွတ်ဗျာ... ဘာတွေ လျှောက်ပြောနေတာလဲ..."

အောင်ရဲထွန်း (ထီးချိုင့်) က စိုးရှား၏စကားကြောင့် မျက်စိပျက်





မျက်နှာပျက် ဖြစ်သွားပြီး ပျာပျာသလဲတားသည်။ ထို့နောက် သူ့ကို ဦးစောဝင်းနှင့် ဝေးရာဆီသို့ လက်ကုတ်ကာ မသိမသာခေါ်သွားပြီး တိုးတိုးပြော၏။

"ခင်ဗျားဦးလေးက နှလုံးရောဂါဖြစ်နေတာဗျ... သူ့ရုပ်ရှင်ကားကြီးကို ရိုက်နေတုန်းက ရိုက်ကွင်းပေါ်မှာ လဲကျသွားလို့ ဆေးရုံ ပို့လိုက်ရသေးတယ်၊ အီးစီဂျီရိုက်ကြည့်တော့ နှလုံးအားနည်းနေတယ်... တဲ့... အဲဒီကတည်းက ကားရိုက်တာကို ရပ်ပြီး အနားယူဖို့ ဆရာဝန်က ခိုင်းတာကို သူက နားမထောင်ဘဲ ပေကပ်ပြီး ဆက်လုပ်နေတာဗျ..."

"ဟုတ်လား..."

စိုးရှားက မျက်ခုံးကို ပင့်ကြည့်လိုက်မိသည်။ အောင်ရဲထွန်း၏ စကားကလည်း ခပ်သည်းသည်းမို့ သူကတော့ သိပ်မယုံ။

ပြီးတော့ အဲသည်နေ့က လူအထင်ကြီးခံရအောင် ပေါ်ရဲသည်။ ရုပ်ရှင်ပညာဆိုလျှင်လည်း ဟောလိဝုဒ်မှာရိုက်နေသည့် ဒါရိုက်တာတွေ ဓာတ်ညွှန်းရေးဆရာတွေပင် သူ့လောက် မတတ်သလိုလို အသားယူတတ်သည်။

ဂျာနယ်တွေက အင်တာဗျူးလျှင်လည်း 'ကိုရီးယားကားတွေလောက်တော့ သနားတာပေါ့' ဟု အရှက်မရှိ မြွေမကြောက် ကင်းမကြောက် အတည်ပေါက် ပြောတတ်၏။

စိုးရှားနှင့် စကားစပ်မိ၍ ရုပ်ရှင်အကြောင်း ပြောမိသည့်အခါများတွင်လည်း ဂန္ထဝင်မြောက်ရုပ်ရှင်ကားမှန်သမျှ သူမကြည့်ဖူးတာ မရှိသလောက် အပေါင်အာရင်းသန်သန်ဖြင့် ကြွားလုံးထုတ်လေ၏။

တစ်ခါက စိုးရှားက...



www.burmeseclassic.com

www.burmeseclassic.com

"ကိုအောင်ရဲထွန်း ဟိုကားကို ကြည့်ဖူးလား... တကယ့် ဂန္ထဝင်မြောက်ဇာတ်ကားပဲ၊ ပစ်ကနစ်အက်သည်ဟန်းဂင်းရော့ခ်... ဆိုတဲ့ ကားဗျာ... ဒါရိုက်တာက ပီတာဝိုင်ယာလေဗျာ..."

"ဟာ... ဘယ့်နှယ်မေးလိုက်ပါလိမ့်ဗျာ... ကျွန်တော်သိပ်ကြိုက်တဲ့ကားဗျ... လေးငါးခေါက်တောင် ပြန်ကြည့်ဖြစ်သေးတယ်..."

အောင်ရဲထွန်းက အားပါးတရပြောရင်း စုပ်တသပ်သပ် ဖြစ်နေ၏။ စိုးရှားက ခေါင်းကိုသာ မသိမသာ ခါရမ်းလိုက်သည်။

တကယ်တော့ အဲသည်ကား ရုံတင်တုန်းက စိုးရှားရော အောင်ရဲထွန်းပါ မွေးပင် မမွေးကြသေး။ ယခု ထရိတ်ဒါးဟိုတယ် (Traders Hotel) နေရာတွင် အရင်ခေတ်တုန်းက ရှိခဲ့သော ပပဝင်းရုပ်ရှင်ရုံမှာလား... ဂုဏ်ရုံမှာလား... မသိ ရုံတင်သွားခဲ့ခြင်း ဖြစ်၏။

စိုးရှားက...

"မဟောလန်ဒရိုက်ဗ် (Muholland Drive) ဆိုတဲ့ ဇာတ်ကားရော ကြည့်ဖူးလား၊ ဒေးဗစ်လင့်... ဆိုတဲ့ ဒါရိုက်တာ ရိုက်တာလေ..."

"ဟာ... တကယ့်ဂန္ထဝင်မြောက်ဇာတ်ကားပဲ ဘယ်အလွတ်ပေးလိမ့်မလဲဗျာ၊ မင်းသားကြီး မာလွန်ဘရန်ဒိုရဲ့ သရုပ်ဆောင်ကွက်တွေဆို မျက်စိထဲကကို မထွက်ဘူး၊ ရထားပေါ်ကနေ မြင်းပေါ်ကို ဒိုင်ဗင်ထိုးလိုက်တဲ့အကွက်ကို ထရော်လီနဲ့ တစ်ကဒ်ထဲ ရိုက်ထားတာများ သေသပ်လိုက်တာ..."

ငနဲက David Lynth ဆိုသော ဒါရိုက်တာအမည်ကို ဂန္ထဝင် ဒါရိုက်တာကြီးဒေးဗစ်လင်း အောက်မေ့ပြီး ထင်ရာ မြင်ရာတွေ စွတ်ပြောနေခြင်း ဖြစ်၏။





တကယ်တော့ အဲဒီကားထဲမှာ မာလွန်ဘရန်ဒိုလည်း မပါ။ ရထားပေါ်မှ ဒိုင်ဗင်လည်း မထိုး။ ဘာဇာတ်လမ်းမှ မယ်မယ်ရရ ဆုပ်ကိုင်၍ မရသော ပို့စ်မော်ဒန် ရုပ်ရှင်ဇာတ်ကားတစ်ကားသာ ဖြစ်သည်။

တစ်ည...

ဦးလေးဘေးတွင် လူနာစောင့်ရင်း စိုးရှားက (အလေ့အကျင့်ပြုတ်နေသည်မှာ အတော်ကြာနေပြီ ဖြစ်သော) သူ့လေးကိုင်းကို L-Key ဖြင့် မူလီများဖြုတ်ပြီး ဆေးကြောနေခိုက် အောင်ရဲထွန်း (ထီးချိုင့်) က ဖြန်းဆို အိမ်ရှေ့တံခါးကို တွန်းဖွင့်ကာ ဝင်လာ၏။

စိုးရှားက...

"သြော်... ကိုအောင်ရဲထွန်းပါလား၊ ဒါနဲ့ ချယ်လာမင်တဂိတ်ပါး..."

သူ့စကားမဆုံးမီကပင် အောင်ရဲထွန်းက...

"ဟာ... 'ချယ်လာမင် တဂိတ်ပါး' ဆိုတဲ့ ဇာတ်ကားလား ကြည့်ဖူးတာပေါ့ဗျာ... အဲဒီကားထဲမှာ မင်းသားကြီး ချားလ်စ်ဘရွန်ဆွန်က မင်းသမီးကြီးဂရေ့စ်ကယ်လီကို သေနတ်နဲ့... ပစ်... ပစ်... အဲ..."

စိုးရှားက ကမန်းကတန်းထကာ လက်ကာပြပြီး တားရသည်။

"ဟိုးထား... ဟိုးထား... ကိုအောင်ရဲထွန်း 'ချယ်လာမင် တဂိတ်ပါး' ဆိုတာ ရုပ်ရှင်ကားနာမည် မဟုတ်ဘူးဗျ၊ 'ခြင်လာမယ် တံခါးပိတ်' လို့ ပြောတာ၊ ခင်ဗျားဝင်လာတဲ့ အိမ်ရှေ့တံခါးကို မပိတ်ဘဲ ထားခဲ့ရင် ညဘက်ဆိုတော့ ခြင်တွေဝင်လာမှာစိုးလို့..."

ငနဲသားက တော်တော်တော့ ရှက်သွားပုံရ၏။ စိုးရှား၏ ညစ်ကွက်ထဲမှာ အငိုက်မိပြီး လည်စင်းခံလိုက်ရသည်ကိုး။



www.burmeseclassic.com

www.burmeseclassic.com

အောင်ရဲထွန်းက ရှက်ကိုးရှက်ကန်းဖြင့် ဝင်ထိုင်ရင်း စိုးရှားလက်ထဲမှ လေးကိုင်းကို မြင်သောအခါ အလျင်အမြန် စကားလမ်းကြောင်းလွှဲဖို့ ကြိုးစားသည်။

"ဒီလေးကိုင်းက ကိုစိုးရှား ကိုင်တာလား၊ လက်စသတ်တော့ ကိုစိုးရှားက မြားလည်း ပစ်တတ်တာကိုး... ဘာလုပ်ဖို့လဲ အမဲလိုက်တာလားဟင်..."

"ဒါပေါ့ဗျ..."

"အမဲလိုက်တာက ဘယ်လို လိုက်ရသလဲ..."

"ကျွန်တော်က အမဲရောင်ဝတ်ထားတဲ့ ကောင်မလေးတွေကို မြင်ရင် လိုက်တာပါပဲဗျာ..."

စိုးရှား၏ ပေါက်တတ်ကရစကားကြောင့် အောင်ရဲထွန်း ပါးစပ်ပိတ်သွားသည်။ ဘာပဲဖြစ်ဖြစ် အောင်ရဲထွန်းကြောင့် စိုးရှားကတော့ စိတ်ကူးတစ်ခုရလိုက်ပြီ ဖြစ်သည်။

▢





နောက်တစ်နေ့တွင် စိုးရှားက ခြံဝင်းထဲ၌ မြားပစ်လေ့ကျင့်ရင်း 'အမဲလိုက်ထွက်ရရင် ကောင်းမယ်' ဟု တွေးနေမိသည်။

ဦးလေးဖြစ်သူ ဦးစောဝင်းကလည်း ဘေးက လူတွဲစရာ မလိုဘဲ သူ့ဘာသာသူ သွားနိုင် လာနိုင်လောက်အောင် ထူထူထောင်ထောင် အခြေအနေရောက်လာပြီ ဖြစ်သောကြောင့် သိပ်ပြီး စိတ်ပူစရာ အကြောင်းမရှိ။

ထိုကိစ္စကို ဦးစောဝင်းအား ဖွင့်ပြီး တိုင်ပင်ကြည့်တော့...

"ရပါတယ် ငါ့တူရ... မင်းသွားချင်လည်း သွားပေါ့၊ ငါ့အတွက် နောက်ဆံမတင်းပါနဲ့ မင်းလက်စွမ်းကို မင်းဘာသာမင်း စမ်းကြည့်ရတာပေါ့ကွာ..."

ဦးစောဝင်းက ပြောပြီး စိုးရှားအတွက် အမဲလိုက်ရာတွင် သုံးရန် R-150 အမျိုးအစား အမေရိကန်လုပ် ဒူးလေး (crossbow) တစ်လက်ကို


www.burmeseclassic.com

www.burmeseclassic.com

စက်ဘီးပူမှုတစ်ဆင့် မှာပေး၏။

နောက်ထပ် တစ်လခန့်ကြာမှ ဒူးလေးနှင့် မြားတံတွေ ရောက်လာသည်။ ဒူးလေး၏ Reg: No. က 00C : 60887 စိုးရှားလည်း ဥက္ကံတွင်နေထိုင်သော သူ့သူငယ်ချင်းတစ်ယောက်နှင့် ဆက်သွယ်ပြီး အမဲပစ်ထွက်ဖို့ ပြင်ဆင်ရတော့သည်။

ဦးစောဝင်းကတော့ မှာလိုက်သည်။

"ဟိတ်ကောင်... သိပ်အကြာကြီးတော့ မနေနဲ့ကွ... ငါ့ရုပ်ရှင်က ဆင်ဆာကျတော့မှာ၊ ပြီးရင် ပရက်ရှိုး (Press show) ပြဖို့ ရှိတယ်၊ အဲဒီ ပရက်ရှိုးအမီတော့ ရောက်အောင် ပြန်ခဲ့ကွာ..."

□





စိုးရှားက ရန်ကုန်မှ နေ၍ ဥက္ကံသို့ ကားဖြင့် ထွက်ခဲ့၏။ ဥက္ကံအနီး ဖလုံဆိုသော ရွာတွင် တစ်ညအိပ် ရပ်နားပြီး ပဲခူးရိုးမထဲရှိ ဆင်စခန်းသို့ ထော်လာဂျီဖြင့် (၁၂) မိုင်ခွဲခန့် ခရီးဆက်ရသည်။ လမ်းကလည်း တဒုန်းဒုန်း ထော်လာဂျီကလည်း တဖုန်းဖုန်း...

ထော်လာဂျီ၏ မီးခိုးခေါင်းတိုင် အပေါက်ဝကို စီးသူဘက်သို့ လှည့်ထားသဖြင့် ထော်လာဂျီ မီးခိုးမှိုင်းများက စိုးရှား၏ မျက်နှာတည့်တည့်ကို တစ်ချိန်လုံး တဟူးဟူး လာတိုးနေသည်။

တစ်လမ်းလုံး မျက်နှာကို မီးခိုးအမှုတ်ခံရသောကြောင့် စိုးရှား၏ မျက်နှာသည် တဖြည်းဖြည်း မည်း(မဲ) သထက် မည်းမည်း(မဲမဲ) လိုက်လာ၏။

ဒါမှ အမဲလိုက်တာ အစစ်ပဲ... ဟု စိုးရှား တွေးနေမိသည်။

□



www.burmeseclassic.com

www.burmeseclassic.com

ဆင်စခန်းမှ မုဆိုးတစ်ယောက်၊ လမ်းပြတစ်ယောက်ငှားပြီး ပဲခူးရိုးမထဲသို့ ခြေလျင်အမဲလိုက်ခရီး စတော့သည်။ စစ်သုံးကျောပိုးအိတ်ထဲတွင် ဆန်တစ်ပြည်၊ စောင်ကြမ်းတစ်ထည်နှင့် မြေခင်းတာလပတ်စတစ်စ ထည့်လာ၏။

ရေဗူး၊ လက်နှိပ်ဓာတ်မီးနှင့် တောရှင်းဓားတစ်လက်ကို ခါးပတ်မှာချိတ်ပြီး လေးနှင့် မြားကို အသင့်အနေအထားဖြင့် ကိုင်တွယ်ရင်း တောဆင်ရိုင်းများ အန္တရာယ်ပေးလှသည်ဟု နာမည်ကြီးသော ပဲခူးရိုးမထဲသို့ ဝင်ခဲ့တော့သည်။

ညဘက်ရောက်လျှင် ဝါးခုတ်စခန်း တဲများ၌ ဝင်အိပ်သည်။ တဲမရှိလျှင် မီးပုံဖိုပြီး မြေကြီးပေါ်မှာပင် အိပ်ရ၏။

ဒီလောက် ဒုက္ခခံလာပြီးမှ ဘာသားကောင်မှ မရဘဲနှင့်တော့ မပြန်ဟု





စိုးရှား ဆုံးဖြတ်လိုက်သည်။ နောက်ဆုံး မရလျှင် ရွာထဲမှ ဆိတ်ကလေးတစ်ကောင်လောက်ဖြစ်ဖြစ် ဝယ်ပြီး တိုင်ငုတ်မှာ ကြိုးချည်ကာ ဒူးလေးဖြင့်ပစ်မည်။

ပြီးလျှင် ဆိတ်သေကို နင်းကာ ဓာတ်ပုံအရိုက်ခံပြီး...

'ပြည်သူလူထုကို အန္တရာယ်ပေးနေသော ဆိတ်ကလေးအား မုဆိုးကြီးစိုးရှားမှ ပစ်ခတ်နှိမ်နင်းလိုက်ပုံ' ဟု စာတန်းထိုးကာ အိမ်နံရံမှာ မှန်ဘောင်သွင်း ချိတ်ထားမည်ဟု စိတ်ကူးလိုက်၏။

ကံကောင်းချင်တာလား... ကံဆိုးချင်တာလားတော့... မသိ...။

တစ်ညတွင် တောထဲ၌ မီးထိုးပြီး အမဲပစ်ထွက်ဖို့ ဆုံးဖြတ်လိုက်သည်။ အဖော်ပါလာသော လမ်းပြက လက်နှိပ်ဓာတ်မီးဖြင့် မီးကစား၏။ စိုးရှားကတော့ ထိုသူ့အနားမှ ကပ်လိုက်ရင်း ဒူးလေးကိုကိုင်ကာ ကုန်းကုန်းကွကွဖြင့်...

အခြေအနေက ရုပ်ရှင်တွေ ဗီဒီယိုတွေထဲမှာလိုတော့ မဟုတ်။ အတော်ပင် ကသိကအောက်နိုင်ပြီး ဒုက္ခများလှ၏။ တစ်နေရာသို့အရောက်တွင် လမ်းပြက လက်နှိပ်ဓာတ်မီးကို မိုးပေါ်သို့ထောင်၍ ထိုးထားရာမှ တဖြည်းဖြည်း အောက်သို့ နှိမ့်ဆွဲချလာရင်း...

“ဟော... ဟိုမှာဗျို့... တွေ့လား ဆတ်ဖားကြီးတစ်ကောင်...”

လေသံဖြင့် တိုးတိုးပြော၏။ ထိုသူညွှန်ပြရာဆီသို့ လှမ်းကြည့်လိုက်တော့ အင်တိုင်းတောထဲမှ မျက်လုံးစိမ်းစိမ်းတစ်စုံ... အပေါ်ဘက်တွင် ပေါက်ကိုင်းများ ရှုပ်ထွေးနေသောကြောင့် ဦးချိုကိုတော့ အသေအချာ မမြင်ရ...။

ဆတ်ဖားကြီး၏ ခန္ဓာကိုယ်ကတော့ ဝဖိုင့် ကြီးမားလှပြီး ပစ်ကွင်း



www.burmeseclassic.com

www.burmeseclassic.com

ထဲတွင် ရှင်းရှင်းလင်းလင်း ပေါ်လွင်နေ၏။

လမ်းပြက အသာအယာ လက်ကုပ်ပြီး လေသံတိုးတိုးဖြင့်…

"အဲဒီ ဆတ်ကြီးသာ ရရင် အနည်းဆုံး ပိဿာချိန် (၇၀) အထက်ပဲ၊ ဘာငိုင်နေတာလဲ ဆရာလေး ဆော်ထည့်လိုက်တော့လေ…"

စိုးရှားကလည်း သူ့လက်ထဲမှ ဒူးလေးညို့ကို တင်ပြီး သံမဏိ ထိပ်ဖူးတပ်မြားဖြင့် အသေအချာ ချိန်ရွယ်ကာ ပစ်ခတ်လိုက်သည်။

"ဖြောင်း…"

ခနဲ မြည်သံနှင့်အတူ (လက်မလုံးခန့် သစ်သားထုကိုပင် ထုတ်ချင်း ပေါက်သွားစေနိုင်လောက်အောင် ပြင်းအားရှိသည့်) R-150 အမျိုးအစား ဒူးလေး၏ သံမဏိကြိုး ရိုက်ခတ်အားကြောင့် မြားတံသည် ဆတ်ဖားကြီး၏ ခန္ဓာကိုယ်ထဲသို့ တဆုံးနစ်ဝင်သွား၏။

"ဘုန်း…"

ထိချက်ကလည်း နှလုံးသားရှိရာ ရှေ့လက်ပြင်နောက် ကပ်လျက် တည့်တည့် ဖြစ်သောကြောင့် ဆတ်ဖားကြီးမှာ အော်ပင် မအော်လိုက်နိုင်ဘဲ ဘုန်းခနဲ လဲကျသွားလေသည်။

လမ်းပြဖြစ်သူက ဝမ်းသာအားရပြေးသွားပြီး လက်နှိပ်ဓာတ်မီးဖြင့် ထိုးကာ အသေအချာကြည့်လိုက်ပြီးသည့် နောက်တွင်ကား…

"ဟာ… မှားသွားပြီဗျို့… ဒါ ဆတ် မဟုတ်ဘူးဗျ၊ စခန်းမှာ သစ်ဆွဲတဲ့ ဒွေးလေးသာရင်ရဲ့ ကျွဲမကြီးပဲ…"

"ဟင်…"

စိုးရှားလည်း 'ဟင်…' ခနဲ တစ်ခွန်းသာရေရွတ်ပြီး ငိုင်ကျသွားတော့၏။



သည့်နောက်တွင်ကား စိုးရှား၏ အမဲလိုက်ခရီးသည် ကျွဲဖိုး လေးသိန်းခွဲ အလျော်ပေးရပြီးနောက် အဆုံးသတ်သွားလေတော့သည်။

■


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၀)

ရန်ကုန်သို့ပြန်ရောက်ပြီး နောက်တစ်ရက်မှာပင် ဆိုဖိယာလပြည့် ဝန်းဆီသို့ စိုးရှားသွားသည်။ သူ့ကို တွေ့တွေ့ချင်းမှာပင် ဆိုဖိယာက ဆီးပြီးမေး၏။

"ပဲခူ ရိုးမထဲကို အမဲလိုက်သွားတယ်ဆို..."

"ဟုတ်တယ် မင်းနဲ့ မြားပစ်ပြိုင်ဖို့ အကြိုစမ်းသပ်တဲ့ အနေနဲ့ပေါ့၊ မင်းလို နံရံမှာ ချိတ်ထားတဲ့ စက်ဝိုင်းကို ပစ်ရတာနဲ့ တောင်တော့ သားကောင်လို လှုပ်ရှားနေတဲ့ ပစ်မှတ်ကို ပစ်ရတာက ပိုပြီး ပညာပါမယ် ထင်လို့ လေ့ကျင့်ခန်းသွားဆင်းတာ..."

သူမကိုတွေ့တိုင်း ခပ်ကြောကြောပြောပြီး အရသာနှံချင်သည့် စိတ်က စိုးရှားမှာ အကျင့်ပါသလို ဖြစ်နေ၏။ ဆိုဖိယာက...

"တောထဲမှာ ဘာသားကောင်တွေ ပစ်ခဲ့သလဲ..."

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

"ဆင်တစ်ကောင်ကို ပစ်သတ်ခဲ့တယ်၊ တစ်ယောက်ထဲမို့ မသယ်နိုင်လို့ ဆင်သေကောင်ကို ဒီအတိုင်း ထားပစ်ခဲ့ရတာ၊ ဆင်ကလည်း ဟိုင်းဆင်ကြီးမို့လို့ ဖြတ်ယူစရာ အစွယ်လည်း မရှိဘူးလေ..."

မဖြစ်နိုင်တာတွေကို အတည်ပေါက် လျှောက်ပြောနေသော စိုးရှား၏ စကားကြောင့် ဆိုဖီယာ တော်တော်စိတ်ညစ်သွား၏။

စိုးရှားက...

"သြော်... ဒါပေမဲ့ အမှတ်တရဖြစ်အောင်လို့ ဆင်သေကောင်က အမြီးလေးတစ်ချောင်း နှုတ်ပြီး မင်းအတွက် လက်စွပ်လုပ်လာခဲ့တယ် ရော့..."

ပြောပြောဆိုဆိုဖြင့် စိုးရှားက ရွှေတိဂုံဘုရားခြေရင်းမှ နစ်ရာငါးဆယ်ဖြင့် ဝယ်လာခဲ့သော ဆင်မြီးလက်စွပ်လေး တစ်ကွင်းကို ထုတ်ကာ ဆိုဖီယာ၏ရှေ့ရှိ စားပွဲပေါ်သို့ ပစ်ချပေးလိုက်လေသည်။

ဆိုဖီယာလပြည့်ဝန်း၏ မျက်နှာက မဲ့သွား၏။

သူမက...

"ဟုတ်ပြီလေ... ရှင့်ဘက်က အဆင်သင့်ဖြစ်ပြီ ဆိုတော့ ကျွန်မတို့ မြားပစ် ပြိုင်ကြတာပေါ့၊ ဘယ်နေ့လောက် ချိန်းမလဲ..."

"မနက်ဖြန်ကျရင်တော့ ကိုယ့်ဦးလေးရဲ့ ရုပ်ရှင် ပရက်ရှိုး ရှိတယ်၊ အဲဒီရက်နောက်ပိုင်း ကြိုက်တဲ့နေ့ကို ချိန်းပါ..."

"ကောင်းပြီ... ဒီနေ့ကနေ စပြီး ရေရင် နောက် ဆယ်ရက်တိတိ ပြည့်တဲ့နေ့..."

ဆိုဖီယာလပြည့်ဝန်း၏ အသံက သံမဏိကြိုးတစ်ချောင်း ထောင်းခနဲ ပြတ်ထွက်သွားသည့် အသံနှင့် တူနေ၏။

❒





ပရက်ရှိုး...။

မနက်ပိုင်းတွင် စပြမည် ဖြစ်သောကြောင့် စာနယ်ဇင်းသမားများ၊ ရုပ်ရှင်လောကသားများ၊ ဖိတ်စာရထားသော ဧည့်သည်များ တဖွဲဖွဲရောက်လာနေကြ၏။ ရုပ်ရှင်ကားထဲတွင် ပါဝင်သရုပ်ဆောင်ထားကြသောအနုပညာရှင်များနှင့်အတူ ဒါရိုက်တာဦးစောဝင်းကလည်း ပြုံးပြုံး နှုတ်ဆက်ရ ဧည့်ခံစကားပြောရနှင့် ရှုပ်ယှက်ခတ်နေသည်။

မင်းသမီးမြနဒီ၏ ဘေးတွင်လည်း လာရောက်မိတ်ဆက်သူ၊ အင်တာဗျူးသူ၊ အော်တိုရေးခိုင်းသူတွေ ပတ်ပတ်လည်ဝိုင်းနေသည်။ ဦးစောဝင်းကလည်း (စိတ်ကဆောင်နေသောကြောင့်လား မပြောတတ်) ဒီနေ့အဖို့ အတော်ပင် ထူထူထောင်ထောင် ဖြစ်နေ၏။

အိပ်ရာထဲမှာ ရက်ရှည်လများ လဲနေခဲ့သော လူနာတစ်ယောက်ဟု

www.burmeseclassic.com

ပြောလျှင်ပင် ယုံနိုင်စရာ မရှိ။ ရွှင်ရွှင်လန်းလန်း ဟက်တက်ကြွကြွနှင့်…။

ဦးစောဝင်းအတွက်ကတော့ သူ တစ်သက်လုံး မက်လာခဲ့သော အိပ်မက်ကို ရွေချခွင့်ရသည့် နံနက်ခင်းပင် ဖြစ်သည်။

.........

စိုးရှားက မြနန္ဒီနှင့် အတူပါလာသော ဆိုဖီယာလပြည့်ဝန်းကို လှမ်းကြည့်လိုက်သည်။ ဆိုဖီယာကလည်း သူ့ကို လှမ်းကြည့်နေသည်နှင့် မျက်လုံးချင်းဆုံမိကြ၏။

စိုးရှားက သူမ၏အနီးသို့ကပ်သွားပြီး တီးတိုးလေသံဖြင့်…

"မင်းသားက နား… မင်းသမီးက ပွား… ကောင်းလိုက်တဲ့ကားပါ ဗျာ… သုံးရက်နဲ့ တစ်ကား…

မီးသမားက တုံး… ရပ်ကွက်က မုန်း… လုပ်ကြပါဦး… ဗျာ… ရိုက်ရက်နဲ့ ရှုံး…"

ဟူသော အရိုး၏ 'ဒါရိုက်တာ' သီချင်းမှ စာသားတစ်ပိုင်းတစ်စကို ရွတ်ဆိုပြလိုက်၏။ ဆိုဖီယာက ကျိတ်ပြီး ပြုံးစိစိလုပ်နေသော်လည်း နားစွန်နားဖျားကြားသွားသည့် မင်းသမီးမြနန္ဒီက သူ့ကို မျက်စောင်းထိုးကြည့်သွားသည်။

ခဏနေတော့ ရုပ်ရှင် စပြတော့မည် ဖြစ်သောကြောင့် လူတွေ အားလုံး ကိုယ့်ခုံနံပါတ်နှင့် ကိုယ် နေရာယူကြသည်။ ဦးစောဝင်းနှင့် အခြားမိတ်ဆွေ ဒါရိုက်တာများ၊ စာနယ်ဇင်းမှ ပုဂ္ဂိုလ်များ၊ သရုပ်ဆောင်များက အပေါ်ထပ်ရှိ D/ C တန်းတွင် ထိုင်ရ၏။

မြနန္ဒီနှင့် ဆိုဖီယာလပြည့်ဝန်းတို့က ဦးစောဝင်းထိုင်သော ခုံ၏ ရှေ့တစ်ခုံကျော်တွင် ဖြစ်သည်။ စိုးရှားကတော့ ဘယ်ခုံမှာမှ ဝင်မထိုင်ဘဲ





အလယ်ရှိ လူသွားလမ်းတွင် ယောင်ပေယောင်ပေ လုပ်နေ၏။ အမှန်အတိုင် ဝန်ခံရလျှင် မြန်မာကားကို သူ စိတ်လည်း မဝင်စားပါ။ အထင်လည်း မကြီးပါ။

မကြာခင်မှာ မီးတွေမှိတ်သွားသည်။

ရုပ်ရှင်စပြသည်နှင့် ပထမဆုံးအခန်းက စိုးရှားကို ဖမ်းစားလိုက သည်။ ရှေးဟောင်းလူမျိုးနွယ်စုတစ်ခု၏ ခေါင်းဆောင်အဖြစ်နှင့် မြနန္ဒီက သူတို့မျိုးနွယ်စု၏ သစ္စာဖောက်ကို နှစ်ယောက်ချင်း ယှဉ်ပြိုင်သတ်ပုတ် ပြီး သုတ်သင်ရသည့်အခန်း ဖြစ်သည်။

သစ္စာဖောက်အဖြစ် သရုပ်ဆောင်သူ၏ မျက်နှာပေါ်တွင် ရက်စ္စ ခြင်း၊ ကြောက်လန့်ခြင်း၊ သူရဲဘောကြောင်ခြင်း ဆိုသည့် ခံစားချက်များ ကို အထင်းသားတွေ့မြင်ရ၏။ မြနန္ဒီ၏မျက်နှာ၊ မျက်ဝန်းအကြည့်၊ တင်း တင်းစေ့ထားသည့် နှုတ်ခမ်းများကတော့ အမုန်းတရားဖြင့် တောက်ပနေ သည့်သတ္တိ… ဆံပင်တွေကို ခါရမ်းဝေ့ဝဲလိုက်သည်က အစ အားမာန် အပြည့်…။

နောက်ဆုံး သစ္စာဖောက်ကို သုတ်သင်ပြီး ဓားကို လေထဲတွင် မြှောက်တင်လိုက်သည့် မြနန္ဒီကို လူမျိုးစုကြီးတစ်ခုလုံးက ကောင်းချီး သြဘာပေးကြသည့် အသံများက မြေပြင်ထုတစ်ခုလုံး တုန်ဟည်းသွားသည်။

အသံအထူးပြုလုပ်ချက် (Sound Effect) များက ကောင်းမွန်လှ သည်။ ထရော်လီနှင့် ကရိန်းပေါင်းသုံးပြီး ပတ်လည် ရွေ့လျားသွားသည့် ကင်မရာလှုပ်ရှားမှုကလည်း ကျနသေသပ်နေ၏။

"ဒီလိုဆိုတော့လည်း ငါ့ဦးလေးက တကယ့်ကို ကြိုးစားထားတာ ပါလား…"



www.burmeseclassic.com

www.burmeseclassic.com

စိုးရှားစိတ်ထဲမှ ရေရွတ်မိသည်။

ဟုတ်တော့လည်း ဟုတ်သည်။ မြန်မာဒါရိုက်များထဲတွင် အရည်အသွေးရှိသူတွေ မရှိတာ မဟုတ်ပါ။ ငွေကြေးအကန့်အသတ်၊ နည်းပညာအကန့်အသတ်၊ စားဝတ်နေရေးအကန့်အသတ်နှင့် စိတ်ကြိုက် အချိန်ပေးဖန်တီးနိုင်ခွင့် မရသော အကန့်အသတ်ဘောင်တွေကြားမှာ ပိတ်မိနေကြတာကြောင့်လည်း မျက်နှာငယ်နေရခြင်း ဖြစ်နိုင်ပါသည်။

စိုးရှားရင်ထဲမှာ ပထမဦးဆုံးအကြိမ်အဖြစ် သူ့ဦးလေးနှင့် ရုပ်ရှင်အသိုင်းအဝန်းကို...

"ကျွန်တော် ပြောခဲ့မိတာတွေအတွက် ဆောရီးပါ..."

ဟု တောင်းပန်ချင်စိတ် ပေါ်လာသည်။

ဦးစောဝင်းထိုင်နေသည့် နေရာဆီသို့ လှမ်းကြည့်လိုက်၏။ ခပ်မှိန်မှိန်အလင်းရောင်ထဲတွင် ဖြစ်သော်လည်း ပိတ်ကားဆီသို့ ငြိမ်သက်စွာငေးစိုက်ကြည့်နေသော ဦးစောဝင်းကို လှမ်းမြင်ရသည်။

စိုးရှားက သူ့ဦးလေးကိုကြည့်ပြီး ပြုံးရုံသာ ပြုံးနေလိုက်၏။

သူ့ပီတိနဲ့သူ နေပါစေတော့လေ...။

□





ဇာတ်သိမ်းခန်း ရောက်တော့မည်။

ဒီအခန်းက ရုပ်ရှင်ကားတစ်ကားလုံး၏ အထွတ်အထိပ်လည်းဖြ

သလို ဇာတ်ကွက်အလှည့်အပြောင်းလည်း ဖြစ်သည်။

ပို၍ ထူးခြားသွားသည်က ဇာတ်ကားတစ်လျှောက်လုံး လူမျိုးစု၏

သူရဲကောင်းဖြစ်ခဲ့သော မြနဒီသည် ဘဝကံကြမ္မာအပြောင်းအရွေ့တွင်

လူမျိုးတစ်မျိုးလုံး၏ သစ္စာဖောက်အဖြစ် စွပ်စွဲခံရပြီး သုတ်သင်ခံရဖို့

ခေါင်းဆောင်အသစ်နှင့် ယှဉ်ပြိုင်သတ်ပုတ်ရသည့် အခန်း...။

သရုပ်ဆောင်သည့် အမှုအရာတွေက ဇာတ်လမ်းအဖွင့်နှင့် သိသာ

ခြားနားစွာ အားပြိုင်နေကြသည်။

ဇာတ်လမ်းအစမှာ မြနဒီကို ကောင်းချီးသြဘာပေးခဲ့သော လူထု

ကြီးသည် အခုတော့ သူမကို လက်ညှိုးထိုးပြီး...

www.burmeseclassic.com

www.burmeseclassic.com


"သစ္စာဖောက်... သစ္စာဖောက်..."

ဟု ကြွေးကြော်အော်ဟစ်နေကြသည်။ မြနန္ဒီ၏အမှုအရာမှာလည်း သူရဲကောင်းတစ်ယောက်၏ သွင်ပြင်တွေ လွင့်စဉ်ပျောက်ကွယ်ကုန်ပြီ။

အရင်တုန်းက တင်းတင်းစေ့ထားသော နှုတ်ခမ်းတွေက အခုတော့ ပျော့တော့တုန်ရီလျက်... မျက်ဝန်းတွေမှာလည်း မျက်ရည်ဥတွေ စီးကျလျက်... ကြေကွဲခြင်း... နာကျင်ခြင်း... သစ္စာဖောက်အဖြစ် အထင်မလွဲကြဖို့ လူတွေအားလုံးကို တောင်းပန်တိုးလျှိုးနေသည့် အကြည့်...

လက်ထဲမှ ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလျက်က ဝမ်းနည်းနာကြည်းသောရှိုက်သံက တစ်ချက် တစ်ချက် ထွက်ပေါ်လာသည်။

ပိတ်ကားပေါ်မှ မြနန္ဒီကိုကြည့်ရင်း စိုးရှားရင်ထဲမှာ ဆို့နင်လာ၏။

❒



စိုးရှားစိတ်ထဲမှာ ဖျတ်ခနဲသိချင်စိတ်ပေါ်လာသဖြင့် ခုံမှာထိုင်နေသော မြနန္ဒီကို လှမ်းကြည့်လိုက်သည်။

အပြင်လောကက မြနန္ဒီကတော့ ဟန်းဖုန်းဖြင့် ဆက်ကာ တစ်စုံတစ်ယောက်ကို စကားလှမ်းပြောရင်း ရယ်မောပျော်ရွှင်နေလေသည်။ တခစ်ခစ်ရယ်မောလိုက်သံများကိုပင် ကြားနေရ၏။

စိုးရှားက မျက်နှာလွှဲပြီး ပိတ်ကားပေါ်သို့ အကြည့်ပြန်ပို့လိုက်၏။

ပိတ်သားပြင်ပေါ်မှာ သရုပ်ဆောင်နေသည့် မြနန္ဒီကတော့ ကြေကွဲနေ၏။ ငိုရှိုက်နေ၏။ ဘဝ၏ မတည်မြဲသော တန်ဖိုးများကို နာကျင်မှုအပြည့်ဖြင့် မေးခွန်းထုတ်နေ၏။

အပြင်လောကက မြနန္ဒီဆိုသည့် မိန်းမတစ်ယောက်ကတော့ သူ့သရုပ်ဆောင်ကွက်ကိုပင် သူမကြည့်... စိတ်မဝင်စား... ရယ်ကာမောကာ ပျော်ရွှင်ပေ့ါပါးလျက်...

❒

www.burmeseclassic.com

www.burmeseclassic.com

ဒီမြင်ကွင်းကို ဦးလေးရော ဘယ်လိုခံစားမှာပါလိမ့်... ဟု သိချင်စိတ်ဖြင့် ဦးစောဝင်းရှိရာဆီသို့ စိုးရှား လှမ်းကြည့်လိုက်သည်။

ဦးစောဝင်းကလည်း သူ့လိုပင် ပိတ်ကားပေါ်မှ မြနန္ဒီကို တစ်လှည့် အပြင်မှ မြနန္ဒီကို တစ်လှည့်ကြည့်ရင်း ဖုန်းပြောကာ ရယ်ကာမောကာဖြင့် အပြင်သို့ ထထွက်သွားသည့် သူ့ရွှေမင်းသမီး၏နောက်ကျောပြင်ကို ငေးမောကျန်ရစ်ခဲ့သည်ကို တွေ့လိုက်ရသည်။

စိုးရှားက သက်ပြင်းတစ်ချက်ကို တိုးတိတ်စွာ ရှိုက်မိလေသည်။

❐





'ပြီးပါပြီ...'

ဆိုသော စာတန်းက ပိတ်ကားပြင်ပေါ်တွင် ပေါ်လာသည်။ ရုပ်ရှင်ရုံတစ်ရုံလုံး မီးတွေ လင်းလာ၏။

ပြန်ဖို့ပြင်ဆင်သော ပရိသတ်တွေ တဝုန်းဝုန်းထရပ်ကြသည်။

စာနယ်ဇင်းဆရာများ၊ ဒါရိုက်တာများကလည်း ဦးစောဝင်းကို ဂုဏ်ပြုနှုတ်ဆက်ဖို့ သူထိုင်နေသောခုံဆီသို့ ဝိုင်းဝန်းသွားကြသည်။

ဦးစောဝင်းကတော့ ထိုင်ခုံတွင် ငြိမ်သက်စွာထိုင်နေဆဲ... မျက်လုံးများကလည်း ဖြူဖွေးတောက်ပနေသော ပိတ်ကားပြင်ကို စိုက်ကြည့်နေဆဲ...

ဦးစောဝင်း ငြိမ်သက်နေသည်။ ထူးထူးခြားခြား ငြိမ်သက်လွန်းနေသည်။

အဲသည်မြင်ကွင်းကို ကြည့်ပြီး တစ်စုံတစ်ခု မှားယွင်းနေပြီမှန်း



www.burmeseclassic.com

www.burmeseclassic.com

စိုးရှား၏အတွင်းစိတ်က သိလိုက်၏။

- ခဏတွင်းမှာပင် ဦးစောဝင်းထိုင်နေသည့် အနား၌ ဝိုင်းရံနေကြ သူများ ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ တစ်ယောက်တစ်ပေါက် အလုအယက် ပြောသံတွေ ဆူဆူညံညံ ပေါ်ထွက်လာသည်။

"ဟာ... ဘယ်လိုဖြစ်သွားတာလဲ၊ ဆေးရုံကို အမြန်ပို့လေ..."

"ဒုက္ခပါပဲကွာ... မရတော့ဘူးထင်တယ်..."

"ဆရာဝန်ရော... ဆရာဝန်တစ်ယောက်လောက် အမြန်ခေါ်ကြလေကွာ..."

စိုးရှားက ရပ်ကြည့်နေရာမှ ရှေ့ကို အားသွန်တိုးဝှေ့သွားဖို့ ပြင်လိုက်သည်။ သို့သော် သူ့ခြေလှမ်းများက လေးလံလွန်းနေ၏။

သူ့ဦးခေါင်းတစ်ခုလုံးကို လှိုင်းတွေ တဝုန်းဝုန်း ရိုက်ခတ်နေသည်။ အိပ်မက်လို ချာချာလည်နေ၏။

ပြီးတော့... အသံမဲ့...။

ခဏကြာတော့ သူ့လက်မောင်းကို တစ်စုံတစ်ယောက်က လာဆုပ်ကိုင်ပြီး စကားတစ်ခွန်းပြောသည်ကို ကြားလိုက်ရ၏။

"မင်းဦးလေး နှလုံးရပ်ပြီး ဆုံးသွားပြီ... စိုးရှား..."

□

ငါ့ဦးလေးကတော့ သူလုပ်ချင်တာကို လုပ်ဖို့ သတ္တိရှိပြသွားခဲ့ပြီပဲ... ဟု စိုးရှား ငြိမ်သက်စွာ တွေးနေမိ၏။

■


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၀)

နေရောင်ခြည်သည် စိမ်းလဲ့တောက်ပနေ၏။ သစ်ရွက်တို့၏ လတ်ဆတ်သောရနံ့က လေပြည်ထဲတွင် ဝေ့ဝဲသင်းပျံ့နေသည်။

နေထွက်ရာအရပ်ကို ဘာကြောင့် 'အရှေ့' ဟု ခေါ်ရပါသနည်း။ အရှေ့ဆိုတာ ဘာလဲ ... အနောက်ဆိုတာ ဘာလဲ ... လူတွေခေါ်ဝေါ်တဲ့ နာမည်သက်သက်ပဲလား ... ဒါဆိုရင် အမှန်ဆိုတာကရော ဘာလဲ ... အမှားဆိုတာကရော ဘာလဲ ... အနိုင်ဆိုတာရော ဘာလဲ ... အရှုံးဆိုတာကရော ဘာလဲ ...

လောလောဆယ်မှာတော့ အနိုင်အရှုံးကို အဆုံးအဖြတ်ပေးမည့် အဖြေသည် သူမလက်ထဲတွင်ကိုင်ထားသည့် လေးညို့ပေါ်မှာ ရှိနေသည်။

❒

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

စိုးရှားက ဆိုဖီယာလပြည့်ဝန်း၏လက်ထဲမှ လေးကိုင်းကို လှမ်းယူလိုက်သည်။ ထိုနောက် တြိဂံပုံသဏ္ဍာန် အထူစားမြားအိတ်ထဲမှ အလူမီနီယံမြားတစ်ချောင်းကို ဆွဲထုတ်လိုက်၏။

ပြီးတော့ စိုးရှားက မြားအမြီးကို ကြိုးမှာတင်ပြီး ရှိသမျှအားအင်ကို စုစည်းကာ ကြိုးကို ဆွဲတင်လိုက်သည်။

အသက်ကို ဝဝရှူသွင်းလိုက်၏။ ဟိုး... ဝေးဝေးက အုတ်နံရံတွင် လူတစ်ရပ်သာသာအမြင့်၌ ချိတ်ဆွဲထားသော စက်ဝိုင်းပုံပစ်ကွင်းကို မြင်နေရသည်။

စိုးရှားက စိတ်အာရုံကို စုစည်းပြီး ပစ်မှတ်ကို သေသေချာချာ ချိန်ရွယ်လိုက်သည့်နောက် မြားကို ပစ်လွှတ်လိုက်၏။

"ဒုတ်..."





မြားက Bull's Eye ဟု ခေါ်သော ပစ်မှတ်၏ အလည်ဗဟိုတည့်တည့်ရှိ အနက်ရောင်စက်ဝိုင်းကလေးထဲတွင် စိုက်ဝင်နေသည်။

စိုးရှားက နောက်ထပ်မြားနှစ်စင်းကို ထပ်ပြီး ပစ်လွှတ်လိုက်ပြန်သည်။

"ဒုတ်..."

"ဒုတ်..."

ရှေ့ဆင့်နောက်ဆင့် ဆိုသလို မြားနှစ်စင်းလုံးက ပစ်မှတ်၏ အလယ်ဗဟိုတည့်တည့်မှုပင် စိုက်ဝင်သွား၏။

စိုးရှားက သူ့ကိုယ်သူ ဂုဏ်ယူကျေနပ်သည့် တိတ်တခိုးအပြုံးကို ပြုံးရင်း လက်ထဲမှ လေးကိုင်းကို ဆိုဖီယာလပြည့်ဝန်းဆီသို့ လှမ်းပေးလိုက်သည်။ ပြီး...

"ရော့... ဆိုဖီယာ မင်း ပစ်ရမယ့် အလှည့်..."

ဆိုဖီယာက လေးကိုင်းကို လှမ်းယူလိုက်သော်လည်း သူမ၏ဦးခေါင်းကိုတော့ ခပ်သာသာကလေး ခါရမ်းရင်း...

"ကျွန်မ ရှင်နဲ့ မြားပစ်ပြိုင်ချင်တာ ဒီနေရာမှာ မဟုတ်ဘူး..."

□


www.burmeseclassic.com

www.burmeseclassic.com

သူမစကားက စိုးရှား၏ ရှည်လျားသောအပြုံးကို ရပ်တန့်ပစ်လိုက်သည်။ စိုးရှားက နားမလည်နိုင်စွာ ပြန်ကြည့်ရင်း...

"ဒါဆို မင်းက ဘယ်နေရာမှာ ပြိုင်ချင်တာလဲ..."

"လာ... ကျွန်မနဲ့ လိုက်ခဲ့..."

ဆိုဖီယာလပြည့်ဝန်းက ရှေ့မှဦးဆောင်ပြီး အပေါ်တက်သည့် လှေကားဆီသို့ ခေါ်သွားသည်။ သူမ ဦးတည်သွားနေသည်က တတိယထပ် အမြင့်ရှိ လေသာဆောင်ဆီသို့...

လေသာဆောင်အစွန်းမှ နေ၍ ခြံထောင့်ရှိ သစ်ပင်ကြီးဆီသို့ သွယ်တန်းထားသော ခနော်နီခနော်နဲ့ ကြိုးတံတားအိုကလေးကို မြင်ရသည်။

ကြိုးတံတားလေး၏အခင်း ပျဉ်ပြားများက ဆွေးမြည့်နေလေပြီ။





တစ်ချို့နေရာများတွင် ပဲ့ရွဲ့ပြုတ်ထွက်နေ၏။ ကြိုးတွေကလည်း ဖွာလန်ကျဲနေကြသည်။

ဆိုဖီယာက ထိုကြိုးတံတားလေးကို လက်ညှိုးထိုးပြရင်း...

"ဟောဒီကြိုးတံတားပေါ်ကို လျှောက်သွားပြီး ကြိုးတံတားအလယ်ကနေ ပစ်မှတ်ကို ပစ်ရမယ်၊ တစ်ယောက်ကို မြားသုံးစင်းစီ ပစ်ရအောင် ဘယ့်နှယ်လဲ..."

သူမ၏စကားကြောင့် စိုးရှားက...

"ဘာ... မင်းနောက်နေတာလား..."

"ဒါ... နောက်စရာ ပြောင်စရာကိစ္စမှ မဟုတ်ဘဲရင်... ဘာဖြစ်လို့လဲ..."

"ဖြစ်နိုင် မဖြစ်နိုင် မင်းစဉ်းစားကြည့်လေကွာ၊ မင်းငယ်ငယ်တုန်းက ကစားခဲ့တဲ့ ကြိုးတံတားက ကလေးတစ်ယောက်ရဲ့အလေးချိန်ကို ခံနိုင်ပေမယ့် လူကြီးတစ်ယောက်လျှောက်မယ့်ဝန်ကို ခံနိုင်ပါ့မလား... ပြုတ်ကျသွားမှာပေါ့..."

ပြောပြောဆိုဆိုနှင့် စိုးရှားက မတော်တဆပြုတ်ကျလျှင် မြေပြင်နှင့် ထိရိုက်မိမည့် အမြင့်ပမာဏကို ငုံ့ကြည့်လိုက်သည်။

ဘုရား... ဘုရား... အမြင့်ကြီးပါလား...

ပြုတ်ကျလျှင် ဇက်ကျိုးပြီး သေဖို့သာရှိသည်။ သူ ပင့်သက်ရှိုက်မိ၏။ ပြီးခဲ့သည့်တစ်နေ့ကမှ ရက်လည်ဆွမ်းသွတ်ပြီးသွားခဲ့သော သူ့ဦးလေး ဦးစောဝင်းကို ပြန်သတိရလာသည်။

အင်း... ဦးလေးကတော့ သူလုပ်ချင်တာတွေ လုပ်ပြီး ကျေကျေနပ်နပ် သေဆုံးသွားခဲ့ပြီ။ ငါကရော...

www.burmeseclassic.com

www.burmeseclassic.com

ငါကတော့ ဘာမဟုတ်တဲ့ အနိုင်အရှုံးတစ်ခုအတွက် သေရမည်ဆိုလျှင် ...

သူ့အတွေးမဆုံးခင်မှာပဲ ဆိုဖီယာ၏စကားက သူ့ကို ပိုပြီးချောက်ချားစေ၏။ ဆိုဖီယာက ...

"ဟုတ်တယ် ... ဒီကြိုးတံတားရဲ့သက်တမ်းက ဆယ်နှစ်လောက်ရှိပြီ ဆိုတော့ ကြိုးတွေရော ပျဉ်ပြားတွေပါ မခိုင်တော့ဘူးပေါ့၊ ဒါပေမဲ့ အဲဒါတွေက အဓိက မကျပါဘူးလေ၊ ကဲ ... ကျွန်မကပဲ အရင်စပြီး ပစ်ပြပါ့မယ် ..."

ဆိုဖီယာက မြားတံသုံးချောင်းနှင့် လေးကိုင်းကို ကိုင်ပြီး ကြိုးတံတားပေါ် စတင် ခြေချလိုက်လေတော့သည်။

ပထမဦးဆုံးခြေလှမ်းမှာပင် ကြိုးတံတားက သွက်သွက်ခါရမ်းသွား၏။ ကြည့်နေသော စိုးရှားကပင် လန့်ပြီးအော်မိတော့မလို ဖြစ်သွားသည်။

သူမ၏ခြေလှမ်းတိုင်းမှာ ပျဉ်ပြားဆွေးတွေက ဂျွတ်ခနဲ ဂျွတ်ခနဲ ကျိုးကျေပုံထွက်ကာ မြေပြင်ပေါ်သို့ သစ်သားအစအနတွေ လွင့်စင်ပြုတ်ကျသွားကြ၏။ သို့သော် ဆိုဖီယာကတော့ တံတား၏ယမ်းခါမှုကို လည်းကောင်း ပြတ်ထွက်ခါနီးဆဲဆဲ တဖျစ်ဖျစ်မြည်နေသော ကြိုးစဖွာလန်ကျဲတွေကို လည်းကောင်း ဘာတစ်ခုမှ ဂရုမစိုက်။

ခြေတစ်လှမ်းမှ နောက်တွန့်မသွား။ သူမ၏စိတ်ထဲမှာ ပကတိမြေပြင်ပေါ် လမ်းလျှောက်နေသလို ဘာကိုမှ ဂရုမစိုက်ဘဲ သက်သောင့်သက်သာ စိတ်အေးလက်အေးရှိလှသည်။

ကြိုးတံတားအလယ်သို့ ရောက်သောအခါ ဆိုဖီယာက ပစ်မှတ်စက်ကွင်းကို မျက်နှာမူပြီး ရပ်လိုက်သည်။





သူမ၏မျက်ဝန်းတွေက ပစ်မှတ်ကလွဲပြီး ဘာကိုမှ မကြည့်။

အခု သူမရောက်ရှိနေသောအမြင့် ... အန္တရာယ်များသော ကြိုး
တံတား ... မရှုမလှပြုတ်ကျသွားနိုင်သည့် ဖြစ်နိုင်ချေ ... ဘာတစ်ခုကိုမှ
အာရုံမပျံ့လွင့်။

ပကတိ တည်ငြိမ်သောစိတ်ဖြင့် လေးညို့ကို တင်သည်။

ထိုနောက် မြားတံတွေကို တစ်စင်းပြီးတစ်စင်း ပစ်လွှတ်လိုက်၏

"ဒုတ် ..."

"ဒုတ် ..."

"ဒုတ် ..."

မြားသုံးစင်းစလုံးက ပစ်မှတ်၏ဗဟိုချက်ရှိ အနက်ရောင်စက်ဝိုင
ထဲတွင် စိုက်ဝင်သွားကြသည်။

ဒါကတော့ ဘာမှ မထူးဆန်းပါ။ စိုးရှားက ပခုံးကိုသာ တွန့်
လိုက်သည်။

ဆိုဖီယာက တည်ငြိမ်သောခြေလှမ်းများဖြင့် ကြိုးတံတားအလယ
တည့်တည့်မှ ပြန်လျှောက်လာသည်။ သူမက လေသာဆောင်ပေါ်သို့ လှမ်
တက်လိုက်ရင်း ...

"ဒီတစ်ခါ ရှင်ပစ်ရမယ့် အလှည့် ..."

ဟု ပြောကာ သူမလက်ထဲမှ လေးကိုင်းကို စိုးရှားဆီသို့ လှမ်းပေ
သည်။

▢

www.burmeseclassic.com

www.burmeseclassic.com

စိုးရှားက သံမဏိထိပ်ဖူးတပ် မြားသုံးစင်းကို မြားအိမ်ထဲသို့ ထည့်လိုက်၏။ မြားအိမ်ထဲတွင် သံလိုက်ဖြင့်ကပ်ပြီး ထိန်းထားသောကြောင့် မြားတံတွေ ပြုတ်ကျ ထွက်ကျမည်ကိုတော့ မစိုးရိမ်ရ။

သူ သတိကြီးစွာထားပြီး ကြိုးတံတားကြမ်းပြင်ပေါ်သို့ ပထမဦးဆုံး ခြေလှမ်းကို ဖွဖွကလေး နင်းလိုက်၏။ တော်သေးသည်။ ဘာမှ မဖြစ်။

ကြိုးတံတားကတော့ သူ့ခန္ဓာကိုယ်အလေးချိန်ကြောင့် သွက်သွက်ခါယမ်းသွားသည်။ ကြောက်လန့်တကြားဖြင့် ဟန်ချက်ကို ပြန်ထိန်းရင်း နောက်ခြေတစ်ဖက်ကို မြန်မြန်ချလိုက်တော့မှ ပိုဆိုးတော့သည်။

ခြေနင်းထားသောပျဉ်ချပ်က ဂျွတ်ခနဲမြည်ကာ ပဲ့ထွက်သွား၏။

ဘုရား... ဘုရား...

နဖူးပြင်ထက်မှ ချွေးသီးချွေးစက်တွေ စီးကျလာသည်။ အသက်ပင်





မရှူရဲဘဲ နောက်ခြေတစ်လှမ်းကို လှမ်းရပြန်သည်။ ကြိုးတွေ တဖျစ်ဖျစ်မြည်ကာ ထောက်ခနဲ ထောက်ခနဲ နည်းနည်းချင်းစီ ပြတ်ထွက်လာနေသံကို ကြားရ၏။

မထူးတော့ဘူး... ဟူသည့် စိတ်ဖြင့် ဇွတ်တင်းကာ ရှေ့ကိုသာ တိုးနေရသည်။ ခြေလှမ်းတိုင်းမှာ သစ်သားဆွေးများ၏ ဂျွတ်ခနဲ ဖြောက်ခနဲမြည်သံတွေက သူ့အကြားအာရုံထဲတွင် မိုးကြိုးပစ်သံတွေလို ကျယ်လောင်မြည်ဟိန်းနေလေသည်။

(၁၈) ပေခန့်သာ ရှိမည် ဖြစ်သော အကွာအဝေးကို နာရီဝက်ခန့်ကြာအောင် လျှောက်လိုက်ရသည်ဟု သူ့စိတ်ထဲမှာ အောက်မေ့မိသည်။

ကြိုးတံတားအလယ်ကို ရောက်တော့ ဖြည်းဖြည်းချင်း ခန္ဓာကိုယ်ကို ထိန်းပြီး ပစ်မှတ်စက်ကွင်းရှိရာဘက်သို့ သတိတကြီးဖြင့် လှည့်ရသည်။

ရင်ထဲမှာတော့ တထိတ်ထိတ်...

ဘယ်အချိန်မှာ ကြိုးပြတ်ပြီး တစ်ကိုယ်လုံး မြေပြင်ပေါ် ဝုန်းခနဲ ပြုတ်ကျသွားလေမလဲ...

စိုးရှား 'မေ့လိုက်... မေ့ထားလိုက်... အဲဒါတွေကို မစဉ်းစားနဲ့...' ဟု သူ့ကိုယ်သူ မနည်းသတိပေးနေရသည်။

သူ စိတ်တင်းပြီး မြားတံကို လေးကြိုးတွင် တင်ကာ အားဖြင့်ဖိဆွဲလိုက်၏။ လေးကြိုးကို တအားဆွဲရသည့်အတွက် ခြေထောက်ပေါ်သို့ နင်းဖိအားက သိသိသာသာ တိုးသွားသည်။ ထိုသို့ဖြစ်သွားသည်နှင့် တစ်ပြိုင်နက်...

"ဖြောင်း..."

ခြေနင်းထားသောပျဉ်ပြားက ကျိုးအက်သွား၏။


www.burmeseclassic.com

www.burmeseclassic.com

ပစ်မှတ်ကို ချိန်ရွယ်နေသော စိုးရှား၏စိတ်က ထိတ်ခနဲဖြစ်ပြီး အသည်းထဲတွင် အေးခနဲ လှပ်ခနဲ ခံစားလိုက်ရသည်။

မြားတံကို ကမန်းကတန်း ပစ်လွှတ်လိုက်မိသည်။

"ဝိုး..."

အလယ်ပစ်မှတ်ကို စိုက်ဖို့ မပြောနှင့်... စက်ပစ်ကွင်းထဲသို့ပင် မဝင်။ ဘေးသို့ နှစ်ပေကျော်ကျော် လွဲချော်ထွက်သွားသည်။

စိုးရှား သွေးအလန့်လန့်ဖြင့် ပင့်သက်ကို ရှိုက်မိလေသည်။

သူ့မျက်နှာပြင်ပေါ်တွင်သာမက တစ်ကိုယ်လုံးမှာလည်း ချွေးတွေ ရွှဲနစ်နေလေပြီ။

❐





သူ၏မတည်ငြိမ်သောစိတ်ဖြင့် ဒီပြိုင်ပွဲကို ဆက်လက်ပြိုင်ဖို့ မဖြစ်နိုင်တော့မှန်း နားလည်လိုက်၏။

အရှုံးပေးဖို့ သူ ဆုံးဖြတ်လိုက်ရတော့သည်။

❐

www.burmeseclassic.com

www.burmeseclassic.com

အပြန်ခြေလှမ်းတွေကလည်း သူ့ကို တထိတ်ထိတ်ဖြစ်အောင် ခြောက်လှန့်နေသည်။ ပျဉ်ပြားပေါ် ခြေချလိုက်တိုင်းမှာ အသက်မရှူမိ။

နောက်ဆုံး လေသာဆောင်ပေါ်သို့ ပြန်ပြီး နင်းတက်လိုက်မိတော့မှ…

"ဟူး…"

ခနဲ ပင်ပန်းကြီးစွာဖြင့် အောင့်ထားသောအသက်ကို မှုတ်ထုတ်မိတော့သည်။

စိုးရှားက လေးကိုင်းနှင့် မြားတံများကို ဆိုဖီယာရှေ့သို့ ပစ်ချလိုက်ရင်း…

"ကိုယ်အရှုံးပေးတယ် ဆိုဖီယာ…"

နေရောင်ခြည်သည် ဝါဖျော့နွမ်းနယ်နေ၏။ သစ်ရွက်ခတ်သံတွေက တယောသံလိုလို အလွမ်းသီချင်းကို ဖွဲ့နေကြသည်။





သင်ရော… မိန်းမတစ်ယောက်ရှေ့မှာ ရှုံးနိမ့်ဖူးပါသလား။ ငိုရမှာလား… မငိုရဘူးလား… သိချင်ပါသည်။ နည်းနည်းလောက် ပြောပြကြပါ။

▢

www.burmeseclassic.com

www.burmeseclassic.com

“နေရာတကာတိုင်းမှာ အတတ်ပညာက အရေးမကြီးဘူးလို့ ကျွန်မပြောခဲ့သားပဲ၊ ရှင်က ရှင့်အတတ်ပညာနဲ့ ရှင့်ဦးနှောက်ကို သိပ်အားကိုးတာကိုး၊ တကယ်တမ်း အရေးကြီးတာက တခြားသူတွေအားလုံးထက်တော်ဖို့ တတ်ဖို့မဟုတ်ဘူး၊ ရှင့်ရင်ဘတ်ထဲက ရှင့်စိတ်... ရှင့်နှလုံးသားကို ကိုယ့်ဘာသာ အနိုင်ယူဖို့ပါ...”

ဆိုဖီယာ၏လေသံက ဝါကြွားလိုသောအရိပ်အငွေ့ မသန်း။ ပကတိအေးချမ်းစိမ်းလဲ့နေ၏။ အကြင်နာ... ဆိုတာ ဒါများလားဟု စိုးရှားယောင်ယမ်းကာ တွေးမိသည်။

ဆိုဖီယာက...

“ကျွန်မ ရှင့်ကို ဒုတိယပုစ္ဆာအနေနဲ့ မေးခဲ့တဲ့ ထောမတ်စ်ကျမ်းစာထဲက စာပိုဒ်ကို မှတ်မိသေးလား... ‘သင့်ကိုယ်တွင်းမှာ ရှိသော အရာကို





မွေးဖွားဖော်ထုတ်လော့... ထိုအရာက သင့်အား ကယ်တင်သမှု ပြုလိမ့်မည်...’ ဆိုတာလေ...

“အဲဒီအဓိပ္ပာယ်က ကိုယ့်ကိုယ်ကိုယ် နားလည်အောင်လုပ်ဖို့ကို အဓိကထားပါလို့ ပြောချင်တာပါပဲ...

“ရှင့်အတွက် အရေးအကြီးဆုံးက ရှင့်ကိုယ်ရှင် နားလည်အောင်လုပ်ပါ၊ တခြားသူတွေနဲ့ ပြိုင်ဆိုင်စရာမလိုဘဲ အနိုင်ရပါလိမ့်မယ်...”

သူမ၏စကားအဆုံးတွင် စိုးရှား၏ဘဝမှာ ပထမဦးဆုံးအကြိမ်အဖြစ်သူ့ကိုယ်သူ ပြတ်သားသဲကွဲစွာ ပြန်မြင်လာသည်။

တကယ်တော့ ငါ့ကိုယ်ငါ တော်အောင်လုပ်နေတာဟာ သူများကိုသရော်ဖို့ စော်ကားဖို့ပါပဲ...

စိုးရှားဘဝမှာ ဘာကိုမှ ဖြစ်ဖြစ်မြောက်မြောက် မလုပ်ခဲ့...

ဘာတာဝန်ကိုမှ မယူခဲ့...

တာဝန်ယူခြင်းသည် အစစ်မှန်ဆုံး ပေးဆပ်ခြင်း...

အနုပညာကို ယုံကြည်သူတွေက အနုပညာအတွက် ပေးဆပ်ရဲသည့်သတ္တိရှိကြသည်။ အချစ်ကို ယုံကြည်သူတွေက အချစ်အတွက် ပေးဆပ်ရဲသည့်သတ္တိ ရှိကြသည်။

တကယ်တမ်း...

သတ္တိကြောင်သူမှာ သူကိုယ်တိုင်သာလျှင် ဖြစ်နေလေသည်။

❒



www.burmeseclassic.com

www.burmeseclassic.com

သူက ဆိုဖီယာ့မျက်နှာကို မရဲတရဲကြည့်ရင်း စကားတစ်ခွန်း ပြောလိုက်သည်။

"မင်းနဲ့ ကိုယ် အရာရာအားလုံးကို တစ်က ပြန်စလို့ ရမလား ဟင်…"

■





BURMESE CLASSIC .com

# နိဂုံးမဟုတ်သော နောက်ဆက်တွဲ

ပြာလဲ့သော မိုးသားကောင်းကင်သည် အိပ်မက်ဆန်နေ၏။ နှင်းကြွင်းသောလေပြည်သည် စိုစွတ်အေးမြနေလေသည်။

အရွက်ဟောင်းတွေ ကြွေကျထားသော သစ်ဆိမ့်ပင်အောက်က မြေနီလမ်းကလေးပေါ်တွင် ကောင်ကလေးတစ်ယောက်နှင့် ကောင်မလေး တစ်ယောက် မျက်နှာချင်းဆိုင်လျှောက်လာရင်း ဆုံမိကြသည်။

အသစ်က ပြန်စချင်သော ကောင်ကလေးနှင့် အသစ်က ပြန်စချင် သော ကောင်မလေး…

သူတို့ရဲ့နေ့ရက်ဟောင်းတွေ သိစိတ်ဟောင်းတွေကို အသစ်ပြန်စဖို့ အဲသည်မြေနီလမ်းကလေးမှာ… အဲသည်သစ်ဆိမ့်ပင်ကြီးအောက်မှာ (မတော် တဆလိုလို တမင်တကာလိုလို) ဆုံတွေ့ကြသည်။


www.burmeseclassic.com

www.burmeseclassic.com

ကောင်ကလေးက စပြီး မိတ်ဆက်သည်။

“ဒီမှာ... ဒီမှာ တဆိတ်လောက်ဗျာ... ခင်ဗျားနဲ့ မိတ်ဆွေဖြစ်ချင်လို့... နာမည်လေး သိပါရစေ...”

ကောင်မလေးက ပြန်ပြောသည်။

“ဩော်... ရပါတယ်ရှင်... ကျွန်မနာမည်က ဆိုဖီယာလပြည့်ဝန်းလို့ခေါ်ပါတယ်...”

“ဟုတ်လား... ကျွန်တော့်နာမည်ကိုလည်း မှတ်ထားနော်၊ ကျွန်တော့်နာမည်က စိုးရှားတဲ့...”

“ဒါဆို... ကျွန်မတို့ မိတ်ဆွေတွေ ဖြစ်သွားကြပြီပေါ့နော်...”

ဆိုဖီယာ၏ စကားအဆုံးတွင် သူတို့နှစ်ယောက်စလုံး ပြိုင်တူပင် လှိုက်လှိုက်လှဲလှဲ အော်ဟစ်ရယ်မောလိုက်ကြမိသည်။

ရယ်သံတွေသည် ပန်းသီးတစ်လုံးလို နီရဲလတ်ဆတ် ချိုမြိန်စွာ လွင့်မျောသွား၏။

ထိုပန်းသီးသည် မြေပြင်ပေါ်သို့ ကြွေကျလိမ့်မည် မဟုတ်ပါ။

ကိုယ့်ကိုယ်ကိုယ် သိနားလည်သူများ၏ ရင်ခွင်ပေါ်သို့သာ ကြွေကျမည် ဖြစ်ပါသည်။

■

မင်းခိုက်စိုးစန်




BURMESE CLASSIC .com

# ဆုငွေ (၁၀) သိန်းပေးမည့် ပဟေဠိ

ဒီစာအုပ်ထဲမှာ အဖြေထုတ်မပြထားတဲ့ ပဟေဠိပုစ္ဆာကို စာဖတ်ပရိသတ်တွေ စဉ်းစားကြည့်ကြဖို့ တင်ပြလိုက်ပါတယ်။

ပဟေဠိပုစ္ဆာက ဝတ္ထုထဲမှာပါတဲ့အတိုင်းပါပဲ။ ပေးထားတဲ့ ဇယားကွက် (၃၃) ကွက်ထဲမှာ ‘ကကြီး’ ကနေ ‘အ’ အထိ ဗျည်း (၃၃) လုံးကို ဝင်အောင် ဖြည့်ရမှာပါ။

ကကြီးကနေ စပြီး မြင်းခုန်ကွက်အတိုင်း ဗျည်းအက္ခရာတွေ တစ်လုံးပြီး တစ်လုံး ဖြည့်သွားရမှာ ဖြစ်ပါတယ်။ နောက်ဆုံးမှာ ‘အ’ ဆိုတဲ့ ဗျည်းက အလယ်ခေါင်တည့်တည့်က အကွက်ထဲကို ရောက်ရမှာ ဖြစ်ပါတယ်။

## ဒီပဟေဠိကို မှန်အောင် ဖြေဆိုနိုင်ရင် ဆုငွေ (၁၀) သိန်း ချီးမြှင့်မှာ ဖြစ်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com

ဖြေဆိုရမယ့် ပဟေဠိဇယားကွက်ကို တစ်ဖက်မှာ ဖော်ပြထားပါတယ်။ အဲဒီဇယားကွက်ကို စာရွက်လွတ်တစ်ရွက်ပေါ်မှာ ကူးယူဖြည့်စွက်ဖြေဆိုရမှာဖြစ်ပြီး မိတ္တူကူးယူခြင်း၊ ဆုတ်ဖြဲယူခြင်းတို့ဖြင့်တော့ မဖြေဆိုဖို့ မေတ္တာရပ်ခံပါရစေ။ အငြင်းအခုံ အရှုပ်အထွေးတွေ ဖြစ်လာမှာစိုးလို့ တောင်းပန်ရခြင်း ဖြစ်ပါတယ်။

**ပေးပို့ရမည့်လိပ်စာ**

ကြောင်နှစ်ကောင်စာပေတိုက်
အမှတ် ၁၃၂ (မြေညီထပ်)၊ ၃၅ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖြစ်ကြောင်းပါ။

BURMESE CLASSIC .com

**စီစဉ်သူ**
**မောင်မျိုး (ကြောင်နှစ်ကောင်)**





ဓာတ်ပုံ

အမည် ..................................................


အဘအမည် ..................................................

မှတ်ပုံတင်အမှတ် ..................................................

နေရပ်လိပ်စာ ..................................................

..................................................

..................................................



www.burmeseclassic.com